# အရင်းအနှီးဈေးကွက်နှင့်
# စီးပွားရေး ပဲ့တင်သံ

မျက်မှောက်စီးပွားရေးလောကအကြောင်း
တစေ့တစောင်း ဆောင်းပါးများ

မောင်တိုင်ပင်



**မြန်မာနိုင်ငံ၏ မဝေးသေးသော အတိတ်ကာလမှ စီးပွားရေး၊ ငွေရေးကြေးရေး၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့် ပတ်သက်သော အဖြစ်အပျက်များအပေါ်တွင် ထိထိမိမိ ပြန်လည်ဝေဖန်ဆန်းစစ်ကာ မျက်မှောက်ကာလ အကျိုးအတွက် အကြံပြု ရေးသားထားသော ဆောင်းပါးများ စုစည်းမှု။**

အိမ်ဈေး မြေဈေးတွေ အဆမတန် ဈေးမြင့်နေချိန်၊ ဘဏ်တိုးနှုန်းကို နိုင်ငံတကာ စံနှုန်းတွေအတိုင်း လျှော့ချသင့်တယ်လို့ ဆိုနေကြချိန်မှာ ငွေပိုငွေလျှံရှိပြီး စီးပွားရေးလည်း မလုပ်တတ်၊ အပြင်မှာ ငွေချေးပြန်ရင်လည်း လိမ်သူကောက်သူတွေက များနေတော့ မလုပ်တတ်မကိုင်တတ်တဲ့ လူလတ်တန်းစား ပြည်သူတွေ ခများမှာ အခုပေါ်လာတဲ့ အများနှင့် သက်ဆိုင်သော ကုမ္ပဏီများက ရောင်းချမယ်လို့ ကြေညာထားတဲ့ ရှယ်ယာတွေကို ဝယ်ရမှာလား၊ စိတ်ချရပါ့မလား၊ နှစ်ကုန်ရင် dividend ဘယ်လောက်ရမှာလဲ စတဲ့ မေးခွန်းတွေကိုပဲ မေးလာကြပါတယ်။

*ဘယ်အများပိုင်ကုမ္ပဏီက ရှယ်ယာဝယ်သင့်သလဲ* မှ

မောင်တိုင်ပင်တို့ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအပိုင်းကို ကြည့်လိုက်ရင် အဟန့်အတားသဖွယ် ဖြစ်နေတာက မြေဈေးကြီးနေတာပါ။ စုစုပေါင်း ကုန်ကျစရိတ်ရဲ့ ရာခိုင်နှုန်းတော်တော်များများကို မြေအတွက် ကုန်ကျရမယ်ဆိုရင် ဘယ်ရင်းနှီးမြှုပ်နှံသူကမှ မလိုလားပါဘူး။ အစိုးရမြေလည်း ဈေးကြီးနေတယ်။ ပုဂ္ဂလိကပိုင် မြေတွေကလည်း ဈေးတွေ မတရား ခေါ်နေကြပါတယ်။ ဒါ့အပြင် မြေပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး နိုင်ငံရေး ခြေထိုးမှုတွေလည်းရှိတော့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စိုးရိမ်မှုတွေ အနည်းနဲ့ အများ ရှိကြပါတယ်။

*ရင်းနှီးမြှုပ်နှံမှုများ ဝင်လာစေချင်* မှ

စီးပွားရေး ပညာရှင်တွေ၊ ဘဏ်လုပ်ငန်း ပညာရှင်တွေဟာ မြန်မာလုပ်ငန်းရှင်တွေ သိရှိနေအောင် အမြင်အယူအဆတွေ ရေးသားသင့်ပါတယ်။ မြန်မာမှာ လာရောက် ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံရဲ့ ငွေရေးကြေးရေး ပေါ်လစီတွေ၊ လက်တွေ့ဆောင်ရွက်နေကြမှုတွေကို စုံစမ်းလေ့လာထားရမှာ ဖြစ်ပါတယ်။

*မြန်မာ့စီးပွားရေး တစေ့တစောင်း* မှ

WISDOM HOUSE

- ❑ အချို့သော လုပ်ငန်းတွေကို အစိုးရအနေနဲ့ တရားဝင်လုပ်ခွင့်ပြုလိုက်တော့ တရားဝင်လမ်းကြောင်းပေါ် ရောက်လာတာလည်း တွေ့ရပါတယ်။ တချို့ကတော့ စီးပွားရေးကျင့်ဝတ် မရှိကြတာပါ။ အခွန်မပေးလိုတာ တစ်ခုတည်းနဲ့ တရားမဝင် ကုန်သွယ်မှုကို လုပ်ကြတာပါ။ အခွန် မပေးရတဲ့အခါ ပြည်တွင်းအရောင်းအဝယ်မှာ ယှဉ်ပြိုင်နိုင်စွမ်းအား တက်လာနိုင်တော့ တရားဝင် လုပ်နေသူတွေတောင် တရားမဝင်လမ်းကြောင်းကို လျှောက်ချင်ကြတယ်။

*စီးပွားရေးကျင့်ဝတ် မှ*

- ❑ ရင်းနှီး မြှုပ်နှံမှုဥပဒေ အပါအဝင် ဥပဒေတွေ အားလုံး တည်ငြိမ်မှုရှိအောင် လုပ်ရမယ်။ ကံကောင်းတာက ကိုလိုနီလက်ထက်က ရေးဆွဲထားတဲ့ ဥပဒေတချို့ ဆိုရင် နည်းနည်းပဲ ပြင်ရမယ်။ ဗြိတိသျှလက်ထက်ကတည်းက ဥပဒေတွေ ရှိတော့ မြန်မာနိုင်ငံဟာ ဥပဒေနဲ့ ပတ်သက်လာရင် နိုင်ငံတကာက အထင်ကြီးမှုတော့ ရှိကြပါတယ်။ corporate lawyer တွေနဲ့ ပတ်သက်ပြီး လူ့စွမ်းအား အရင်းအမြစ်မှာ များများ ထွက်လာအောင် လုပ်ဖို့ လိုမယ်နဲ့ တူတယ်။ အထူးသဖြင့် အင်္ဂလိပ်စာ ကောင်းတဲ့ ဥပဒေပညာရှင်တွေ များများ လိုပါတယ်။

*စီးပွားရေးကို မျှော်မှန်းကြည့်ရှုခြင်း မှ*

❑ စီးပွားရေးသမားတွေထဲမှာ ရှိတဲ့ စုန်းပြူးသူတွေဟာ အာဏာပိုင်တွေဆီကို အမျိုးမျိုးသော သတင်းမှားတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ ပို့ခဲ့ကြတာကြောင့် ကုန်သွယ်မှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ barriers တွေ တစ်ခုပြီး တစ်ခု ပေါ်လာတယ်။ ဒီတော့ အများစုအနေနဲ့ လုပ်ငန်းအဆင့်တိုင်းလိုလိုမှာ လုပ်ရကိုင်ရတာ ကျပ်ညပ်ကုန်ပြီး transaction cost တွေ တက်လာခဲ့ပါတယ်။ ဒီအထဲမှာ အာဏာပိုင်တွေနဲ့ နီးစပ်တဲ့ ခရိုနီအုပ်စုတွေ မပါပါဘူး။

*ခရိုနီလား၊ တိုင်းရင်းသား လုပ်ငန်းရှင်လား* မှ

❑ အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ကြရာမှာ နိုင်ငံတကာ စံနှုန်းတွေအတိုင်း ဖြစ်မလာသေးပါဘူး။ ကုမ္ပဏီရဲ့ Board of Director ဆုံးဖြတ်ချက်နဲ့ပဲ ရှယ်ယာရောင်းချတာ၊ Prospectus တွေ တင်ပြတာတွေကိုသာ ပြည်တွင်းရှိ law firm, audit firm တွေရဲ့အကူအညီတွေနဲ့ပဲ ဆောင်ရွက်နေတာ ဖြစ်ပြီး စနစ်တကျဖွဲ့စည်းပေါ်ထွက်လာခြင်း မရှိသေးပါ။ ပြည်တွင်းရှိ ပြည်သူတွေကလည်း တစ်ခါသေဖူးပြီ ဖြစ်လို့ အရင်က ပေါ်ပေါက်ခဲ့ဖူးတဲ့ 'အင်' အများပိုင် ကုမ္ပဏီများ အဖြစ်မျိုးဆီ ရောက်နိုင်တာမို့ အဲဒီကုမ္ပဏီတွေဆီက ရှယ်ယာဝယ်ယူရေး ထင်သလောက် တက်မလာတဲ့အခါ အချင်းချင်း ဝယ်ယူတာ၊ လက်သိပ်ထိုး ဆောင်ရွက်တာတွေ ရှိလာနိုင်တယ်။ သိသာ မြင်သာ ပွင့်လင်းမှု မရှိလေလေ ပြည်သူ မယုံမရဲဖြစ်လေလေနဲ့ ဂျာအေး သူ့အမေရိုက်ကိန်း ဆိုက်နေနိုင်ပါတယ်။

*ဘယ်အများပိုင်ကုမ္ပဏီက ရှယ်ယာဝယ်သင့်သလဲ* မှ

❑ အကြောင်းတိုက်ဆိုင်စွာပင် စစ်အစိုးရ ခေါင်းဆောင်များကလည်း ကုန်သွယ်လယ်ယာ အဖွဲ့အစည်းအနေဖြင့် နိုင်ငံတော်နှင့် လယ်သမားများအပေါ် မသမာမှုများ ပြုလုပ်နေကြကြောင်း၊ လုပ်နေသည့်သာဓကများလည်း တွေ့ရှိနေသည်က တစ်ကြောင်း၊ ထိုစဉ်က ကမ္ဘာ့ဆန်စျေး ကျနေချိန် ဖြစ်ရာ ဆန်သင်္ဘောတစ်စီး တင်ပို့ရာမှ ရသောဝင်ငွေသည် ကျောက်မျက်ပြပွဲတစ်ပွဲ လုပ်သလောက်ပင် မရတော့သည်က တစ်ကြောင်းကြောင့် ကုန်သွယ်လယ်ယာကို ဖျက်သိမ်းပစ်ရန် အားသန်ခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

*ကုန်သွယ်လယ်ယာကို ဖျက်သိမ်းခြင်း* မှ

WISDOM HOUSE
စာအုပ် ၁၇၈

# အရင်းအနှီးဈေးကွက်နှင့် စီးပွားရေး ပွဲတင်သံ

မျက်မှောက်စီးပွားရေးလောကအကြောင်း တစေ့တစောင်း
ဆောင်းပါးများ

## မောင်တိုင်ပင်

WISDOM HOUSE

၀၁-၅၄၅၀၃၆၊ ၀၉-၅၀၅-၈၅၃၃၀၊ ၀၉-၄၃၀-၄၁၈၅၇။
*wisdomhouse.mm@gmail.com*

| | |
|---|---|
| ပထမအကြိမ် | အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင် |
| | Wisdom House စာအုပ်တိုက် (မြ-၀၀၄၇၁)၊ |
| | အခန်း ၂၀၄၊ တိုက် ၈၇၅-၈၇၆၊ |
| | လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ |
| | တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော် |
| | စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁)၊ |
| | အမှတ် (၁၄၇)၊ (၅၁) လမ်း၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကြီးဌေး |
| အတွင်းအပြင်အဆင် | Wisdom House Team |
| တည်းဖြတ် | အေးကျော်မင်း |
| အတွင်းဖလင် | ထက်အာကာကျော် |
| စာအုပ်ချုပ် | ကိုနိုင် (ထိပ်တန်း) |
| **တန်ဖိုး** | **၂၀၀၀ ကျပ်** |

၃၃၀

တိုင်ပင်၊ မောင်

အရင်းအနှီးဈေးကွက်နှင့် စီးပွားရေးပဲ့တင်သံ မျက်မှောက်စီးပွားရေးလောကအကြောင်း တစေ့တစောင်း ဆောင်းပါးများ/မောင်တိုင်ပင် - ရန်ကုန်။

Wisdom House စာအုပ်တိုက်၊ ၂၀၁၆။

၁၅၆ စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) အရင်းအနှီးဈေးကွက်နှင့် စီးပွားရေးပဲ့တင်သံ မျက်မှောက်စီးပွားရေးလောကအကြောင်း တစေ့တစောင်း ဆောင်းပါးများ

## မောင်တိုင်ပင်



အဖ ဦးချမ်းမြ (မြကေတု)၊ အမိ ဒေါ်ခင်မေတို့မှ မန္တလေးမြို့တွင် မွေးဖွား ခဲ့သည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲကို မန္တလေးမြို့ စိန့်ပီတာ အထက်တန်း ကျောင်း [ယခု အထက (၉)၊ မန္တလေး] မှ အောင်မြင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ ဘီအီး (စက်မှု) ဘွဲ့နှင့် ၁၉၈၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ Cranfield Institute of Technology, Bedford မှ M.Sc Agri: Engg (Grain Storage & Processing Option) ဘွဲ့လွန် ရရှိခဲ့သည်။ ၁၉၈၁-၁၉၈၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ India Institute of Technology (Kharapur) ၌ Rice Milling Engineers' Training Course သင်တန်း တက်ရောက်ခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး (၁) ကြိတ်ခွဲ စက်ဌာန၌ လက်ထောက်အင်ဂျင်နီယာအဖြစ် စတင် တာဝန်ထမ်းဆောင် သည်။ စစ်ကိုင်း သီးနှံဆိုင် တည်ဆောက်ရေးစီမံကိန်းတွင် တာဝန်ပေးအပ် ခြင်း ခံရသည်။ ၁၉၇၆-၁၉၈၁ ခုနှစ်တွင် ကုန်သွယ်ရေး (၁) သန်လျင်ဇုန် ဆန်စက်လုပ်ငန်းများ ကြီးကြပ်ရန် လက်ထောက်အင်ဂျင်နီယာ၊ ၁၉၈၁-၁၉၈၆ ခုနှစ်တွင် ကုန်သွယ်/လယ်ယာ ရိတ်သိမ်းချိန်လွန်နည်းပညာ အသုံးချ ဌာနသုတေသန အင်ဂျင်နီယာ၊ ၁၉၈၆-၁၉၉၈ ခုနှစ်တွင် ကုန်သွယ်/ လယ်ယာ ရိတ်သိမ်းချိန်လွန်နည်းပညာ အသုံးချဌာန ညွှန်ကြားရေးမှူး၊ ၁၉၉၈-၂၀၀၃ ခုနှစ်တွင် ကုန်ဝယ်ကုန်ရောင်းဌာနနှင့် ပြည်ပပို့ကုန်ဌာန များ၏ လက်ထောက်အထွေထွေမန်နေဂျာနှင့် ဒုတိယအထွေထွေမန်နေဂျာ၊

၂၀၀၃-၂၀၀၄ ခုနှစ် တွင် ပြည်ပပို့ကုန်လုပ်ငန်းဌာန အထွေထွေမန်နေဂျာ၊ ၂၀၀၄-၂၀၀၈ ခုနှစ်တွင် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်အဖြစ် အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ ၂၀၀၅-၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသားများဘဏ် လီမိတက် ဒါရိုက်တာနှင့် မန်နေဂျင်း ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ကောမာ့စ်ဂျာနယ်တွင်လည်း အတိုင်ပင်ခံ အယ်ဒီတာအဖြစ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အထိ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတကာ အဖွဲ့အစည်းများ ဖြစ်သော Post Harvest Technology Project, FAO/UNDP funded Project ၏ National Co-ordinator အဖြစ် ၁၉၈၆ မှ ၁၉၉၁ ခုနှစ်အထိ လည်းကောင်း၊ The China-ASEAN Expo Organising Committee ၏ Vice Secretary General အဖြစ် ၂၀၀၃ မှ ၂၀၀၉ အထိ လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ၂၀၁၀ ခုနှစ်မှ ယနေ့အထိ Universal Link Services Co., Ltd. (business consultancy) တွင် Chairman ၊ ၂၀၁၂ ခုနှစ်မှ ယခုအထိ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ်တွင် အကြံပေးပုဂ္ဂိုလ်နှင့် Myanmar Development Partners (Micro-Financing) တွင် Director အဖြစ် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်မှ ချီးမြှင့်သော စီမံထူးချွန် (တတိယဆင့်) ကို ၂၀၀၅ ခုနှစ်တွင် ရရှိခဲ့သည်။

အမည်ရင်း ဦးမျိုးဦး ဖြစ်သည်။

## မာတိကာ


❑ စာရေးသူ၏ အမှာစာ က

၁။ ဘဏ်အကြောင်း ငွေကြေးအကြောင်း ၁

၂။ စီးပွားရေးအပိုင်းက role model ၄

၃။ ရင်းနှီးမြှုပ်နှံမှုမှာ အမြင် မတူခြင်း ၆

၄။ ဘဏ်စည်းမျဉ်းစည်းကမ်း ၈

၅။ ရင်းနှီးမြှုပ်နှံမှု တကယ် စီးဝင်လာချင်ပါသလား၊ ဒါတွေ ပြင်ပါ ၁၂

၆။ ဘယ်အများပိုင်ကုမ္ပဏီက ရှယ်ယာ ဝယ်သင့်သလဲ ၁၈

၇။ FDI တွေ မလာဘဲ ဘာကြောင့် စောင့်ကြည့်နေတာလဲ ၂၅

၈။ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာစေချင် ၂၉

၉။ စီးပွားရေးကို မွေနှောက်ကြည့်ရှုခြင်း ၃၅

၁၀။ စင်ကာပူနိုင်ငံနှင့် သူ့စီးပွားရေးအမြင် ၄၁

၁၁။ အများပိုင် ကုမ္ပဏီနှင့် အရင်းအနှီးဈေးကွက် ၄၉

၁၂။ အများပိုင် ကုမ္ပဏီနှင့် အရင်းအနှီးဈေးကွက် (၂) ၅၆

၁၃။ ခရိုနီလား၊ တိုင်းရင်းသား လုပ်ငန်းရှင်လား ၆၂

၁၄။ ရွှေ့မယ်၊ ပြင်မယ်၊ ပြောင်းမယ် ၆၇

၁၅။ ရင်းနှီးမြှုပ်နှံမှု ဘာကြောင့် မလာသလဲ ၇၁

၁၆။ Pareto principle 80:20 theory ၇၉

၁၇။ တရုတ်နှင့် မြန်မာ စီးပွားရေး ဆက်ဆံမှု တစေ့တစောင်း ၈၂

၁၈။ ငွေကြေးကဏ္ဍနှင့် သူတို့အမြင်များ ၈၈

၁၉။ ဘဏ်အတိုးနှုန်း ၉၂

၂၀။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍာ ပြုပြင်ပြောင်းလဲမှုများ ၉၄
၂၁။ စီးပွားရေး ပွဲတင်သံ ၉၈
၂၂။ ငွေကြေးပြဿနာနှင့် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့မှုများ ၁၀၁
၂၃။ ငွေရေးကြေးရေး ဂယက်ထမှု ၁၀၇
၂၄။ ဘဏ်များအတွက် စိန်ခေါ်မှု ၁၁၁
၂၅။ မြန်မာ့စီးပွားရေး တစေ့တစောင်း ၁၁၄
၂၆။ မြန်မာနိုင်ငံမှ ဘဏ်များနှင့် on line banking ၁၁၉
၂၇။ စီးပွားရေး ပွဲတင်သံများ ၁၂၄
၂၈။ ငွေလား စီးပွားရေးကျင့်ဝတ်လား ၁၂၈
၂၉။ စီးပွားရေးကျင့်ဝတ် ၁၃၁
၃၀။ အစိုးရရဲ့ ဆန်ရောင်းအတွေ့အကြုံ ၁၃၆
၃၁။ ကုန်သွယ်လယ်ယာကို ဖျက်သိမ်းခြင်း ၁၄၀

## စာရေးသူ၏ အမှာစာ

မြန်မာနိုင်ငံမှာ အင်တာနက် စတင် ခေတ်စားလာခဲ့တဲ့ ၂၀၀၅ ခုနှစ် လောက်ကစပြီး အင်တာနက် အသုံးပြုသူ တချို့က ကိုယ်ပိုင်ဘလော့ဂ်တွေ တည်ဆောက်ပြီး စာစုတွေ ရေးသား လွှင့်တင်လာခဲ့ကြပါတယ်။ စတင်အသုံးပြုခဲ့စဉ်က အင်္ဂလိပ်ဘာသာနဲ့ပဲ အသုံးပြုနိုင်ခဲ့ပါတယ်။ မြန်မာဘာသာ ဇော်ဂျီဖောင့် ပေါ်လာခဲ့တဲ့ ၂၀၀၆ ခုနှစ် နောက်ပိုင်းက စပြီး မြန်မာစာရေးဆရာတချို့ဟာ အင်တာနက်နဲ့ အကျွမ်းတဝင် ရှိလာပြီးတော့ ကိုယ်ပိုင် ဘလော့ဂ် (blog) တွေ တည်ဆောက်ပြီး ကောင်းနိုးရာရာ အကြောင်းအရာတွေကို ဘလော့ဂ်တွေပေါ်ကနေ လွတ်လွတ်လပ်လပ် ရေးသားတင်ပြကြပါတယ်။ ဘလော့ဂ် စတင် ရေးသားစဉ်က သက်ဆိုင်ရာကနေ နိုင်ငံရေးနဲ့ ပတ်သက်မှု ရှိ မရှိ တင်းတင်းကျပ်ကျပ် စောင့်ကြည့်မှုတွေ ရှိနေခဲ့တာကြောင့် နိုင်ငံရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ရှောင်ရှား ရေးသားခဲ့ကြရပါတယ်။

ဒါ့အပြင် Facebook, Twitter စတဲ့ လူမှုမီဒီယာတွေ ရေပန်းစားလာတဲ့အခါ ပြည်သူတွေဟာ ကိုယ်ပိုင်အကောင့်တွေ ဖွင့်ပြီး အကြောင်းအရာ ပေါင်းစုံကို ရေးသား တင်ပြလာကြပါတယ်။ စာရေးသူဟာ ၂၀၀၉ ခုနှစ်ကစပြီး 'မောင်တိုင်ပင်၏ အတွေးပုံရိပ်'လို့ အမည်ပေးပြီး ဘလော့ဂ်တစ်ခုကို 'နိုင်ငံတော်အသစ် တည်ဆောက်နေချိန်မှာ ပြုပြင်သင့်တာတွေ၊ ပြည်သူများအတွက် အနှောင့်အယှက် အဟန့်အတား ဖြစ်စေနိုင်တာ

တွေ၊ အခြားနိုင်ငံတွေက အတုယူစရာတွေ၊ မိမိစိတ်ခံစားချက်တွေ၊ အတွေ့အကြုံတွေကို မျှဝေပေးနိုင်ရေးအတွက် လွတ်လပ်စွာ ရေးသားဖော်ပြခွင့် ရှိနေသည့် ဘလော့ဂ်မှာ ရေးရခြင်း ဖြစ်ပါတယ်' ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ တည်ဆောက်ခဲ့ပြီး ကောင်းနိုးရာရာ အကြောင်းအရာတွေကို ရေးသားခဲ့ပါတယ်။ အဲဒီတုန်းက ပြန်ကြားရေးဝန်ကြီးဌာနအောက်မှာ စာပေ စိစစ်ရေးဌာန ရှိနေသောကြောင့် ပြင်ပပုံနှိပ် မီဒီယာမှာ ရေးသားရတာထက် ဘလော့ဂ်မှာ ရေးသားရတာက ပိုမို လွတ်လပ်မှု ရှိတယ်လို့ ခံစားရမိပါတယ်။

ဘလော့ဂ်မှာ ရေးသားထားတဲ့ အကြောင်းအရာ ပေါင်းစုံ စာစု ၂၀၀ ကျော် ရှိတဲ့အနက် စီးပွားရေး၊ ငွေကြေး၊ စတော့အိတ်ချိန်း၊ ရင်းနှီးမြှုပ်နှံမှု စတာတို့နဲ့ ပတ်သက်တဲ့ ဆောင်းပါးပေါင်း ၃၁ ပုဒ်ကို စုစည်းတည်းဖြတ်ပြီး ပုံနှိပ်မီဒီယာအနေနဲ့ ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါတယ်။ ဖော်ပြပါ ဆောင်းပါး ၃၁ ပုဒ်ဟာ ၂၀၁၀ ပြည့်နှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း 'မောင်တိုင်ပင်၏အတွေးပုံရိပ်' ဘလော့ဂ်မှာ ရေးသားခဲ့တာဖြစ်ပါတယ်။ ယခင်အစိုးရ အုပ်ချုပ်စဉ်ကာလအတွင်း ဖြစ်ပျက်ခဲ့တဲ့ နိုင်ငံတော်ရဲ့ စီးပွားရေး၊ ငွေရေးကြေးရေး၊ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်ပြီး ဝေဖန် အကြံပြု ရေးသားထားတာ ဖြစ်တဲ့အတွက်ကြောင့် အတိတ်ကာလရဲ့ အဖြစ်အပျက်တွေကနေ သင်ခန်းစာ ရယူ မှိုင်းမြင်မြင်မြင် ကိုးကားနိုင်ကြမယ် ဆိုရင် ထုတ်ဝေရကျိုးနပ်ပါတယ်။

ယခင်အစိုးရလက်ထက်အတွင်း စီးပွားရေး၊ ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေမှာ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲမှုတွေ ရှိပေမဲ့လည်း သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကတော့ အကန့်အသတ်နဲ့သာ ရှိခဲ့ပါတယ်။ ငါးနှစ်တာကာလရဲ့ ရှေ့ပိုင်းကာလ တိုးတက်မှုက မြန်ဆန်သလို ရှိခဲ့ပေမဲ့ နောက်ပိုင်း နှေးကွေးသွားခဲ့ပါတယ်။

ရန်ကုန် စတော့အိတ်ချိန်းကို မကြာခင်ကာလကမှ တည်ထောင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပေမဲ့လည်း ပြည်သူအများစုက အသစ်အဆန်း ဖြစ်နေတာကြောင့် စိတ်ပါဝင်စားမှု မြင့်တက်လာခဲ့ပါတယ်။ ဒါပေမဲ့ ပြည်သူအများစုဟာ စတော့အိတ်ချိန်း သဘောတရားကို အမှန် နားလည်သဘောပေါက်လို့ မဟုတ်ဘဲ အများ လုပ်သလို လိုက်လုပ်နေကြတာ

ကြောင့် စတော့အိတ်ချိန်း သဘောတရားတွေကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေဖို့ ယခုထက် ပိုမို လုပ်ဆောင်ပေးဖို့ လိုအပ်နေပါသေးတယ်။

အလားတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးကဏ္ဍဟာ အရေးကြီးတဲ့ အပိုင်းက ပါဝင်လျက်ရှိရာမှာ ဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာရေးဟာ အိုင်စီတီလိုပဲ အခြေခံ အဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာ မူတည်လျက် ရှိနေပါတယ်။ ယခုအခါ မြန်မာနိုင်ငံမှာ အင်တာနက် အဆက်အသွယ်တွေ တိုးတက်ကောင်းမွန်လာတာနဲ့အမျှ ပြည်သူလူထုအကြား မိုဘိုင်းဖုန်းတွေကတစ်ဆင့် အင်တာနက် အသုံးပြုသူ များပြားလျက်ရှိရာမှာ သာမန် လူတန်းစားတွေတောင်မှ Facebook လို လူမှုမီဒီယာတွေကို အသုံးများလာနေတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အခြေခံ အဆောက်အအုံတွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာရေးကို တစ်ဖက်က ဆောင်ရွက်လျက် ရှိတာကြောင့် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလိုသူတွေလည်း တစ်စတစ်စ ဝင်ရောက်လာလျက် ရှိနေပါပြီ။ မြန်မာနိုင်ငံရဲ့ 'Doing business in Myanmar' လုပ်ငန်း အခြေအနေဟာ နှစ်စဉ် ကမ္ဘာ့နိုင်ငံတွေအကြား အဆင့် တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်လျက်ရှိနေတာမို့ လုပ်ငန်း ချောမွေ့မြန်ဆန်မှု ရှိစေရေးအတွက် ပြည်တွင်းမှာ ရှိတဲ့ သက်ဆိုင်ရာဌာနတွေရဲ့ လုပ်နည်းစနစ် ပြုပြင် ပြောင်းလဲမှုတွေကလည်း အရေးပါလှပါတယ်။

ပြည်တွင်း စာဖတ်အား နည်းနေတဲ့အချိန်၊ လူမှုမီဒီယာတွေမှာ ရွေးချယ်ဖတ်ရှုဖို့ အကြောင်းအရာပေါင်းစုံ ရှိနေချိန်မှာ ဒီစာအုပ် ထုတ်ဝေခြင်းဟာ စွန့်စားမှုတစ်ခု ပြုလုပ်လိုက်ခြင်း ဖြစ်ပေမဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံး တက်ညီလက်ညီ စိတ်အား ထက်ထက်သန်သန် ဆောင်ရွက်နေချိန်မှာ အကန့်တစ်ကန့်အနေနဲ့ ပါဝင်ရတဲ့အတွက် နှစ်ထောင်းအားရ ရှိမိပါကြောင်း တင်ပြအပ်ပါတယ်။

**မောင်တိုင်ပင်**

# ဘဏ်အကြောင်း ငွေကြေးအကြောင်း

ကျွန်တော်ဘဏ်လုပ်ငန်းကနေ ပင်စင်ယူခဲ့တာ ၂၀၁၂ ကတည်းကပါ။ နှစ်အနည်းငယ်အတွင်း ကျွန်တော် လုပ်ခဲ့တဲ့ဘဏ် အပါအဝင် တိုးတက်ဖွံ့ဖြိုးမှုတွေက တစ်ဟုန်ထိုး ဖြစ်လာတာ တွေ့ရပါတယ်။ ဘဏ် ဆိုတာ အိုင်တီနဲ့က ဒင်္ဂါးပြားက ခေါင်းနဲ့ ပန်းလိုပါပဲ။ အိုင်တီမပါဘဲ ဘဏ်တွေ တိုးတက်ဖွံ့ဖြိုးဖို့ ဆိုတာ မဖြစ်နိုင်ပါ။ MPU စလုပ်တော့လည်း မြန်မာပြည်ရဲ့ အိုင်တီ ဘယ်လောက် ခိုင်မာမှု ရှိသလဲ ဆိုတဲ့ အချက်ပေါ် မူတည်လိမ့်မယ်လို့ ဘဏ်အသင်းအစည်းအဝေးတွေမှာ ပြောခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ကျွန်တော့်အယူအဆကတော့ စလုပ်ထားနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ အခြေခံအဆောက်အအုံတစ်ခု တည်ထောင်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာကိုး။ Hardware တွေ လက်ထဲ ရောက်နေပါ

> ခရိုနီဘဏ်တွေကို ထိန်းရခက်နေပြီလား။ စာရင်း နှစ်မျိုး-သုံးမျိုး ထားတတ်တဲ့ မြန်မာ့စီးပွားရေးလောကမှာ နိုင်ငံတကာစံတွေ ဝင်အောင် အတော် လုပ်ယူရဦးမှာပါ။ မြန်မာစတော့အိတ်ချိန်းကိုတော့ လူတိုင်း မျှော်လင့်ကြတယ်။

စေ၊ Software ကတော့ ရောက်ရှားပဲလို့ သဘောထားခဲ့ပါတယ်။ MPT ကို ကျော်လို့မှ မရတာကိုး။ သူတို့ လုပ်ပေးနိုင်သလောက်ပဲပေါ့။ ဥပမာ ပြောရရင် ၂၀၁၄ မော်ဒယ် ကားအသစ်ကြီး ဖြစ်ပါစေ၊ အော့တိန် ၉၀ ပဲ ရှိတဲ့ ဓာတ်ဆီပဲ ထည့်သုံးနိုင်တယ် ဆိုရင် ကားက အသစ် ဖြစ်ပေမဲ့ စွမ်းအားပြည့် သုံးနိုင်မှာတော့ မဟုတ်ဘူးလေ။

အခုလည်း ၂၀၁၆ သာ ရောက်လာတယ်၊ credit card, debit card တွေ၊ ATM တွေ၊ POS တွေ၊ mobile banking တွေနဲ့ ဖြစ်နေပေမဲ့ ဘဏ်တိုင်း လိုလို ပြဿနာတွေကတော့ အနည်းအများ ရှိနေတာပါ။ ကျွန်တော် နားမလည် နိုင်တာကတော့ တိုင်းပြည်အနေနဲ့ ပြန်လည် တည်ထောင်ရေး လုပ်ငန်းစဉ်တွေ လုပ်နေပေမဲ့ စီးပွားရေးမှာ အရေးပါတဲ့ အိုင်တီအပိုင်းကို ဘာကြောင့် တိုး တက်သထက် တိုးတက်လာအောင် မလုပ်ကြသလဲ ဆိုတာ နားမလည်နိုင် လောက်အောင်ပါပဲ။ ဗဟိုဘဏ် သီးခြား ရပ်တည်လာချိန်မှာ သူ လုပ်ရမယ့် အလုပ်တွေကလည်း အတော် များသား။ ကျွန်တော် ဘဏ်နဲ့ ကင်းကွာသွားပြီး စလုံးမှာ နေပေမဲ့ စလုံးက ဘဏ်တွေ ဘာတွေ လုပ်နေသလဲ ဆိုတာ လေ့လာ ပါတယ်။ သူတို့မှာ banking products တွေ များပါတယ်။ profit margin နည်းနည်း လေးပေမဲ့လည်း လုပ်ကြတာပဲ။ မဟုတ်တာ လုပ်မိရင် အလျော် အစားက များတယ်။ မြန်မာနိုင်ငံဗဟိုဘဏ်လိုပဲ MAS (Monetary Authority of Singapore) က စောင့်ကြည့်နေတာပါပဲ။

ရန်ကုန်မှာ ဘဏ်တစ်ခုက mobile money changer မော်တော်ကားတစ်စီး တွေ့လိုက်ပါတယ်။ money changer ကို mobile လုပ်ခွင့် ပြုလိုက်ပြီလား။ အဲဒီလို လုပ်ခွင့်ပြုရင်လည်း Financial Institution Law ဥပဒေ၊ နည်းဥပဒေ စည်းကမ်းချက်တွေကော မပြင်သင့်ဘူးလား။

နောက်တစ်ခုက mobile banking ပေါ်လာတာကို မေးချင်ပါတယ်။ Financial Institution Law မှာ ခွင့်ပြုထားပြီလား။ တယ်လီနော၊ အောရီဒူး တို့လည်း mobile ဆက်သွယ်ရေးတွေ ကောင်းအောင် လုပ်ထားနိုင်တော့ သူတို့ ကလည်း mobile banking ကြော်ငြာဝင်ခဲ့ပါတယ်။ mobile banking ကို ဘဏ် တစ်ခုကဲ့သို့ လုပ်နိုင်ပြီလား။ လုပ်နိုင်ပြီ ဆိုရင်လည်း transparency ဖြစ်ဖြစ် ကြေညာပေးပါလား။ ရေငုံနှုတ်ပိတ်နေပြီး ပြဿနာ ဖြစ်လာတော့မှ အရေးယူ ရရင် မကောင်းဘူး။ (ယခုအခါ ကြေညာပြီးသွားပြီလို့ သိရပါတယ်။) ဗဟိုဘဏ် က ပြားလိုက် ဘာတွေ လုပ်နိုင်တယ်။ specific ကိုတော့ range တစ်ခုထားပြီး

လုပ်နိုင်တဲ့ ဘောင် သတ်မှတ်ပေးထားရင်လည်း ဖြစ်နိုင်တာပဲ။ time deposit လိုမျိုးပေါ့။ ဘဏ်လောကက လွှတ်ထားလို့လည်း မရဘူး။ အပြိုင်အဆိုင်တွေ မဟုတ်လား။ penalty များများနဲ့ ထိန်းထားဖို့လည်း လိုပါတယ်။ အခုတော့ penalty ပေးတာတောင် မှိန်သွားပြီလား မသိပါ။ ဘဏ်တွေက ခရိုနီတွေ ထောင်ထားတာ များပါတယ်။ ဘဏ်လုပ်ငန်းတစ်ခုတည်း လုပ်ကြတာ မဟုတ်တဲ့အတွက် နိုင်ငံတကာစံနဲ့ ဆိုရင် အပြည့်အဝ ယုံကြည်ရဖို့ ခက်ပါတယ်။ ခရိုနီဘဏ်တွေကို ထိန်းရခက်နေပြီလား၊ စာရင်း နှစ်မျိုး-သုံးမျိုး ထားတတ်တဲ့ မြန်မာ့စီးပွားရေးလောကမှာ နိုင်ငံတကာစံတွေ ဝင်အောင် အတော် လုပ်ယူရဦးမှာပါ။

မြန်မာစတော့အိတ်ချိန်းကိုတော့ လူတိုင်း မျှော်လင့်ကြတယ်။ ပုဂ္ဂလိက သင်တန်းတွေ ဖွင့်တော့လည်း ဟုတ်တိပတ်တိ မဟုတ်ဘဲ စာအုပ် ရောင်းတာလောက်ပဲ ဖြစ်နေတယ်လို့ သတင်းတွေ ကြားပါတယ်။ ဟိုတစ်နေရာက တာဝန်ရှိသူက တစ်စုံတစ်ခုကို ထွက်ပြောလိုက်။ နောက်တစ်ယောက်ကလည်း ရှေးခေတ်က ဖြစ်ခဲ့တာ ထုတ်ပြောလိုက်နဲ့ ဒီအပိုင်းကို စိတ်ဝင်စားနေသူတွေကတော့ ဟုတ်နိုး ဟုတ်နိုးနဲ့ မျက်စိသူငယ်ကလေးနဲ့ပဲ နားထောင်နေရပါတယ်။ ငွေကြေးအပိုင်းဟာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါတယ်လို့ ဆိုနေပေမဲ့ ပိုးတဝါးကြီး ဖြစ်နေဆဲပဲလို့ ဆိုလိုက်ပါရစေ။

■ ဘလောဂ်ရေးသည့်ရက်စွဲ [၃-၄-၂၀၁၄]

# စီးပွားရေးအပိုင်းက role model

> သူဌေးသူကြွယ် ဖြစ်လာပြီ ဆိုကတည်းက ချမ်းသာလာအောင် လုပ်တတ် ကိုင်တတ်တယ် ဆိုတဲ့ အရည်အချင်းတစ်ရပ် ရှိနေတယ် ဆိုတာကတော့ အသေအချာပါပဲ။ သို့ပေမဲ့ လူငယ်တွေ အတုယူ အားကျစရာ လုပ်နည်းစနစ်တွေနဲ့တော့ မဟုတ်သေးဘူး ထင်ပါတယ်၊

မောင်တိုင်ပင်တို့နိုင်ငံမှာ နိုင်ငံရေးနဲ့ ပတ်သက်ရင် role model ကတော့ အားလုံးသိတဲ့အတိုင်း ဗိုလ်ချုပ်အောင်ဆန်း၊ သူ့ရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်တို့ ဖြစ်တယ် ဆိုတာ လူတိုင်းရင်ထဲမှာ ရှိကြပါတယ်။ စင်ကာပူမှာ ဆိုရင် လီကွမ်းယူ၊ မလေးရှားမှာ ဆိုရင် မဟာသီယာတို့ လည်း နိုင်ငံကို တိုးတက် ဖွံ့ဖြိုးလာအောင် လုပ်နိုင်ခဲ့လို့ role model အနေနဲ့ ရှိကြပါတယ်။ စစ်အာဏာရှင်အစိုးရ အုပ်ချုပ်တာက နှစ် ၅၀ လောက် ဆိုတော့ နိုင်ငံရေးပိုင်းမှာ role model အနေနဲ့ ပေါ်လာစရာအကြောင်း မရှိခဲ့ပါ။ မြန်မာ့စီးပွားရေးအပိုင်းမှာတော့ မျိုးဆက်သစ်လူငယ်တွေကို ပြောပြစရာ၊ ထောက်ပြစရာ role model ကို စဉ်းစားမရဘူး ဖြစ်နေတယ်။ အမေရိကန်မှာ ဆိုရင် Bill Gates တို့၊ Mark Zukerberg တို့၊ Donald Trump တို့ ရှိမယ်။ ဟောင်

ကောင်မှာ ဆိုရင် လီကားရှင်းတို့၊ တရုတ် ဆိုရင် တောင်ဂျက်မား၊ အင်္ဂလန်မှာ ဆိုရင် Virgin Atlantic သူဌေး Charles Bronson လို သူဌေးတွေကို ထောက်ပြလို့ ရမယ်။ သူတို့ရဲ့ တက်လာခဲ့ ဘဝနောက်ကြောင်းကို ပြန်ကြည့်ရင် ဘယ်လို ကြိုးစား တည်ဆောက်ခဲ့တယ် ဆိုတာ လူငယ်တွေကို အတုယူစရာ တစ်ခုခုကိုတော့ ညွှန်ပြ ထောက်ပြပြောဆိုလို့ ရတာ တစ်ခုခုတော့ ရှိနေပါတယ်၊

မြန်မာသူဌေးသူကြွယ်တွေကတော့ စစ်အာဏာရှင် အုပ်ချုပ်စဉ်ကာလက အာဏာရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်နဲ့ နီးစပ်ပြီး ရလာတဲ့ အခွင့်အရေး privilege အပေါ် လုပ်ခဲ့ကိုင်ခဲ့ရာမှ ချမ်းသာလာကြတာ များပါတယ်။ အဲဒီလို လုပ်တတ်ကိုင်တတ်တာကလည်း သူ့အရည်အချင်းတွေပါပဲလို့ ငြင်းချက် ထုတ်နိုင်ပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ ဝင်တတ် ထွက်တတ်တယ်ပေါ့။ ဒါပေမဲ့ privilege ရတဲ့ အပေါ်မှာ လုပ်တတ်ကိုင်တတ်တာဟာ လူငယ်တွေ အတုယူစရာ အရည်အချင်း တစ်ရပ်လို့တော့ မှတ်ယူလို့ မရပါဘူး။

ယနေ့ သူဌေးသူကြွယ် ခရိုနီတွေကို ပြန်ကြည့်လိုက်ပါ။ privilege မရဘဲ ကိုယ်ထူးကိုယ်ချွန် အောက်ခြေကနေ တဖြည်းဖြည်း တက်လာတဲ့ ပုဂ္ဂိုလ်ကတော့ ထိပ်တန်းရောက် နေတဲ့ သူဌေးတွေထဲမှာ ရှိနေပါသလား ဆိုတာ ဝေခွဲလို့ မရ ဖြစ်နေပါတယ်။ အလယ်အလတ်အဆင့်ထဲမှာတော့ အလားအလာ ရှိသူတွေကို တွေ့နေရပေမဲ့ privilege ရတဲ့ခေတ်က မကုန်သေးတော့ သူတို့တစ်တွေ ဘယ်လိုများ လူးလွန့်တက်လာမလဲဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာပါ။ ကိုလိုနီခေတ်ကို ပြန်ကြည့်ရင် မွန်သူဌေးကြီး ဦးနာအောက်လို ပုဂ္ဂိုလ်မျိုးတော့ ရှိခဲ့ပါတယ်။ ဒီနေ့ ခေတ်ပေါ် မြန်မာ သူဌေးသူကြွယ်တွေကို တစ်ဦးချင်း အတ္ထုပ္ပတ္တိနဲ့ သူတို့ နောက်ကြောင်းကို လေ့လာကြည့်တဲ့အခါ role model ဖြစ်နိုင်လောက်တဲ့သူ မတွေ့သေးဘူးလို့ ထင်ပါတယ်။ သူဌေးသူကြွယ် ဖြစ်လာပြီ ဆိုကတည်းက ချမ်းသာလာအောင် လုပ်တတ်ကိုင်တတ်တယ် ဆိုတဲ့ အရည်အချင်းတစ်ရပ် ရှိနေတယ် ဆိုတာကတော့ အသေအချာပါပဲ။ သို့သော် လူငယ်တွေ အတုယူ အားကျစရာ လုပ်နည်းစနစ်တွေနဲ့တော့ မဟုတ်သေးဘူး ထင်ပါတယ်။ စာဖတ်သူအမြင်ကော ဘယ်လို ရှိပါသလဲ။

■ ဘလောက်ရေးသည့်ရက်စွဲ [၂၄-၂-၂၀၁၅]

# ရင်းနှီးမြှုပ်နှံမှုမှာ အမြင်မတူခြင်း

မောင်တိုင်ပင်တို့နိုင်ငံကို ကြည့်လိုက်ပါ၊ ရင်းနှီးမြှုပ်နှံမှုက ဝင်တော့ ဝင်လာတယ်၊ ဒါပေမဲ့ အကြောင်း အမျိုးမျိုးကြောင့် ထင်သလောက် မဖြစ်လာသေးဘူး ဆိုတာကတော့ အထင်အရှားပါပဲ။ မြေဈေး ကြီးတယ်၊ လျှပ်စစ်ဓာတ်အားလုံလုံလောက်လောက် မထုတ်လုပ်နိုင်ဘူး၊ ကျွမ်းကျင်လုပ်သား ရှားပါးနေတယ်၊ အဆင့်မီပညာရှင် မရှိဘူး၊ ဥပဒေလွှမ်းခြုံနိုင်မှုမှာ အားနည်းနေတယ်၊ investment risk မြင့်မားလွန်းတယ်၊ doing business အပိုင်းမှာ ခက်ခဲအားနည်းနေတယ်၊ ဆန္ဒပြမှုတွေက လိုတာထက် ပိုများနေတယ်။ ပြည်တွင်း local partner တွေက ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ရာမှာ သူတို့ပိုင်မြေနဲ့ အဆောက်အအုံတွေကို ရှယ်ယာအနေနဲ့ ထည့်ဝင်ခြင်းအပေါ်မှာ ပြည်ပရင်းနှီးမြှုပ်နှံသူက property ကို ရှယ်ယာအနေနဲ့ ထည့်

---

ဂျပန်က ကုမ္ပဏီ
အကြီးကြီးတစ်ခု ဆိုရင်
မောင်တိုင်ပင်တို့ ကုမ္ပဏီက
ပင်စင်ယူထားတဲ့
အစိုးရ အရာထမ်းကြီးတွေနဲ့
ဖွဲ့စည်း တည်ထောင်ထားတာ
ဖြစ်လို့ လာဘ်ပေး
လာဘ်ယူမှု ရှိနိုင်တယ်လို့
သုံးသပ်ပါတယ်။

---

ဝင်တာ ဖြစ်လို့ သဘောမကျကြဘူး။ သူတို့ အကဲဖြတ်ချင်တာက ပြည်တွင်း ထည့်ဝင်သူရဲ့ လုပ်ငန်း cash flow ဘယ်လို ရှိသလဲ ဆိုတာလောက်ပဲ စိတ်ဝင်စားတယ်။ ဒီနေရာမှာ ပြည်ပ ရင်းနှီး မြှုပ်နှံချင်သူနဲ့ ပြည်တွင်းလုပ်ငန်းရှင် ခရိုနီတွေနဲ့တော့ ရှယ်ယာထည့်ဝင်မှု အချိုးအပေါ် အမြင်သဘောထားခြင်း မတူကြဘူးဗျ။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကလည်း လုပ်ငန်းရှင်ခရိုနီတွေ ပိုင်တဲ့ မြေ ဆိုတာ အစိုးရဆီက ပေါပေါကလေးနဲ့ ရထားတာ၊ အခွင့်အရေးတစ်ရပ် အနေနဲ့ ရထားတာ ဆိုတာ သိနေကြတယ်။ ခရိုနီတွေဘက်ကလည်း သူတို့ပိုင် မြေတွေကို true value နဲ့ မသတ်မှတ်ဘဲ market value အနေနဲ့ တန်ဖိုးသင့် စကားပြောဆို ညှိနှိုင်းကြတာ ဆိုတော့ ဘယ်လိုမှ အဆင်မပြေဘဲ လန်သွားကြတာ များပါတယ်။ တချို့ ဆိုရင် မြေက အင်မတန် တန်ဖိုးရှိတဲ့နေရာ ဖြစ်ပေမဲ့ ပိုင်ဆိုင်မှုကျတော့ သုံး-လေးဦး ဖြစ်နေတတ်တယ်။ အဲဒီလိုကျရင် ဦးဆောင်ဆွေးနွေးသူက potential investor နဲ့ ဆွေးနွေးမယ်၊ ဆွေးနွေး ရရှိချက်တွေကို သူ့အစုစပ်တွေကို ပြန်တင်ပြရင် တစ်မျိုး ဖြစ်သွားရော။ ဒါကြောင့် potential investor နဲ့ မဆွေးနွေးခင် ကိုယ့်အချင်းချင်းကြားမှာ policy နဲ့ ပတ်သက်ပြီး သေချာ ဆွေးနွေးထားစေချင်တယ်။ ရန်ကုန်မြို့ နေရာကောင်းတွေ ရထားတဲ့ ခရိုနီတွေအနေနဲ့ အခု တင်ပြချက်တွေအရ မိမိတို့ ဘာလိုချင်သလဲ ဆိုတာ သေသေချာချာ တွက်ချက်ထားစေချင်တယ်။

နိုင်ငံတကာ လျှောက်သွားပြီး ဘယ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံရင် ကောင်းမလဲ ဆိုတာ လိုက်ကြည့်ရှုနေကြတဲ့ potential investor တွေရဲ့နောက်မှာ သေသေချာချာ ပြင်ဆင် တွက်ချက်ပေးနိုင်တဲ့ firm တွေဆီက အကြံဉာဏ် ရယူပြီးမှ လာတာပါ။ ဂျပန်က ကုမ္ပဏီအကြီးကြီးတစ်ခု ဆိုရင် မောင်တိုင်ပင်တို့ကုမ္ပဏီက ပင်စင်ယူထားတဲ့ အစိုးရ အရာထမ်းကြီးတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတာ ဖြစ်လို့ လာဘ်ပေးလာဘ်ယူမှု ရှိနိုင်တယ်လို့ သုံးသပ်ပါတယ်။ အဲဒီလောက်အထိ အကဲဆတ်ပါတယ်။ investment proposal တင်ပြဖို့ လုပ်တဲ့အခါ ဌာနေကုမ္ပဏီခွဲ ဒီကုမ္ပဏီနဲ့ မလုပ်ပါနဲ့လို့ headquarter တောင် တားတယ်လို့ သိရပါတယ်။ သတင်းအကြားနဲ့ တားတာပါ။ ဆိုလိုချင်တာက Investment လုပ်မယ့်သူတွေဟာ information ကို အကုန် ရယူပြီးမှ ရတဲ့အချက်တွေပေါ် အခြေခံပြီးမှ အကဲဖြတ်ကြတယ်၊ လုပ်ကြပါတယ် ဆိုတာ သိအောင်လို့ပါ။ အတွေ့အကြုံကလေးတွေ မျှဝေပေးတာပါ။

■ ဘလောက်ရေးသည့်ရက်စွဲ [၂၄-၂-၂၀၁၅]

# ဘဏ်စည်းမျဉ်းစည်းကမ်း

အခုတစ်လော ဘဏ်ကိစ္စတွေက သတင်း တစ်ခုပြီး တစ်ခု ဖြစ်နေတာကို တွေ့ရပါတယ်။ စိတ်ဝင်စားပြီး ရေးကြတာတွေလည်း ဖတ်ရပါတယ်။ ဘဏ်အတိုးနှုန်းကတော့ ကျဖို့ မမြင်၊ နည်းနည်းတောင် တက်လာပါတယ်။ အချိန်ပိုင်း အပ်ငွေနဲ့ ရိုးရိုးအပ်ငွေ အတိုးနှုန်းတွေကို ဒသမ နည်းနည်းစီ ခွာပြီး customer တွေကို ဆွဲဆောင်နေကြပါတယ်။ မြန်မာမှာ ဘဏ် ဆိုတာကတော့ အပ်ငွေ (deposit) နဲ့ ချေးငွေ (loan) ကွာခြားတဲ့ gap ဘဏ်အခေါ် spread ပေါ်မှာ ကစားပြီး အမြတ် ဖန်တီးရတာပါ။ အခုချိန်မှာတော့ spread က ၅ ရာခိုင်နှုန်းပဲ။ ဘဏ်တွေ ပြိုလဲတော့ သက်ဆိုင်ရာ depositor ငွေတွေကို အချိန်မရွေး ပြန်ပေးနိုင်ဖို့ ဘဏ်တွေကို liquid ဖြစ်အောင် လုပ်ထားခိုင်းရတယ်။ အဲဒီတော့ မြတ်တဲ့ ငွေထဲက

လူတွေကလည်း ဘဏ် ဆိုတာ အတိုးကလေးနဲ့ ထိုင်စားချင်တော့ အခုချိန်အထိ ဘဏ် ဆိုတာ သူတို့အတွက် ရင်းနှီးမြှုပ်နှံစရာ တစ်ခုလို မှတ်ယူနေကြမှာပဲ။ နောက်ပိုင်းတော့ လုပ်စရာတွေ ပေါ်လာရင်တော့ ဘဏ်အစား အခြား ရင်းနှီးမြှုပ်နှံမှုတွေမှာ ရင်းနှီးလာကြမှာပဲ။

နှစ်စဉ် အရန်ငွေကြေး (reserve) တွေ ထားရတယ်။ စည်းမျဉ်းတွေ ပြဋ္ဌာန်း သတ်မှတ်ပြီး တအားကို ကျပ်ပစ်လိုက်တယ်။ အခုမှ တဖြည်းဖြည်း လျှော့ချပေး ရတာ။ အဲဒီအချိန်က အစိုးရကလည်း သိပ်မသိသေးဘူးလေ။ လူလည်ကြီးတွေ က အမျိုးမျိုးသော ပညာတွေ ပြပြီး ကိုယ်ကျိုးဖန်တီးကြတာ။ အခုတော့လည်း ဒီခရိုနီတွေ ဘာမှ မဖြစ်တဲ့အပြင် ပိုတောင်ချမ်းသာလာကြသေးတယ်။

ရှယ်ယာတွေကနေ BOD သဘောတူရင် မြေဝယ်ထား ရင်းနှီးနိုင်တယ်။ ဘဏ်ခွဲတွေလည်း ဖွင့်နိုင်တယ်။ deposit ငွေတွေကနေ ရင်နှီးမြှုပ်နှံမှုအဖြစ် မြေတွေ ဝယ်ထားလို့ မရပါဘူး။ အခုအချိန်အထိကတော့ ဘဏ်တစ်ခုကို နှစ် ကုန်လို့ ရှယ်ယာ ဝယ်ထားတာကနေ dividend ဘယ်လောက်ပေးနိုင်သလဲ ဆိုတဲ့ ပေတံနဲ့ပဲ တိုင်းတာပါတယ်။ ဗဟိုဘဏ်ကတော့ ဘဏ်တွေကို banking product တွေ အတော်များများ ထုတ်ခွင့်ပြုထားပေမဲ့လည်း ဘဏ်ကို အသုံး ပြုသူအများစုကို ဆွဲဆောင်တဲ့အခါမှာ အားနည်းနေပါတယ်။ infrastructure လည်း နိုင်ငံတကာပေတံနဲ့ တိုင်းရင် အတော်ကို နောက်တန်း ရောက်နေတော့ လုပ်သလို မဖြစ်ဘဲ ဖြစ်သလို လုပ်နေရပါတယ်။ ဗဟိုဘဏ်က မလိုတဲ့ ထိန်း ချုပ်မှုတွေ ပယ်ဖျက်ပေးဖို့ တောင်းဆိုတာလည်း ကြားရပါတယ်။ အကုန်လုံး တော့ ဖျက်မရဘူး ထင်တယ်။ ဥပမာ- saving account ကို တစ်ပတ်မှာ တစ်ကြိမ်ပဲ ထုတ်ရမယ် ဆိုတဲ့ ထိန်းချုပ်မှုမျိုးကတော့ မရှိသင့်တော့ပါဘူး။ ATM card ဆိုတာ saving account နဲ့ ချိတ်ထားရမှာ၊ card account ဆို ပြီး သီးခြား ထားနေရတာ customer အတွက် အလုပ် တော်တော် ရှုပ်ပါ တယ်။ (အခုတော့ card account ကို အတိုးပေးပါပြီ)။ ATM card ဆိုတာ လူပုဂ္ဂိုလ် တစ်ဦးချင်း ထားကြတာပါ။ ATM မှာ တစ်ရက် ငွေထုတ် ကန့် သတ်ချက် ထားရပါတယ်။ ဥပမာ- တစ်သိန်း၊ နှစ်သိန်း၊ သုံးသိန်း စသဖြင့်ပေါ့။ corporate account ဆိုတာ ရှင်းပါတယ်။ current account ပဲပေါ့။

တစ်ခါတစ်ရံ customers တွေရဲ့ အလိုကို ဘဏ်တွေက လိုက်ကြတယ်။ coporate account ကို saving မှာ ပြောင်းထားခွင့်ပြုတာမျိုးပေါ့။ ဒီအချက် ကြောင့်လည်း ဗဟိုဘဏ်က saving ကနေ တစ်ပတ်မှာ တစ်ကြိမ် ထုတ်ခွင့် ပြုမယ် ဆိုတဲ့ ကန့်သတ်ချက် ပေါ်လာတာနဲ့ တူတယ်။ ဒါပေမဲ့ saving က လူတစ်ဦးချင်း ထားတာ များတယ်လေ။ မောင်တိုင်ပင်တို့နိုင်ငံက အကြီးဆုံး ဘဏ်ကြီး Aauthorised capital ထက် အလယ်အလတ် ထိုင်းဘဏ်တွေ စင်ကာပူဘဏ်တွေဟာ လေး-ငါး-ခြောက်ဆလောက် ရှိမယ် ထင်တယ်။ ဘဏ်

တွေ တော်တော် များနေပါပြီ။ ဘဏ်သေးတွေလည်း ပါတယ်။ ဘဏ်အချင်းချင်း merging လုပ်ဖို့ မစဉ်းစားကြဘူးလား။ ဥပမာ- စင်ကာပူမှာ ဆိုရင် POSB နဲ့ DBS တို့ merging လုပ်ထားတယ်။ DBS ATM card နဲ့ POSB မှာ ATM ထုတ်လို့ ရတယ်။ ကျွန်တော်တို့ဆီမှာကတော့ MPU အောက်မှာ ရှိနေလို့ MCB ATM card နဲ့ KBZ ATM machine မှာ ထုတ်လို့ ရတယ်။ ဘဏ်တွေအနေနဲ့ အများနှင့် သက်ဆိုင်သောကုမ္ပဏီ ပြောင်းလဲဖွဲ့စည်းဖို့ ကြိုးစားနေကြတယ်။ အချို့သော ဘဏ်တွေက အရင်ကတည်းက အများပိုင်ဘဏ် ဖြစ်ပြီးသား။

ရန်ကုန် စတော့အိတ်ချိန်း ပေါ်လာရင် listed ဖြစ်ဖို့က valuation လုပ်ရတာနဲ့ ဘာနဲ့ဆိုရင် နိုင်ငံတကာ audit firm ကို ပိုက်ဆံ ဒေါ်လာ တစ်သန်းလောက် ပေးရဦးမယ် ဆိုတော့ အများပိုင် ဖြစ်ပြီးသား ဘဏ်တွေက YSX မှာ Listed ဖြစ်ဖို့ ကြိုးစားကြတယ်။ ဒါပေမဲ့ နိုင်ငံတကာ credit firm တွေ အပ်ရရင် ဒေါ်လာတစ်သန်းလောက် စိုက်ထုတ် ကျခံရမယ် ဆိုရင်တော့ လက်တွန့်ကြတာ အပြစ်မဆိုသာဘူး။ အဲဒီတော့ ဘယ်ဘဏ်တွေများ full fledge public listed ဖြစ်လာမလဲ ဆိုတာကလည်း အများစိတ်ဝင်စားစရာပါ။ အရင်းအနှီးစုတာ ဖြစ်ပေမဲ့ ပြည်ပ equity firm တွေကလည်း ရှယ်ယာ ထည့်ဝင်ချင်ကြတယ်။ ဥပဒေစည်းမျဉ်းက မရှိသေးဘူး။ ဘဏ်တွေက အဆိုပါ equity firm ဆီက ငွေချေးချင်တယ်။ ဥပဒေစည်းမျဉ်းတွေက ရေးဆွဲနေတုန်း။ လုပ်ချင်တာတွေက များတယ်။

ငွေရေးကြေးရေး ဆိုတာ အထိန်းအကွပ် ရှိရတယ်။ စည်းကမ်းလိုက်နာသလား မလိုက်နာဘူးလား စစ်ဆေးရမယ့် regulator authority တွေလည်း ဖွဲ့စည်းထားရမယ်။ ဘဏ်တွေက အပြိုင်လုပ်နေကြတာလေ။ သူ့ထက် သာအောင် လုပ်ဖို့အတွက် မသိမသာ စည်းဖောက်ဖို့ ဝန်မလေးကြဘူး။ ငွေကြေးလုပ်ငန်းမှာ ratio အချိုးတွေနဲ့ ထိန်းထားရတာ။ ဒီမိုခေတ် နှစ်စပိုင်းလောက်က နိုင်ငံခြားသားတစ်ယောက်က မေးဖူးတယ်။ မြန်မာက ဘဏ်တွေမှာ ငွေကြေးပိုင်း monitor လုပ်ဖို့အတွက် ratio တွေ ရှိသလားလို့။ ဟ … မြန်မာမှာလည်း ရှိတာပေါ့၊ နို့မို့ရင် ဘဏ်တွေကို အစိုးရက ဘယ်လို ချုပ်ကိုင်မလဲလို့ ပြန်မေးလိုက်ရတယ်။ အဲဒီလူ မြန်မာပြည်လာပြီး ဘာအချဉ်ဖမ်းချင်တာလဲ မသိဘူး။ Liquidity ratio ဆိုရင် ဘဏ်တိုင်းက အမြဲ ကြည့်နေရတယ်။ ရာခိုင်နှုန်း ၂၀ အောက် မရောက်ရဘူး။ ရောက်ရင် ဗဟိုဘဏ်က ဒဏ်တပ်တာပဲ။ တော်တော်များများကို ပေးရတာ။ အဲဒီလို စည်းကမ်းတွေ ရှိနေလို့သာ ဘဏ်တွေက

မှန်မှန်ကန်ကန်နဲ့ ရပ်တည်နိုင်တာပေါ့။ BOD အဖွဲ့ဝင်တွေက ဘဏ်ကနေ ငွေချေးလို့ မရဘူး။ နားမလည်တဲ့ အဖွဲ့ဝင်တွေက ငွေချေးချင်ကြတယ်။ ပြည်သူတွေ ဘဏ်အကြောင်း ဂဃနဏ မသိခင်က ဘဏ်ကြီးတစ်ဘဏ် ဆိုရင် depositor ငွေတွေကို တစ်ဖက်လှည့်နဲ့ ယူပြီး သူ့လုပ်ငန်းတွေမှာ သုံးလိုက်တော့ ဘဏ်တွေ ကမောက်ကမ ဖြစ်တဲ့အချိန်မှာ depositor တွေကို ငွေပြန်ထုတ်မပေးနိုင်တော့ဘူး။ ဘဏ်ဟာ ငွေဖြစ်လွယ်မှု (liquid) အမြဲ ဖြစ်နေအောင် လုပ်ထားရတယ်။ ဒါကြောင့် ဘဏ်က liquidity ratio ဟာ ရာခိုင်နှုန်း ၂၀ အောက် မရောက်ရဘူး။

နိုင်ငံခြားမှာ ဘဏ်ဆိုရင် banker အလုပ်ပဲ လုပ်ရမယ်။ အခု ကျွန်တော်တို့ ဆီမှာတော့ ဘဏ်လုပ်ငန်းပဲ လုပ်တဲ့ဘဏ် ဘယ်နှခု ရှိသလဲ။ နှစ်ခု-သုံးခု လောက်ပဲ ရှိပါတယ်။ ခရိုနီတွေ ဆိုတော့ ဘယ်သူကမှ မထောက်ပြရဲဘူး။ money laundering လုပ်ချင်လည်း လုပ်နိုင်မှာပဲ။ သူတို့ရဲ့ အခြား စီးပွားရေး လုပ်ငန်း ပြိုလဲသွားရင် ဘဏ်ကို impact မဖြစ်နိုင်ဘူးလား။ ဘဏ် ဆိုတာ trust နဲ့ ဆက်စပ်တယ်။ trust ပျက်သွားရင် ဘာဖြစ်မလဲ။ အရင်က ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ ခဏခဏ ဖြစ်ခဲ့တာကို ကြားကြမှာပေါ့။ ဘဏ်လုပ်ငန်းက မြတ်တယ်ဗျ။ ဒါကြောင့် ခရိုနီတိုင်းက ဘဏ်ဖွင့်နေချင်ကြတာ။ လူတွေကလည်း အတိုးနှုန်း မကျစေချင်ဘူး။ အခြား လုပ်စရာ မရှိတော့ ဘဏ်တိုးကလေးနဲ့ စားချင်ကြတာ။ စီးပွားရေးလုပ်သူတွေကတော့ ဘဏ်တိုးတွေ ကျစေချင်တယ်။ အတိုးတွေ များတယ် ပြောကြတယ်။ ဒီတော့ ဘဏ်တွေဟာ နေ့ချင်းညချင်း နိုင်ငံခြားဘဏ်တွေလို လုပ်နိုင်ဖို့ ဆိုတာ ကန့်သတ်ချက်တွေ ရှိတယ်၊ စိန်ခေါ်မှုတွေလည်း အများကြီးပဲ။ လူတွေကလည်း ဘဏ် ဆိုတာ အတိုးကလေးနဲ့ ထိုင်စားချင်တော့ အခုချိန်အထိ ဘဏ်ဆိုတာ သူတို့အတွက် ရင်းနှီးမြှုပ်နှံစရာတစ်ခုလို မှတ်ယူနေကြမှာပဲ။ နောက်ပိုင်းတော့ လုပ်စရာတွေ ပေါ်လာရင်တော့ ဘဏ် အစား အခြားရင်းနှီးမြှုပ်နှံမှုတွေမှာ ရင်းနှီးလာကြမှာပဲ။

■ ဘလောက်ရေးသည့်ရက်စွဲ [၂၂-၁၀-၂၀၁၄]

## ရင်းနှီးမြှုပ်နှံမှု တကယ် စီးဝင်လာချင်ပါသလား၊ ဒါတွေ ပြင်ပါ

> လျှပ်စစ်နှင့် မြေကိစ္စများကို
> လောလောဆယ်
> ပြတ်ပြတ်သားသား
> ဖြေရှင်းနိုင်မှုတွေ မရှိသေးသရွေ့
> နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေလည်း
> အကန့်အသတ်နဲ့သာ
> ဝင်ရောက်လာဦးမှာ ဖြစ်ပြီး
> ဗျူရိုကရေစီစနစ်တွေ ကျင့်သုံးနေ
> တာကြောင့်လည်း ရင်းနှီးမြှုပ်နှံဖို့
> လာရောက် ဆောင်ရွက်သူတွေကို
> စိတ်ပျက်စေနိုင်ပါတယ်၊

အရင်တစ်နှစ်က မြန်မာနိုင်ငံ Maple craft က သူ့အစီရင်ခံစာထဲမှာ မြန်မာနိုင်ငံဟာ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အလျင်အမြန် တိုးတက်မှု အကောင်းဆုံး နိုင်ငံတစ်ခု ဆိုပြီး ဖော်ပြထားပါတယ်။ (credit: Mdy Boy) ဒီ analysis တွေဟာ ကိန်းဂဏန်း အချက်အလက်တွေအပေါ် အခြေခံပြီး ယေဘုယျ သုံးသပ်တာလောက်ပဲ ဖြစ်မယ် ထင်တယ်။ တကယ့်လက်တွေ့မှာတော့ တော်တော်ကို အချိုးမပြေတာတွေ တွေ့နေရသေးတယ်လို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများဘက်က ဆိုပါတယ်။ ဒီ နိုင်ငံခြားကုမ္ပဏီရဲ့ အမည်ကတော့ ထုတ်ဖော် ပြောဖို့ အချိန်မတန်သေးပါဘူး။ သူကလည်း သူတွေ့ကြုံနေရတဲ့ အခက်အခဲကို တတ်နိုင်သလောက် ဖာထေးပြီး ရင်းနှီးမြှုပ်နှံမှုကို ထိခိုက်စေတဲ့ အပြောအဆိုမျိုးကို ရှောင်ကြဉ်နေရတယ်လို့ ရင်ဖွင့်လာပါ

တယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က သေချာ စိစစ်ပြီး လွန်ခဲ့တဲ့ ငါးလကျော်လောက်ကတည်းက လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ချပေးခဲ့ပါတယ်။ သူတို့ စက်ရုံ တည်ထောင်မယ့် မြေကြီးဧက ၈၀ ကိုလည်း ဒေသတစ်ခုမှာ ခွင့်ပြုပေးခဲ့ပါတယ်။ တိုင်းဒေသကြီးအစိုးရနဲ့ ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက သေချာစိစစ် ချပေးခဲ့တာပါ။ လိုင်စင် ခွင့်ပြုချက် ရတာနဲ့ စက်ရုံ တည်ဆောက်ဖို့ လိုအပ်သည်များကို ပြင်ဆင်ခဲ့ပါတယ်၊ အဆောက်အအုံ ပုံစံတွေကိုလည်း ရေးဆွဲခဲ့ပါတယ်။ နောက်ဆုံးအဆင့် တရုတ် (တိုင်ပေ) က တရုတ် ဖုန်းရွှေဆရာကို ပင့်၊ မြေကြီးကို ပြသပြီး အကောင်း အဆိုး တွက်ချက်စေခဲ့တဲ့အထိ လုပ်ပြီးကိုင်ပြီး ဖြစ်ပါတယ်။ သူတို့ စက်ရုံ တည်ဆောက်ဖို့အတွက် local construction ကုမ္ပဏီတွေနဲ့လည်း အသေးစိတ် ညှိနှိုင်း ဆွေးနွေးပြီး ဖြစ်ပါတယ်။ ယုတ်စွအဆုံး မြန်မာနိုင်ငံသား engineers, technicians, fitters, welders, machine operators တွေကို training ပေးဖို့ အတွက် master plan ရေးဆွဲပြီး training section တစ်ခု ဖွင့်ဖို့ စိုင်းပြင်း လုပ်ဆောင်လျက် ရှိတာကို သိရပါတယ်။

ဒါပေမဲ့ အစိုးရအဖွဲ့နဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ တိုင်းအစိုးရ အဖွဲ့အသီးသီးက ခွင့်ပြုမိန့် ချပေးခဲ့တဲ့ မြေနေရာကို အရင်တစ်လောက သွား ရောက်ခဲ့ရာမှာ ဝင်ခွင့်တောင် မရဘဲ ခရိုနီတစ်ဦးက သူတို့ကို ချပေးထားတဲ့ မြေ ဆိုပြီး သူတို့အတွက် ချပေးထားတဲ့ ဧက ၈၀ အပါအဝင် ဧက ၃၀၀ စလုံးကို ဝင်းခြံခတ်ဖို့ လုပ်ထားတာကို တွေ့ရပါတယ်။ သက်ဆိုင်ရာ အစောင့် တွေကလည်း ဝင်ခွင့်မပြုနိုင်ကြောင်း တားဆီးတာကိုလည်း ခံခဲ့ရပါတယ်။ အဲဒီမြေကို ခရိုနီတစ်ယောက်ကို ချပေးထားတာဖြစ်ပြီး ဧက ၃၀၀ မှာ ပီလော ပီနံ (tapioca) စိုက်မယ်လို့ ပြောပါတယ်။ စက်မှုဇုန်လို့ သတ်မှတ်ထားတဲ့မြေ ကြီးကို စိုက်ပျိုးရေးမြေအဖြစ် အသုံးပြုတာကတော့ ဘယ်လိုပြောရမှန်းကို မသိ တော့ပါဘူး။ ဒီပရိုဂျက်ဟာ အမေရိကန်ဒေါ်လာ သန်း ၅၀၀-၆၀၀ လောက် ရင်းနှီးမြှုပ်နှံမယ့် manufacturing sector မှာ ရှားရှားပါးပါး ပရိုဂျက်တစ်ခုပါပဲ။

ဒီသတင်းကို သက်ဆိုင်ရာ ကုမ္ပဏီက အကြံပေးပုဂ္ဂိုလ် နိုင်ငံခြားသား မိတ်ဆွေက ရင်ဖွင့်လာတော့ ကျွန်တော် တော်တော် ရှက်ပါတယ်။ ဒီလို အခက် အခဲတွေ၊ ပြဿနာတွေကြောင့် ခင်ဗျားတို့ရဲ့ ခွင့်ပြုချက်ကျပြီးသား လုပ်ငန်းကို ရုပ်သိမ်းသွားမှာလားလို့တောင် မေးမိပါတယ်။ စိတ်သက်သာရာ ရစေတဲ့ အဖြေ တစ်ခု ရခဲ့လို့ တော်သေးရဲ့လို့ ဟင်းချနိုင်ခဲ့ပါတယ်။ မိတ်ဆွေက သူတို့ ဘယ်လို

အခက်အခဲတွေ ရှိနေပါစေ၊ သူတို့ကတော့ ဆက်လုပ်မှာ ဖြစ်တယ်၊ ပြဿနာကို ပြေလည်အောင် ဖြေရှင်းပြီး ဆက်လုပ်မှာ ဖြစ်တယ်၊ ဒါပေမဲ့ ဒီမြေပေါ်မှာ စက်ရုံ ဆောက်ဖို့အတွက် ဆောင်ရွက်စရာ ရှိတာတွေ ဆောင်ရွက်ခဲ့တဲ့အတွက် ကုန်ကျစရိတ်တွေတော့ ရှိပါတယ်၊ အခြားမြေကို အစားထိုးပေးမယ် ဆိုရင်တောင် အစကနေ ပြန်စရမယ့်အပြင် ပရိုဂျက် ပြီးရမယ့်အချိန် မပြီးတဲ့အတွက် Rate of Return ကိုတော့ ထိခိုက်မှု ရှိနိုင်ပါတယ်လို့ ဆိုပါတယ်။ ဒီလို သတင်းမျိုးဟာ ရင်နှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး နိုင်ငံတကာမှာ အနုတ်လက္ခဏာ ပြတဲ့ သတင်းမျိုး ဖြစ်နေပါတယ်။ အစိုးရအဖွဲ့အဆင့်ဆင့်က ခွင့်ပြုချက် ချပေးထားတဲ့ မြေနေရာကို ခရိုနီတစ်ယောက်က သူ့ကို ချပေးထားပြီး ဖြစ်တယ်လို့ ဆိုနေတာဟာ အာဏာပိုင်အချင်းချင်း coordination မရှိဘူး ဆိုတာ ပေါ်လွင်နေပါတယ်။ သူတို့ဟာ ဒီမြေမှ ဒီမြေ ဆိုပြီး တောင်းတာ မဟုတ်ဘူး။ ဒါလောက်အကျယ်အဝန်းကို လိုချင်တယ်လို့ပဲ တောင်းဆိုခဲ့တာ ဖြစ်ပါတယ်။ တောင်းဆိုခဲ့တဲ့အပေါ်မှာ သက်ဆိုင်ရာကနေ ဒီဒေသမှာ ရှိတဲ့ ဒီမြေကို ယူ၊ မြေငှားခတော့ ဘယ်လောက် ပေး ဆိုပြီး အကြိမ်ကြိမ် ညှိနှိုင်းပြီးမှ MIC ကို တင်ခဲ့တာ ဖြစ်ပါတယ်။ ဒီအချက်ဟာ ရင်းနှီးမြှုပ်နှံဖို့ အကောင်းဆုံး ဆိုပြီး သတင်းလွှင့်နေပေမဲ့ ဒါမျိုးကိစ္စတွေကြောင့် ရင်းနှီးမြှုပ်နှံမှုတွေအတွက် အခက်ခဲဆုံး ဖြစ်နေတယ် ဆိုတဲ့ သတင်းမျိုး ထွက်လာအောင် တွန်းပို့နေပါတယ်။ ဒါကတော့ ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်းတွေမှာ တွေ့ရတဲ့ အခက်အခဲ ဖြစ်ပြီး မြေနဲ့ ပတ်သက်လာရင် တောင်သူလယ်သမားတွေတင် မကဘူး၊ ခရိုနီတွေကလည်း ငမ်းငမ်းတက် ဖြစ်နေတာကို တွေ့ရတော့ ၂၀၁၅ နောက်ပိုင်း မြန်မာနိုင်ငံတွင်းကို ရင်းနှီးမြှုပ်နှံမှုတွေ လောက်လောက်လားလား စီးဝင်လာနိုင်လိမ့်မယ်လို့ သုံးသပ်မိပါတယ်။ (မှတ်ချက်- ဒီဖြစ်စဉ်ဟာ အရင်အစိုးရ လက်ထက်မှာ ဖြစ်ခဲ့တာပါ။ အားလုံး ညှိနှိုင်းပြီးစီးသွားပြီး ဖြစ်လို့ စတင် အကောင်အထည်ဖော်နေပါပြီ။)

ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာစေဖို့အတွက် အခြား ကန့်သတ်ချက်တစ်ခုကတော့ လျှပ်စစ် ဖြစ်ပါတယ်။ လျှပ်စစ်ကတော့ အင်မတန်မှ အကဲဆတ်တဲ့ အပိုင်းလို့ ပြောရမှာ ဖြစ်ပါတယ်။ အင်တာနက် အွန်လိုင်းမှာလည်း လျှပ်စစ်က အင်ဂျင်နီယာဟောင်းတစ်ဦးက အပိုင်း လေးပိုင်း ခွဲပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ အရှုပ်တော်ပုံကြီးကို ဖွင့်ချထားတာကို ဖတ်ရပါတယ်။ လျှပ်စစ် ဓာတ်အားခတွေ ဈေးတက်မယ် ဆိုတော့ တစ်တိုင်းတစ်ပြည်လုံးက ပြည်သူတွေ ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်ကြပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အရှုံး

ပေါ်နေတယ် ဆိုတာကို လုံးဝ လက်မခံတဲ့အချိန်မှာ လျှပ်စစ်ဝန်ကြီးဌာနအတွင်း လာဘ်စားမှု အရှုပ်တော်ပုံကြီး ဖွင့်ချလာတာနဲ့ တိုက်ဆိုင်နေပါတယ်။ လွှတ်တော် channel မှာ လျှပ်စစ်ဝန်ကြီးက လျှပ်စစ်ဓာတ်အားခတွေကို ၂၀၁၄ ဘဏ္ဍာနှစ်မှာ တိုးမြှင့် ကောက်ခံမယ် ဆိုတဲ့အကြောင်းကို အချက်အလက်တွေ ဝေဝေဆာဆာနဲ့ တင်ပြသွားပေမဲ့လည်း ဝန်ကြီးဌာန အရှုံးသက်သာအောင် ဘယ်သို့ လုပ်ဆောင်မယ်၊ လေလွင့်ဆုံးရှုံးမှုတွေ လျော့ကျသွားအောင် ဘယ်လို လုပ်ဆောင်မည် ဆိုတဲ့အချက်ကတော့ ယေဘုယျလောက်ပဲ တင်ပြတာကို နားထောင်လိုက်ရပါတယ်။

ဝန်ကြီး တင်ပြချက်ကို ပြန်လှန်ဆွေးနွေးတဲ့အခါ Mech 72 က ကိုညီလေး (ဦးကြည်သာ) လွှတ်တော်ကိုယ်စားလှယ်က စာရင်းဇယား ကိန်းဂဏန်းတွေနဲ့ ပြန်လှန် ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ Mech72 က သူငယ်ချင်း ကိုညီလေးဟာ လျှပ်စစ်ဌာနမှာ တစ်လျှောက်လုံး လုပ်လာခဲ့တာ ဖြစ်ပြီး နောက်ဆုံး ရေအားလျှပ်စစ်မှာ အမ်ဒီတာဝန်ကနေ အနားယူခဲ့တာ ဖြစ်ပါတယ်။ လွှတ်တော်မှာ သူ့လောက်တော့ လျှပ်စစ်အကြောင်းကို သိသူတော့ မရှိနိုင်ဘူး ထင်ပါတယ်။ လျှပ်စစ်ဌာနဟာ ပုဂ္ဂလိကပိုင်းက လျှပ်စစ်ထုတ်လုပ်တာနဲ့ ပတ်သက်ပြီး ဥပဒေတွေ ထုတ်ဖို့ လုပ်ထုံးလုပ်နည်းတွေ ထုတ်ပြန်ဖို့ကိုတော့ နှောင့်နှေးခဲ့ပါတယ်။ Independent Power Producer (IPP) အပိုင်းမှာ လျှပ်စစ်ထုတ်လုပ် ရောင်းချတာထက်စာရင် ပုဂ္ဂလိက လုပ်ငန်းရှင်တွေဟာ လျှပ်စစ် ထုတ်လုပ်တဲ့အခါမှာ လိုအပ်တဲ့ ပစ္စည်းတွေကိုပဲ supply လုပ်ချင်ကြပါတယ်။ ဒါကလည်း ပြီးလွယ်စီးလွယ် သပိတ်ဝင် အိတ်ဝင် အာဏာပိုင်ကော လုပ်ငန်းရှင်ပါ မြက်မြက်ကလေး စားရမှာ ဖြစ်တဲ့အတွက် ဒီအပိုင်းကိုပဲ ဇောင်းပေးနေချင်တာ မဆန်းပါဘူး။

လျှပ်စစ်ဓာတ်အားခ ဈေးတက်တာဟာ sensitive issue တစ်ခု ဖြစ်ပါတယ်။ စဉ်းစားပုံ၊ တွေးခေါ်ပုံကအစ အင်မတန် လက်ဝင်ပါတယ်။ ဘယ်လောက် ကောင်းအောင် လုပ်လုပ်၊ သန့်ရှင်းအောင် လုပ်လုပ် အပြောမလွတ်နိုင်ပါဘူး။ ဈေးမတက်ဘူး ဆိုရင်လည်း ပြည်ပက ဘယ် IPP မှ လာမှာ မဟုတ်ပါဘူး။ IPP တွေ မရှိရင်လည်း ရင်းနှီးမြှုပ်နှံမှု ဆိုတာ ဝင်လာဖို့အတွက် စဉ်းစားစရာတစ်ခု ဖြစ်နေပါတယ်။ လျှပ်စစ်သုံးသူတွေကို အပိုင်းလိုက် ခွဲခြားကြည့်မယ်ဆိုရင် သုံးပိုင်းတော့ တွေ့ပါတယ်။ အခြေခံအပိုင်း၊ အလယ်အလတ်အပိုင်း၊ စီးပွားရေးနဲ့ ကုန်ထုတ်လုပ်မှုအပိုင်းတွေ ရှိနိုင်ပါတယ်။ အခြေခံအပိုင်းကတော့

လက်လုပ်လက်စား ဆင်းရဲသားတွေ ဖြစ်ပြီး အခု ကောက်ယူနေတဲ့ နှုန်းထား ထက်တော့ ပိုသတ်မှတ်လို့ မသင့်ပါဘူး။ အလယ်အလတ် ဆိုတာကတော့ basic necessity ဖြစ်တဲ့ လျှပ်စစ်အသုံးအဆောင်ပစ္စည်းတွေကို အိမ်တွေမှာ သုံးစွဲသူတွေ ဖြစ်ပါတယ်။ သူတို့တစ်တွေအတွက်ကတော့ သင့်တင့်တဲ့ နှုန်းထား သတ်မှတ်ပြီး ကောက်ခံရမှာ ဖြစ်ပါတယ်။ နောက်ဆုံးကတော့ ကုန်ထုတ်လုပ်သူ တွေအတွက် ဖြစ်ပါတယ်။ IPP သမားတွေကတော့ ဒီအပိုင်းကို စိတ်ဝင်စားမှာ ဖြစ်ပါတယ်။ နောက်ဆုံးအပိုင်းမှာ လျှပ်စစ်ဓာတ်အားခ တက်လာတာနဲ့အမျှ ထုတ်လုပ်မှုစရိတ် တက်လာမှာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုစရိတ် တက်လာရင် ရောင်းဈေးလည်း လိုက်တက်မှာကတော့ ယေဘုယျ ဖြစ်ရပ်တစ်ခုလို ဖြစ်နေ ပါတယ်။ ကုန်ကျစရိတ် လျှော့အောင်၊ productivity တက်လာအောင် လုပ် ရမယ်၊ အခြား မလိုအပ်တဲ့ ထုတ်လုပ်မှုစရိတ်တွေကို လျှော့ချရမယ်လို့ ဆိုပေမဲ့ ကုန်ဈေးနှုန်းကတော့ အထိုက်အလျောက် တက်လာမှာ ဖြစ်လို့ ဘယ်လိုပဲ ဖြစ် ဖြစ်၊ ဘယ်ပြည်သူပဲ ဖြစ်နေနေ လျှပ်စစ်ဓာတ်အားခ တက်လာမှာကို မလိုလား ကြပါဘူး။

လျှပ်စစ်ဓာတ်အားခတွေ တိုးမြှင့် ကောက်ခံမယ့်ကိစ္စသာမက လျှပ်စစ် ထုတ်လုပ်မှုနဲ့ ပတ်သက်လို့ positive အဖြေ မထွက်လာတာနဲ့အမျှ ရင်းနှီး မြှုပ်နှံမှုတွေလည်း အများအပြား ဝင်ရောက်လာမယ့် အခြေအနေ မရှိနိုင်ပါ။ မမျှော်လင့်ပါနဲ့။ နိုင်ငံခြားက IPP လုပ်လိုသူ investor တွေ ရှိပေမဲ့လည်း လက်ရှိ လျှပ်စစ်ဓာတ်အားခဈေးနှုန်းနဲ့ မလုပ်ကိုင်နိုင်ပါဘူး။ မြန်မာ့လျှပ်စစ် ထုတ်လုပ်မှုဟာ ရေအားကနေ ထုတ်တာ ရာခိုင်နှုန်း ၇၀ ရှိတယ်လို့ ဆိုပါတယ်။ losses က ရာခိုင်နှုန်း ၂၀ လောက် ရှိတယ်လို့ ဆိုပါတယ်။ ၁၀ ရာခိုင်နှုန်း လောက် ချနိုင်အောင် ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဒီကြားထဲမှာ ဆိုလာ ကနေ လျှပ်စစ်ထုတ်တာမျိုး လုပ်ဖို့ ချေးငွေယူတာလည်း တွေ့ရပါတယ်။ တွက် ခြေကိုက်အောင် ထုတ်နိုင်ရေးအတွက် လက်ရှိပုံစံနဲ့ ဘယ်လိုမှ မဖြစ်နိုင်သေး ပါဘူး။ ကျေးရွာ မီးလင်းရေးကိစ္စကတော့ အလားအလာရှိတဲ့ ပရိုဂျက်တစ်ခု ဖြစ်ပါတယ်။ ဘယ် ပြည်နယ်/တိုင်းဒေသကြီးအနေနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ဦးစားပေးသင့်တယ် ဆိုတဲ့ အချက်အပေါ် တွက်ချက် စဉ်းစားပြီး phase by phase သွားရင် အဆင်ပြေနိုင်မလားလို့ တွေးမိပါတယ်။ အခုလည်း တိုင်း ဒေသကြီးနဲ့ ပြည်နယ်တွေမှာ လျှပ်စစ်ဓာတ်အားခ ကောက်ခံပုံ မတူကြတာ ကို လွှတ်တော်မှာ ဆွေးနွေးတုန်းက မှတ်သားခဲ့ဖူးပါတယ်။

ပြောချင်တာ အတိုချုပ်ကတော့ ပြားလိုက် စဉ်းစားတာထက် ဒေသအလိုက် စဉ်းစားတာက ပိုများ ကောင်းမလားလို့ပါ။ ရင်းနှီးမြှုပ်နှံမှုတွေ လာဖို့ လျှပ်စစ်ဓာတ်အား လိုပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု တွက်ခြေမကိုက်ရင် IPP တွေလည်း မလာနိုင်ပါ။ IPP မရှိရင် ရင်းနှီးမြှုပ်နှံမှုတွေ လာဖို့ အဟန့်အတား ဖြစ်နေပါတယ်။ အဲဒီတော့ ဒီပြဿနာတွေ အခြေခံပြီး အစိုးရလည်း လုပ်၊ IPP လည်း လုပ်နိုင်အောင် ဘာတွေ လုပ်သင့်သလဲ ဆိုတာ ဆွေးနွေးညှိနှိုင်း အဖြေရှာဖို့ လိုနေပါတယ်။ အများ သိကြပါတယ်။ မြန်မာမှာ စိတ်အပျက်ဆုံးက ဝန်ကြီးဌာနအချင်းချင်း၊ institutions အချင်းချင်း coordination မရှိတာပါပဲလို့ နိုင်ငံခြားသားတွေက စိတ်ပျက်လက်ပျက် ညည်းတွားကြပါတယ်။ လျှပ်စစ်နဲ့ မြေကိစ္စတွေကို လောလောဆယ် ပြတ်ပြတ်သားသား ဖြေရှင်းနိုင်မှုတွေ မရှိသေးသရွေ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေလည်း အကန့်အသတ်နဲ့ပဲ ဝင်ရောက်လာဦးမှာ ဖြစ်ပြီး ဗျူရိုကရေစီစနစ်တွေ ကျင့်သုံးနေတာကြောင့်လည်း ရင်းနှီးမြှုပ်နှံဖို့ လာရောက် ဆောင်ရွက်သူတွေကို စိတ်ပျက်စေနိုင်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်အင်ဂျင်နီယာတစ်ဦး မဟုတ်ပါဘူး။ စဉ်းစား တွေးခေါ်တာ လိုကောင်း လိုနိုင်ပါတယ်။

■ ဘဲလောက်ရေးသည့်ရက်စွဲ [၁၂–၁–၂၀၁၄]

# ဘယ်အများပိုင်ကုမ္ပဏီက ရှယ်ယာ ဝယ်သင့်သလဲ

> မြန်မာနိုင်ငံက
> ပြည်သူအများစုဟာ
> အတိတ်ကာလက
> အရိပ်မည်းကြီးတွေ
> လွှမ်းမိုးထားရှိပြီး
> ကုမ္ပဏီအစုရှယ်ယာတွေ
> ဝယ်ယူဖို့ နောက်တွန့်နေတာဟာ
> မဆန်းလှပါဘူး။

ကမ္ဘောဒီးယားနဲ့ လာအိုမှာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက CSX, LSX စတော့အိတ်ချိန်းတွေ ပေါ်လာခဲ့ပေမဲ့လည်း ဒီနေ့အထိ အောင်မြင်မှုတွေ မရရှိသေးကြောင်း အင်တာနက် စီးပွားရေးသတင်းတွေအရ သိရပါတယ်။ မြန်မာမှာလည်း YSX စတော့အိတ်ချိန်း ဖွင့်လိုက်ပါပြီ။ သို့ပေမဲ့ မြန်မာကုမ္ပဏီတချို့ဟာ အများနှင့်သက်ဆိုင်သောကုမ္ပဏီများ ပြောင်းလဲ ထူထောင်တာ၊ တချို့ စတင် ဖွဲ့စည်း တည်ထောင်တာတွေ ပြုလုပ်လျက်ရှိရာမှာ ဒီနေ့အထိ အများနှင့် သက်ဆိုင်သော ကုမ္ပဏီပေါင်း ၅၀ ကျော် ရှိနေပြီ ဖြစ်ပါတယ်။ သို့ပေမဲ့ အများစုက နိုင်ငံတကာအဆင့်မီတဲ့ အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်ကို မရောက်ရှိသေးဘဲ ဟိုမရောက် ဒီမရောက်အဆင့်မှာသာ ရှိနေဆဲ ဖြစ်ပါတယ်။ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတို့

မှာ စတော့အိတ်ချိန်းလုပ်ငန်းတွေ တိုးတက်မှု မရှိ ဖြစ်နေတာကို သုံးသပ်ကြတဲ့သူတွေက ပြည်တွင်းမှာ ရှိတဲ့ ကုမ္ပဏီတွေဟာ သူတို့ရဲ့ ငွေကြေးအခြေအနေတွေကို အများ မြင်သာအောင် ထုတ်ဖော်ပြောဆိုလိုစိတ် မရှိကြခြင်းပဲ ဖြစ်တယ်လို့ ငွေကြေးပိုင်းဆိုင်ရာ သတင်းတွေက ဆိုကြပါတယ်။ ဒီလို ပုံစံဟာ မြန်မာနဲ့များ တူနေသလားလို့ စဉ်းစားမိပါတယ်။ မြန်မာမှာ မိသားစုပိုင် စီးပွားရေးလုပ်ငန်းတွေ များပါတယ်။ တချို့ကတော့ အစုစပ် ဦးရေ ၅၀ ထက် မကျော်တဲ့ အစုစပ်လုပ်ငန်းတွေလည်း ရှိပါတယ်။ ဘိုးစဉ်ဘောင်ဆက် မိသားစု လုပ်ငန်းတွေမှာ အမြင်ကျယ်တဲ့ မိသားစုအကြီးအကဲတွေလည်း ရှိပါတယ်။

စင်ကာပူမှာ အဖေ ဖြစ်သူက မုန့်တီ၊ ဆန်ခေါက်ဆွဲ ဆန်မှုန့်လုပ်ငန်းတွေကို ရှေးကတည်းက ဘိုးစဉ်ဘောင်ဆက် လုပ်ခဲ့ပြီး သား ဖြစ်သူကို အမေရိကန်မှာ MBA သင်တန်း သွားတက်စေခဲ့ပါတယ်။ မောင်တိုင်ပင်နဲ့ စတွေ့စဉ် ၁၉၉၄ လောက်က MBA သင်တန်းတက်ပြီး ပြန်လာခါစပါ။ မြန်မာကို လာလေ့လာတော့ သူပါ ပါလာတယ်။ သူ့အဖေက လုပ်ငန်းကို ဦးဆောင်ပေမဲ့ တစ်နေ့ကျရင်တော့ ဒီလူငယ်ကလေးဟာ သူ့အဖေလုပ်ငန်းကို ဦးဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ထားခဲ့ပါတယ်။ ၂၀၁၂ မှာ ပြန်တွေ့တော့ မောင်တိုင်ပင်ကို ကောင်းကောင်း မှတ်မိတယ်။ သူကပဲ လုပ်ငန်းကို စီမံ ခန့်ခွဲနေပါတယ်။ သူ့လုပ်ငန်းမှာ သင့်လျော်တဲ့ ကုန်ကြမ်းတွေကို အရင်က မောင်တိုင်ပင် ပြောခဲ့တာတွေ မှတ်ထားပြီး ယနေ့တိုင် မြန်မာကနေ တင်သွင်းနေဆဲ ဖြစ်တယ်လို့ ပြောပြပါတယ်။

MBA တစ်ယောက် စီမံအုပ်ချုပ်တော့ သူ့လုပ်ငန်းဟာ အင်မတန်မှ စနစ်ကျပါတယ်။ သူ့လုပ်ငန်းဟာ အလားအလာ ရှိတဲ့ လုပ်ငန်း ဖြစ်တော့ SGX မှာ listed ဖြစ်အောင် လုပ်ဖို့ ကြိုးစားနေပြီလို့ သိရတယ်။ သူ့ရဲ့ products တွေကို အမေရိကားက တရုတ်တန်းဈေးကွက်အထိတောင် ပို့နိုင်တယ်။ မြန်မာက လုပ်ငန်းရှင် တော်တော်များများက ဒီကောင်ကလေးကို သိကြပါတယ်။ နောက် မိသားစု စီးပွားရေးလုပ်ငန်းတစ်ခုကတော့ သား ဖြစ်သူက တိုးတက်တဲ့ အမြင် အိုင်ဒီယာတွေနဲ့ လုပ်ချင်ပေမဲ့ conservative ဖြစ်တဲ့ အဖေက ကန့်သတ် ထိန်းချုပ်ထားတော့ သူ့အိုင်ဒီယာ ရှိသလောက် မလုပ်နိုင်ခဲ့ဘူး။ အရင်းအနှီးကို စုဆောင်းချင်လို့ အများနှင့်သက်ဆိုင်သောကုမ္ပဏီ ပြောင်းလဲပြီး လုပ်ချင်ပေမဲ့လည်း အဖေက သဘောမတူလို့ မလုပ်ခဲ့ရဘူး။ ဒေါက်တာအောင်ထွန်းသက်ကလည်း အများနှင့်သက်ဆိုင်သောကုမ္ပဏီတွေ မြန်မာနိုင်ငံမှာ အမြောက်

အများ ဖွဲ့စည်း တည်ထောင်လာခြင်းဟာ စနစ်တကျ စီစဉ် စစ်ဆေးမှုတွေ မရှိတဲ့အတွက် ပွင့်လင်းမြင်သာမှုနဲ့ အချက်အလက် ပြည့်ပြည့်စုံစုံ ဖော်ထုတ်မှုအပေါ် စိုးရိမ်မိကြောင်း နေ့စဉ်ထုတ် အစိုးရသတင်းစာမှာ ဖော်ပြခဲ့ပါတယ်။ အထူးသဖြင့် IPO ရောင်းချခြင်းအပေါ် အများနှင့် သက်ဆိုင်သောကုမ္ပဏီတွေမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အသွေး မျိုးစုံ ရှိဖို့ လိုတယ်လို့ ထောက်ပြထားပါတယ်။

အထူးသဖြင့် ရှယ်ယာဈေးနှုန်း သတ်မှတ်တာ၊ ရောင်းချတာတွေကို လွယ်လွယ်နဲ့ လုပ်နေသလို ဖြစ်နေပြီး အဆိုပါ ကုမ္ပဏီတွေကို ဘယ်သူက ထိန်းကျောင်းမှာလဲ ဆိုတဲ့ မေးခွန်းတစ်ခု ပေါ်ပေါက်လာပါတယ်။ အမှန်ကတော့ investment bank တစ်ခုက underwriter အဖြစ် ဆောင်ရွက်ပြီး လုပ်ငန်းတန်ဖိုး ဘယ်လောက် ရှိတယ်၊ prospectus အရ အနာဂတ်မှာ ဘယ်လို ဖြစ်လာနိုင်တယ် စသဖြင့် တွက်ချက်ပြီး ရှယ်ယာပေါင်း ဘယ်လောက်၊ ရှယ်ယာ တစ်ခုချင်း ဈေးနှုန်း ဘယ်လောက်နဲ့ ရောင်းသင့်တယ်လို့ အကြံပြုတဲ့အပေါ်မှာ IPO ဘယ်လောက်နဲ့ ရောင်းမယ်၊ အရင်းအနှီး ဘယ်လောက် စုဆောင်းမယ် ဆိုတာတွေ ဖြစ်ပေါ်လာရမှာပါ။ YSX မှာ FMI ရှယ်ယာဈေး တက်တယ် ဆိုပေမဲ့ သူ တစ်ခုတည်းပဲ ရှိသေးတာရယ်၊ အရင်ကလည်း FMI ရှယ်ယာကို အလုအယက် ဝယ်ကြတာကြောင့် ဈေးတက်ရတာပါ။

မြန်မာမှာ bank တွေ က Sercurities ကုမ္ပဏီတွေ ထူထောင်ထားပါပြီ။ ဒါတွေ မလုပ်နိုင်ကြသေးပါ။ အိမ်ဈေး မြေဈေးတွေ အဆမတန် ဈေးမြင့်နေချိန်၊ ဘဏ်တိုးနှုန်းသည် နိုင်ငံတကာစံနှုန်းတွေအတိုင်း လျှော့ချသင့်တယ်လို့ ဆိုနေကြချိန်မှာ ငွေပိုငွေလျှံ ရှိပြီး စီးပွားရေးလည်း မလုပ်တတ်၊ အပြင်မှာ ငွေချေးပြန်ရင်လည်း လိမ်သူကောက်သူတွေက များနေတော့ မလုပ်တတ်မကိုင်တတ်တဲ့ လူလတ်တန်းစား ပြည်သူတွေခမျာမှာ အခု ပေါ်လာတဲ့ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများက ရောင်းချမယ်လို့ ကြေညာထားသော ရှယ်ယာတွေကို ဝယ်ရမှာလား၊ စိတ်ချရပါ့မလား၊ နှစ်ကုန်ရင် dividend ဘယ်လောက် ရမှာလဲ စတဲ့ မေးခွန်းတွေကိုပဲ မေးလာကြပါတယ်။ အမှန်တော့ dividend ထက် ရှယ်ယာတန်ဖိုး တက်လာခြင်းကို နိုင်ငံတကာမှာ အလေးထား ကြည့်ရှုပြီး ရှယ်ယာတွေ ရောင်းခြင်းဝယ်ခြင်းဟာ စတော့အိတ်ချိန်းရဲ့ အနှစ်သာရတစ်ခု ဖြစ်တာကို မသိရှိတာကြောင့် ဖြစ်ပါတယ်။ အိမ်ဈေး မြေဈေးတွေ တက်လာချိန်မှာ ဘိုးဘွားလက်ထက်က ပိုင်တဲ့ အမွေဆိုင်ခြံနဲ့ တိုက်ကို ရောင်း၊ အမွေ ခွဲ၊ တိုက်ခန်းပေါ်

တက်နေ၊ ပိုတာကလေးကို ဘဏ်အပ်ထား၊ ဘဏ်က ရတဲ့ အတိုးကလေးနဲ့ စားမယ် ဆိုတဲ့ အတွေးဟောင်းတွေဟာ ခေတ်နဲ့မညီ အံချော်နေပါပြီ။ ဒါတွေကြောင့် ဘဏ်တိုးနှုန်းတွေ လျော့ကျသွားခဲ့ရင် ဆိုတဲ့ သတင်းတွေကြောင့် စိတ်ပူပန်မယ် ဆိုရင်လည်း ပူပန်လောက်ပါတယ်။ စစ်အစိုးရလက်ထက်က ပြည်သူတွေရဲ့ ဖျာအောက်က ငွေတွေကို အရင်းအနှီး ဖြစ်လာအောင် လုပ်မယ် ဆိုပေမဲ့ ဘယ်လို စလုပ်ရမယ်မှန်း မသိကြတဲ့အတွက် ဖျာအောက်ကနေ ကား၊ ရွှေ၊ အိမ်ခြံမြေဘက် တဖြည်းဖြည်း ရောက်မှန်းမသိ ရောက်သွားလိုက်တာ ကမ္ဘာမှာ မြေဈေးအကြီးဆုံးနိုင်ငံဘဝ ရောက်နေပါရော။

မြန်မာမှာ စတော့ဈေးကွက် ရောက်မလာခင် သက်ဆိုင်ရာ အစိုးရဌာနတစ်ခုခုက ဖွဲ့စည်းခွင့်ပြုခဲ့တဲ့ အများနှင့်သက်ဆိုင်သောကုမ္ပဏီများကို monitor လုပ်တဲ့ taskforce ကလေးတစ်ခု တည်ထောင်ရင် ကောင်းမလားလို့ စဉ်းစားမိလို့ပါ။ အဲဒီ taskforce ကို ဦးဆောင်ရမှာကတော့ ကုမ္ပဏီများမှတ်ပုံတင်နှင့် ရင်းနှီးမြှုပ်နှံမှုဌာနက ဦးဆောင်သင့်ပြီး ပါဝင်သင့်တဲ့ ဌာန၊ လူပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းဖို့ ဖြစ်ပါတယ်။ ရန်ကုန်မှာ နိုင်ငံခြား Financial Advisory firm, Corporate Law firm, Audit firm တို့ အသီးသီး လာရောက် ရုံးခန်းတွေ ဖွင့်လှစ်တည်ထောင်ထားပေမဲ့လည်း အများစုဟာ မြန်မာနိုင်ငံမှာ လာရောက် ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားကုမ္ပဏီတွေရဲ့ လုပ်ငန်း အကျိုးစီးပွားတွေကိုသာ ဆောင်ရွက်ပေးနေတဲ့ အခြေအနေမှာပဲ ရှိပါသေးတယ်။ မြန်မာနိုင်ငံမှာ ရှိတဲ့ နာမည်ကြီး ကုမ္ပဏီတချို့လည်း အဆိုပါ firms တွေကတစ်ဆင့် စင်ကာပူ SGX မှာ listed ဖြစ်ဖို့ ကြိုးစားလျက် ရှိကြပါတယ်။ လောလောဆယ် ဖွဲ့စည်းထားတဲ့ အများနှင့်သက် ဆိုင်သောကုမ္ပဏီများဟာ အဆိုပါ နိုင်ငံခြား firms တွေနဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေဟာ အကန့်အသတ်သာ ရှိနိုင်ပါတယ်။ နိုင်ငံခြား firms တွေ ရယူတဲ့ ဈေးနှုန်းတွေဟာ နိုင်ငံတကာအဆင့် ဖြစ်တာကြောင့် ပြည်တွင်းရှိ firms တွေနဲ့ နှိုင်းယှဉ်ရင် ဈေးများနိုင်ပါတယ်။

ဒါကြောင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ကြရာမှာ နိုင်ငံတကာ စံနှုန်းတွေအတိုင်း ဖြစ်မလာသေးပါဘူး။ ကုမ္ပဏီရဲ့ Board of Director ဆုံးဖြတ်ချက်နဲ့ပဲ ရှယ်ယာ ရောင်းချတာ၊ Prospectus တွေ တင်ပြတာတွေကိုသာ ပြည်တွင်းရှိ law firm, audit firm တွေရဲ့ အကူအညီတွေနဲ့ပဲ ဆောင်ရွက်နေတာ ဖြစ်တာကြောင့် စနစ်တကျ ဖွဲ့စည်း ပေါ်ထွက်လာခြင်း မရှိသေးပါ။ ပြည်တွင်းရှိ ပြည်သူတွေမှာလည်း တစ်ခါ သေဖူးပြီ ဖြစ်လို့ အရင်က

ပေါ်ပေါက်လာခဲ့ဖူးတဲ့ 'အင်'အများပိုင်ကုမ္ပဏီများ အဖြစ်မျိုးဆီ ရောက်နိုင်တာကြောင့် အဆိုပါ ကုမ္ပဏီတွေဆီက ရှယ်ယာ ဝယ်ယူရေးဟာ ထင်သလောက်တက်မလာတဲ့အခါ အချင်းချင်း ဝယ်ယူတာ၊ လက်သိပ်ထိုး ဆောင်ရွက်တာတွေ ရှိလာနိုင်ပြီး သိသာမြင်သာ ပွင့်လင်းမှုတွေ မရှိလေလေ ပြည်သူက မယုံရဲဖြစ်လေလေနဲ့ ဂျာအေး သူ့အမေရိုက်ကိန်း ဆိုက်နေနိုင်ပါတယ်။

YSX ပေါ် လာတာနဲ့တစ်ပြိုင်နက်တည်း ပြည်တွင်းမှာ underwriter အဖြစ် ဆောင်ရွက်နိုင်ဖို့ investment banks တွေ၊ ငွေကြေးကိစ္စတွေ အကြံပေးနိုင်ဖို့ financial firms တွေ၊ ဥပဒေကိစ္စတွေ ကူညီ ဆောင်ရွက်နိုင်ဖို့ corporate law firms တွေ၊ စာရင်းတွေ စစ်ဆေးနိုင်ဖို့ audit firms တွေ (လောလောဆယ် နိုင်ငံခြား audit firms တွေကို လုပ်ငန်း ဆောင်ရွက်ခွင့်မပြုသေးပေမဲ့လည်း ပြည်တွင်း audit firms တွေနဲ့ ဖက်စပ် လုပ်ကိုင်ခွင့် ရှိပါတယ်။) စတာတို့လည်း ပေါ်ပေါက်လာဖို့ လိုအပ်ပါတယ်။ YSX အနေနဲ့ ကမ္ဘောဒီးယားလို၊ လာအိုလို မဖြစ်အောင် စနစ်တကျ တည်ထောင်ထားပါတယ်။ public listed companies ၂၀ လောက် တည်ထောင်ထားနိုင်ရင်တော့ ရုပ်မပျက်နိုင်တော့ပါဘူး။

အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ၅၀ လောက် ကုမ္ပဏီများ မှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်ထားပါတယ်။ အဲဒီအထဲက ဖြစ်နိုင်ခြေ အရှိဆုံး ကုမ္ပဏီ ၃၀ လောက် ရွေးထုတ်ပြီး public listed companies တွေ ရှိရမယ့်အချက်တွေနဲ့ ပြည့်စုံမှု ရှိ မရှိကို လစဉ် ဖြစ်ဖြစ်၊ သုံးလတစ်ကြိမ် ဖြစ်ဖြစ် စာရင်းဇယားတွေ တင်ပြစေပြီးတော့ စစ်ဆေး ကြည့်ရှုပြီး လောလောဆယ် ပြည်သူတွေရဲ့ ယုံကြည်မှု ရရှိစေအောင်အတွက် အစီအမံတွေ ဆောင်ရွက်ထားနိုင်ရေးကို ကြိုးကြပ် လမ်းညွှန်ဖို့ ဖြစ်ပါတယ်။

ကမ္ဘောဒီးယား၊ လာအိုတို့မှာ ပုဂ္ဂလိက ကုမ္ပဏီတွေရဲ့ အားနည်းချက်ဟာ စာရင်းဇယားတွေကို အမှန်အကန် မဖော်ပြလိုတာ ဖြစ်ကြောင်း အထက်မှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာမှာလည်း ကုမ္ပဏီ အများအပြားဟာ စာရင်း နှစ်မျိုး-သုံးမျိုး ထားတဲ့ အလေ့အကျင့် ရှိကြပါတယ်။ ဒါကိုလည်း စာရင်းရေးဆွဲပေးသူ ပြည်တွင်း audit firm တွေကလည်း သဘောပေါက်ကြပြီး အလုပ်အပ်နှံတဲ့အခါမှာ စာရင်း နှစ်ခု ဆွဲပေးရမလားလို့ မေးလေ့ ရှိတာကြောင့် အဲဒီအလေ့အကျင့်ကို ဖျောက်ဖို့ အရင် လေ့ကျင့်ပေးရမှာ ဖြစ်ပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ အခွန်စနစ်ကြောင့်လည်း ဖြစ်နိုင်ပြီး မြန်မာလုပ်ငန်းရှင်တွေဟာ

အခွန် ဖိစီးမှုတွေ ရှိတယ်လို့ ယုံကြည်ကြတာကြောင့် လာဘ်ပေးလာဘ်ယူ နည်းလမ်းတွေနဲ့ ဖြေရှင်း ဆောင်ရွက်လိုတာ ဖြစ်ပါတယ်။

နောက်တစ်ခု စဉ်းစားမိတဲ့အချက်က MSEC ဟာ မြန်မာနိုင်ငံမှာ စတော့ဈေးကွက် ပေါ်ပေါက်လာရေးကို နှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်နေတာ ဖြစ်ပေမဲ့လည်း MSEC ရဲ့ အခန်းကဏ္ဍ မှန်တာ ပြောရရင် မှေးမှိန်နေတဲ့သဘော ရှိပါတယ်။ အခု public companies တွေ ဖွဲ့စည်း တည်ထောင်လာတဲ့အခါ taskforce မှာ MSEC ပါ ပါဝင် ပူးပေါင်းလာပြီး public companies တွေကို စောင့်ကြည့် ကြီးကြပ် ထိန်းသိမ်း စစ်ဆေးသွားလျက် ရှိပါတယ်။ YSX ပေါ်ပေါက်လာတဲ့အခါ stock brokers သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးတာ၊ MRTV4, MRTV,Channel 7 တို့က ကျွမ်းကျင်သူတွေနဲ့ ဆွေးနွေးတာ၊ ကျွမ်းကျင်သူတွေက သရုပ်ပြ ဟောပြော ပို့ချပေးတာ၊ ဖြစ်နိုင်ရင် အခု တည်ထောင်ထားတဲ့ အများနှင့်သက်ဆိုင်သောကုမ္ပဏီတွေကို တစ်ခုချင်း လေ့လာသုံးသပ်ပြတာ စတာတွေကို ဆောင်ရွက်ပေးနိုင်ပါတယ်။ (ဒါကြောင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီ တည်ထောင်ထားသူတွေဟာ သုံးလ တစ်ကြိမ်လောက် စာရင်းဇယားတွေ ထုတ်ပြန်မှုပဲ အများနှင့်သက်ဆိုင်သော ဂုဏ်အင်္ဂါနဲ့ ညီပါမယ်။) အရေးကြီးဆုံးအချက်က အခု ဖွဲ့စည်းတည်ထောင်ထားတဲ့ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ၅၀ ကျော်ရဲ့ IPO တွေ ဒါမှမဟုတ် ရှယ်ယာတွေကို ဝယ်ယူ ရင်းနှီးမြှုပ်နှံနိုင်တယ်လို့ အာမခံချက်ပေးဖို့ ဖြစ်ပါတယ်။

ပြည်သူတွေက နိုင်ငံတော် ခွင့်ပြုချက်နဲ့ တည်ထောင်ထားတဲ့ public co: တွေရဲ့ IPO တွေဟာ နောင်တစ်ချိန်ကျရင် ဈေးကွက်မှာ ရှယ်ယာဈေးတက်လာနိုင်တယ်လို့ ယုံကြည်မှုတွေ ပေါ်ပေါက်လာစေအောင်အတွက် အစီအမံတွေ လုပ်ဆောင်ပေးဖို့ ဖြစ်သည်။ မြန်မာနိုင်ငံက ပြည်သူအများစုဟာ အတိတ်ကာလက အရိပ်မည်းကြီးတွေ လွှမ်းမိုးထားရှိပြီး ကုမ္ပဏီအစု ရှယ်ယာတွေ ဝယ်ယူဖို့ နောက်တွန့်နေတာဟာ မဆန်းလှပါဘူး။ ဒီနေ့ ဒီအချိန်ကာလမှာ အဘက်ဘက်က လုပ်ဖို့ ကျန်နေသေးတဲ့အတွက် ပြည်သူတွေ အကဲဖြတ်ဖို့ အရေးကြီးဆုံးအချက်က ပွင့်လင်းမြင်သာမှု (transparency) ဘယ်လောက်ရှိသလဲ၊ ကုမ္ပဏီရဲ့ အကြောင်းခြင်းရာ အားလုံးကို ရှယ်ယာရှင်တွေကို အသိပေးသလား။ ရှယ်ယာရှင်ဟာ ကုမ္ပဏီအကြောင်း တစ်ခုခု သိချင်ရင် တာဝန်ရှိသူတွေကို မေးမြန်းပိုင်ခွင့် ရရှိရမယ်။ ကုမ္ပဏီရဲ့ ဝင်ငွေထွက်ငွေစာရင်း (balance sheet) ကို သုံးလ တစ်ကြိမ် အသိပေးနေရမယ်။ လုပ်ငန်းတွေ ဆောင်ရွက်မှု

ဟာ စနစ်တကျ ရှိ မရှိ သူတို့ရဲ့ သတင်းထုတ်ပြန်မှုအပေါ်ကို အမြဲ လေ့လာဆန်းစစ်နေရမယ်။ ဘဏ်လို လုပ်ငန်းတွေဟာ နှစ်စဉ် အမြတ် ရှိနိုင်တာကြောင့် dividend ပေးနိုင်တဲ့ အခြေအနေ ရှိနိုင်ပေမဲ့လည်း အခြားလုပ်ငန်း လုပ်ကိုင်တဲ့ ကုမ္ပဏီတို့အနေနဲ့ အောင်မြင်နေရင် ရှယ်ယာတန်ဖိုး တက်လာနိုင်တဲ့အခါ ရှယ်ယာ အရောင်းအဝယ်ဈေး ကစားနိုင်ပါမယ်။ လောလောဆယ် ဘဏ်တို့၊ ဆန်စပါးလုပ်ငန်း (MAPCO) တို့ဟာ ရင်းနှီးမြှုပ်နှံထားသင့်တဲ့ လုပ်ငန်းတွေဖြစ်တယ်လို့ သုံးသပ်ပါတယ်။

■ ဘလောက်ရေးသည့်ရက်စွဲ [၂၇-၉-၂၀၁၃]

# FDI တွေ မလာဘဲ ဘာကြောင့်စောင့်ကြည့်နေတာလဲ

ကိုရီးယားကလည်း wait and see၊ ဂျပန်ကလည်း အခြေအနေ အားလုံးကို လေ့လာ သုံးသပ်နေပါတယ်။ အမေရိကန်ကလည်း စောင့်ကြည့်နေတယ်။ တရုတ်ကတော့ အရင်ကတည်းက ခွင်ရိုက်ပြီး ဝင်ထားတော့ အတည်ပြုပြီးသား ပရိုဂျက်တွေ ပြန်သုံးသပ်မှာကို စိုးရိမ်နေတယ်။ စင်ကာပူကတော့ အစိုးရက ‘ဥဝ’လို့ ဆိုလိုက်ရင် ဝင်လာမှာပဲ။ စလုံးမှာ တွေ့ခွင့် ရလိုက်တဲ့ လူငယ်စီးပွားရေးသမားတွေကတော့ Business အကြောင်း ပြောကြရင် ပါးစပ်က ဒေါ်လာ သန်းက မချတော့ဘူး။ တကယ်လည်း ရှိကြပုံရပါတယ်။ အချို့ ကုမ္ပဏီတွေလည်း စတင် ခြေလှမ်းစ ပြုနေပါပြီ။ ယပက်လက်ကတော့ အရင်ကတည်းက ဝင်လိုက်ထွက်လိုက် ဆိုတော့ ဘယ်နေရာ ခွင်ကောင်းတယ် ဆိုတာ သိပြီး ဖြစ်လို့ သူတို့နိုင်ငံမှာ အခြေအနေအကြောင်း

---

စနစ်ဟောင်းကိုပဲ ဖက်တွယ်လိုတဲ့
ဝန်ထမ်းတွေရဲ့
စိတ်ထားတွေကြောင့်
ဖြစ်ပေါ်လာတဲ့ ပြဿနာတွေ
ဖြစ်ကြတာကို တွေ့ပါတယ်။
ဒါတွေကို စိတ်ရှည်ရှည်ထားပြီး
ကျော်လွှားခဲ့ပါတယ်။

---

အမျိုးမျိုးကြောင့် လုပ်လို့ မရတဲ့ Businesses တွေ မြန်မာကို ပြောင်းဖို့ ကြိုးစားကြတယ်။ ဥပမာ- ရေ အမြောက်အမြား လိုတဲ့ ပရိုဂျက်တွေပေါ့။ ဘန်ကောက်မှာ အဝီစိတွင်း တူးခွင့် မရတော့ဘူးလေ။ မလေးရှားကတော့ labour intensive တွေ ပြောင်းချင်ကြတယ်။ သူတို့ ပြည်တွင်းမှာ အလုပ်သမားပြဿနာက တက်တော့မယ်။ တန်ချောင်အုပ်စုကတော့ နစ်ဆန်းကားစက်ရုံ ဆောက်ဖို့ ပထမဆုံး ဝင်လာကြပါပြီ။ ဗီယက်နမ်ကတော့ အလုံးအရင်းနဲ့ ဝင်လာနေပါပြီ။ လုပ်ငန်းတွေကို စိစစ်ခွင့်ပြုနေတဲ့အတွက် အနည်းအကျဉ်းပဲ ဝင်ရောက်လာနိုင်သေးတယ်။ ဟိုတယ်နဲ့ ဈေးဝယ်စင်တာကတော့ ထင်ထင်ရှားရှားကို လုပ်ငန်းလုပ်ကိုင်နေပါပြီ။ အီးယူကလည်း အခြားနိုင်ငံတွေလိုပဲ wait and see လုပ်နေဆဲ ဖြစ်ပါတယ်။ ကဲ … ဘာကြောင့်များ wait and see ဖြစ်နေရပါသလဲ။ SWOT နဲ့ သုံးသပ်ကြည့်ရင် မကောင်းဘူးလား။

Strength:

(၁) အစိုးရမှ ရင်းနှီးမြှုပ်နှံမှုကို လိုလိုလားလား လက်ခံနိုင်ခြင်း၊

(၂) လူဦးရေ သန်း ၆၀ ကျော်သော ဈေးကွက် ရှိနေခြင်း၊

(၃) နိုင်ငံပြင်ပမှာ အလုပ် လုပ်နေသော မြန်မာလူမျိုး workforce အမြောက်အမြား ရှိနေခြင်း၊

(၄) ပြည်တွင်း၌ သယံဇာတ အံမြောက်အမြား ရှိနေခြင်း၊

(၅) တက္ကသိုလ်၊ ကောလိပ်၊ စက်မှုကျောင်းများ ဒေသအနှံ့အပြား၌ အများအပြား ရှိနေခြင်း (ဆရာအရည်အသွေး တိုးတက်လာစေရန် အချိန်တိုအတွင်း ဆောင်ရွက်နိုင်၊ ကျောင်းသင်ခန်းစာ/သင်ကြားရေးစနစ်များ အားသာချက် ရှိလာအောင် လုပ်နိုင်)၊

(၆) labour workforce ကြီးကြီးမားမား ရှိနေခြင်း၊

(၇) လုပ်ခလစာမှာ မျှတသော လုပ်ခလစာ ဖြစ်နေခြင်း၊

(၈) ရင်းနှီးမြှုပ်နှံမှု ဥပဒေမှာ နိုင်ငံတကာက လက်ခံနိုင်သော ဥပဒေ ဖြစ်နေခြင်း။

Weakness

(၁) လျှပ်စစ်ဓာတ်အား မလုံလောက်ခြင်း/Indepentent Power Producers IPP ၌ အားနည်းခြင်း [အစိုးရမှ ဦးစားပေး အဆင့် (၁) မှာ ထား၍ လုပ်ကိုင်နေပြီ ဖြစ်ပါသည်]၊

(၂) မြေနေရာ ဈေးကြီးနေခြင်း၊ ရုံးခန်းငှားရမ်းခ ဈေးကြီးနေခြင်း (မြေဈေးကျဆင်းရေးအတွက် နည်းလမ်းမျိုးစုံ လုပ်ကိုင်လျက် ရှိပါသည်)၊
(၃) ဆက်သွယ်ရေး/အင်တာနက် အွန်လိုင်း နိုင်ငံတကာအဆင့် မမီသေးခြင်း (နိုင်ငံတကာ ကုမ္ပဏီနှစ်ခု ဝင်ရောက် လုပ်ကိုင်လျက်ရှိပါသည်)၊
(၄) ငွေကြေးကဏ္ဍ/ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်း၊
(၅) ဗျူရိုကရေစီ ယန္တရားဆန်သော လုပ်ငန်းဆောင်ရွက်မှုများ မပပျောက်သေးခြင်း၊
(၆) ကျွမ်းကျင်လုပ်သား ရှားပါးမှု (သို့သော် နိုင်ငံပြင်ပတွင် ရောက်နေသော မြန်မာလုပ်သားများ အခြေအနေကောင်းလျှင် အချိန်မရွေး ပြန်ဝင်လာနိုင်ခြင်း)၊
(၇) logistic အပိုင်း ဈေးကြီးနေခြင်း (ဆိပ်ကမ်း၊ ပြည်တွင်းကားခများ)။

Opportunity:

(၁) Rate of Returns မှာ အချိန်တိုအတွင်း အရင်းကျေကာလသို့ ရောက်နိုင်ခြင်း၊
(၂) လုပ်ငန်းချဲ့ထွင်နိုင်ရန် အခြေအနေများ ရှိနေခြင်း (ရင်းနှီးမြှုပ်နှံမှုကာလမှာ ၇၅ နှစ်အထိ ရှိနေခြင်း)၊
(၃) ကြီးမားသော ဈေးကွက်ကြီးနှစ်ခုကြား ရှိနေခြင်း (တရုတ်နှင့် အိန္ဒိယ)၊
(၄) AEC အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊
(၅) living cost နိမ့်ခြင်း၊
(၆) မပျက်စီးသေးသော ရေမြေတောတောင် သဘာဝများ ရှိနေခြင်း။

Thread:

(၁) နိုင်ငံရေး အခြေအနေ တည်ငြိမ်သည်ဟု ဆိုနိုင်သော်လည်း အချိန်မရွေး ပေါက်ကွဲနိုင်ခြင်း၊
(၂) ယခင်အစိုးရလက်ထက်များ၌ မူဝါဒများ အမျိုးမျိုး ပြောင်းလဲတတ်သော အလေ့အကျင့်များ ရှိခဲ့ခြင်း၊
(၃) အလုပ်သမား သပိတ်များ ကြုံရဖွယ်ရှိခြင်း (Labour Law အားနည်းပါသည်။)၊
(၄) လျှပ်စစ်ဓာတ်အားခများ ဈေးကြီးမြင့်နိုင်ခြင်း၊

(၅) စက်မှုဇုန်များ ဖော်ထုတ်လုပ်ကိုင်ရန် အခက်အခဲများ ရှိနေခြင်း၊
(၆) ပြည်တွင်းရှိ လုပ်ငန်းများမှာ ငွေအင်အား နည်းပါးသဖြင့် down stream industry အဖြစ် ပြောင်းလဲ လုပ်ကိုင်ရန် အဟန့်အတားများ ရှိနေခြင်း၊
(၇) ပြည်တွင်းလုပ်ငန်းများအနေဖြင့် ပြည်တွင်းဘဏ်များမှ ငွေချေးရန် အခက်အခဲ ရှိနိုင်ခြင်း၊
(၈) မိမိနိုင်ငံကဲ့သို့ အခြေအနေ တူသော အိမ်နီးချင်းနိုင်ငံများ ဘေးဘီ၌ ရှိနေခြင်း။

အထက် SWOT နည်းအရ အကျဉ်းချုပ် သုံးသပ်ရာတွင် Strength အရ အားသာချက်တွေ ရှိနေပြီး Weakness Thread တွေအပိုင်းမှာအချိန်တိုအတွင်း ကုစားပေးနိုင်မယ့် အနေအထား ရှိနေတာကြောင့် အခက်အခဲတွေကို အချိန်နဲ့ အမျှ ကျော်လွှားသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ရေးထားတာတွေကတော့ အကြမ်းဖျင်း သုံးသပ်ချက်ပါ။ လာဘ်ပေးလာဘ်ယူကတော့ နာမည်သာ ကြီးနေတာပါ။ Thread ထဲမှာ လာဘ်ပေးလာဘ်ယူ မပါဝင်နိုင်ပါ။ ရင်းနှီးမြှုပ်နှံသူတို့က တော့ လာဘ်ပေးလာဘ်ယူကို သိပ်အလေးမထားကြပါဘူး။

မောင်တိုင်ပင် မြင်တာကတော့ ငွေကြေးကဏ္ဍနဲ့ မြေဈေးကြီးခြင်းပါပဲ။ အရင်အစိုးရလက်ထက်က Samsung ဆိုရင် သူတို့ကိုပေးဖို့ လျာထားတဲ့မြေကို Hwawai ကို ပေးလိုက်လို့ စိတ်ခုတယ်လို့ ကြားတယ်။ နိုင်ငံတိုင်းလိုလိုက ခေါ်ချင်နေတဲ့ Samsung ဆိုတော့ ဒါလောက်တော့ ရှိမှာပေါ့။ တန်ချောင် အုပ်စုရဲ့ နစ်ဆန်းမော်တော်ကား စက်ရုံ ဆိုရင် MIC အတည်ပြုချက် ရဖို့ကို အခက်အခဲပေါင်း များစွာ ကျော်လွှား လုပ်ခဲ့ရပါတယ်။ အချို့သော အခက်အခဲ တွေက ဗျူရိုကရေစီစနစ်ကြောင့် ဖြစ်ပေါ်တဲ့ ပြဿနာတွေ၊ chicken or egg ပြဿနာတွေ၊ စနစ်ဟောင်းကိုပဲ ဖက်တွယ်လိုတဲ့ ဝန်ထမ်းတွေရဲ့ စိတ်ထားတွေ ကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာတွေ ဖြစ်ကြတာကို တွေ့ပါတယ်။ ဒါတွေကို စိတ်ရှည်ရှည်ထားပြီး ကျော်လွှားခဲ့ပါတယ်။ အမှန်တော့ ကိုယ်က လာစေချင်တာ မဟုတ်လားဗျာ။ လာချင်အောင်၊ အကုန်လုံး အဆင်ချောအောင် ကိုယ်က လုပ်ပေးနိုင်ရင် ကောင်းတာပေါ့။ ( SWOT မှာ စဉ်းစားမိသမျှပါ။ ထပ်ဖြည့် နိုင်ပါတယ်။)

■ ဘလောက်ရေးသည့်ရက်စွဲ [၂၁-၉-၂၀၁၇]

# ရင်းနှီးမြှုပ်နှံမှုများ ဝင်လာစေချင်

ရင်းနှီးမြှုပ်နှံမှုတွေ အများအပြားဝင်လာရင် တို့ရွှေနိုင်ငံကြီးဟာ မီးလျှံတွေကြားက ထိုးထွက်လာတဲ့ ဖီးနစ်ငှက်လို အားလုံး အားလုံး အဆင်ပြေသွားကြတော့မှာပဲလို့ မျှော်လင့်နေကြပါတယ်။ Foreign Investment Law, Rules and Regulations တွေ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါပြီ။ အားလုံးက ထင်ကြေးတွေ အမျိုးမျိုး ပေးပြီး နေချင်းညချင်းပဲ ဂျပန်တွေ၊ အမေရိကန်တွေ ဝင်လာတော့မလိုလို။ အဲဒီ လိုလိုတွေနဲ့ပဲ အဖျားရှူးနေဆဲပါပဲ။

မြန်မာနိုင်ငံက လူတွေ မသိတာလည်း မဟုတ်ဘူး။ ဒီကနေ့ အခြေအနေဟာ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေအတွက် ရွေးချယ်စရာ နိုင်ငံတွေ အများကြီး ရှိနေပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သိပ်ကွာကြ

---

နစ်ဖက်ဟာ တစ်ခုခုတော့ ဖွင့်ပေးထားကြရပါမယ်။ ကိုယ်က ရချင်တာတစ်ခုတည်း ကြည့်ပြီး ဆွေးနွေးမယ်ဆိုရင်တော့ အခွင့်အလမ်းကောင်းတွေ ဘယ်လိုမှ ရှေ့တိုးမရတော့ဘဲ ပိတ်သွားခဲ့ရင် နှစ်ဖက် နစ်နာနိုင်တယ် ဆိုတာ သတိထားဖို့ လိုပါတယ်။

---

တာ မဟုတ်ဘူး။ ဥပမာ- မြန်မာမှာ ရင်းနှီးမြှုပ်နှံလိုသူတွေ ဘာကြောင့် အသဲအမဲ ဖြစ်နေတာလဲ။ အရင်က တံခါးပိတ်ထားတဲ့နိုင်ငံ၊ စစ်တပ် ကြီးစိုးခဲ့တဲ့နိုင်ငံ။ ပြည်တွင်းမှာရှိတဲ့ပြည်သူတွေ ဘယ်လို နေကြထိုင်ကြသလဲ။ ဒါတွေကို ကြည့်ချင်မြင်ချင်ကြတယ်။ စာဖတ်သူ အခုနေများ မြောက်ကိုရီးယားကို ဝင်ခွင့်ရမယ်ဆိုရင် သွားပြီး စပ်စုကြည့်ချင်တာပဲ မဟုတ်လား။ (အခုတော့ စစ်ဖြစ်ဖို့ တပြင်ပြင် ဖြစ်နေလို့ သွားရဲချင်မှ သွားရဲကြတော့မယ်။) အဲဒီပုံစံပါပဲ။ မြန်မာနိုင်ငံ တံခါးလှစ်လိုက်တော့ အပြိုင်းအရိုင်း ဝင်လာကြည့်ကြတာ မဆန်းပါဘူး။

မောင်တိုင်ပင်တို့က ဒီလိုပုဂ္ဂိုလ်တွေနဲ့ ခဏခဏ ထိတွေ့နေရတာ။ လာမေးတဲ့ သူတွေ လာကြည့်တဲ့သူတွေ အများကြီးပါပဲ။ ဒါပေမဲ့ တကယ် လုပ်မယ်ဆိုတဲ့ သူက ၅-၁၀ ရာခိုင်နှုန်းလောက်တောင် မရှိဘူး။ အဲဒီတော့ ဘာကြောင့်လဲလို့ မေးလာရင် ရင်းနှီးမြှုပ်နှံသူတွေဟာ ဥပဒေတွေ နည်းဥပဒေတွေတင်မကဘူး၊ အခြား အချက်တွေလည်း သူတို့ criteria ထဲမှာ ထည့်ထားတတ်ကြပါတယ်။ ဥပမာ- နိုင်ငံသားတွေက နိုင်ငံခြားသားတွေအပေါ် ဘယ်လို ဆက်ဆံတတ်ကြသလဲ။ မြန်မာက xenophobia ဆိုပြီး နိုင်ငံခြားသား ဆိုရင် ကြောက်တတ်တဲ့စိတ် ရှိတယ်လို့ ကမ္ဘာမှာ ထင်နေကြဖူးတယ်လေ။ (အမှန်တော့ အရပ်သား ပြည်သူတွေက မကြောက်ကြပါဘူး။ တပ်က လူတွေပဲ ကြောက်ကြတာ) ထိုင်းနိုင်ငံ ဆိုရင် ရင်းနှီးမြှုပ်နှံလိုသူ တော်တော်များများက အကြိုက်တွေ့ကြတယ်၊ ယိုးဒယားတွေက ဖော်ရွေတယ်။ လုပ်ခဈေး များချင် များမယ်။ နိုင်ငံသားတွေရဲ့ ရင်းနှီးဖော်ရွေမှုတွေ၊ အခြေခံ အဆောက်အအုံတွေ၊ နိုင်ငံတွင်း ဆောင်ရွက်နေတဲ့ ရုံးလုပ်ငန်းစနစ်၊ ပြုမူပြောဆို လုပ်ကိုင်ပုံတွေ လုံခြုံစိတ်ချရမှု ရှိနေတာတွေ စတဲ့အချက် တော်တော်များများအပေါ် ကြည့်ရှုပြီး ရင်းနှီးမြှုပ်နှံချင်ရင် မြှုပ်နှံကြမှာပဲ။

စင်ကာပူမှာ လီကွမ်းယူလက်ထက်ကတည်းက နေထိုင်နေတဲ့ မြန်မာတစ်ယောက်က ပြောဖူးတယ်။ စင်ကာပူ တည်ထောင်စ ကနဦးပိုင်းမှာ လီကွမ်းယူက ဥရောပက ကုမ္ပဏီကြီးတွေ ဝင်လာအောင်လို့ မက်လုံးပေးတဲ့အနေနဲ့ မြေကို အလကားတောင် ပေးပစ်တာတဲ့။ ဒါကြောင့် Philips တို့လို multinational companies တွေ လာအခြေချကြတာပါပဲ။ ဆိုလိုချင်တာကတော့ အပြိုင်ခေါ်နေကြတဲ့အချိန်မှာ မက်လုံးကလေးတွေတော့ ထားဖို့ လိုတာကို ပြောချင်တာပါ။

မောင်တိုင်ပင်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအပိုင်းကို ကြည့်လိုက်ရင် အဟန့်အတားသဖွယ် ဖြစ်နေတာက မြေဈေး ကြီးနေတာပါ။ စုစုပေါင်း ကုန်ကျစရိတ်

ရဲ့ ရာခိုင်နှုန်း တော်တော်များများကို မြေအတွက် ကုန်ကျရမယ် ဆိုရင် ဘယ်ရင်နှီးမြှုပ်နှံသူကမှ မလိုလားပါဘူး။ အစိုးရမြေလည်း ဈေးကြီးနေတယ်။ ပုဂ္ဂလိကပိုင် မြေတွေကလည်း ဈေးတွေ မတရား ခေါ်နေကြပါတယ်။ ဒါ့အပြင် မြေပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး နိုင်ငံရေး ခြေထိုးမှုတွေလည်း ရှိတော့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စိုးရိမ်မှုတွေ အနည်းနဲ့အများ ရှိကြပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေရဲ့ သဘောထားကတော့ မြန်မာနိုင်ငံဟာ အခြားနိုင်ငံတွေနဲ့ ယှဉ်ရင် land lease rate တွေဟာ ဈေးများနေတယ်လို့ ဆိုကြပါတယ်။ ဗီယက်နမ်ရဲ့ ရင်းနှီးမြှုပ်နှံမှုအပိုင်းကို လေ့လာကြည့်ရင် မြေနဲ့ ပတ်သက်ပြီး ခေါင်းစဉ်တစ်ခုနဲ့ အသေအချာ ပြုစုထားတယ်။ Vietnam Land Ownership and Agricultural Law Handbook ဆိုတဲ့ စာအုပ်ပါ။ မြန်မာမှာလည်း ဒီလိုစာအုပ်မျိုးကို သက်ဆိုင်ရာဌာနတွေအနေနဲ့ ပြုစုထားသင့်ပါတယ်။ မြန်မာကိုလာမယ့် ရင်းနှီးမြှုပ်နှံလိုသူတွေဟာ ဟိုတယ် ဆောက်ချင်သူ၊ အိုးအိမ်ဆောက်ချင်သူ၊ စက်မှုလက်မှုလုပ်ငန်း တည်ထောင်ချင်သူ၊ စိုက်ပျိုးရေး လုပ်ချင်သူ၊ ဆေးရုံ ဆောက်ချင်သူ၊ ကျောင်း တည်ထောင်ချင်သူ စသဖြင့် ရည်ရွယ်ချက် အမျိုးမျိုး ရှိနေပါလိမ့်မယ်။ မြေအမျိုးအစားတွေလည်း အမျိုးမျိုး ရှိနေပါလိမ့်မယ်။

လုံးဝ မပြုပြင်ရသေးတဲ့ မြေ၊ မြို့ရွာနဲ့ နီးနီးကပ်ကပ် ရှိနေတဲ့ မြေ၊ ပြုပြင်ပြီးသား မြေ၊ စိုက်ပျိုးရေးအတွက် ကောင်းတဲ့ မြေ စသဖြင့် အမျိုးမျိုး ရှိနေမှာပါ။ အဆိုပါ မြေအမျိုးအစားတွေကို land lease premium ပေးပြီး လုပ်ချင်သူတွေအတွက် ဘယ်ဒေသမှာ ဘယ်လို မြေအမျိုးအစား ဆိုရင်ဖြင့် ဘယ်လောက်ရှိသင့်တယ် စသဖြင့် ရည်ညွှန်းနှုန်းထားတွေ ပြုစုထားနိုင်ရင် နှစ်ဦးနှစ်ဖက်အကျိုးရှိလိမ့်မယ်လို့ ထင်ပါတယ်။ land lease premium ကို သူများနိုင်ငံနဲ့ မတူတဲ့ဈေး သွားတောင်းမိရင် ရင်းနှီးမြှုပ်နှံမှုတွေဟာ တွက်ခြေမကိုက်တာကြောင့် အခြားနိုင်ငံတွေ ရောက်သွားတတ်ပါတယ်။

နောက်တစ်ခု အရေးကြီးတာက ရင်းနှီးမြှုပ်နှံသူတွေနဲ့ ညှိနှိုင်းဆွေးနွေးကြမယ့် သူတွေဟာ negotiation skill တော့ အနည်းဆုံး ရှိသင့်ပါတယ်။ ဒါကို ဒီလောက်နဲ့ ယူချင်ရင်ယူ မယူချင်ရင်နေ ဆိုတဲ့ impasse တစ်ဖက်သတ်ပိတ်ဆွေးနွေးတာမျိုး မလုပ်သင့်ပါဘူး။ နှစ်ဖက်ဟာ တစ်ခုခုတော့ ဖွင့်ပေးထားကြရပါမယ်။ ကိုယ်က ရချင်တာ တစ်ခုတည်း ကြည့်ပြီး ဆွေးနွေးမယ် ဆိုရင်တော့ အခွင့်အလမ်းကောင်းတွေ ဘယ်လိုမှ ရှေ့တိုးမရတော့ဘဲ ပိတ်သွားခဲ့ရင် နှစ်ဖက် နစ်နာနိုင်တယ် ဆိုတာ သတိထားဖို့ လိုပါတယ်။ နောက်တစ်ခုက

chicken or egg ပြဿနာမျိုး မဖန်တီးမိဖို့ လိုပါတယ်။ ဒါဟာလည်း တစ်ဌာနနဲ့ တစ်ဌာန ညှိနှိုင်းမှု အားနည်းတာပဲ ဖြစ်ပါတယ်။ အရေးကြီးဆုံးအပိုင်းက ရင်းနှီးမြှုပ်နှံလိုသူတွေဟာ rate of return (ROR) ကို အဘက်ဘက်က ပေးထားချက် (assumption) တွေနဲ့ အသေးစိတ် တွက်ချက်ကြရပါတယ်။ ဥပမာ- ဟိုတယ်အတွက် ရင်းနှီးမြှုပ်နှံမယ် ဆိုရင် ဆောက်တဲ့ ကုန်ကျစရိတ်တင် မကဘူး၊ စတင် လည်ပတ်တဲ့ အချိန်ကစပြီး နှစ်အလိုက် occupancy rate တွေပါ ခန့်မှန်းထည့်သွင်း တွက်ချက်ရပါတယ်။ ပထမနှစ်မှာ occupancy rate ရာခိုင်နှုန်း ၄၀၊ ဒုတိယနှစ်မှာ ရာခိုင်နှုန်း ၆၀၊ တတိယနှစ်မှာ ၈၅ ရာခိုင်နှုန်း စသဖြင့် တွက်ချက်ကြရတာ ဖြစ်တဲ့အတွက် စတင် လည်ပတ်တာနဲ့ အမြတ်အစွန်း ရပြီ ဆိုတာ မရှိနိုင်ပါဘူး။ ဟိုတယ် ရင်းနှီးမြှုပ်နှံသူတွေနဲ့ စကားပြောကြည့်ခဲ့တာ သုံး-လေးနှစ် ကြာမှ အရင်းကျေနိုင်တယ်လို့ ဆိုပါတယ်။ တည်ဆောက်ရေးလုပ်ငန်း ပြီးလို့ operation ကို စလုပ်ပြီ ဆိုတာနဲ့ အရှုံးက စပါတယ်။ ဒါတွေကို မောင်တိုင်ပင်တို့တွေ သဘောပေါက် နားလည်ထားဖို့ လိုပါတယ်။ စက်မှုလက်မှုလုပ်ငန်း ဆိုရင် ROR ဟာ တအား ကြာတတ်ပါတယ်။ ၁၀-၁၅ နှစ်မက ကြာနိုင်ပါတယ်။ စက်မှုလက်မှုလုပ်ငန်း ဆိုတော့ လိုအပ်ချက်တွေက အများကြီးပဲ။

အဲဒီတော့ ကုန်ကျစရိတ် တွက်ချက်တဲ့အခါ တတ်နိုင်သမျှ rate တွေ premium တွေကို အနည်းဆုံးအဆင့်မှာ ထားလိုကြပါတယ်။ ဒါ့အပြင် တစ်ဖက်ကလည်း မောင်တိုင်ပင်တို့ အနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာကြောင့် ဖြစ်ပေါ်လာမယ့် အခြား အကျိုးကျေးဇူးတွေကိုလည်း ကြည့်သင့်ပါတယ်။ ဥပမာ- အလုပ်အကိုင် ဖန်တီးပေးနိုင်မှု၊ နည်းပညာ လွှဲပြောင်း ရယူနိုင်မှု၊ ခေတ်မီ စီမံခန့်ခွဲမှု နည်းစနစ်အောက်တွင် လုပ်ကိုင်ခွင့် ရရှိမှု၊ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာမှု၊ GDP တက်လာနိုင်မှု စတဲ့ အကျိုးကျေးဇူးတွေနဲ့ ချိန်ထိုးနှိုင်းယှဉ်သွားရမှာပါ။ land use premium က ရတဲ့ အကျိုးကျေးဇူးတစ်ခုတည်း ကြည့်လို့ကတော့ ကျယ်ပြန့်တဲ့အမြင် မရှိသလိုမျိုး ဖြစ်သွားနိုင်ပါတယ်။ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ဝန်ဆောင်မှုပေးနေတဲ့ ဝန်ဆောင်မှုကုမ္ပဏီတွေကို မြန်မာမှာ လာတည်ထောင်လျက် ရှိပါတယ်။ သူတို့တစ်တွေလည်း အကြံဉာဏ်တွေ ပေးနေကြပါတယ်။ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ကုမ္ပဏီ တည်ထောင်မှုတွေနဲ့ ပတ်သက်ပြီး လုပ်ဆောင်ရတဲ့ လုပ်ငန်းစဉ်တွေဟာ သိသာထင်သာ မြင်သာအောင် ပြုလုပ်ထားဖို့ လိုပါသေးတယ်။ လက်ကမ်းစာစောင် စာ

အုပ် စတာတွေလည်း အချိန်နဲ့တစ်ပြေးညီ အင်္ဂလိပ်လို ပြုစု ထုတ်ဝေထားသင့်ပါတယ်။

DICA website မှာ ခွင့်ပြုခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ကြည့်လိုက်ရင် CMP လို အသေးစား စက်မှုလက်မှုလုပ်ငန်းတွေ၊ labor intensive လုပ်ငန်းတွေသာ များပြီး MNC multi national companies တွေ အနည်းအကျဉ်းပဲ ရှိပါသေးတယ်။ MNC တွေ ဝင်လာဖို့က အရာရာမှာ အဆင်သင့် မဖြစ်သေးတာကို တွေ့ရပါတယ်။ သူတို့တွေ လွယ်လွယ်ကူကူ ဝင်ရောက်လာနိုင်ဖို့ ဘယ်လို အထူးအခွင့်အရေးတွေ ပေးမလဲ ဆိုတာ မစဉ်းစားသင့်ဘူးလား၊ မက်လုံး တစ်ခုခုတော့ ထားပေးသင့်တယ်လို့ ယူဆပါတယ်။

ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး အရင်အစိုးရရဲ့ concept က အသေးစားအလတ်စားတွေ labor intensive တွေ လာကြ၊ MNC တွေလိုမျိုးတွေ နေဦး၊ လျှပ်စစ် မပေးနိုင်သေးဘူး၊ ကျွမ်းကျင်သူတွေ မရှိသေးဘူး ဆိုတဲ့ အယူအဆကတော့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှာကို ဟန့်တားသလိုမျိုး ဖြစ်နေနိုင်တယ်။ လျှပ်စစ် မရှိဘူး၊ ကျွမ်းကျင်သူတွေ မလုံလောက်ဘူး သူတို့ သိပါတယ်။ သူတို့ဘာသာသူတို့ လိုအပ်ချက်ကို ဖန်တီးသွားနိုင်ပါတယ်။ တစ်လောက စက်မှုဇုန်တစ်ခုအတွက် လျှပ်စစ် ထုတ်လုပ်ဖို့ နိုင်ငံခြားသားတစ်ယောက်နဲ့ ဆွေးနွေးတော့ လျှပ်စစ် ထုတ်တာလောက်က သူတို့အတွက် အသေးအဖွဲ ဖြစ်နေတယ်။ ဒီထက် ကြီးကြီးမားမား လုပ်ချင်တယ်။ နောက်ဆုံး လျှပ်စစ်အပြင် developer ပါ လုပ်ချင်တယ်။ ဆိုလိုချင်တာက မောင်တိုင်ပင်တို့အတွက် လျှပ်စစ်က အရေးကြီးပေမဲ့ နိုင်ငံတကာ MNC တွေအတွက်က အရေးမကြီးဘူး၊ လုပ်နိုင်တယ်။ လူလည်း တူတူပဲ။ ဘွဲ့ရတွေ ရွေးချယ်ပြီး ဆောက်နေစဉ်ကာလမှာ training ပေးလို့ ရတာပဲ။ ဘိုးရင်းလို Air Bus လို ကုမ္ပဏီလိုမျိုးတော့ မြန်မာပြည် မလာသေးပါဘူး။ အရေးကြီးဆုံးက ဗျူရိုကရေစီကြိုးနီစနစ်ကို လျှော့ချပြီး ဝင်လာသူတွေ ဘယ်လို စိတ်ချမ်းသာအောင် လုပ်ပေးမယ်၊ ဒေါ်လာ သန်းရာနဲ့ချီ ရင်းနှီး မြှုပ်နှံသူတွေအနေနဲ့ မသေမချာ မရေရာသေးတဲ့ အခြေအနေကို win-win ဖြစ်အောင် လုပ်ပေးနိုင်မယ် ဆိုရင် ဝင်လာကြမှာပါပဲ။

မောင်တိုင်ပင် တင်ပြတဲ့အချက်တွေဟာ ရင်းနှီးမြှုပ်နှံသူတွေရဲ့ အတွေ့အကြုံတွေ ပြန်လည် ပြောပြတဲ့အခါ မှတ်သားထားမိတာတွေပါ။ သူတို့တွေ MFTB, MICB စတဲ့ အစိုးရဘဏ်တွေကို သွားရမှာ တွန့်ဆုတ်ကြတယ်။ procedures တွေက ရှည်ပြီး ဆက်ဆံရေးလည်း မကောင်းပါဘူး။ ကိုယ့်နိုင်ငံကို

လာ ရင်းနှီးမြှုပ်နှံသူတွေကို အဆင်ပြေအောင် ဘယ်လို လုပ်ပေးလိုက်မယ် ဆိုတဲ့ စိတ်ထားမျိုးတော့ ထားဖို့ လိုပါတယ်။ တစ်ဖက်က ကြည့်ပြန်ရင်လည်း မောင်တိုင်ပင်တို့နိုင်ငံရဲ့ ပြောင်းလဲမှုတွေဟာ မြန်ဆန်လွန်းတဲ့အတွက် အောက်က ဝန်ထမ်းတွေ လိုက်မမီအောင် ဖြစ်နေတာလားလို့ ညွှန်ကြားရေးမှူးအဆင့် အရာရှိ တစ်ယောက်ကို ပြောလိုက်တော့ "သိပ်မှန်တာပဲ ဆရာ၊ ကျွန်တော်တို့ အဆင့်တွေတောင် မီအောင် လုပ်နေရတာ ဖြစ်လို့ ဆင့်ကဲဆင့်ကဲ ဝန်ထမ်းတွေဆို တော်တော်ကို ပြောယူနေရတာ"လို့ ပြန်ပြောပါတယ်။

အဲဒီတော့ ရင်းနှီးမြှုပ်နှံမှုတွေ များများ ဝင်လာမယ် ဆိုရင် မောင်တိုင်ပင်တို့ နိုင်ငံမှာ အရာရာ ပြောင်းလဲသွားနိုင်မှာ ဖြစ်လို့ ကြိုဆိုလက်ခံရမှာ ဖြစ်ပါတယ်။ သူတို့တွေ ဝင်လာရင်တော့ ငါတို့တစ်တွေ အရင်လို လုပ်စားကိုင်စားလို့ မရနိုင်တော့ဘူးလို့ ကျီးလန့်စာစား ဖြစ်မနေသင့်ပါဘူး။ Yoma Strategic Holdings ဟာ MNC တစ်ခု ဖြစ်တဲ့ Digicel နဲ့ Telecommunication မှာ consortium ဖွဲ့ လိုက်တယ် ဆိုတဲ့ သတင်း CNA ပါလာတာကြောင့် စင်ကာပူ စတော့အိတ်ချိန်းမှာ ရိုးမရဲ့ရှယ်ယာဟာ ၈၂ ဆင့်အထိ ၁၅ ရာခိုင်နှုန်း တက်သွားပါတယ်။ ရိုးမရဲ့ မနှစ်က IPO က ဆင့် ၂၀ နဲ့ စခဲ့တာပါ။ အဲဒီတော့ လုပ်တတ်ကိုင်တတ်သူတွေဟာ စီးပွားရေး ရေစီးကြောင်းမှာ အခွင့်သာရင် သာသလို မျောပါလုပ်ဆောင်နေကြပါတယ်။ မြန်မာရဲ့ image ဟာလည်း တဖြည်းဖြည်း တက်လာနေပြီဖြစ်တဲ့အတွက် ကြိုးနီစနစ်တွေ လျှော့ချပြီး လုပ်ပေးကိုင်ပေးနိုင်မယ် ဆိုရင် ဒေသတွင်း ကျားတစ်ကောင် ဖြစ်လာဖို့ ဆိုတာ မဝေးတော့ပါဘူး။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၁၂-၄-၂၀၁၃]

## စီးပွားရေးကို မွေနှောက်ကြည့်ရှုခြင်း

SME တွေဟာ MNC တွေကို ဖြည့်ဆည်းပေးရတဲ့နေရာမှာ ရှိတာပါ။ MNC မထုတ်ချင်တဲ့ ပစ္စည်းကို SME တွေကပဲ ထုတ်လုပ်ကြရတာပါ။ MNC တွေ လာချင်အောင် မြန်မာ FDI Law ကို ပြင်ဆင်ပြီး ဖြစ်ပါတယ်။ ဆရာဦးမြင့်က MNC တွေကို မန်ချက်စတာ ဘောလုံးအသင်းနဲ့ မြန်မာမိန်းကလေးအသင်း ဘောလုံးကန်သလိုမျိုး ဖြစ်နေလိမ့်မယ်လို့ နှိုင်းယှဉ်တင်စား ပြောခဲ့တယ်။ သို့သော် မလာနိုင်အောင် လုပ်ထားရင်လည်း ပြည်တွင်းက ခရိုနီတွေ စားသွားလိမ့်မယ်။ ပြည်သူတွေကတော့ ဘာမှ မသိဘူး။ အလုပ်အကိုင် စားဝတ်နေရေး ပြေလည်ဖို့ပဲ သိတယ်။ ခရိုနီထက်စာရင် နိုင်ငံခြား MNC တွေ လာစေချင်ပါတယ်။ ဒါပေမဲ့ ဘယ်သူမှတော့ ကောင်းမှာ မဟုတ်ဘူး။ ရတဲ့အခွင့်အရေးအပေါ် အမြတ်ထုတ်တတ်ဖို့ပဲ။ စင်ကာပူ ဆိုရင်

---

အခု အစိုးရသစ်မှာ ပြောင်းပြီဆိုရင် ဘယ်အဆင့်အထိ ပြောင်းမလဲ၊ ဒေသတွင်းအဆင့်လောက်ကို ပစဉ်းစားနဲ့တော့၊ ကမ္ဘာ့အဆင့်ကိုပဲ တက်လှမ်းကြရမယ်။

---

ပြင်ပက ဝင်လာမှာကို တအား တင်းကျပ်နေတယ်။ ရွှေတွေထဲ EP သမားတွေလည်း ဆက်သက်တမ်းတိုးလို့ မရတော့ ပြန်တဲ့သူ ပြန်ကုန်ပါပြီ။ S pass အဝတန်းကို ဆင်းလုပ်ရတဲ့သူတွေ လုပ်နေရပါတယ်။ မြန်မာတွေအတွက်တော့ မထူးဘူး၊ နိုင်ငံခြားသားဟာ နိုင်ငံခြားပဲ။ ဘာအခွင့်အရေးမှ ပိုမရဘူး။ စင်ကာပူဟာ ရှေ့လျှောက် နိုင်ငံခြားသားအတွက် လာအလုပ်ဖို့ကောင်းတဲ့ နိုင်ငံ မဟုတ်တော့ဘူး။ စီးပွားရေးပညာရှင်တွေက စင်ကာပူစီးပွားရေး ကျဆင်းသွားလိမ့်မယ် ဆိုတာတောင် မရဘူး။ ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံခြားသားတွေ များနေပြီ၊ MRT နဲ့ ဘတ်စ်တွေမှာ လူကျပ်တယ်၊ အိမ်ဈေးတွေ တက်တယ်။ ဒါက သူတို့ ထင်လို့ပါ။ နိုင်ငံခြားသားတွေ ဝယ်ခွင့်ပြုထားတော့ ဘယ်သူမဆို စင်ကာပူမှာ လာပြီး ကွန်ဒို ဝယ်ထားကြတာပဲ။ စင်ကာပူနိုင်ငံသား ပညာတတ်တစ်ယောက်ဟာ လခ ၅၀၀၀ လောက် မရရင် မလုပ်ချင်ဘူး။ white collar အဆင့်မှာပဲ လုပ်ချင်ကြတယ်။ အောက်ခြေသိမ်းအလုပ်တွေ မလုပ်ချင်ကြဘူး။ အောက်ခြေသိမ်း ဆိုတာ D jobs တွေ ပြောတာ မဟုတ်ဘူး။ ဖိုမင်လို အိုဗာဆီယာလိုမျိုးတောင် မလုပ်ချင်ကြတာ။

စင်ကာပူမှာ ရှိတဲ့ ကုမ္ပဏီတိုင်းလိုလိုပဲ ဝန်ထမ်းတွေ အင်ဂျင်နီယာတွေ လိုနေတယ်။ နိုင်ငံခြားသားကို ခန့်ချင်ရင် S pass က ကိုတာနဲ့ ထိန်းတယ်၊ EP က လခနဲ့ ထိန်းတယ်။ နိုင်ငံခြားသားကို ကုမ္ပဏီတွေက ၄၀၀၀ ကျော် လခ မပေးချင်ကြဘူး။ EP လစာက အနည်းဆုံး ၄၀၀၀ ကျော်ရမယ်လေ။ နောင် ၂ နှစ်လောက် ဆိုရင် စင်ကာပူမှာ ဘယ်လိုများ ဖြစ်လာမလဲတော့ မသိဘူး။ စင်ကာပူတွေ လက်ကြောမတင်းတာတော့ လက်တွေ့ တွေ့မြင်နေရတာပဲ။ ဒါပေမဲ့ သူ့မှာ ရှိသင့်တဲ့ အခြေခံအဆောက်အအုံ အားလုံး ပြည့်စုံနေပြီ။ ဒါကြောင့် မြန်မာအစိုးရနဲ့ လုပ်ငန်းရှင်ပြည်သူတွေကို ပြောချင်တာက မြန်မာအတွက် နိုင်ငံစီးပွားရေး ကောင်းလာဖို့ potential အများကြီး ရှိနေတယ် ဆိုတာကိုပါ။ သို့ပေမဲ့ မြန်မာမှာက မစ္စတာလီကွမ်းယူလို ဦးနှောက်မျိုးနဲ့ ခေါင်းဆောင် မရှိသလို အကြံပေးထဲမှာလည်း ခေါင်းကောင်းတဲ့သူ ရှိချင် ရှိပေမဲ့ မိုးကျရွှေကိုယ်အချင်းချင်းပဲ ယုံကြတဲ့ mind-set ကြောင့် နေရာ ရလာမှာ မဟုတ်ဘူး။

ဒါပေမဲ့ မြန်မာ SME တွေက နိုင်ငံတကာ MNC တွေ လာရင် သူတို့တော့ နေရာ ရှိတော့မှာ မဟုတ်ဘူး ဆိုပြီး FDI Law ကို ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ အကြောက်အကန် ဖြစ်နေရတာဟာ နှစ်ပေါင်း၂၀-၃၀ လောက် အစိုးရဆီမှာ

နို့သက်ခံစို့နေတဲ့အကျင့်က မပျောက်နိုင်လို့ပဲ ဖြစ်တယ်။ ဘယ်ပစ္စည်းကို သွင်းကုန် ပိတ်ပေးပါ၊ ကန့်သတ်ပေးပါ ဆိုတာ ကမ္ဘာ့ကုန်သွယ်ရေးလောကမှာ တအား အရုပ်ဆိုးပါတယ်။ productivity တက်လာအောင် လုပ်ဖို့ ဆိုတာ နည်းလမ်း များစွာ ရှိပေမဲ့ အစိုးရကို ကုလားချွဲချွဲ၊ စားသုံးသူနဲ့ ကိုင်ပေါက်ပြီး အသာစီးပဲ ရယူလိုကြပါတယ်။ MNC တွေ ရောက်လာရင် SME တွေအနေနဲ့ ဘာအကျိုးကျေးဇူးတွေ ရနိုင်တယ် ဆိုတာ အရင် သဘောပေါက်ဖို့ လိုတယ်။

မြန်မာမှာ ကုန်သည်ပွဲစား အရေအတွက်က များတယ်။ ကုန်သည်ပွဲစား ဆိုတာ ကုန်ပစ္စည်း ထုတ်လုပ်ရေးကို စိတ်မဝင်စားကြဘူး။ ကုန်သည်ပွဲစား လုပ်တာက လည်ရင် လည်သလို ငွေအမြန် ဖြစ်အောင် လုပ်နိုင်တယ်။ လုပ်တတ်သလောက် အကျိုးကျေးဇူး ဖြစ်ထွန်းတယ်။ ဘယ်ကုန်သည် ပွဲစားကမှ ကုန်ပစ္စည်းထုတ်လုပ်ရေးကို စိတ်မဝင်စားကြဘူး။ တစ်ဖက်က ကြည့်ရရင် ဘဏ်တွေဆိုတာ အပေါင်ပစ္စည်းက အဓိက မဟုတ်ဘူး၊ လုပ်ငန်းက အဓိက။ သူတို့ကလည်း ကုန်ပစ္စည်း ထုတ်လုပ်ရေး လုပ်တဲ့သူကိုမှ ငွေချေးချင်တာ။ ကုန်သည်ပွဲစားကို ငွေမချေးချင်ကြဘူး။ ဘာကြောင့်လဲ ဆိုတော့ ကုန်ပစ္စည်း ဘယ်လိုထုတ်ရမလဲ ဆိုတာ မသိလို့။ household goods တွေ ထုတ်လုပ်ဖို့ ဆိုရင် မြန်မာ SME တွေ ဂျပန်၊ ကိုရီးယားတွေလောက် ကောင်းအောင် လုပ်နိုင်မလား။ မြန်မာတွေ သူတို့လောက် ကောင်းအောင် လုပ်နိုင်ပါ့မလား၊ မလုပ်နိုင်ဘူးဆိုရင် ဈေးကွက်မှာ ဘယ်လိုမှ မယှဉ်နိုင်ဘူး။ ကိုရီးယားက အိုးခွက်တွေ ထုတ်လုပ်တဲ့ လုပ်ငန်း လာရင်းနှီးမြှုပ်နှံတယ်။ တရုတ်ပစ္စည်းနဲ့တော့ ယှဉ်နိုင်တယ်။ ပြည်တွင်းဈေးကွက်မှာ သုံးပျော်တော့ ဝယ်သုံးကြတယ်။ ဒါပေမဲ့ high end market အတွက် ဆိုရင်တော့ မယှဉ်နိုင်ဘူး။ ငွေအရင်းအနှီး၊ နည်းပညာ လိုတယ်။

ဒါ့အပြင် အရေးကြီးဆုံးက R & D ပဲ။ လူစွမ်းအား အရင်းအမြစ်လည်း ရှားတယ်။ အစိုးရကလည်း သိပ်အားမပေးဘူး။ မြန်မာမှာ အများဆုံး လုပ်နေတာက trial and error method ပဲ။ ဆာဗေးကော ရှိသလား။ ထန်းပင်ဆာဗေးတော့ ရှိချင် ရှိမယ်။ မြန်မာကုမ္ပဏီတွေ R & D လုပ်ဖို့၊ market survey လုပ်ဖို့ လုပ်ငန်း လာအပ်တာ အတော် နည်းပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေပဲ အပ်ကြတာ များတယ်။ R & D လုပ်မယ်၊ survey လုပ်မယ်၊ ကိုယ်ရဲ့ ထုတ်လုပ်မှုနည်းပညာက ဘယ်လို လုပ်မယ်၊ ဈေးနှုန်းကို ဘယ်လို competitive ဖြစ်အောင် သတ်မှတ်မယ်၊ ဈေးကွက်ဝေစု ဘယ်လောက် ရှိသလဲ။ ပြိုင်ဘက်တွေက ဘယ်သူတွေလဲ၊ သူတို့ ဘာတွေ လုပ်နေသလဲ ထောက်လှမ်းကြည့်ရမယ်၊ သတင်း

စုံစမ်းကြည့်ရမယ် စတဲ့ အခြေခံ R &D လောက်တော့ လုပ်ဖို့ လိုမယ်။ ရင်းနှီးမြှုပ်နှံမှုဥပဒေ အပါအဝင် ဥပဒေတွေ အားလုံး တည်ငြိမ်မှု ရှိအောင် လုပ်ရမယ်။ ကံကောင်းတာက ကိုလိုနီလက်ထက်က ရေးဆွဲထားတဲ့ ဥပဒေတချို့ ဆိုရင် နည်းနည်းပဲ ပြင်ရမယ်။ ဗြိတိသျှလက်ထက်ကတည်းက ဥပဒေတွေ ရှိတော့ မြန်မာနိုင်ငံဟာ ဥပဒေနဲ့ ပတ်သက်လာရင် နိုင်ငံတကာက အထင်ကြီးမှုတော့ ရှိကြပါတယ်။ corporate lawyer တွေနဲ့ ပတ်သက်ပြီး လူ့စွမ်းအားအရင်းအမြစ်မှာ များများ ထွက်လာအောင် လုပ်ဖို့ လိုမယ်နဲ့ တူတယ်။ အထူးသဖြင့် အင်္ဂလိပ်စာ ကောင်းတဲ့ ဥပဒေပညာရှင်တွေ များများ လိုပါတယ်။ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ပတ်သက်လာရင် အရင်အစိုးရလက်ထက်က နာမည် တော်တော် ပျက်တယ်။ ပြောင်းချင်သလို ပြောင်းတယ်။ သိသာထင်သာမြင်သာ မရှိဘူး။ နှုတ်မိန့်နဲ့လည်း ပြောင်းတယ်၊ ပြင်တယ်။ ဘာကြောင့် ပြောင်းတယ်၊ ပြင်တယ်လည်း မပြောဘူး။ ရွှေမျက်နှာတော်ကို ကြည့်နေရတယ်။ အလိုမကျပုံပေါ်ရင် ဘာမှ ဆက်မလုပ်ရဲဘူး။ ပြည်သူတွေအတွက် ဘယ်လောက် ကောင်းပါစေ၊ ထိပ်ကနေ ထိုင်ပြီး မျက်နှာထားကြီးနဲ့ ဒါလုပ်လို့ ပြောလိုက်ရင် ဘယ်သူကမှ စောဒက မတက်ရဲဘူး၊ မဖြစ်ဖြစ်အောင် လုပ်ပဲ။

ဒီလိုနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးတွေမှာ မြန်မာရဲ့ image ဟာ တဖြည်းဖြည်း မှိန်လာခဲ့ပြီး ပြည်တွင်းက လူတွေဟာ မလုပ်တတ် မကိုင်တတ် ဖြစ်ခဲ့ကြရပါတယ်။ အခု အစိုးရသစ်မှာ ပြောင်းပြီ ဆိုရင် ဘယ်အဆင့်အထိ ပြောင်းမလဲ၊ ဒေသတွင်း အဆင့်လောက်ကို မစဉ်းစားနဲ့တော့။ ကမ္ဘာ့အဆင့်ကိုပဲ တက်လှမ်းကြရမယ်။ ဒေသတွင်း နိုင်ငံတွေရဲ့ အားနည်းချက်တွေ အားသာချက်တွေက ဘာတွေလဲ ဆိုတာ လိုက်ကြည့်ရမယ်။ ဒါတွေက think tank အဖွဲ့အစည်းတွေရဲ့ အလုပ်လို့ ထင်တယ်။ သူတို့က ပြည်သူတွေကို ပြန်တင်ပြနေရမယ်၊ အကြံတွေ ပေးနေရမယ်။ စာစောင်တွေ စာအုပ်တွေ ထုတ်ပေါ့။ သိချင်တဲ့ သူက ဝယ်ဖတ်ကြမှာပါ။ ကိုယ်နိုင်ငံရဲ့ infrastructure တွေ တဖြည်းဖြည်း တိုးတက်လာအောင် လုပ်ရမယ်။ လမ်း၊ တံတား၊ လျှပ်စစ်၊ ဆက်သွယ်ရေးတွေက ဦးစားပေးရမယ့် အပိုင်းတွေပဲ။ နောက် ဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်ငွေကြေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေးတွေမှာလည်း ကမ္ဘာ့အဆင့်မီရမယ်။ ကိုယ့်နိုင်ငံသားတွေဟာ ကမ္ဘာ့အဆင့်မီတဲ့ ပညာတွေ တတ်ထားရမယ်။ ပညာတော်သင် အယောက် ၁၀၀ လောက် လွှတ်လိုက်လို့ လူ ၅၀ ပဲ ပြန်လာပါစေ၊ ဒီ ၅၀ နဲ့ တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းတွေ လုပ်မယ်။

လူငယ်တွေအတွက် vocational training school တွေ အများကြီး လိုမယ်။ အစိုးရလည်း ဖွင့်၊ ပုဂ္ဂလိကလည်း ဖွင့်။ အတတ်ပညာရှင်ကလေးတွေ အများကြီး ပေါ်လာဖို့ ရေတိုနည်းနဲ့ အမြန်လိုက်ရမယ်။ အချိန်တိုအတွင်း ထုတ်လုပ်နိုင်ရမယ်။ နောက်မှာ advance courses တွေ ထပ်တက်ခိုင်းပြီး သူတို့တွေရဲ့ capacity ကို မြှင့်ရမယ်။ ကမ္ဘာပေါ်မှာ လုပ်နေတဲ့ လုပ်နည်းစနစ်တွေ အကုန်လုံး မြန်မာနိုင်ငံမှာ ရှိနေအောင် လုပ်ရမယ်။ မြန်မာ့နည်း မြန်မာ့ဟန် ဆိုတာ ယဉ်ကျေးမှုတစ်ခုမှာပဲ ရှိသင့်တော့တယ်။

အားလုံး ကမ္ဘာ့အဆင့်မီအောင် လုပ်ထားရမယ်။ လုပ်နိုင်အောင် စနစ်တကျ အစီအမံ ထားရှိရမယ်။ ဒါတွေ လုပ်ဖို့ နှစ်ပေါင်း ၂၀ လောက် လိုမယ် ထင်တယ်။ နောင် ၂၀၃၃ ခုနှစ်ကျရင် မြန်မာဟာ ဒေသတွင်းနိုင်ငံတွေနဲ့ ယှဉ်နိုင်လိမ့်မယ် ထင်တယ်။ ဦးမြင့်ကတော့ ၂၀၃၀ မှာ မောင်တိုင်ပင် မှန်းတာ ထက်တောင် အဆင့်နိမ့်သေး။ သူတို့တွေ ပြောတဲ့ အာရှကျား၊ ကျားပေါက် အဆင့်လောက်တော့ ဖြစ်ဖို့ နေနေသာသာ၊ အင်း ... အခုက စလုပ်မှ ဖြစ်နိုင်မလား မသိ၊ သမ္မတသက်တမ်း လေးဆက်လောက် ဒီလို မပြောင်းလဲတဲ့ အတွေးအခေါ်မျိုးတွေနဲ့ ဆက်လုပ်သွားဖို့ လိုပါတယ်။ နောက်ပြန်လှည့်တယ် ဆိုတာ ဒါမျိုးကို ပြောတာပါ။

ဒီကနေ့ ဖြစ်နေတာက ဒေသခံ ခရိုနီတွေက နိုင်ငံတကာ MNC တွေ ဝင်လာမှာ ကြောက်ကြတယ်။ MNC ကလည်း သူတို့တွေဟာ အမေရိကန်နဲ့ အီးယူက ကြည့်ထားတဲ့ ခရိုနီ ဆိုတာ သိလေတော့ သူတို့နဲ့ မပေါင်းချင်ကြဘူး။ အဲဒီတော့ ဝင်လာရင် သူတို့ရဲ့ပြိုင်ဘက် ဖြစ်မှာ သေချာတယ်။ သူတို့ လာရင် အရိုးအရင်းနဲ့ အရိုးနား ကပ်နေတဲ့ အသားလောက်ပဲ စားရမှာ။ နောက်တစ်ခုက FDI law မှာ ပြည်တွင်းက ရာခိုင်နှုန်း ၅၀ ပါ ဆိုရင်လည်း MNC တွေရဲ့ ရင်းနှီးမြှုပ်နှံမှု ပမာဏက သိပ်ကြီးတော့ သူတို့ ရှယ်ယာ ထည့်ဖို့ အခက်အခဲ ရှိနိုင်တယ်။ MNC က လာရင် ကမ္ဘာ့အဆင့်မီ စီမံခန့်ခွဲမှု လုပ်တတ်သူတွေပဲ ဦးစားပေးမှာလေ။ ဘာလို့လဲ ဆိုတော့ ခရိုနီ ဆိုတာ သူ့ဆွေမျိုးသားချင်း၊ နောက် မနိုင်ရင်ကန် လူတွေရဲ့ အမျိုးအနွယ်တွေပဲ ခန့်ထားတာ ဆိုတော့ တကယ် ယှဉ်ရတော့မယ် ဆိုရင် ဘယ်ယှဉ်နိုင်ပါ့မလဲ။

အရေးကြီးဆုံး SME ပင် ဖြစ်စေ ခေတ်မီစီမံခန့်ခွဲမှုနဲ့ နည်းပညာပဲ။ မြန်မာမှာ ကမ္ဘာ့အဆင့်မီမီ ရှိနေပြီလား။ မရှိသေးပါဘူး။ ရင်းနှီးမြှုပ်နှံဖို့ ဝင်လာသူတွေနဲ့ အတူ တွဲလုပ်ရင်း သိအောင် နားလည်အောင် လုပ်ယူရမှာ။ ငါးနှစ်

တန်သည်၊ ခြောက်နှစ်တန်သည် အတူ တွဲလုပ်ကြမှ ပြော် … ဒါပါလား ဆို ပြီး သိလာမယ်။ ဒါတောင် သင်လို့ တတ်လွယ်တဲ့ capacity ရှိတဲ့ လူငယ်တွေ ကော ကိုယ့်လက်ထဲမှာ များများစားစား ရှိနေပြီလား။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား ဖြစ်နေတဲ့ ပတ်ဝန်းကျင်မှာ မျိုးဆက်သစ်တွေရဲ့ mind-set ကိုလည်း တစ်ဖက်က ပြင်ရဦးမယ်။ သင်လွယ်တတ်လွယ်တဲ့ လူငယ်တွေက တော့ ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးလိုက်ရုံနဲ့ ထိုးတက်သွားနိုင် ပါတယ်။ စင်ကာပူမှာ ခဏ လာနေပြီး စင်ကာပူကို တစေ့တစောင်း ကြည့်၊ မြန်မာရဲ့ အနာဂါတ် စီးပွားရေးကို စိတ်ကူးနဲ့ ပုံဖော်၊ အမျိုးမျိုး ရောစပ် မွှေ နှောက်ကြည့်တဲ့အခါ မချင့်မရဲ ဖြစ်တဲ့ စိတ်တွေပဲ ပေါ်လာပြီး ဝေလေလေပဲ ဖြစ်သွားပါတယ် ခင်ဗျား။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၂၆-၁၀-၂၀၁၂]

# စင်ကာပူနိုင်ငံနှင့် သူ့စီးပွားရေးအမြင်

မောင်တိုင်ပင် သမီးနဲ့ လာနေ၊ မြေးလာထိန်းနေတယ် ဆိုပေမဲ့ မောင်တိုင်ပင် အဖို့ ရန်ကုန်မှာ လုပ်ငန်းတွေ ရှိနေတယ်။ ဒီမှာ လာနေတဲ့ကာလမှာ တစ်ခုထူးခြားတာက မောင်တိုင်ပင် ရန်ကုန်မှာ ဘယ်လိုဝိတ်ချချ ပေါင် ၁၈၀ ကျော်က မကျဘူး။ ဒီမှာတော့ စားတဲ့သောက်တဲ့နေရာမှာလည်း diet လုပ်တယ်။ အချိုတွေ ဘာတွေ သိပ်မစားဘူး။ စိတ်ထဲမှာ ဘာ stress တွေ ဝင်နေသလဲ ဆိုတော့ health concious stress ကျန်းမာရေးအတွက် စိတ်မှာ ပူပန်တဲ့စိတ်ဝင်နေတယ်။ သွားကိုက်ရင်ဖြစ်ဖြစ်၊ သွေးတိုးရင်ဖြစ်ဖြစ်၊ နှလုံးဖောက်မောတာ ဖြစ်ဖြစ် တစ်ခုခု ဖြစ်ရင် ဆရာဝန်ဆီ သွားရမယ်။ foreigner ဖြစ်နေတော့ ပိုက်ဆံ အများကြီးကုန်မယ်။ အဲဒီလိုမျိုး ပူပန်စိတ်တွေ ဝင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်

---

လူတစ်စုလက်ထဲမှာ
နိုင်ငံရဲ့ စီးပွားရေးအင်အားဟာ
စုပုံမနေဘဲ လူအများလက်ထဲမှာ
ဝင်လိုက်ထွက်လိုက် ဖြစ်အောင်
လုပ်ထားတော့ ဒီပုံစံ မပျက်သရွေ့
စီးပွားရေးဟာ ရှင်သန်နေမှာပါပဲ။
မြန်မာရဲ့ လက်ရှိအခြေအနေက
ဘယ်ကနေ အစ ဆွဲထုတ်ရမလဲ
ဆိုတဲ့ အခြေအနေမျိုးပါ။

---

Halthy life style နေခဲ့တာ ဖြစ်ပါတယ်။ သမီးမိသားစုကတော့ မပူရဘူး။ သူတို့ လေးယောက်စလုံး health insurance က ရှိပြီးသား။ ဆေးခန်း သွားရရင် အလုပ်မှာ ပြန် claim လုပ်လို့ ရတယ်။ ပြန်ခါနီး ဝိတ်ချိန်ကြည့်တော့ ၁၆၇ ပေါင် ရှိတယ်။ အမှန်တော့ ကိုယ် လိုချင်တာက ပေါင် ၁၇၀။ ဒါပေမဲ့ ရန်ကုန် ပြန်ရောက်ရင် တစ်လအတွင်း ပေါင် ပြန်တက်လာနိုင်ပါတယ်။

စင်ကာပူမှာ မနက်တိုင်း ၃-၅ ကီလိုမီတာ လမ်းလျှောက်ဖြစ်တယ်။ မနက် ၆း၄၅ ကနေ ၈း၀၀ အထိပဲ။ တနင်္ဂနွေ တစ်ရက်ပဲ နားတယ်။ စင်ကာပူမှာ လေက ရှုလို့ ကောင်းတယ်။ သန့်လည်း သန့်တယ်။ လေက အမြဲလိုလို တိုက်နေတော့ လမ်းလျှောက်ရင်း လေရှူရတာ တော်တော်ကောင်းတယ်။ စင်ကာပူ National Environmental Agency က ကမ္ဘာ့နိုင်ငံမြို့တော်တွေထဲမှာ စင်ကာပူက လေဟာ တော်တော်ကို သန့်ရှင်းတယ်လို့ ကြွေးထားတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ မောင်တိုင်ပင်တို့က မြန်မာပြည် အပြင်ဘက် ရောက်ရင် ချေးတွင်းအပြင်ဘက် ရောက်တယ်လို့ တင်စား ပြောတတ်တယ်။ ဟုတ်တယ်လေ၊ မီး မမှန်၊ အင်တာနက်က နှေး၊ အခုတစ်ခါ traffic jam က ရှိသေးတယ်။ ရန်ကုန်မှာ ၁၂ ရာသီ ကားကျပ်တာက လူတွေ စည်းကမ်းမဲ့မှုကြောင့်ပါ။ ဘတ်စကားလည်း ဘတ်စကားသမားမို့၊ တက္ကစီလည်း တက္ကစီကားသမားမို့၊ လမ်းအသုံး ပြုသူတွေကအစ အားလုံး ပါပါတယ်။

စင်ကာပူမှာ မောင်တိုင်ပင်က ရုံးချိန်ကို ရှောင်တယ်။ အဲဒီတော့ MRT စီးစီး၊ ဘတ်စ်စီးစီး နည်းနည်း ချောင်ချောင်ချိချိ သွားလို့ ရတယ်။ အလုပ်လာလုပ်သူတွေ များတဲ့အတွက် ရုံးချိန်မှာ လူကျပ်နေတတ်ပါတယ်။ ဒါကြောင့်လည်း စလုံးတွေက အရင်လို မဟုတ်တော့ဘူး။ နိုင်ငံခြားသားတွေကို ငြိုငြင်လာကြတယ်။ ဒီမှာ တစေ့တစောင်း ကြည့်မိတယ်။ engineering works ကို လုပ်တဲ့ ဖိုမင်၊ ကျွမ်းကျင်လုပ်သားတွေထဲမှာ စလုံး တရုတ်က တော်တော် နည်းတယ်။ မလေးတွေနဲ့ အိန္ဒိယသားတွေပဲ လုပ်နေတာ တွေ့တယ်။ တရုတ် ဆိုရင်တောင် စလုံးတရုတ်တွေ မဟုတ်ဘူး။ ပြည်ကြီး တရုတ်တွေပဲ လုပ်နေကြတာ။ စလုံးတရုတ်တွေက အရောင်းအဝယ် အလုပ်တွေ၊ ဘဏ်အလုပ်တွေ၊ ရွှေ့နေရွှေ့ရပ် အလုပ်တွေ၊ white collar အလုပ်တွေပဲ လုပ်ကြတာ များတယ်။ blue collar အလုပ်လုပ်တဲ့ boiler suit ဝတ်ထားပြီး အပြင်က ပရိုဂျက်လုပ်ငန်း အလုပ်တွေမှာ စလုံးတွေ နည်းပါတယ်။ blue collar လုပ်ချင်ကြတာကတော့ သူများဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတွေနဲ့ ယှဉ်ရင် လခ နည်းလို့ပါပဲ။ ဘွဲ့တွေ ဘာတွေ

ရလိုက်ရင် စတိုင်ကျကျ white collar အလုပ် လုပ်ရလိမ့်မယ်လို့ သူတို့စိတ်ထဲမှာ ရှိနေတယ်။

ဒါကြောင့် စင်ကာပူဟာ နိုင်ငံခြား အလုပ်သမားတွေကို သူတို့ရဲ့ project တွေအပေါ်မှာ မူတည်ပြီး လိုကို လိုနေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် maintenance job တွေမှာလည်း လိုနေမှာ ဖြစ်ပါတယ်။ ဥပမာ- Gardens By the Bay project ပြီးသွားတော့ မြန်မာအလုပ်သမားတွေ အင်ဂျင်နီယာတွေ တော်တော်များများ အိမ်ပြန်ကြရတယ်။ သူတို့မှာ ဝင်ငွေ ရအောင် လုပ်ရမယ့် ပရိုဂျက်တွေကိုပဲ စဉ်းစားနေရမှာ ဖြစ်တယ်။ ဘာကြောင့်လဲ ဆိုတော့ သဘာဝသယံဇာတ အရင်းအမြစ်က သူများနိုင်ငံလို ပေါကြွယ်ဝခြင်းမှ မရှိတာကိုး။

လွန်ခဲ့သော သုံး-လေးနှစ်က Casino, Marina Bay Sands, Garden by the Bay စတဲ့ ပရိုဂျက်တွေ စလုပ်ခဲ့စဉ်က အင်ဂျင်နီယာတွေ၊ ကျွမ်းကျင်အလုပ်သမားတွေ အများကြီး လိုတော့ ပြည်ပကနေ အများကြီး ခေါ်ခဲ့ရတယ်။ အခုတော့ စင်ကာပူမှာ ပရိုဂျက်တွေ တော်တော် နည်းသွားပြီ။ လုပ်ပြီးတဲ့ ပရိုဂျက်တွေကနေ ဝင်ငွေ ရလာအောင် လုပ်ရမယ်လေ။ အခုချိန်ဟာ ဝင်ငွေကတော့ မျှော်မှန်းထားတဲ့အတိုင်းပဲ ရနေတယ်နဲ့ တူတယ်။

နောက်တစ်ခု လေ့လာမိတာကတော့ စင်ကာပူမှာ ကွန်ဒိုတွေ နေရာအနှံ့မှာ ဆောက်ကြတယ်။ သတင်းစာကြော်ငြာတွေမှာလည်း ပါတယ်။ ဈေးကလည်း ကြီးတော့ ဘယ်သူတွေများ ဝယ်ပါလိမ့်လို့ မောင်တိုင်ပင် စဉ်းစားကြည့်မိတယ်။ အလားတူ အစိုးရကလည်း ပြည်သူတွေ နေဖို့အတွက် HDB flat တွေ ဆောက်ပေးထားကြတယ်။ အဟောင်းတွေကို ဖြိုဖျက်ပြီး အသစ်တွေ ဆောက်ကြတယ်။ အဟောင်းဆိုပေမဲ့ မောင်တိုင်ပင်တို့ အမြင်မှာတော့ အကောင်းကြီး ရှိပါသေးတယ်။ အမြဲတမ်း သစ်လွင်နေအောင် လုပ်ချင်တာနဲ့ တူတယ်။ ငွေရှိတဲ့အခါကျတော့ အားလုံး ဖြစ်ချင်တာကို လုပ်နိုင်ကြပါတယ်။ ဆိုလိုတာကတော့ property market ကို ဖွံ့ဖြိုးအောင် လုပ်ကြတယ်။ ဒါပေမဲ့ စီးပွားရေး လုပ်တဲ့အခါ အကွက်မြင်ဖို့ လိုတယ်။ စီးပွားရေးကို စီးပွားရေးလို သဘောထားရမယ်။ လုံခြုံရေးကို တာဝန်ရှိတဲ့သူတွေ လုပ်လိမ့်မယ်။

စင်ကာပူမှာ ကွန်ပျူတာ အင်တာနက် ကောင်းတော့ လူတစ်ယောက်ရဲ့ မှတ်တမ်းမှတ်ရာဆိုတာ သူတို့ ကွန်ပျူတာတွေထဲမှာ အသီးသီး သွင်းထားတယ်။ တစ်ခုနဲ့ တစ်ခုလည်း link ရှိကြတယ်။ မြန်မာဆို ဝန်ကြီးဌာနတွေ တစ်ခုနဲ့ တစ်ခု ဘာလုပ်နေတယ်ဆိုတာ link မရှိကြဘူး။ တချို့က ပြောတယ်။ စင်ကာပူ

ဟာ အာဏာရှင်နိုင်ငံပဲတဲ့။ ဒါပေမဲ့ people centered ဖြစ်တယ်၊ ပြည်သူ လူထုကို အဓိကထားတယ်။ အဲဒီတော့ အာဏာရှင် ဖြစ်ပေမဲ့လည်း အာဏာရှင် ဆိုတာ မေ့နေကြတယ်။

စင်ကာပူက အိမ်ရာအဆောက်အအုံတွေနဲ့ ပတ်သက်တဲ့ စံချိန်စံညွှန်းတွေ ရှိတယ်။ အဲဒီအတိုင်း အဆင့်မီအောင် ဆောက်ကြရတယ်။ စစ်ဆေးရေး ဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေကလည်း သေချာ စစ်ဆေးတယ်။ လာဘ်ပေး လာဘ်ယူ လုပ်ဖို့ တော်တော် ခဲယဉ်းတယ်။ တစ်လောက The Strait Times ထဲမှာ လာဘ်ပေး လာဘ်ယူကိစ္စတွေ ဟိုးလေးတကျော်ကျော် ပါလာတယ်။ Mount Blanc ဖောင်တိန် လက်ဆောင်ပေးတာ ယူမိလို့ အရေးယူခံခဲ့ရတယ်။ property market ဘာကြောင့် ဖွံ့ဖြိုးသလဲ ဆိုတော့ နိုင်ငံခြားသားတွေကို ကွန်ဒို ဝယ်ခွင့်ပြုထားတယ်။ စီးပွားရေးမျက်စိနဲ့ ကြည့်တာပေါ့လေ။ နိုင်ငံခြားက ငွေ ရှိသူတွေက စင်ကာပူမှာ ကွန်ဒိုတွေ ဝယ်ထားပြီး ရင်းနှီးမြှုပ်နှံထားတယ်။

တချို့ နိုင်ငံတကာ multinational ကုမ္ပဏီတွေကလည်း ပြည်တွင်းမှာ ရှိတဲ့ ကုမ္ပဏီတွေကို merger and acquisition ပြုလုပ်ပြီး ရင်းနှီးမြှုပ်နှံထားကြ တယ်။ စင်ကာပူမှာ ကုမ္ပဏီတွေ merger and acquisition လုပ်ဖို့ အခြေ အနေက သူများနိုင်ငံတွေထက် အားသာတယ်။ အဲဒီတော့ property နဲ့ ပတ် သက်ရင် ဈေးက အမြဲ dynamic ဖြစ်နေတာပေါ့။ နိုင်ငံသားတွေအတွက်က တန်ဖိုးနည်း HDB flat တွေ ရှိတယ်။ စင်ကာပူ PR ဖြစ်နေသူ လင်မယား နှစ်ယောက်ကို ဆိုရင် resale HDB flat တွေ ဝယ်ခွင့်ပြုထားတယ်။ နေဖို့ အတွက်ပဲ။ တချို့က တစ်အိမ်လုံး ဝယ်ထားပြီး ငှားစားတယ်။ အခု မရတော့ဘူး၊ ကိုယ်တိုင် နေဖို့အတွက်ပဲ ရတော့မယ်။ ငှားချင်ရင် ကွန်ဒိုတွေ ဝယ်လေ။ အပြိုင် အဆိုင် များတော့ လူငှား ရဖို့ အတော် ခက်တယ်။ အကုန်လုံးက စာတတ် ကုန်ကြပြီလေ။ အနောက်က လူတွေကလည်း ကွန်ဒိုတွေ ဝယ်နေကြတယ်။ ဘာပဲပြောပြော စီးပွားရေးမှာ အမြဲ ရှင်သန်အောင် စင်ကာပူအစိုးရက အမြဲ စဉ်းစား လုပ်ဆောင်နေတာကို ပြောတာပါ။

သူတို့နိုင်ငံမှာ national security ကိုတော့ အမြဲ ဦးစားပေးပါတယ်။ စီးပွားရေးမှာတော့ xenophobia ဆိုတဲ့ နိုင်ငံခြားသားကို မယုံသင်္ကာစိတ်နဲ့ စောင့်ကြည့်တာတော့ အတော် နည်းတယ်။ အနောက်က လာတဲ့ မျက်နှာဖြူ တွေကိုတော့ ဦးစားပေး ဆက်ဆံကြတာ များပါတယ်။ အနောက်တိုင်း ယဉ်ကျေး မှုကို ပိုမို ဦးစားပေးတယ်။ အစိုးရဟာ သူ့ပြည်သူတွေရဲ့ လူနေမှုပုံစံကိုတော့

အမြဲ အလေးထားပါတယ်။ စင်ကာပူ ပညာတတ်တွေက အာဏာရ ပါတီနဲ့ အစိုးရအဖွဲ့က လူတွေကိုတော့ အမြဲ ဝေဖန်တယ်။ ဒါပေမဲ့ မဲပေးချိန်ကျရင် အာဏာရပါတီကိုပဲ မဲပေးကြတယ်။ ဒီပါတီကပဲ လောလောဆယ် လုပ်နိုင် ကိုင်နိုင်နေသေးတယ်လို့ ယူဆကြတယ်။

စင်ကာပူလည်း တစ်နေ့ကျရင် လီကွမ်းယူ ဒိုင်နက်စတီများ ဖြစ်လာနိုင် မလားလို့ မောင်တိုင်ပင် စဉ်းစားကြည့်မိတယ်။ အာရှမှာက အစဉ်အဆက် အုပ် ချုပ်တယ် ဆိုတာ အဆန်းမှ မဟုတ်တော့တာ။ people centered government ဆိုတဲ့အတိုင်း လူထု နေရေး၊ သွားရေး၊ လာရေး၊ စားရေးသောက်ရေးအတွက် အကုန် ဖန်တီးပေးထားပါတယ်။ SMRT ဆိုတဲ့ အောက်မှာ ရထား၊ ဘတ်စကား၊ တက္ကစီကားတွေနဲ့ ပတ်သက်တာတွေ အကုန် ကုမ္ပဏီခွဲအဖြစ် ထောင်ထား တယ်။ public listed ကုမ္ပဏီပဲ။ တစ်လောက MRT ရထား သွားနေတုန်း အလယ်မှာ ရပ်နေပြီး ခရီးသည်တွေ ဒုက္ခရောက်ခဲ့ကြတယ်။ အသက်ရှူကျပ် လာလို့ ရထားမှန် ပြတင်းပေါက်တောင် ခွဲပစ်လိုက်ရတယ်။ ဒီကိစ္စကို ပြည်သူ တွေ ကြားထဲမှာ ဟိုးလေးတကျော်ကျော် ဖြစ်ပြီး ကက်ဘိနက်မှာ ပြောကြဆိုကြ ဆွေးနွေးကြတာပေါ့။ တစ်လောကပဲ SMRT ကို ဒဏ်ငွေ စင်ကာပူ ဒေါ်လာ နှစ်သန်း ဆောင်ခိုင်းလိုက်တယ်။

နောက်ဆုံး SMRT အကြီးအကဲကို လဲပစ်လိုက်တယ်။ ရထား ဆိုတာက အချို့နေရာတွေမှာ မောင်းတဲ့လူတောင် မပါဘူး။ သစ်တဲ့လိုင်းလည်း သစ်တယ်၊ ဟောင်းတဲ့လိုင်းလည်း ရှိတယ်။ ဒိုဘီဂေါက် ဆိုတဲ့ ဘူတာဆို အကြီးကြီးပဲ။ ရထားလမ်းကြောင်း သုံးဆင့် ရှိတယ်။ ရထား ပြောင်းစီးနိုင်တာပေါ့။ မြေအောက် ထဲမှာပဲ လျှောက်သွားလို့ ရတော့ မိုးရွာနေပူမှာ လူ သက်သာတယ်။ MRT ဘူတာ အဝင်အထွက်ကလည်း အကုန် auto ပဲ။ ပိုက်ဆံအိတ်ကလေး ဘတ်ဆို ကပ်လိုက်ရင် ရပြီ။ ဓာတ်လှေကားကော escalator ပါ နှစ်မျိုးစလုံး ရှိတယ်။ ရိုးရိုးတက်ဆင်း လှေကားတွေလည်း ရှိပါတယ်။ ရန်ကုန်မြို့မှာ ဘတ်စကား၊ တက္ကစီကားတွေကို မောင်တိုင်ပင်တို့ ငယ်ငယ်ကလို အစိုးရက တာဝန်ယူလိုယူ၊ မယူချင်ရင် စနစ်တကျ အများပိုင် ကုမ္ပဏီဖွဲ့စည်း၊ ဒရိုင်ဘာတွေကို လစာ ကောင်းကောင်း ပေးထားပါ။ ဘယ်နှနာရီကနေ ဘယ်နှနာရီ မောင်းရမယ် ဆိုပြီး သတ်မှတ်ထားမယ်။ ကိုယ်ရ ကိုယ်ယူ ဆိုလို့ကတော့ ဒီကနေ့ အခြေအနေ မျိုးပဲ ဖြစ်နေမှာပဲ။ လက်မှတ်ရောင်းရငွေကို ခိုးလို့ဘတ်လို့ မရအောင် electronic transfer စက်တွေနဲ့ လုပ်ပါ။

စင်ကာပူမှာ ဘတ်စကား ဒရိုင်ဘာကို captain လို့ ခေါ်တယ်။ အထိုက်အလျောက် လုပ်ပိုင်ခွင့် ရှိတယ်။ တစ်ခါ သမီးက မြေးကို ချီပြီး တက်လာတော့ Bus captain က ထိုင်ခုံက ထလာပြီး reserved ထိုင်ခုံမှာ ထိုင်နေတဲ့သူ တစ်ယောက် ထခိုင်းပြီး သမီးကို ထိုင်ခိုင်းတယ်။ မောင်တိုင်ပင်ကတော့ မြန်မာ ပီပီ အားနာတာပေါ့။ ထခိုင်းခံရတဲ့သူကလည်း ရှောရှောရှူရှူ ထပေးပါတယ်။ ထများ မပေးရင် ကားပေါ်က နှင်ချမယ်နဲ့ တူတယ်။ သူက reserved seat မှာ ထိုင်နေတာကိုး။

ရန်ကုန်မှာ နတ်ပိုက်ဆံ ဆိုတာ point of sale (POS) ငွေလက်ခံဘောက်စ်မှာ ကက်ကို ဖြတ်လိုက်ပြီး ငွေ နုတ်ယူလိုက်တာ ဖြစ်တယ်။ စင်ကာပူမှာက MRT ကော ဘတ်စ်ပါ ကတ်ကို sensor ဘေးမှာ ကပ်လိုက်တာပါပဲ။ 'တွိ'ဆို မြည်သွားပြီး ကျသင့်ငွေကို နုတ်လိုက်တာပါ။ sensor က အားကောင်းတော့ ပိုက်ဆံအိတ် အထူကြီးတောင် ထုတ်စရာ မလိုဘူး။ ပိုက်ဆံအိတ်လိုက် ကပ်ရုံပဲ။ ဒီလို လုပ်တာတွေ အားလုံး ပြည်သူတွေ သက်သာစွာ တစ်နေရာက တစ်နေရာကို သွားနိုင်အောင် လုပ်ပေးထားတာပဲ။

အခြား ပြည်သူ့ဗဟိုပြုလုပ်ငန်းတွေလည်း ရှိပါတယ်။ HDB flat complex တွေအောက်မှာ hawker centres တွေ ထားပေးထားတာလည်း စားဝတ်နေရေးကော အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးထားတာ ဖြစ်ပါတယ်။ စားပြီး ပန်းကန် သိမ်းတာကအစ အောက်ခြေ လူတန်းစားတွေ ဣန္ဒြေရရ အလုပ်လုပ်နိုင်ဖို့ job creation လုပ်ပေးထားတာပါ။

နောက်တစ်ခု စင်ကာပူမှာ ကြိုက်တာက သစ်ပင်တွေ ကြည့်လိုက်ရင် စိမ်းစိုပြီး အမြဲလှနေတယ်။ သစ်ပင်တိုင်း ကိုယ်ပိုင်နံပါတ် ရှိတယ်။ ကိုယ်ပိုင် ဝင်းခြံထဲမှာ ရှိနေပေမဲ့ ကိုယ် ခုတ်ချင်သလို ခုတ်လို့ မရဘူး။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနကို အကြောင်းကြားရတယ်။ သူတို့ လာကြည့်ပြီးမှ ခုတ်ခွင့်ပြုတယ်။ အောက်ခြေကိုပဲ ချိုင်ထားပြီး အပေါ်က အရွက်တွေက ဖြာထွက်နေတော့ တော်တော် ကြည့်ကောင်းပါတယ်။ အရင်က ရန်ကုန်ကို green ဖြစ်တယ်ဆိုပြီး စည်ပင်သာယာက ကြွားတော့ အဟုတ်ကြီး မှတ်နေတာ။ အခု စင်ကာပူကို လာကြည့်ကြဦး၊ ပတ်ဝန်းကျင်ကို ဘယ်လို ထိန်းသိမ်းသလဲ ဆိုတာ။

People centered ဆိုတာက ပြည်သူတွေကို ငွေလည်း လုံလောက်အောင် ပေးထားတယ်။ သုံးနိုင်အား (buying power) လည်း ရှိအောင် လုပ်ထားတော့ ငွေတွေက လှည့်ပတ်နေတယ်။ ပိုက်ဆံ ရှိတဲ့သူတွေမှာပဲ ငွေက စုပုံမနေဘဲ

လုပ်အားခ ရလိုက် သုံးစွဲလိုက်နဲ့ ငွေတွေဟာ လည်ပတ်နေတာကြောင့် စီးပွားရေး အခြေအနေဟာ အမြဲတမ်း ရှင်သန်နေအောင် လုပ်ထားတာပါ။ ဒီလိုမျိုး အခြေအနေဟာ အရှိန်ရသွားရင် ဖြစ်သွားတာပါပဲ။ လူတစ်စုလက်ထဲမှာ နိုင်ငံရဲ့ စီးပွားရေးအင်အားဟာ စုပုံမနေဘဲ လူအများလက်ထဲမှာ ဝင်လိုက်ထွက်လိုက် ဖြစ်အောင် လုပ်ထားတော့ ဒီပုံစံ မပျက်သရွေ့ စီးပွားရေးဟာ ရှင်သန်နေမှာပါပဲ။

မြန်မာရဲ့ လက်ရှိအခြေအနေက ဘယ်ကနေ အစ ဆွဲထုတ်ရမလဲ ဆိုတဲ့ အခြေအနေမျိုးပါ။ လူမှုရေး၊ ဘာသာရေး၊ လူမျိုးရေးတွေ တည်ငြိမ်အေးချမ်း သွားရင်တော့ စီးပွားရေး အောင်မြင်ဖို့ အစ ဆွဲထုတ်လို့ ရမယ် ထင်တယ်။ လက်ရှိ မောင်တိုင်ပင်တို့က အလုပ်အကိုင် အခြေအနေ များများ ဖန်တီးဖို့ ဖြစ်နေလေတော့ labour intensive industry တွေ များများ ဝင်လာဖို့ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေ ကြည့်ရင်လည်း ဒီအခြေအနေကနေ စခဲ့တာ ဖြစ်ပါတယ်။

ရေနံ၊ ဓာတ်ငွေ့၊ သတ္တုတွင်းထွက်တို့ ဆိုတာ အစိုးရအနေနဲ့ပဲ လုပ်သင့်သေးတယ် ထင်တယ်။ မသကာ ပုဂ္ဂလိက အခန်းကဏ္ဍကို မြှင့်တင်ချင်တယ် ဆိုရင် sub contract ပေးလို့ ရတာပဲ။ မြန်မာမှာ ကုမ္ပဏီလုပ်ငန်း အများစုက family business နဲ့ အစုစပ်တွေ များတယ်။ SME အဆင့်ပဲ ရှိတယ်။ အစိုးရက ဘေးကနေ ပံ့ပိုးပေးလိုက်မယ်၊ ကိုယ့်ဘာသာ ရှင်သန်အောင် လုပ်သွားကြရမှာပါပဲ။ modern management ပုံစံ မရှိသေးဘူး။ လုပ်သလို ဖြစ်နေတော့ ဖြစ်သလို လုပ်နေမယ်။ စာရင်းဇယား အတိအကျ မှန်မှန်ကန်ကန် မရှိဘူး။ လာဘ်ပေးလာဘ်ယူနည်းနဲ့ ဖြေရှင်းမယ်။ စာရင်းဇယား မှန်မှန်ကန်ကန် လုပ်ပြီး ဝင်ငွေခွန် မှန်မှန် ဆောင်တဲ့သူက အရူးပဲ။ technology မရှိဘူး။ innovation မရှိဘူး။ AFTA ဝင်လာမှာ တွေးပြီး ကြောက်တယ်။ အဆင်သင့်လည်း ပြင်ဆင်မထားချင်ကြဘူး။ အစိုးရကို ညည်းပြတယ်။ အစိုးရက ပြည်တွင်း စက်မှုလုပ်ငန်းတွေ အကာအကွယ်ပေးဖို့၊ ဘယ်လို အကာအကွယ် ပေးရမလဲ။ သူတို့ ထုတ်ကုန်တွေ ဝင်မလာအောင် တားဆီးဖို့။

ဒါတွေက ၂၁ ရာစုမှာ ဒိတ်တော်တော်အောက်နေပါပြီ။ ကိုယ့်လုပ်ငန်း ဘယ်လို productivity တက်လာအောင် လုပ်မလဲ၊ transaction cost တွေ ဘယ်လောက် ရှိနေသလဲ၊ ဘယ်လို လျှော့ချရမလဲ၊ ရောင်းအား တက်လာအောင်ကိုယ်က ဘယ်လို ထုတ်လုပ်မလဲ။ တစ်ဆိတ်ရှိ အစိုးရက ပိတ်ပေးပါ ဆိုတာ တော်တော် ခေတ်ပေါင်းနေတဲ့ အတွေးအခေါ်ပါ။

တစ်ခု ရှိတယ်၊ အစိုးရထဲက သူကောင့်သားတွေက ဘာတွေ လုပ်လို့ကိုင်လို့ မရအောင် barriers တွေ လုပ်ထားသလဲ။ ဒါကိုတော့ တွေ့တိုင်း ပြော၊ လူကြီး တွေ့ရင် အော်။ ဒါမျိုးတွေကတော့ မြန်မာပြည်မှာ လုပ်ဖို့ လိုတယ်။ ကဲ … ဟိုရောက်ဒီရောက်ပါပဲ။

■ ဘလောဂ်ရေးသားသည့်ရက်စွဲ [၄-၈-၂၀၁၂]

## အများပိုင် ကုမ္ပဏီနှင့် အရင်းအနှီးဈေးကွက်

၂၀၁၂ ခုနှစ် ဇွန်လ ၁၃ ရက်နေ့ထုတ် The Strait Times သတင်းစာမှာ စင်ကာပူက အပေါင်ဆိုင်လုပ်ငန်းရဲ့ အကြီးဆုံး ဖြစ်တဲ့ Maxi-Cash Financial Service Corporation Ltd ကုမ္ပဏီရဲ့ IPO ကြော်ငြာကို ဖတ်လိုက်ရပါတယ်။ Maxi-cash က စင်ကာပူ တစ်ဝန်း အပေါင်ဆိုင်လုပ်ငန်း ဖွင့်လှစ် လုပ်ကိုင်လျက် ရှိပါတယ်။ Maxi-Cash ကုမ္ပဏီဟာ လုပ်ငန်း တိုးချဲ့ဖို့အတွက် အရင်းအနှီး စုဆောင်းလိုတာကြောင့် The Strait Times သတင်းစာ နောက်ကျောကနေပြီး Initial Public Offering (IPO) မိမိပိုင်ကုမ္ပဏီမှာ အများပြည်သူထံ ရှယ်ယာ စတင် ရောင်းချခြင်းကို ဆောင်ရွက်မှာ ဖြစ်ကြောင်း မျက်နှာပြည့် ကြော်ငြာတာ ဖြစ်ပါတယ်။ ရှယ်ယာပေါင်း ၅၆,၀၀၀,၀၀၀ ကို စင်ကာပူ ဒေါ်လာ ၀. ၃၀ နဲ့ ထုတ်ရောင်းမယ်လို့

---

လုပ်ငန်းရှင်တွေ နစ်နာခြင်းဟာ
တိုင်းပြည် နစ်နာခြင်းပါပဲ။
ဒါကိုတော့ နောင်ကာလတွေမှာ
သတိထားသင့်ပါတယ်။
နောက်တစ်ခုက ခိုင်မာတဲ့
ပေါ်လစီတစ်ရပ် မချမှတ်နိုင်ဘဲ
လက်တန်း လျှောက်လုပ်နေတဲ့
သဘောတွေ ပါဝင်နေတာကို
တွေ့ရပါတယ်။

---

ကြော်ငြာထားပါတယ်။ နိုင်ငံတကာမှာ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲ လုပ်ကိုင်ဖို့အတွက် ရှယ်ယာတွေ စတင် ထုတ်ရောင်းရင် IPO လုပ်တယ်လို့ သုံးနှုန်းပါတယ်။ အဲဒီ သတင်းစာမှာပဲ အရှေ့တောင်အာရှ IPO ဈေးကွက်ဟာ အတော် အားကောင်းနေတယ်လို့ ဆိုထားပါတယ်။ မလေးရှားက Felda Global Venturing Holdings ဟာ IPO ပေါင်း အမေရိကန်ဒေါ်လာ ၃.၂ ဘီလီယံ လောက် မကြာခင်မှာ ရောင်းချမယ်လို့ သိရပါတယ်။ အဲဒီလိုပဲ အရှေ့တောင် အာရှ နိုင်ငံရှိ ကုမ္ပဏီတွေရဲ့ IPO ရောင်းချရမှုဟာ သိသိသာသာ တိုးတက်လာ ခဲ့တယ်လို့ Deutsche Bank က ခန့်မှန်း ပြောဆိုထားပါတယ်။

တစ်ချိန်တည်းမှာပဲ ၂၀၁၂ ခုနှစ် ဇွန်လက မန္တလေးမှာ မြို့သစ်စီမံကိန်း လုပ်ကိုင်ဖို့အတွက် နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဦးဆောင်ပြီး မန္တလေး ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်း လုပ်ကိုင်မှာ ဖြစ်တဲ့အတွက် IPO ရှယ်ယာတစ်စုကို ၁၀၀၀၀ ကျပ် ထည့်ဝင်နိုင်ကြောင်း၊ ၂၀၁၂ နှစ်ကုန်ရင် IPO ကို စတင် ရောင်းချမှာ ဖြစ်ကြောင်း၊ အမေရိကန် ဒေါ်လာ ၂ ဘီလီယံ (မြန်မာ ကျပ် ၁၇၀၀ ဘီလီယံ) ကုန်ကျမယ်လို့ ခန့်မှန်းထား ကြောင်း ပြောကြားခဲ့တယ်လို့ The Voice ဂျာနယ်မှာ ဖတ်လိုက်ရပါတယ်။ ဒါ လောက် များတဲ့ ငွေကြေး ဆိုတော့ စနစ်တကျ စည်းကမ်းနဲ့ လုပ်သင့်သလို သိသာမြင်သာ ထင်သာစေရမှာ ဖြစ်ပါတယ်။

IPO ရောင်းပြီ ဆိုရင် ကုမ္ပဏီအကြောင်း (corporate profile) ဘယ်အပိုင်း မှာ ရင်းနှီးမြှုပ်နှံမယ် (investment highlights)၊ ဘာတွေ အကျိုးခံစားရမယ် (prospectus) ဆိုတာတွေကို အကျဉ်းလောက်ဖြစ်ဖြစ် ဖော်ပြပေးရမှာ ဖြစ်ပါ တယ်။ ဒီလို ဆောင်ရွက်ခြင်းဟာ အများပိုင်ကုမ္ပဏီ တည်ထောင်ခြင်းရဲ့ အစ ပိုင်း သိသာမြင်သာ ထင်သာအောင် လုပ်ခြင်း ဖြစ်ပါတယ်။ စင်ကာပူမှာတော့ ဒီလို ကိစ္စတွေ ဆောင်ရွက်နိုင်ဖို့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေ အသေအချာ ရေးဆွဲထားပြီး စည်းကမ်းလည်း အင်မတန် တင်းကျပ်ပါတယ်။ အခုဆိုရင် ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှု (arbitration) အတွက် စင်ကာပူ ဟာ နိုင်ငံတကာမှာ အကောင်းဆုံးလို့ အသိအမှတ် ပြုထားပြီးတော့ တော်တော် များများက စင်ကာပူဥပဒေကို လက်ခံပြီးပဲ လုပ်တာကိုင်တာဟာ တရားမျှတ တယ်လို့ ယူဆလာကြပါတယ်။

၂၀၁၅ ကျရင် မြန်မာနိုင်ငံမှာ စတော့အိတ်ချိန်းတွေ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှာ တည်ထောင်ဖို့ ၁၉၉၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံမှာ

ရောက်ရှိနေတဲ့ ဒိုင်ဝါသုတေသနဌာန၊ တိုကျို စတော့အိတ်ချိန်းနဲ့ မြန်မာနိုင်ငံဘဏ်တို့အကြား နားလည်မှု စာချွန်လွှာကို သဘောတူ လက်မှတ်ရေးထိုးခဲ့တဲ့သတင်းတွေ မကြာသေးမီက ထွက်ပေါ်ခဲ့ပါတယ်။ အများပိုင်ကုမ္ပဏီ၊ စတော့အိတ်ချိန်း၊ အရင်းအနှီးဈေးကွက်တွေ မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာရေးကို ကြွေးကြော်နေခဲ့တာက ဆယ်စုနှစ် တစ်စုကျော်လောက် ကြာခဲ့ပြီ ထင်ပါတယ်။ ၁၉၉၆ ခုနှစ်က ဒိုင်ဝါသုတေသန Securities နဲ့ မြန်မာ စီးပွားရေးဘဏ်တို့အကြား စာချုပ် ချုပ်ဆိုပြီး Myanmar Securities Exchange Centre ထူထောင်ခဲ့ပေမဲ့ အများပိုင် စာရင်းဝင် ကုမ္ပဏီက ဒီနေ့အထိ နှစ်ခုသာ ရှိခဲ့ပါတယ်။

အများပိုင် စာရင်းဝင်ကုမ္ပဏီ များများ မရှိတဲ့အတွက် အရင်းအနှီးဈေးကွက်လည်း မြန်မာမှာ ပေါ်ပေါက်မလာခဲ့ပါဘူး။ သက်ဆိုင်ရာက ဆန္ဒမစောပါနဲ့လို့ တွင်တွင် ပြောလာခဲ့တာဟာ ဆယ်စုနှစ် တစ်စုသာ ကျော်လာခဲ့တာဘာမှ ဖြစ်မလာခဲ့ပါဘူး။ လုပ်လည်း မလုပ်၊ နားလည်တဲ့သူကိုလည်း ဆရာမတင်ဘဲ နေခဲ့တယ်။ အတိုးများများ ပေးပြီး တရားမဝင် အရင်းအနှီး စုဆောင်းခဲ့တဲ့ ကုမ္ပဏီတွေ ပေါ်ပေါက်လာခဲ့တော့ ပြည်သူတွေဟာ ခဲမှန်ဖူးတဲ့ စာသူငယ်လို အယုံသွင်းခံရပြီး မရှိမဲ့ ရှိမဲ့ စုဆောင်းထားတဲ့ငွေတွေ အလိမ်ခံရမှာကို စိုးရိမ်ပူပန်နေတာကြောင့် အများပိုင်ကုမ္ပဏီ ဆိုရင် ခပ်လန့်လန့် ဖြစ်နေကြပါတယ်။

အဲဒီလို ကုမ္ပဏီတွေ မဟုတ်တာ လုပ်ခဲ့တော့ ထုံးစံအတိုင်း ပြောစရာကရသွားပြီး လိမ်တဲ့ကုမ္ပဏီတွေ ပေါ်လာမှာ စိုးလို့ ဆိုပြီး အများပိုင်ကုမ္ပဏီ ပေါ်ပေါက်လာရေးကို အားမထုတ်တော့ဘဲ ချောင်ထိုးခဲ့ပါတယ်။ ဒါ့အပြင် အကြောင်းရင်းကို မရှာ၊ သိမ်းကျုံးပြီး ဘာမလုပ်ရ ညာမလုပ်ရနဲ့ ပိတ်ပင်တဲ့ စည်းမျဉ်း (barriers) တွေ တစ်ခုပြီး တစ်ခု ထွက်ပေါ်လာကာ လွယ်နေတာ အားလုံးခက်သွားပြီး ပြည်သူတွေ မညည်းရဲ မညူရဲနဲ့ လုပ်ခဲ့ကြရတာတွေကို စာဖတ်သူများ မေ့လိမ့်ကြဦးမယ် မထင်ပါဘူး။

မောင်တိုင်ပင်တို့ကို တဖွဖွ ပြောနေတာက ပြည်သူတွေရဲ့ ဖျာအောက်ကငွေတွေကို အရင်းအနှီး ဈေးကွက်ထဲ ရောက်အောင် လုပ်ရမယ် ဆိုပေမဲ့ လုပ်ငန်းရှင်တွေကတော့ ဆာလာအိတ်တွေနဲ့ တစ်နေရာက တစ်နေရာကို ငွေတွေသယ်၊ ဘဏ်တွေရှေ့မှာ ဆာလာအိတ်တွေကို ဘဏ်အစောင့်တွေက သယ်၊ အသွင်းအထုတ် လုပ်ပြီး ထရန်ဆက်ရှင်တွေ လုပ်ကြရပါတယ်။ ဒေသတွင်း

မှာ ဘယ်နိုင်ငံမှာမှ မတွေ့ရတဲ့ မြင်ကွင်းတွေကို ယနေ့တိုင် တွေ့နေရဆဲပါ။ (တစ်သောင်းတန် ထုတ်လိုက်တော့ ငွေတွေ ကျစ်သွားလိမ့်မယ် ထင်ပါတယ်) သူဌေးတွေ သူကြွယ်တွေရဲ့ ငွေတွေလည်း ရွှေဘက် ရောက်လိုက်၊ ကားဘက် ရောက်လိုက်၊ အိမ်ခြံမြေ တိုက်ခန်းဈေးကွက် ရောက်လိုက်နဲ့ ငါးပွက်ရာ ငါးစာချခဲ့ ကြပြီး မတည်ငြိမ်တဲ့ ဈေးကွက်တွေ ဖန်တီးတာသာ အဖတ်တင်ခဲ့ပါတယ်။ တစ်လောက ဆိုရင် အစိုးရရဲ့မူဝါဒ အလွဲအပြောင်းကို မခန့်မှန်းနိုင်တဲ့အတွက် (သို့မဟုတ် အငိုက်မိသွားတဲ့အတွက်) လုပ်ငန်းရှင်တွေ ကားဈေးကွက်မှာ သိန်း ပေါင်း သောင်းချီ ရှုံးခဲ့ကြတာဟာ ဈေးကွက် ပုံပျက်သွားခြင်းရဲ့ အကျိုးဆက် တစ်ခု ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ လုပ်ငန်းရှင်တွေ နစ်နာခြင်းဟာ တိုင်း ပြည် နစ်နာခြင်းပါပဲ။ ဒါကိုတော့ နောင်ကာလတွေမှာ သတိထားသင့်ပါတယ်။ နောက်တစ်ခုက ခိုင်မာတဲ့ပေါ် လစီတစ်ရပ် မချမှတ်နိုင်ဘဲ လက်တန်း လျှောက် လုပ်နေတဲ့ သဘောတွေ ပါဝင်နေတာကို တွေ့ရပါတယ်။

အိမ်ခြံမြေဈေးမှာလည်း အာဆီယံနိုင်ငံတွေအနက် အမြင့်ဆုံးအဆင့်ကို ရောက်ရှိခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အဟန့်အတားသဖွယ် ဖြစ်စေခဲ့ ပါတယ်။ စတော့ဈေးကွက် ပေါ်ပေါက်လာရေးအတွက် မောင်တိုင်ပင် မဆွေး နွေးလိုပါ။ အများပိုင်ကုမ္ပဏီ မရှိရင် စတော့ဈေးကွက်ကြီး ဘယ်လိုမှ မပီပြင်နိုင် ပါ။ ဒါကြောင့် မောင်တိုင်ပင်အနေနဲ့ စတော့ဈေးကွက်ကို အသာထား၊ ပညာရှင် တွေ အများကြီးပဲ၊ သူတို့ ဆွေးနွေးကြလိမ့်မယ်။ မောင်တိုင်ပင်ကတော့ အများ ပိုင်ကုမ္ပဏီများ စနစ်တကျ ပေါ်ပေါက်လာရေးကိုပဲ တင်ပြလိုပါတယ်။

မြန်မာကုမ္ပဏီတွေဟာ မိသားစုစီးပွားရေးလုပ်ငန်းတွေ ဖြစ်ကြပြီး တချို့က အစုစပ်ပုဂ္ဂလိကကုမ္ပဏီတွေ (private company) ဖြစ်ကြပါတယ်။ ကုမ္ပဏီ တွေ လုပ်ငန်းတိုးချဲ့လာတဲ့အခါ ရန်ပုံငွေ (fund) ရရှိရေးအတွက် ပြင်ပက အတိုး နှုန်းမြင့်မြင့်နဲ့ ချေးငှားကြရသလို အချို့ မရွှေ့မပြောင်းနိုင်တဲ့ အိမ်၊ တိုက်တာ မြေတွေ ရှိရင် ဘဏ်မှာ အပေါင်ထားပြီး ငွေချေးကြရပါတယ်။ သို့ ပေမဲ့ အိမ်ခြံမြေဈေးနှုန်း valuation on book value မဟုတ်ဘဲ market value အပေါ် အခြေခံ ချေးရပါတယ်။ ဘဏ်တွေအနေနဲ့ risk တအား များပြီး NPL (non performing loan) တွေ ဖြစ်သွားနိုင်ခြေ ရှိပါတယ်။ စင်ကာပူလိုနိုင်ငံမှာ အရင်းအနှီး ရရှိရေး (fund raising) အတွက် ပုဂ္ဂလိကကုမ္ပဏီ (private) တွေဟာ အများပိုင်ကုမ္ပဏီ (public listed company) အဖြစ်ကို စနစ်တကျ ပြောင်းလဲကြရပါတယ်။ ဒီလို ပြောင်းလဲရာမှာ လုပ်ငန်းစဉ်တွေက ရှုပ်ထွေးလှပါ

တယ်။ သတ်မှတ်ထားတဲ့ ပုံစံဝင်စေဖို့ ငွေကြေး စီမံခန့်ခွဲမှု အဖွဲ့အစည်းတွေ (financial advisory firms)၊ ကော်ပိုရိတ် ဥပဒေ အကြံပေးအဖွဲ့အစည်းတွေ (corporate law firms) ရဲ့ အကြံဉာဏ်ကို ရယူပြီး စတော့အိတ်ချိန်းမှာ မိမိ ကုမ္ပဏီ ဈေးကွက်ဝင်စေဖို့ လုပ်ဆောင်ရပါတယ်။ ကနဦး ရှယ်ယာတွေကို ဘယ်မျှနဲ့ ရောင်းချသင့် မသင့် (initial public offering- IPO) ကိုလည်း အဆိုပါ အဖွဲ့အစည်းတွေထံမှာ အကြံဉာဏ်တွေ ရယူ ဆောင်ရွက်ရပါတယ်။ စတော့အိတ်ချိန်းမှာ အခြေအနေ ကောင်းရင် ရှယ်ယာတွေကို အလုအယက် ဝယ်ယူတာကြောင့် ကုမ္ပဏီဟာ ခြောက်လကနေ ကိုးလအတွင်း မိမိ လိုချင်တဲ့ အရင်းအနှီးတွေ ရရှိလာနိုင်ပါတယ်။

မြန်မာကုမ္ပဏီ အများအပြားအနေနဲ့ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲ လုပ်ကိုင်လိုကြပေမဲ့လည်း ဘယ်လို ဆောင်ရွက်ရမယ်ကို သိရှိ နားလည်တဲ့ ကုမ္ပဏီ အတော် နည်းပါလိမ့်မယ်။ တစ်ဖက်မှာလည်း သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်း သတ်မှတ်ထားတာ မရှိသေးတဲ့အပြင် ခိုင်မာတိကျတဲ့ လုပ်ငန်းစဉ် (well established procedures) လည်း မရှိသေးပါဘူး။ အဲဒါနဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေ ပြည်တွင်းမှာ ဖွဲ့စည်းတည်ထောင်ရေးအတွက် အခုအချိန်ကတည်းက အားပေး ဆောင်ရွက်သင့်ပါတယ်။ အဲသလို ဆောင်ရွက်ရာမှာ Financial advisory firms, Corporate law firms, Audit firms တွေ စတဲ့ နိုင်ငံတကာအဆင့်မီ အထောက်အကူပြု ကုမ္ပဏီတွေ များများစားစား ပေါ်ပေါက်လာဖို့ လိုပါတယ်။ မြန်မာနိုင်ငံမှာ ကုမ္ပဏီ တော်တော်များများဟာ စာရင်း (book) နှစ်ခု ထားကြတာကို ဒေသတွင်း နိုင်ငံတော်တော်များများက သိနေကြပါတယ်။ အခွန် ပေးရတာ သက်သာဖို့ စာရင်း နှစ်ခု ထားနိုင်အောင်လည်း Audit firms တွေက လုပ်ပေးကြပါတယ်။ (နာမည် ရှိပြီး Audit firms များ မပါဝင်ပါ)။

မြန်မာနိုင်ငံမှာ ကုမ္ပဏီတွေနဲ့ ပတ်သက်လို့ တိတိကျကျ လုပ်ကိုင်နိုင်တဲ့ အလေ့အကျင့်တွေ ရလာမှပဲ အများပိုင်ကုမ္ပဏီတွေအဖြစ် ပြောင်းလဲ လုပ်ကိုင်ရာမှာ ဒေသတွင်းနိုင်ငံတွေရှိ ကုမ္ပဏီတွေနည်းတူ ရင်ပေါင်တန်း လုပ်ကိုင်လာနိုင်မှာ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီ ပြောင်းလဲခြင်း (go public) ကို ဆောင်ရွက်ရာမှာ ဘယ်အစိုးရအဖွဲ့အစည်းက တာဝန်ယူ ဆောင်ရွက်ပေးမှာကို ပီပီပြင်ပြင် ကြေညာထားသင့်ပါတယ်။ အဆိုပါအပိုင်းမှာ အစိုးရက ဖြစ်စေ၊ UMFCCI လို civil societies တွေက ဖြစ်စေ အာဆီယံနိုင်ငံအတွင်းက အဆိုပါ

အဖွဲ့အစည်းတွေကို မြန်မာနိုင်ငံမှာ ရုံးခွဲတွေ လာရောက် ဖွင့်လှစ်ပြီး လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်းတွေ ဖွင့်ပေးချိန်တန်ပါပြီ။ ဥပဒေ မရှိသေးဘူး၊ လုပ်မယ့် ကုမ္ပဏီ မရှိသေးဘူး ဆိုတဲ့ ဆင်ခြေတွေ ပေးမနေသင့်တော့ပါဘူး။ ဒါ ပြီးမှ ဒါ လုပ်မယ် ဆိုပြီး sequencing ကို စဉ်းစားနေလို့ကတော့ မောင်တိုင်ပင် အကြောက်ဆုံးက စတော့အိတ်ချိန်းကြီး ပီပီပြင်ပြင် ဖွင့်ပြီးခါမှ listed companies ဟာ တစ်ခု၊ နှစ်ခုပဲ ရှိနေမယ် ဆိုရင် တို့ရွှေတွေ တော်တော် တုံးရာကျပေတော့မယ်။ ကမ္ဘာ့ဒီးယား စတော့အိတ်ချိန်းဟာ listed companies အလွန် နည်းပါးနေတယ်လို့ သတင်းကြားသိနေရပါတယ်။ အခု အချိန်ကတည်းက family business companies တွေကို ဘယ်လို public listed companies ဆီ ဘယ်လို ပြောင်းလဲမလဲ၊ ဘယ်လို အကျိုးကျေးဇူးတွေ ရမလဲ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကကော မြန်မာ public listed companies တွေရဲ့ ရှယ်ယာတွေကို ဝယ်ခွင့်ပြုမှာလား။ Myanmar stock exchange တည်ထောင်တာနဲ့ တစ်ပြိုင်နက်တည်း အခြား ဆက်စပ်လုပ်ငန်းတွေကို တည်ထောင်ဖို့အတွက် အခုအချိန် မြန်မာမှာ capacity မရှိပါဘူး။ ရှိရင်လည်း အတော် နည်းပါတယ်။ တခြား မကြည့်ပါနဲ့။ corporate law firms၊ audit firms တွေကို ကြည့်ပါ၊ နိုင်ငံတကာအဆင့်မီတာတွေ ဘယ်လောက် ရှိပါသလဲ။ မြန်မာ SME တွေဟာ အာဆီယံနိုင်ငံက SME တွေ ဝင်လာရင် မယှဉ်နိုင်တော့ဘဲ ပျောက်ကွယ်သွားနိုင်တဲ့အန္တရာယ် ရှိနိုင်ပါတယ်။

အချို့ နိုင်ငံခြားကုမ္ပဏီတွေကလည်း ပြည်တွင်းမှာ local partner တွေ ရှာပြီး joint venture လုပ်ဖို့ စိုင်းပြင်းနေကြပါတယ်။ နိုင်ငံခြားကုမ္ပဏီများဟာ ကုန်သွယ်မှုကို ခွင့်မပြုထားတော့ ပြည်တွင်းမှာပဲ local partners တွေ ရှာပြီး ထုတ်လုပ် ရရှိတဲ့ ပစ္စည်းတွေကို ရောင်းချနိုင်ဖို့အတွက် ကြံဆကြခြင်း ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားကုမ္ပဏီတွေကိုတော့ ကုန်သွယ်မှုလုပ်ငန်း ခွင့်ပြုတယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဒီအချက်အလက်တွေ အားလုံးဟာ အခု အချိန်မှာ ပြင်ဖို့ လိုပြီလား။ ဒေသတွင်းနိုင်ငံတွေမှာ ဘာတွေ လုပ်နေသလဲ စတာတွေကို တစေ့တစောင်း ကြည့်ပြီး ပြင်စရာ ရှိရင် (အရင်က ဘယ်လို ရှိရှိ) ပြင်ဖို့တော့ ကောင်းနေပါပြီ။ ကုန်သွယ်မှုမူဝါဒကို အခြားကဏ္ဍတွေ ပြုပြင်ပြောင်းလဲတဲ့ reform တွေအတိုင်း ပြောင်းလဲ ကျင့်သုံးဖို့ လိုနေပါပြီ။ ကုန်သွယ်မှုမူဝါဒကောင်စီလက်ထက်က မူဝါဒအတိုင်း မပြင်မဆင် ဆက်လက်ကျင့်သုံးနေလို့ကတော့ နိုင်ငံတကာမှာ ဝင်ဆံ့နိုင်ဖို့ အများကြီး လုပ်ရဦးမှာ ဖြစ်ပါတယ်။

အရှေ့တောင်အာရှဒေသမှာ ဒေသတွင်းရှိ ကုမ္ပဏီတွေသာမက နိုင်ငံတကာ ကုမ္ပဏီကြီးတွေ အပါအဝင် IPO ဈေးကွက်တွေ ဖြစ်ပေါ်လာခဲ့ကြောင်း Morgan Stanley က တာဝန်ရှိသူတစ်ဦးက ပြောပြပါတယ်။ ၂၀၁၂ ခုနှစ်က စပြီး ကမ္ဘာ့အဆင့်မီ ကုမ္ပဏီတွေဟာ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား စတဲ့ နိုင်ငံတွေမှာ IPO တွေ ရောင်းချပြီး အရင်းအနှီးတွေ စုဆောင်းလျက် ရှိပါတယ် လို့ သူ ဆက်လက် ပြောပြပါတယ်။ အဆိုပါ ဒေသတွင်းနိုင်ငံတွေမှာ ကုမ္ပဏီ အများအပြားဟာ အများပိုင်ကုမ္ပဏီကြီးတွေအဖြစ် ပြောင်းလဲ လုပ်ကိုင်နေကြ တာ အားရစရာ ကောင်းလှပါတယ်။

မြန်မာမှာ ရန်ကုန်စတော့အိတ်ချိန်း ပေါ်လိမ့်မယ်လို့ မှန်းထားတော့ တချို့ အမြင်ကျယ်တဲ့ မြန်မာကုမ္ပဏီတွေဟာ အရင်းအနှီး ရလိုတဲ့အတွက် စင်ကာပူ SGX မှာ မှတ်ပုံတင်နိုင်အောင် go public လာလုပ်နေကြပါပြီ။ အဲဒီထဲကို Yoma Strategic Holdings ကတော့ စင်ကာပူက လူတွေ တော်တော် သိနေ ကြပြီး IPO ဟာ စင်ကာပူဒေါ်လာ (သုည ဒသမ ၂၂) ကနေ အခုဆိုရင် (သုည ဒသမ ၃၂) လောက်အထိ တဖြည်းဖြည်း တက်လာတာကို တွေ့ရပါ တယ်။ မြန်မာလုပ်ငန်းရှင်တွေ အမြင်ကျယ်ကြစမ်းပါ၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဩစတြေးလျ စတဲ့ နိုင်ငံတွေမှာ သူတို့ စည်းမျဉ်းစည်းကမ်းတွေ အရ IPO တွေ ရောင်းချပြီး go public လုပ်ကြစမ်းပါ။ မြန်မာမှာ resources တွေ အများကြီး ရှိပါတယ်။ resources တွေလို့ ကြားလိုက်တာနဲ့ သူတို့တစ်တွေ မျက်လုံးပြူး၊ နားစွင့် ခေါင်းထောင်လာမှာ သေချာပါတယ်။ လုပ်တတ်ဖို့ပဲ လို ပါတယ်။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၁၉–၆–၂၀၁၂]

# အများပိုင် ကုမ္ပဏီနှင့် အရင်းအနှီးဈေးကွက် (၂)

အရင်အပတ်က စင်ကာပူမှာ Pte Ltd ကုမ္ပဏီတွေ ဘယ်လို စာရင်းဝင် အများပိုင်ကုမ္ပဏီ အဖြစ် ပြောင်းလဲခဲ့ကြတယ် ဆိုတာ မောင်တိုင်ပင် နားလည်သလောက် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ The Strait Times သတင်းစာကို ကြည့်လိုက်ရင် စီးပွားရေးကဏ္ဍတွေမှာ multinational ကုမ္ပဏီကြီးတွေဟာ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင် စတဲ့ နိုင်ငံတွေမှာ IPO တွေ ရောင်းချမယ် ဆိုတဲ့ သတင်းတွေဟာ ထိပ်တန်းက ပါနေပါတယ်။ စင်ကာပူမှာ ယနေ့ လုပ်ငန်း လုပ်ကိုင်နေတဲ့ အလတ်စား ပုဂ္ဂလိကကုမ္ပဏီ (Pte.Ltd) တစ်ခုဟာ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲလိုတဲ့ အကြောင်းရင်း များစွာ ရှိပါတယ်။ အမြတမ်း အသစ်အသစ်တွေ ပေါ်နေတဲ့ ဒီကနေ့ခေတ်မှာ ဒီဇိုင်း အသစ်တွေ ထုတ်လုပ်နိုင်ဖို့ ငွေကြေး အရင်းအနှီး

> အများပိုင်ကုမ္ပဏီ
> ထောင်မယ်လို့ ကြေညာပြီး
> ထောင်တဲ့အခါ
> စည်းမျဉ်းစည်းကမ်းနဲ့ မဟုတ်တဲ
> မျက်နှာလွှဲခဲပစ် လုပ်ခဲ့ရင်
> ရှယ်ယာရှင်တွေပဲ
> နစ်နာဆုံးရှုံးရတာ ဖြစ်ပါတယ်။

လိုအပ်လာပါတယ်။ ကုမ္ပဏီဟာ turn over ဘယ်လောက်အပေါ်မှာ လုပ်နေပါတယ် ဆိုတဲ့ ငွေကြေးပိုင်းဆိုင်ရာ ရပ်တည်မှုလည်း မြင့်မားလာချင်ကြပါတယ်။

စားသုံးသူ ပြည်သူအများစုအနေနဲ့ ကုမ္ပဏီကို ဖြစ်စေ၊ ကုမ္ပဏီက ထုတ်လုပ်တဲ့ ပစ္စည်းကို ဖြစ်စေ စိတ်ပါဝင်စားမှုနဲ့ အာရုံစိုက်မှုတွေကို ရရှိလိုကြပါတယ်။ ဒီအချက်တွေကြောင့် စာရင်းဝင် အများပိုင်ကုမ္ပဏီ (public listed company) ဖြစ်လိုကြတယ်လို့ သုံးသပ်ကြပါတယ်။ သို့ပေမဲ့ ပုဂ္ဂလိက ကုမ္ပဏီအများစုကတော့ public listed ကုမ္ပဏီတွေ ဖြစ်လာဖို့အတွက် အရည်အသွေးတွေ လိုအပ်နေဆဲပါ။ အချို့သော ပုဂ္ဂလိကကုမ္ပဏီတွေဟာ အများပိုင်ကုမ္ပဏီအဖြစ် မပြောင်းလဲလိုပေမဲ့ သူတို့ကုမ္ပဏီရဲ့ အစုရှယ်ယာဟာ ၅၀ ဦးထက်ကျော်လာပြီ ဖြစ်တဲ့အတွက် ကုမ္ပဏီမှတ်ပုံတင်ရုံးက ပြောင်းခိုင်းလို့ ပြောင်းရတာဖြစ်ပါတယ်။ IPO ရောင်းပြီး အများပိုင်ကုမ္ပဏီ လုပ်တာက အချိန်ကြာပါတယ်။ ၁၂ နှစ်လောက် ကြာပေမဲ့ လိုချင်တဲ့ အရင်းအနှီးကို ရောက်မလာနိုင်ဘူး။ နောက်လုပ်နည်းတစ်ခုက မြန်တယ်။ အဲဒါကို Reverse Takeover RTO လို့ခေါ်ကြတယ်။ လက်ရှိစာရင်းဝင် အများပိုင်ကုမ္ပဏီနဲ့ Pte Ltd ကုမ္ပဏီတို့ ပေါင်းလိုက်ကြတာပဲ။ merger and acquistion လို့ ခေါ်ကြတယ်။ စာရင်းဝင် အများပိုင်ကုမ္ပဏီကို shell company လို့ ခေါ်တယ်။ ဆိုလိုတာက ခရုခွံလိုမျိုးပေါ့။ ပေါင်းလိုက်ကြတဲ့အခါတော့ Pte Ltd ကုမ္ပဏီဟာ စာရင်းဝင် အများပိုင် ကုမ္ပဏီ (public listed co) ဖြစ်သွားပါတယ်။

အဲဒီလို လုပ်တော့ ဘာအကျိုးကျေးဇူးတွေ ရလာသလဲ။ public listed co ဖြစ်သွားတော့ အလိုလို တန်ဖိုးတက်လာတယ်။ အရင်းအနှီး စုစည်းရတာ လွယ်ကူလာတယ်။ ပေါင်းတာ၊ ရယူတာကို ရှယ်ယာ အလွှဲအပြောင်းနဲ့ လုပ်လို့ရတယ်။ ငွေကြေး အများကြီး မလိုအပ်ဘူး။ IPO လုပ်ပြီး အရင်းအနှီး စုရတာထက် အချိန်ကုန် သက်သာတယ်။ IPO လုပ်တာထက် ကုန်ကျစရိတ် အများကြီး သက်သာတယ်။ IPO မှာ ရှယ်ယာ ဝယ်ယူမှုဟာ ဈေးကွက်အခြေအနေအပေါ် မူတည်ပြီး အချိန်မရွေး နောက်ဆုတ်သွားနိုင်တော့ RTO က စွန့်စားရမှုနည်းတယ်။ မြန်မာနိုင်ငံမှာတော့ IPO တောင် ပီပီပြင်ပြင် ဖြစ်မလာသေးပါဘူး။

မြန်မာနိုင်ငံမှာ အများပိုင်ကုမ္ပဏီတွေ ဖွဲ့စည်းဖို့ ဆောင်ရွက်တဲ့အခါ လျော့ရဲရဲရှိပါတယ်။ ဒါကလည်း အပြစ် ပြောလို့ မရပါဘူး။ စည်းမျဉ်းစည်းကမ်းလည်း တိတိပပ ထင်သာမြင်သာ ရှိအောင် ရေးဆွဲထားတာ မရှိတဲ့အပြင် ဆိုင်ရာဌာနတွေက စနစ်တကျ ကွပ်ကဲမှုတွေကို မလုပ်နိုင်ကြပါဘူး။ YSX

(Yangon Stock Exchange) ပေါ်လာတာနဲ့ တစ်ပြိုင်နက်တည်း စည်းမျဉ်း စည်းကမ်းတွေ ရေးဆွဲပြီးလောက်ပါပြီ။ အဲဒီကျရင် အများပိုင်ကုမ္ပဏီတွေ စနစ်တကျ ဖွဲ့စည်းနိုင်လိမ့်မယ် ထင်ပါတယ်။ public listed ကုမ္ပဏီတစ်ခု ဖြစ်ပြီး မောင်တိုင်ပင် လုပ်ခဲ့တဲ့ ဘဏ်ကိုပဲ နမူနာ ပြပါရစေ။ ဒီဘဏ်ဟာ အစိုးရနဲ့ ပြည်သူ့ရှယ်ယာ တစ်ဝက်စီ ပိုင်ကြပါတယ်။ စာရင်းဝင် (listed) ဆိုတာ စတော့အိတ်ချိန်း ရှိနေလို့ မဟုတ်ပါဘူး။ Myanmar Security Exchange Centre MSEC မှာ စာရင်းဝင်တာကို ပြောတာပါ။

အဲဒီ MSEC အကြောင်း အရင် အပတ်က ပြောပြပြီးပြီ။ စာရင်းဝင် (listed) က သစ်တောဖက်စပ်၊ ဘဏ်တို့ နှစ်ခုပဲ ရှိပါတယ်။ ဘဏ်ရဲ့ authorised capital ကို ၂၀၁၂ နှစ် ဘဏ္ဍာနှစ်စမှာ တိုးမြှင့်ခဲ့ပါတယ်။ အမှန်တော့ paid- up capital ကို တဖြည်းဖြည်းချင်း တိုးသွားရမှာပါ။ ဘဏ်က အရင်းအနှီး တိုးလာအောင် လုပ်တော့ ဘာလုပ်မလဲ ဆိုတဲ့ prospectus ကို ကြေညာရပါတယ်။ နိုင်ငံခြားငွေ authorised dealer license လျှောက်ဖို့အတွက် အရင်းအနှီး လိုပါတယ်။ အမေရိကန်ဒေါ်လာ ငါးသန်းပါ။ နိုင်ငံခြားငွေကိုင်တွယ် လုပ်ကိုင်ခွင့် ရရင် နိုင်ငံခြားဘဏ်တွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေ ရလာနိုင်ပြီး လုပ်ငန်းတွေ တိုးချဲ့နိုင်ကြပါတယ်။

လက်ရှိ ဘဏ်အဆောက်အအုံဟာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်တဲ့အတွက် ဟောင်းနေပြီ ဖြစ်ပါတယ်။ ဘဏ်ကို ဖြိုဖျက်ပြီး ဘဏ်နဲ့အတူ နိုင်ငံတကာအဆင့်မီ အထပ်မြင့်ရုံးခန်းတွေ ပါဝင်တဲ့ ၁၈ ထပ်ရှိ MCB တာဝါလိုမျိုး ဆောက်လုပ်ဖို့ အရင်းအနှီး လိုပါတယ်။ နိုင်ငံတကာက လာရောက်မယ့် ကုမ္ပဏီတွေကို ရုံးခန်းတွေ ငှားရမ်းခြင်းနဲ့ ဝင်ငွေ ရရှိနိုင်ပါတယ်။ စီးပွားရေး အချက်အချာကျတဲ့ ဒေသတွေမှာ ဘဏ်ခွဲတွေ ဖွင့်လှစ်ဖို့ ဖြစ်ပါတယ်။ ဘဏ်ရဲ့ ဝန်ဆောင်မှုလုပ်ငန်းကို နိုင်ငံတကာအဆင့်မီအောင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒီအချက်တွေဟာ မောင်တိုင်ပင် ဘဏ်က အနားမယူခင်က ဆောင်ရွက်ခဲ့တာကို နမူနာအဖြစ် တင်ပြခြင်း ဖြစ်ပါတယ်။ ဘဏ်ရဲ့ရှယ်ယာကို ထုတ်ရောင်းခဲ့တာ နှစ်လ-သုံးလလောက်အတွင်း ကုန်သွားခဲ့ပြီး နောက်ထပ် authorized capital ထပ်တိုးဖို့တောင် လုပ်နေကြတယ်လို့ သတင်းတွေ ကြားနေရပါတယ်။ ဘဏ်မှာ အရင်တုန်းကတော့ dividend ဘယ်လောက် ပေးသလဲ ဆိုတာ ရင်းနှီးချင်တဲ့ သူတွေ ပထမဆုံး စုံစမ်းတဲ့ အချက်ပါ။ ဒီဘဏ်ဟာ ဘဏ်တိုး ၁၂ ရာခိုင်နှုန်း ဖြစ်တုန်းက dividend ၂၅ ရာခိုင်နှုန်းလောက် ပေးနိုင်ခဲ့ပါတယ်။ ဘဏ်တိုး

ထက် နှစ်ဆလောက် ဖြစ်နေတော့ ဒီဘဏ်ရဲ့ရှယ်ယာကို ဝယ်ချင်သူတွေ များခဲ့ပါတယ်။ အခုတော့ အတိုးနှုန်းလည်း လျှော့လာတော့ အဲဒီပမာဏကို မပေးနိုင်တော့ပါ။ မောင်တိုင်ပင်တို့ မြန်မာပြည်သူတွေဟာ ငွေပိုငွေလျှံကလေးတွေ ရှိနေရင် ဘဏ်တိုးတွေ ကောင်းခဲ့တုန်းက ဘဏ်မှာ saving account ဖွင့်ပြီး အပ်နှံထားကြပါတယ်။ သိန်း ၁၀၀၀ လောက် အပ်ထားလို့ကတော့ ဘဏ်တိုး ကောင်းတုန်းက ဆိုရင် အိမ်ထောင်စု တစ်စုအနေနဲ့ ကောင်းကောင်း ထိုင်စားနိုင်ပါတယ်။ အပေါင်နဲ့ ၃ိ တိုး၊ အပေါင် မပါ ၅ိ တိုးတို့ ဆိုတာ အချိန်မရွေး ဆုံးသွားနိုင်ပါတယ်။ အခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေ မရှိတော့ ပြည်သူတွေဟာ ရှယ်ယာ ခေါ်ပြီ ဆိုရင် ခေါင်းထောင်ကြည့်ကြပါတယ်။

ဒီဘဏ်ရဲ့ IPO နဲ့ ပတ်သက်ပြီး နောက်မှ သိလာရတာကတော့ ဘဏ်ရဲ့ ရှယ်ယာတန်ဖိုးဟာ အနိမ့်ဆုံးမှာ ဖြစ်သင့်တာကိုပါ။ ဘဏ်ရဲ့ ယခင်ရှယ်ယာတန်ဖိုးက ကျပ် ၅၀၀၀ ပါ။ နောက် ကျပ်တစ်သိန်း ပြောင်းလဲ သတ်မှတ်ခဲ့ပါတယ်။ အမှန်တော့ ရှယ်ယာတန်ဖိုးကို အနိမ့်ဆုံး ထားတာ အကောင်းဆုံးဖြစ်ပါတယ်။ စင်ကာပူမှာ IPO စရောင်းပြီ ဆိုရင် ဆင့် ၂၀ ကနေ ၃၀ အတွင်း (မြန်မာကျပ် ဆိုရင် ကျပ် ၁၃၀- ကျပ် ၁၈၀) မှာပဲ သတ်မှတ်ကြပါတယ်။ YSX မှာ တင်နိုင်ရင် ရှယ်ယာဟာ ကျပ် ၅၀၀၀ ကနေ ၇၀၀၀-၈၀၀၀ လောက်အထိ ဝယ်လိုအားအပေါ် မူတည် တက်သွားရင် ရာခိုင်နှုန်းက များပါတယ်။ အခု ရှယ်ယာက ကျပ်တစ်သိန်း ဆိုတော့ ကျပ် ၁၀၀၀၀ လောက် တက်တောင်မှ ရာခိုင်နှုန်းက နည်းနည်းပဲ တက်လာနိုင်တယ်။ ဒါတွေ ဘာကြောင့် ပြောနေရသလဲ ဆိုတော့ သင်ခန်းစာယူနိုင်အောင်ပါ။ အတွေ့အကြုံတွေအရ လက်တွေ့လုပ်ရင်းကိုင်ရင်းနဲ့ သိလာတဲ့အချက်တွေ ဖြစ်ပါတယ်။

တကယ်တော့ ဒီဘဏ်ဟာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ဖြစ်တဲ့အတွက် public listed ဖြစ်တော့မှာပါ။ အခြား ဘဏ်တစ်ခုခုက RTO စနစ်နဲ့ merger and acquistion လာလုပ်နိုင်ပါတယ်။ IPO ရောင်းပြီး လုပ်တဲ့စနစ်ထက် မြန်နိုင်တာပေါ့။ ပြည်သူတွေဟာ ကုမ္ပဏီတွေ ရှယ်ယာ ရောင်းမယ် ဆိုရင် နီးစပ်ရာ ကျွမ်းကျင်တဲ့သူတွေကို ဒီရှယ်ယာ ဝယ်ထားရင် ကောင်းမလားနဲ့ တိုင်ပင်ကြပါတယ်။ အခုလို ရှယ်ယာ ခေါ်တယ်၊ အများပိုင်ကုမ္ပဏီတွေ ထောင်မယ် ဆိုရင် လူလတ်တန်းစားတွေက ရင်းနှီးဖို့ စဉ်းစားကြပါတယ်။ ဘယ်သူ့ကို မေးရမလဲ၊ ဘယ်အချက်အလက်တွေကို ကြည့်ရမလဲ၊ အကျိုးရှိပါ့မလား၊ အစုအပေါ်က အမြတ်ငွေ နှစ်ကုန်တဲ့အခါ အစုပေါ်က ဝင်ငွေ ဘယ်လောက် ရ

မလဲ၊ အဲဒီလို ကြေညာတဲ့ အချိန်ကျရင် မစားရဝမခန်းပါ။ လွန်ခဲ့တဲ့နှစ် တော်တော်ကြာကြာက ဒီနေ့ နာမည်ကြီး စီးပွားရေးသမား ဦးဆောင်တဲ့ အများပိုင်ကုမ္ပဏီမှာ အစုရှယ်ယာကို မောင်တိုင်ပင် ဝယ်ထားဖူးပါတယ်။ ပထမ တစ်နှစ်တော့ အစုအပေါ် အမြတ်ငွေ ခွဲဝေပေးမှု ရခဲ့ပါတယ်။ နောက်တစ်နှစ် ဘဏ်တိုးလောက်တောင် မရခဲ့ပါဘူး။ နောက်ပိုင်း မရခဲ့တဲ့ နှစ်တွေလည်း ရှိပါတယ်။ လူလည်ကြီး သားသမီးများကတော့ ချမ်းသာပြီးရင်း ချမ်းသာခဲ့ပေမဲ့ မောင်တိုင်ပင်တို့လို များများမှာတော့ ...။ အမယ် ... အဆောက်အအုံ နေရာထိုင်ခင်းကတော့ အပျံစားပဲ။ အဲဒီတော့ မောင်တိုင်ပင် အထင်ကြီးမိတာပေါ့လေ။ နောက်တော့ လုပ်ငန်းရှင်တစ်ယောက်ကို ရှယ်ယာ ပြန်လွှဲပြောင်း ရောင်းချလိုက်လို့ အရှုံးနည်းနည်း သက်သာခဲ့ပါတယ်။ ဒါကို ဘာကြောင့် ပြောနေရသလဲ ဆိုတာ အများပိုင်ကုမ္ပဏီ ထောင်မယ် ဆိုရင် ပြည်သူအများစုက စိတ်ဝင်စားကြတယ်။ ရှယ်ယာ ဝယ်ပြီး ရင်းနှီး မြှုပ်နှံချင်ကြတယ်။

အဲဒီလို အများပိုင်ကုမ္ပဏီ ထောင်မယ်လို့ ကြေညာပြီး ထောင်တဲ့အခါ စည်းမျဉ်းစည်းကမ်းနဲ့ မဟုတ်ဘဲ မျက်နှာလွှဲခဲပစ် လုပ်ခဲ့ရင် ရှယ်ယာရှင်တွေပဲ နစ်နာဆုံးရှုံးရတာ ဖြစ်ပါတယ်။ အခုလည်း ပဲအသင်း၊ ရွှေအသင်းက ဦးဆောင်လို့ အများပိုင်ကုမ္ပဏီတွေ ဖွဲ့ကြမယ် ဆိုပြီး အင်တာနက်သတင်းတွေမှာ ဖတ်ရပါတယ်။ ဆန်စပါးအသင်း ဆိုရင်လည်း လွန်ခဲ့တဲ့ လအနည်းငယ်က အများပိုင်ကုမ္ပဏီ ဖွဲ့ဖို့ စတင် ကြိုးပမ်းခဲ့ကြပြီး သက်ဆိုင်ရာ ကုမ္ပဏီမှတ်ပုံတင်ရုံးမှာ တင်ပြထားပြီလို့ သိရပါတယ်။ YSX ရဲ့ listed ကုမ္ပဏီတွေထဲမှာ ဒီကုမ္ပဏီလည်း ပါပါတယ်။ အခုလို အသင်းတွေကနေ အများပိုင်ကုမ္ပဏီတွေ ဖွဲ့ဖို့ စိုင်းပြင်းလာကြခြင်းဟာ ဒီအသင်းလုပ်ငန်းမှာ ပါဝင် ပတ်သက်နေတဲ့ stakeholders အားလုံး ပါဝင်ခွင့် ရအောင် ဖန်တီးတာ ဖြစ်ပြီး အသေးစား၊ အလတ်စား၊ အကြီးစား ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ချင်ကြတဲ့ ပြည်သူအများစုရဲ့ ပြင်းပြတဲ့ ဆန္ဒတွေကို ဖြည့်ဆည်းရာ ရောက်ပါတယ်။

တစ်နည်းအားဖြင့် ကိုယ့်ငွေကလေး ဆုံးရှုံးသွားမှာ ကြောက်ပြီး ဘဏ်လည်း မအပ်ရဲ၊ ကိုယ့်အိပ်ရာ ဖျာအောက်မှာ သိမ်းဆည်းထားတဲ့ ငွေကြေးတွေဟာ အကျိုးရှိရှိ ရှယ်ယာဝယ် ရင်းနှီးမြှုပ်နှံနိုင်မှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေဟာ မြန်မာမှာ အကြီးဆုံးလုပ်ငန်းတွေလို့ ဆိုရင် မမှားပါဘူး။ ဆန်စပါး အများပိုင်ကုမ္ပဏီဖွဲ့ဖို့ ဆွေးနွေးစဉ်တုန်းကတော့ နိုင်ငံခြားက အတွေ့အကြုံ ရှိပြီးသား CEO တောင် ငှားမယ်လို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ လုပ်ငန်းကြီးတွေ ဖြစ်တဲ့အပြင်

အသင်းအဖွဲ့တွေက တာဝန်ရှိသူတွေ ဦးဆောင်လုပ်မှာ ဆိုတော့ ပြည်သူတွေက ယုံကြည်ပြီး ရှယ်ယာတွေ ဝယ်ကြလိမ့်မယ်လို့ ထင်ပါတယ်။

စင်ကာပူမှာ အများပိုင်ကုမ္ပဏီတွေအကြောင်း ဖောက်သည်ချရရင် The Aussino Group ဟာ မျက်နှာသုတ်ပဝါ၊ အိပ်ရာခင်း စတဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေ ထုတ်လုပ်တဲ့ ကုမ္ပဏီ ဖြစ်ပါတယ်။ ဒီကုမ္ပဏီဟာ မြန်မာက ဦးဇော်ဇော်အုပ်စု ဖြစ်တဲ့ Max Strategic Investment ကုမ္ပဏီပိုင် ရှယ်ယာတွေကို ဝယ်ယူပြီး မြန်မာနိုင်ငံမှာ လောင်စာဆီဆိုင်တွေ ဖွင့်လှစ် ရောင်းချသွားမှာ ဖြစ်ပါတယ်။ Max Strategic Investment ကုမ္ပဏီဟာ စင်ကာပူမှာ public listed ကုမ္ပဏီအဖြစ် မှတ်ပုံတင် ထားရှိပြီး စင်ကာပူ စတော့အိတ်ချိန်းမှာ ရှယ်ယာ အရောင်းအဝယ် လုပ်လျက်ရှိပါတယ်။ Aussino က အဲသလို ဝယ်ယူရာမှာ Reverse Takeover RTO စနစ်နဲ့ ဝယ်ယူသွားမှာ ဖြစ်ပါတယ်။ အဲဒီစနစ်ကို နောက်ပိုင်းမှာ အသေးစိတ် ဆက်လက် ရှင်းလင်းသွားပါမယ်။ Aussino Group ဟာ အဆိုပါ လုပ်ငန်းအတွက် စင်ကာပူဒေါ်လာ သန်း ၆၀ ရင်းနှီး မြှုပ်နှံမယ်လို့ ကြေညာပြီးနောက်ပိုင်းမှာ Aussino ရဲ့ ရှယ်ယာတွေဟာ ၁၅ လကျော်အတွင်း ၂၂ ရာခိုင်နှုန်း တက်လာခဲ့ပါတယ်။

ဒီအချက်ကို အထူးမီးမောင်းထိုးပြလိုတာက မြန်မာဟာ emerging market အဆင့်ကို ရောက်စပြုနေပြီ ဆိုတာပါ။ မြန်မာရဲ့ သယံဇာတ ကြွယ်ဝမှုဟာလည်း အခုချိန်မှာ နိုင်ငံတကာ ကုမ္ပဏီတွေအတွက် စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ ဒါကြောင့် မြန်မာကုမ္ပဏီအများစုဟာ ပြည်တွင်းဈေးကွက်မှာပဲ ကျင်လည်မနေသင့်တော့ဘဲ ပြင်ပကမ္ဘာမှာ ဘာတွေ ဖြစ်နေတယ် ဆိုတာ ထွက်လေ့လာဖို့ ကောင်းနေပါပြီ။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၁၉-၇-၂၀၁၂]

## ခရိုနီလား၊ တိုင်းရင်းသား လုပ်ငန်းရှင်လား

ပြည်သူတွေဘက်က ကြည့်ရင် ခရိုနီ ဖြစ်ပေမဲ့ အစိုးရဘက်က ကြည့်ရင် နိုင်ငံတကာမှာ ဝင်ဆံ့ပြီး လုပ်ငန်းစွမ်းဆောင်ရည် အပြည့်အဝရှိတဲ့ တိုင်းရင်းသား လုပ်ငန်းရှင်တွေလို့ မြင်ပါတယ်။

ဒီကနေ့အချိန်မှာ ယခင်က စစ်တပ်က ဗိုလ်ချုပ်တွေနဲ့ နီးစပ်ခဲ့ကြတဲ့ မြန်မာနိုင်ငံခရိုနီတွေကို အလွှာအသီးသီးမှာ ရှိတဲ့ မြန်မာပြည်သူတွေက အမြင်မကြည်လင်ကြပါဘူး။ စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်က ခရိုနီတွေကို တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နည်းတစ်ဖုံ အသုံးချသင့်တယ်လို့ ဆိုလိုက်တဲ့အခါ ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါတယ်။ မြန်မာခရိုနီတွေ သူတို့ကို ခရိုနီလို့ ခေါ်ခံကြရတာကို မနှစ်သက်ကြပါဘူး။ နိုင်ငံတော်ကတော့ သူတို့ကို တိုင်းရင်းသား လုပ်ငန်းရှင် ဆိုပြီး ခေါ်ဝေါ်ပါတယ်။ အမှန်တော့ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးမှာ ဝင်ဆံ့တဲ့ တိုင်းရင်းသား စီးပွားရေးသမားတွေကို မွေးထုတ်ချင်တာပါ။ တကယ်လည်း သူတို့ဟာ စွမ်းဆောင်ရည် ရှိတဲ့အတွက် ဒီကနေ့ ဒီနေရာကို

ရောက်လာတယ် ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါ။ အချို့သော ခရိုနီတွေရဲ့ အနေအထိုင် မတတ်မှုလည်း ပါပါတယ်။ ဒီခေတ်မှာ မီဒီယာ မျက်စိမှောက် အောင် မနေသင့်ဘူး၊ သာမန်လူ မဟုတ်တော့ဘူး ဆိုတာ မေ့လို့ မရပါဘူး။ သူတို့ဟာ အခွင့်အရေးတစ်ခု ရပေမဲ့လည်း အဲဒီ အခွင့်အရေးနဲ့ တူညီတဲ့ ပေးဆပ်မှုတစ်ခုကို ပေးရပါတယ်။ အဲဒီ ပေးဆပ်မှုဟာ အများအတွက် ဖြစ် ကောင်းဖြစ်မယ်။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အတွက် ဖြစ်ကောင်း ဖြစ်နိုင် ပါတယ်။ အများအတွက် ဆိုရင်တော့ ခရိုနီတွေဟာ လိပ်ပြာသန့်နိုင်ပေမဲ့ individual အတွက် ဆိုရင်တော့ ဒီခရိုနီဟာ ဆယ်စုနှစ်မပါင်း ကြာလာတဲ့အခါ သူကိုယ်တိုင်ကကို ဘာလုပ်ပေးရတယ် ဆိုတာ ဖော်ထုတ်လာမှာပဲ ဖြစ်ပါတယ်။

'ခရိုနီ'ကို အင်္ဂလိပ် အဘိဓာန်မှာ အဓိပ္ပာယ် ဖွင့်ဆိုထားတာက the practice of unfairly giving the best jobs to your friends when you are in a position of power (cronyism) လို့ ဖြစ်ပါတယ်။ စီးပွားရေး အင်္ဂလိပ် စာ အသင့်အတင့်သာ ကြွယ်ဝတဲ့ မောင်တိုင်ပင်အဖို့ ဒီစကားလုံးကို ပထမဆုံး ကြားဖူးတာက လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်က အမေရိကန် Harvard Kennedy School က ပညာရှင်တွေနဲ့ ဆန်စပါးအကြောင်း ဆွေးနွေးခဲ့စဉ် မြန်မာစီးပွားရေး အခြေအနေကို သူတို့ကို ရှင်းလင်း ပြောပြခဲ့တဲ့အခါ မောင်တိုင် ပင်က အစိုးရဆီက အခွင့်အရေးတွေ ရလေ့ရှိတဲ့ စီးပွားရေးသမားတွေကို tycoons လို့ သုံးနှုန်းပြီး ပြောခဲ့တာကို သူတို့က cronies ဆိုပြီး ပြင်ပေးခဲ့တာက နေ ခရိုနီ ဆိုတဲ့ စကားရပ်ကို အကျွမ်းတဝင် ရှိလာခဲ့ပါတယ်။

crony capitalism ကို ကြည့်လိုက်ရင် နိုင်ငံတိုင်းမှာ ရှိနေပါတယ်။ ဒုတိယ ကမ္ဘာစစ် ပြီးစက ဂျပန်မှာ ကိုင်ရီတပ်စ် (keiretus) ဆိုပြီး ခရိုနီတွေ ပေါ်လာဖူး ပါတယ်။ မောင်တိုင်ပင် အလုပ်လုပ်တုန်းက ဆန်စက်တွေ တည်ဆောက်ဖို့ မြန်မာက ဂျပန်ဆီကနေ OECF loan ဆိုရှယ်လစ်ခေတ်က ယူခဲ့ဖူးပါတယ်၊ (တစ်နေ့က လျှော်ပစ်လိုက်တဲ့ ကြွေးက အဲဒီတုန်းက ယူခဲ့တာတွေလည်း ပါလိမ့် မယ် ထင်တယ်။) loan ယူခဲ့တော့ အဲဒီတုန်းက ကုန်သွယ်ရေးဝန်ကြီး အပြော ကောင်းတာနဲ့ grant ဆိုပြီး ဆန်စပါး ရိတ်သိမ်းချိန်လွန် နည်းပညာဌာနတစ်ခု ကို တည်ထောင်ဖို့ ထောက်ပံ့ငွေပါ ပေးခဲ့ပါတယ်။ ဌာန တည်ဆောက်ဖို့ ဂျပန် OECF အေဂျင်စီက တာဝန်ရှိတဲ့ အတိုင်း ဂျပန်ဆောက်လုပ်ရေး လုပ်ငန်းရှင် တွေကို limited tender ခေါ်ယူပြီး ရွေးခဲ့ပါတယ်။ လေး-ငါးဦးလား မသိ ဝင် ပြိုင်ကြပါတယ်။ တင်ဒါ နောက်ဆုံးအဆင့် ရွေးချယ်ပွဲမှာ မြန်မာသံရုံးကိုတောင်

ဖိတ်ခဲ့သေးတယ်။ အဲဒီမှာ သူတို့ ပေးချင်တဲ့ ခရိုနီကုမ္ပဏီကိုပဲ လျှို့ဝှက် တင်ဒါစနစ်နဲ့ ရွေးချယ်ပေးခဲ့တာပါပဲ။ အခြားကုမ္ပဏီတွေ ပါဝင်ခိုင်းတာ အိမ် ဖြည့်တဲ့သဘောမျိုး လုပ်တာပါ။ အဲဒီအချိန်က ဂျပန်က စီးပွားရေး တောင့်တင်းနေတဲ့အချိန် ဆိုတော့ ပြည်ပကို ပေးတဲ့ grant တွေ loans တွေအရ အခြေခံအဆောက်အအုံတွေ တည်ဆောက်ပေးတဲ့အခါ ဂျပန်ဆောက်လုပ်ရေး ကုမ္ပဏီများ ဖြစ်တဲ့ Kajima, Mitsui တို့ဟာ ဂျပန်အာဏာရပါတီတွေရဲ့ ခရိုနီတွေပဲ ဖြစ်ပါလိမ့်မယ်။ အလားတူပဲ ကိုးရီးယားမှာ ဆိုရင် ချေဘိုလ် (chaebol) တွေ ပေါ်ခဲ့တယ်။

Daewoo, Samsung တို့၊ Hyundai တို့ ဆိုတာ South Korean conglomerate (ခရိုနီ) တွေပဲ ဖြစ်ပေမဲ့ multinational company တွေ ဖြစ်ကြပြီး စီးပွားရေးအင်အားက တော်တော် ခိုင်မာပြီး အားကောင်းကြတယ်။ နိုင်ငံရေးမှာလည်း တော်တော်ဩဇာရှိတဲ့ ကုမ္ပဏီတွေ ဖြစ်တယ်။ အိန္ဒိယမှာလည်း TATA မိသားစုကုမ္ပဏီဟာလည်း နိုင်ငံစီးပွားရေးမှာ တော်တော်ကြီးတဲ့ ကုမ္ပဏီကြီးတစ်ခု ဖြစ်တယ်။ စင်ကာပူမှာ ဆိုရင် Temasek Holdings ဟာ အစိုးရ ပိုင်တယ်လို့ ဆိုပေမဲ့ အများပြောနေကြတာက လီကွမ်းယူ မိသားစုကပဲ ရှယ်ယာအများစုကို ချုပ်ကိုင်ထားကြပါတယ်။ အဲဒီတော့ ခရိုနီ ကုမ္ပဏီတွေဟာ ပုံစံအမျိုးမျိုးနဲ့ တိုင်းပြည်တိုင်းမှာ ရှိကြပြီး သူတို့တွေရဲ့ လုပ်ရည်ကိုင်ရည် ကြံရည်ဖန်ရည်တွေကြောင့်သာ စီးပွားရေးမှာ ဦးဆောင်ခွင့် ရနေတာပါ။ မြန်မာခရိုနီ ကုမ္ပဏီတွေဟာ မိသားစုတွေ များပြီး လုပ်ရည်ကိုင်ရည် မရှိတဲ့သူမျိုးတွေ၊ မနိုင်ရင်ကန်တပ်က လာတဲ့ ဗိုလ်တွေ၊ သူတို့ သားသမီးတွေ ရှိနေပေမဲ့ အရေးပါတဲ့ နေရာတွေမှာတော့ မထားဘူး ထင်ပါတယ်။

ဒါကြောင့် ခရိုနီကုမ္ပဏီတွေကို အများပိုင်ကုမ္ပဏီ ပြောင်းပစ်ပါ။ go public လုပ်ပါ။ မိမိကတော့ ရှယ်ယာအများစု ကိုင်ထားပေါ့။ capacity မရှိတဲ့ သူတွေ ဖယ်ရှားပစ်ပါ။ ဒီလိုနဲ့ တည်ဆောက်ယူရင် ခရိုနီတွေဟာ တိုင်းရင်းသား လုပ်ငန်းရှင်အဖြစ် အသိအမှတ် ပြုလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ တစ်ချိန်က မြန်မာမှာ အာဏာရ လူတန်းစားနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအကြား တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှု ပျက်ပြားခဲ့ပါတယ်။ ဒီလို ယုံကြည်မှု ပျက်ပြားခဲ့တာဟာ ခရိုနီတွေလက်ချက် မကောင်းဘူးလို့ လူတွေက ထင်ကြပါတယ်။ ၂၀၀၄ ခုနှစ် မတိုင်မီလောက်အထိ မြန်မာ့ကုန်သွယ်မှု ပို့ကုန်သွင်းကုန်လုပ်ငန်းကိစ္စတွေဟာ အဆင်ပြေပြေ ချောချောမွေ့မွေ့ ရှိခဲ့ပါတယ်။ ဒါပေမဲ့

စီးပွားရေးသမားတွေထဲမှာ ရှိတဲ့ စုန်းပြူးသူတွေဟာ အာဏာပိုင်တွေဆီကို အမျိုးမျိုးသောသတင်းမှားတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ ပို့ခဲ့ကြတာကြောင့် ကုန်သွယ်မှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ barriers တွေ တစ်ခုပြီး တစ်ခု ပေါ်လာပြီး အများစုအနေနဲ့ လုပ်ငန်းအဆင့်တိုင်းလိုလိုမှာ လုပ်ရကိုင်ရတာ ကျပ်ညပ်ကုန်ပြီး transaction cost တွေ တက်လာခဲ့ပါတယ်။ ဒီအထဲမှာ အာဏာပိုင်တွေနဲ့ နီးစပ်တဲ့ ခရိုနီအုပ်စုတွေ မပါပါဘူး။ သူတို့ကတော့ special privileges တွေ ရကြတာကြောင့် ပုံမှန် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ဖို့ မလိုပါဘူး။ အဲဒီခေတ်က ဝန်ကြီးတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ တွေ့တဲ့အခါ "ခင်ဗျားတို့ပဲ သွားသွားပြောကြတာ မဟုတ်လား"လို့ ပြန်ပြောတာတွေ ကြားရတော့ သူတို့ထဲမှာ အထက်ကို မျက်နှာလိုအားရ သွားသွားတင်ပြသူတွေ ရှိနေပြီဆိုတာ လုပ်ငန်းရှင်တွေ သိလာကြရော။ ဒီလို မဟုတ်တမ်းတရား တင်ပြချက်တွေကို ယုံကြည်ပြီး ကုန်သွယ်မှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ပုံမှန် မဟုတ်တဲ့ barriers တွေ ခဏခဏ ပေါ်လာခဲ့တာလို့ အများက ယုံကြည်နေကြပါတယ်။

တိုင်းပြည်ထဲမှာ ရှိတဲ့ လူတိုင်း မသိနိုင်တဲ့ လုပ်ငန်းတွေ၊ ဒီလုပ်ငန်း အကျိုးရှိနိုင်တယ် ဆိုတာ လူအချို့ သိနေပေမဲ့ အထက်ကို မပေါက်မရောက်နိုင်တဲ့အတွက် ဒီအတိုင်း ကြည့်နေရတဲ့ လုပ်ငန်းတွေ၊ ဒီလုပ်ငန်းတွေကို ခရိုနီတွေပဲ တိတ်တိတ်ဆိတ်ဆိတ် လုပ်ကိုင်ခွင့် ရကြပါတယ်။ ဒီလို လုပ်ကိုင်ခွင့် ရတဲ့အခါ ခရိုနီတွေဟာ Rule of Law အတိုင်း မဆောင်ရွက်ကြဘဲ သိသိသာသာကို စည်းကမ်း ဖောက်ဖျက် လုပ်ကိုင်ခဲ့တာကြောင့် အများအမြင်မှာ မျက်စိ စပါးမွေးစူးပြီး လူထုရဲ့ အမြင်ကတ်မှုကို ခံခဲ့ရတာ ဖြစ်ပါတယ်။ နေပြည်တော်ကြီး တည်ဆောက်ချိန်တုန်းက ဒီသာဓကေတွေကို တွေ့ကြရမှာပါ။ လုပ်ငန်း တော်တော်များများဟာ သိသာမြင်သာထင်သာ ဖြစ်အောင် လုပ်ပြီး ပြိုင်ဆိုင်လုပ်ကိုင်ခွင့် ရကြရတာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဒီလို အဖြစ်အပျက်တွေဟာ မဆန်းတော့ပါဘူး။ နိုင်ငံတကာမှာလည်း အစိုးရလုပ်ငန်းကြီး တော်တော်များများကို အစိုးရ ယုံကြည်တဲ့သူတွေကိုပဲ limited tender ကန့်သတ် တင်ဒါခေါ်ယူပြီး လုပ်ခိုင်းလေ့ရှိပါတယ်။ မြက်မြက်ကလေး စားရမယ့် လုပ်ငန်း ဆိုရင် လုပ်ငန်းရှင်တိုင်း ရကြတာ မဟုတ်ဘဲ အာဏာပိုင်တွေက ခရိုနီ ဖြစ်လာမယ့်သူတွေကို အရင် လုပ်ခဲ့ဖူးတဲ့ လုပ်ငန်းအတွေ့အကြုံတွေအပေါ်မှာ အခြေခံပြီး လုပ်ငန်းတွေကို ကန်ထရိုက်ပေးခဲ့တာ ဖြစ်ပါတယ်။ ကန်ထရိုက် ရကြတဲ့ ခရိုနီ

တွေကပဲ နေပြည်တော်မှာ national park မှာ သူ့အပိုင်းနဲ့သူ အလကား ပြန်လုပ်ပေးရပါတယ်။ ဒါတောင် လုပ်ငန်းရှင်တစ်ဦး နေပြည်တော်လမ်းမကြီးတစ်ခုကို ကရော်ကမည် ခင်းခဲ့တာကြောင့် ပြန်လျော်ရတဲ့အပြင် နာမည်မပျက်အောင် မနည်းလုပ်ခဲ့ရတယ်။ ဒီအဖြစ်အပျက်တွေဟာ သိသိသာသာကြီး ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ အာဏာပိုင်ကြီးတွေကတော့ စွမ်းဆောင်ရည် ပြည့်ဝတဲ့ယုံကြည်စိတ်ချရတဲ့ တိုင်းရင်းသားလုပ်ငန်းရှင် (ခရိုနီ) တွေကို မွေးထုတ်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ပြည်သူတွေဘက်က ကြည့်ရင် ခရိုနီ ဖြစ်ပေမဲ့ အစိုးရဘက်က ကြည့်ရင် နိုင်ငံတကာမှာ ဝင်ဆံ့ပြီး လုပ်ငန်းစွမ်းဆောင်ရည် အပြည့်အဝ ရှိတဲ့ တိုင်းရင်းသား လုပ်ငန်းရှင်တွေလို့ မြင်ပါတယ်။ (တိုင်းရင်းသားလို့သာ ဆိုတာပါ၊ သူတို့အထဲမှာ တရုတ်အနွယ်တွေ တစ်မတ်သား ငါးမူးသားရှိသူတွေ အများကြီး ပါနေပါတယ်။) အခုခေတ်က အဘ အဘ မလုပ်တတ်ရင်စီးပွားရှာရတာ မလွယ်ပါဘူး။

အဲဒီတော့ ခရိုနီအသေးစားတွေ၊ အလတ်စားတွေ၊ အကြီးစားတွေ ပေါ်လာပြီး စီးပွားရေးသမားတိုင်း အာဏာပိုင်တွေနဲ့ နီးစပ်အောင် ပေါင်းသင်း နေထိုင်ကြရတာပါ။ သူတို့အထဲမှာတောင် ပြောနေကြတာတွေ ရှိပါတယ်။ ဝေးဝေးလည်း မနေနဲ့၊ နီးနီးလည်း မနေနဲ့၊ ခေါ်ရင် ကြားလောက်တဲ့ နေရာက နေပါတဲ့။ မခေါ်မပြော မထိမတွေ့လို့ကတော့ မရတာကိုး။ ဒါပေမဲ့ အနေမှန်ပြီး အောင်မြင်တဲ့ စီးပွားရေးသမားတချို့လည်း ရှိပါသေးတယ်။ ဒါပေမဲ့ သူတို့လည်း နည်းနည်းတော့ လုပ်ရသေးတယ်လို့ နီးစပ်သူတွေက ပြောပါတယ်။ ဝင်လို့ ကောင်းအောင် လုပ်ရတဲ့အခါ အရင်တုန်းက သီတင်းကျွတ်လောက်ပဲ 'ဂါ'ကြတာပါ။ အခုခေတ်တော့ ခရစ္စမတ်၊ နယူးရီးယား၊ မြန်မာနှစ်သစ်ကူး၊ တရုတ် နှစ်သစ်ကူး၊ အကုန်လုံး ထွေးပြီး ဆိုင်ဆိုင် မဆိုင်ဆိုင် 'ဂါ' ကြရပါတယ်။ မင်္ဂလာဆောင်တို့၊ happy birthday တို့ကတော့ အကောင်းဆုံး 'ဂါ'နိုင်တာပေါ့ဗျာ။

■ ဘလောဂ်ရေးသားသည့်ရက်စွဲ [၁၅–၆–၂၀၁၂]

# ရွှေ့မယ် ပြင်မယ် ပြောင်းမယ်

နိုင်ငံတော်မှာ reforms နဲ့ ပတ်သက်တဲ့ ပြုပြင်ရေး ဆောင်းပါးတွေ ရေးတာ တွေ့တော့ သူငယ်ချင်းက ပြောတယ်။ သိပ် ဆန္ဒမစောပါနဲ့။ တို့မှာ ခေါင်းဆောင်ကောင်း ရှိနေပြီပဲလို့ ပြောပါတယ်။ မှန်ပါတယ်၊ ခေါင်းဆောင်ကောင်း ရှိနေရုံနဲ့ ကျေနပ်နေလို့ မရဘူးလေ။ ပြည်သူအားလုံး ပါဝင် ဆောင်ရွက်ကြမှ မောင်တိုင်ပင်တို့ ဖြစ်ချင်တဲ့ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ ဖြစ်လာမှာ မဟုတ်ပါလား။ မှန်တာ ပြောရရင် စောစောပိုင်းက မောင်တိုင်ပင် တိုင်းပြည်အကြောင်း တွေးမိရင် စိတ်ဓာတ်တော်တော်ကျပါတယ်။ ဒီမိုး ဒီလေ ဒီလူတွေနဲ့ ဘယ်လိုမှ ကောင်းလာတော့မှာ မဟုတ်ဘူးလို့ မှတ်ယူခဲ့ပါတယ်။ ဒါပေမဲ့ ဒီကနေ့ အခြေအနေအရ ဆိုရင် မောင်တိုင်ပင် မှားသွားပါပြီ။ မောင်တိုင်ပင် အဖို့ ညအမှောင်ကျနေရာကနေ နံနက်

---

ညှိနှိုင်းတိုင်ပင်ရမယ့် ဌာနတွေလည်း များပါတယ်။ အခုချိန်လောက်က စထားရင် မများပါဘူး။
မြန်မာနိုင်ငံမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး စတဲ့ အပိုင်းတွေမှာ ပြင်ရမှာတွေ အများကြီးပါ။
ပြင်ဖို့ စိတ်ပါလာအောင် ထောက်ပြ ပြောဆိုနေခြင်း ဖြစ်ပါတယ်။

---

ခင်း လင်းရောင်ခြည်ကို မြင်ရသလိုမျိုး ခံစားနေရပါပြီ။ မောင်တိုင်ပင်လိုမျိုး အားလုံးသော ပြည်သူတွေလည်း ခံစားနေရလိမ့်မယ်လို့ ထင်ပါတယ်။ အဆိုးမြင်သမားတွေက လွဲရင်ပေါ့လေ။

မောင်တိုင်ပင်ရဲ့ ပရိသတ်တစ်ယောက်က ပြောတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ရထားခတွေ ဈေးတက်ရင် ဖြစ်ဖြစ်၊ လျှပ်စစ်မီတာခတွေ ဈေးတက်ရင် ဖြစ်ဖြစ်၊ ဓာတ်ဆီတွေ ဈေးတက်ရင် ဖြစ်ဖြစ် ကာယကံရှင်ဌာနတွေက ပြောကြတယ်၊ အခြားအာဆီယံနိုင်ငံတွေနဲ့ တန်းတူ ဈေးတွေ လိုက်တက်ရတာလို့ … မိုးကြိုးပစ် ထန်းလက်ကာလိုသလိုမျိုး ပြောကြတယ်။ ကျွန်တော်တို့နိုင်ငံမှာ အာဆီယံ ခြောက်နိုင်ငံက လူတွေလို (ဝန်ထမ်း၊ ပြည်သူ) ရပိုင်ခွင့်တွေ ရပြီလား၊ ခံစားခွင့်တွေ ရပြီလားလို့ မေးချင်တယ်တဲ့။

ဒီ အားမလိုအားမရ ပြောကြားချက်ကို မောင်တိုင်ပင် အဖြေရှာကြည့်ပါတယ်။ ဒီအချက်ဟာ အစိုးရအဖွဲ့ရဲ့ လုပ်နည်းလုပ်ဟန်၊ စိတ်ပါဝင်စားမှုအပေါ်မူတည်လိမ့်မယ် ထင်တယ်။ စီးပွားရေး၊ လူမှုရေးအပိုင်းတွေ ဖြစ်လို့ စီမံ/စီးပွားဝန်ကြီးဌာနနဲ့ ဆိုင်လိမ့်မယ် ထင်ပါတယ်။ ၁၉၈၃ ခုနှစ်က မောင်တိုင်ပင် ဗြိတိသျှအစိုးရ ပညာတော်သင်ဆုနဲ့ ဗြိတိန်နိုင်ငံကို နှစ်နှစ် ပညာဆည်းပူးခွင့် ရခဲ့ပါတယ်။ မောင်တိုင်ပင် စတိုင်ပင်ကို British Council ကနေ ပေးပါတယ်။ Loyds ဘဏ်မှာ စာရင်းဖွင့်ခွင့် ရပြီး အဲဒီ ဘဏ်စာရင်းထဲကို လစဉ် စတိုင်ပင်ငွေ လွှဲပေးပါတယ်။ တစ်နှစ် ကုန်လို့ နောက်တစ်နှစ် ကူးတဲ့ လမှာ မောင်တိုင်ပင် ဘဏ်စာရင်းထဲကို လွှဲပို့တဲ့ငွေဟာ ယခင် လစဉ်ပို့တဲ့ ငွေထက် တော်တော်ကို ပိုနေပါတယ်။ ဒါနဲ့ ကျောင်းသားအချင်းချင်း မေးမြန်းကြည့်တော့ ဒီလိုပဲ နှစ်တိုင်းလိုလို စတိုင်ပင် တိုးပေးတတ်လေ့ရှိတယ်လို့ ယေဘုယျပဲ သိခဲ့ရပါတယ်။

ဒါနဲ့ စတိုင်ပင် တိုးပြီး နွေကျောင်းပိတ်ရက် လုပ်ငန်းခွင် လက်တွေ့ဆင်းတဲ့ အခါ ဒေါ်အောင်ဆန်းစုကြည် အဲဒီတုန်းက ရှိနေခဲ့တဲ့ Oxford, Culham, Overseas Development Natural Resources Institute က သုတေသနဌာနမှာ နွေကျောင်းပိတ်ရက် သုံးလ အလုပ်ဆင်းခဲ့ပါတယ်။ ဟိုတယ် နေစရိတ်၊ စားစရိတ်၊ ခရီးစရိတ်ကို British Council က ရှင်းပေးပါတယ်။ တစ်ရက်တော့ လန်ဒန်ကို အကြောင်းကိစ္စ ပေါ်လာတော့ ဆင်းချသွားပြီး British Councilက မောင်တိုင်ပင်ရဲ့ personal officer (အမျိုးသမီးအရာရှိ) ကို သွားတွေ့ပါတယ်။ လာရင်းကိစ္စကို ရှင်းလင်းပြီးတဲ့အခါ သူနဲ့ အလ္လာပသလ္လာပ ပြောကြရင်း မောင်တိုင်ပင်ရဲ့ နေရေးထိုင်ရေး အခြေအနေကို သူက အဆင်ပြေရဲ့လား၊ အခက်

အခဲ ရှိသလား စသဖြင့် မေးပါတယ်။ မောင်တိုင်ပင်က မရှိကြောင်း ပြန်ဖြေပြီး ဒီလမှာ စတိုင်ပင်က တော်တော်များများ တိုးသွားတဲ့အကြောင်းကို စပ်စုမိပါတော့တယ်။ အဲဒီတော့မှာ သူက ရှင်းပြပါတယ်။

ဗြိတိန်မှာ နှစ်စဉ်နှစ်စဉ် လူမှုရေး၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ survey တွေကို တာဝန်ယူလုပ်နေတဲ့ ဌာနတစ်ခု ရှိပါတယ်။ မြန်မာ Central Statistical Organization-CSO လိုမျိုးနဲ့ တူတယ်။ အဲဒီဌာနက အိမ်ဈေး၊ မြေဈေး၊ အိမ်ငှားခ၊ ခရီးသွားလာစရိတ်၊ သယ်သူပို့ဆောင်ခ၊ အဲဒီက အစားအသောက်ဈေးနှုန်းတွေ၊ လူသုံးကုန်ပစ္စည်း ဈေးနှုန်းတွေ စတဲ့ consumer price index (CPI) ကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် ကောက်ယူထားပြီး တစ်နိုင်ငံလုံး ငွေဖောင်းပွမှုကို တွက်ချက်ပါတယ်။ ပြီးရင် ဒီအချက်တွေကို ချိုင့်သုံးသပ်ပြီးတော့ စတိုင်ပင် ဘယ်လောက် တိုးသင့်တယ်၊ ဝန်ထမ်းလစာ ဘယ်လောက် တိုးသင့်တယ်ဆိုတာ နှစ်မကုန်ခင်မှာ အစိုးရအဖွဲ့ကို ကြိုထောက်ခံ တင်ပြကြရပါတယ်။ နှစ်စဉ်နှစ်စဉ် ဒီလို တင်ပြတာ ရှိတော့ သက်ဆိုင်ရာအစိုးရဌာနက ဝန်ထမ်းတွေ၊ ပုဂ္ဂလိကလုပ်ငန်းများက ဝန်ထမ်းတွေကို လစာစရိတ်တွေ တိုးပေးကြပါတယ်တဲ့။ အဲဒီလို တိုးပေးတဲ့အခါ ရာခိုင်နှုန်းက မများဘူး။ မြန်မာနိုင်ငံမှာလို ၁၀ နှစ်၊ နှစ် ၂၀ နေမှ တိုးပေးတဲ့အခါကျတော့ အစိုးရကလည်း ဘတ်ဂျက်ကို ထိခိုက်လောက်အောင် တိုးပေးရတော့ နင့်ခနဲပဲ။ နည်းနည်းစီ နှစ်စဉ် ငွေဖောင်းပွမှုနှုန်း ကာမိအောင် တိုးတိုးပေးသွားတော့ အစိုးရမှာလည်း သိပ်ပြီးတော့ ဘတ်ဂျက် ထိခိုက်လောက်အောင် အခြေအနေမျိုး မဟုတ်တော့ တိုးပေးရတဲ့အတွက် အစိုးရမှာလည်း နာမည်ကောင်း ရနိုင်ပါတယ်။

အချိန် မနှောင်းသေးပါဘူး။ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနတွေ ဒီစနစ်ကို ပြောင်းလဲ လုပ်ကိုင်ဖို့ အချိန်တွေ အများကြီး ရှိနေပါတယ်။ အလားတူပါပဲ၊ အများပြည်သူအတွက် လုပ်နေရတဲ့ လျှပ်စစ်၊ မီးရထား၊ ရေကြောင်း ပို့ဆောင်ရေး၊ လေကြောင်း ပို့ဆောင်ရေး၊ စက်သုံးဆီ စတဲ့ ဌာနတွေလည်း အများပြည်သူကို ရောင်းချတဲ့ မိမိတို့ရဲ့ ဝန်ဆောင်ခတွေ၊ products တွေရဲ့ ပြည်သူကို ရောင်းချသင့်တဲ့ ဝန်ဆောင်ခတွေ၊ ပစ္စည်းဈေးနှုန်းတွေကို နှစ်စဉ် တွက်ချက်ပြီး တိုးမြှင့်သွားရင် ပေးရတဲ့သူမှာလည်း မထောင်းတာ၊ အစိုးရအနေနဲ့လည်း မနစ်နာတော့ဘူး။ အခုတော့ ဆိုရှယ်လစ်ခေတ်က အရာရာကို subsidize လုပ်တဲ့ အကျင့်က ပါနေပြီး အစိုးရ ရောင်းတဲ့ပစ္စည်း၊ ပေးတဲ့ ဝန်ဆောင်မှု ဆိုရင် 'ပေါချောင်ကောင်း'လို့ သတ်မှတ်ကြတာ အကျင့်ပါနေပါပြီ။ ရထားခတွေ ဈေး

တက်တယ်၊ လက်ခံပါတယ်။ ထိုက်တန်တဲ့ ဝန်ဆောင်မှုတော့ လိုချင်ကြပါတယ်။ ဝန်ဆောင်မှုတွေက တိုးတက်မလာတော့ ပြည်သူတွေ အားမလိုအားမရ ဖြစ်တာ အမှန်ပါ။ ရထားခ တက်ရတာကလည်း အရင်က မတက်ခဲ့ရတော့ အရင်က အရှုံးပေါ်နေတာတွေ အခုမှ ထေနေရတယ်လေ။ ဒါတွေကိုတော့ ပြည်သူတွေ နားလည်ပေးရမှာပါ။ ဒါပေမဲ့ စနစ် (system) ကိုတော့ မလွဲမသွေ ပြင်ဆင်ရမှာပါ။ မောင်တိုင်ပင် အကြံပြုချက်ဟာ တော်တော် မြင့်ပါတယ်။ ညှိနှိုင်းတိုင်ပင်ရမယ့် ဌာနတွေလည်း များပါတယ်။ အခုချိန်လောက်က စထားရင် မများပါဘူး။ မြန်မာနိုင်ငံမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး စတဲ့ အပိုင်းတွေမှာ ပြင်ရမှာတွေ အများကြီးပါ။ ပြင်ဖို့ စိတ်ပါလာအောင် ထောက်ပြပြောဆိုနေတာ ဖြစ်ပါတယ်။

■ ဘလောဂ်ရေးသည့်ရက်စွဲ [၂၂-၁-၂၀၁၂]

## ရင်းနှီးမြှုပ်နှံမှု ဘာကြောင့် မလာသလဲ

"မြန်မာနိုင်ငံဆီ နိုင်ငံခြားကုမ္ပဏီတွေက စီးပွားရေးလုပ်ငန်းတွေ လာရောက်စုံစမ်းမှု များစွာ ရှိပေမဲ့ လက်တွေ့မှာ မြင်သာတဲ့ ရင်းနှီးမြှုပ်နှံမှု တစ်စုံတစ်ရာ မရှိခြင်းနဲ့ ပတ်သက်လို့ နိုင်ငံခြားသားတွေ လာတယ်၊ အများကြီးပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ အလုပ်ဖြစ်ခဲ့တာ တစ်ခုမှ မရှိဘူး၊ ကျွန်တော်တို့ လွဲနေတာတွေတော့ ရှိနေပြီ၊ ဟန်ရေးပြနေလို့ မရတော့ဘူး၊ အနှစ်သာရရှိရှိ လုပ်မှ ရမယ်၊ ကျွန်တော်တို့ အခု စီးပွားရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှုတွေ လုပ်နေတယ်၊ တစ်ခု ရှိတာက နိုင်ငံခြားသားတွေ တွေ့တိုင်း အလုပ်ဖြစ်တာ မဟုတ်ဘူး၊ လာပြီး ပြန်သွားကြတာချည်းပဲ၊ ဒီတော့ ဒီကိစ္စကိုလည်း စဉ်းစားသင့်နေပါပြီ"

အထက်ပါ စကားရပ်တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်း

---

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အခြားနိုင်ငံများမှာလည်း နည်းလမ်းကောင်းများ ရှိနေသည့်အတွက် မြန်မာအဖို့ သိသာမြင်သာ ထင်သာအောင် ဆောင်ရွက်ပေး၊ ပြောဆိုပေးမည် ဆိုပါက တဖြည်းဖြည်း လာရောက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

---

ရှင်များအသင်းချုပ် နှစ်ပတ်လည် ညီလာခံမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ယခင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောသွားခြင်းဖြစ်သည်။ အမှန် ပြောရလျှင် ပြည်တွင်းမှာ ဖြစ်ပေါ်နေသော အခြေအနေများအပေါ် အများကြီး မူတည်နေပါသည်။ ခေါင်းက ရွေ့ပြီး ကိုယ်က လိုက်မရွေ့လာသည့် အဖြစ်မျိုး နေရာတိုင်းမှာ ဖြစ်ပျက်နေသည်ဟု ဆိုလျှင် မမှားပါ။ မောင်တိုင်ပင်တို့သည် ၂၀၁၁ ခုနှစ် အစပိုင်းမှစ၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် လာရောက်စုံစမ်းသူ အများအပြားနှင့် တွေ့ဆုံစကားပြောခွင့်ရခဲ့ရာ နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ချက်များအပေါ် အမြင်အမျိုးမျိုး ရှိနေကြသည်ကို သိရှိခဲ့ရပါသည်။ တစ်ခု သိထားရန်မှာ ၎င်းတို့ အားလုံးသည် ကမ္ဘောဒီးယားနိုင်ငံ အတွေ့အကြုံများ အတော်အတန် ရရှိခဲ့ပြီး ဖြစ်ရာ မြန်မာနိုင်ငံအခြေအနေနှင့် အတော် တူသည်ဟု ပြောကြသည်။ တချို့က မြန်မာနိုင်ငံ အခြေအနေနှင့် နှိုင်းယှဉ်သုံးသပ် ပြောဆိုကြသည်။

တွေ့ခဲ့သည့် နိုင်ငံခြားသားတစ်ဦး ဆိုလျှင် မောင်တိုင်ပင်တို့နှင့် စလာဆက်သွယ်စဉ်ကပင် မြန်မာနိုင်ငံ၏ နာမည်ကြီးလုပ်ငန်းရှင်တချို့နှင့်အတူတွဲမလုပ်လိုသဖြင့် ဆက်သွယ်မပေးရန် ကြိုတင် ပြောကြားသည်ကို ထူးခြားစွာတွေ့ခဲ့ရသည်။ သူ့အတွေ့အကြုံကို ပြောပြရာ ယခင်က နာမည်ကြီး မြန်မာစီးပွားရေးသမားတစ်ဦးနှင့် စတင် အဆက်အသွယ် ရရှိခဲ့သော်လည်း တစ်ခါသာတွေ့ရပြီး နောက်ပိုင်း လူချင်းပင် မတွေ့ရတော့ဘဲ ဖုန်းဖြင့်သာ ဆက်သွယ်ပြောဆိုခွင့် ရခဲ့ကြောင်း၊ သူတို့မှတစ်ဆင့် တာဝန်ပေး လွှဲလိုက်သည့်သူနှင့်လည်းတစ်ကြိမ်လောက်သာ တွေ့ရပြီး ဖုန်းဆက်သည့်အခါတိုင်း မရှိသည်က များနေပြီး အဆိုပါလူများနှင့် ဆက်သွယ်လုပ်ကိုင်ခြင်းသည် အချိန်သာ ကုန်ပြီး အလုပ်ဖြစ်မည်ဟု မထင်သောကြောင့် ကြိုတင် ပြောထားရခြင်း ဖြစ်ကြောင်း ပြောပြပါသည်။

သည်ကိစ္စက ခရိုနီအပေါ် အထင်ကြီးပြီး မရမက အဆက်အသွယ် ရယူခဲ့သော်လည်း ခရိုနီ ဆိုသည်မှာ လုပ်ငန်းကြီးတွေသာ စိတ်ဝင်စားပြီး သေးသေးမွှားမွှား ဆိုလျှင် စိတ်မဝင်စားသဖြင့် ယခုကဲ့သို့ လျစ်လျူရှုခြင်း ခံရနိုင်ဖွယ်ရာ ရှိပါသည်။ တချို့က လေယာဉ်လက်မှတ်၊ ဟိုတယ်ခ အကုန်ခံပြီး အချဉ်လာရှာသည့် နိုင်ငံခြားသားကိုလည်း လက်ခံတွေ့ဆုံ စကားပြောခဲ့ဖူးပါသည်။ တံခါးဖွင့်လိုက်ပြီ ဆိုတော့ လူပေါင်းစုံ ဝင်လာသည့်သဘောပင်။ ကိုယ်နှိုက်က ဖတ်ထား

မှတ်ထား သိထားလို့သာ တော်တော့သည်။ တချို့က လာရောက်တွေ့ဆုံခွင့် တောင်းပြီး သတင်းအချက်အလက် ရသမျှ အကုန် နှိုက်ကြသည်။ အားမနာကြ တော့။ နောက်ပိုင်း ဆွေးနွေးပြောဆိုခ တစ်နာရီ ဒေါ်လာ ၅၀ ယူပါမည် ဆိုပြီး ငွေတောင်းခံလွှာ ထုတ်ပေးမှ ရပ်တော့သည်။ ဗမာပီပီ အားနာတတ်သည်ကို အခွင့်ကောင်း ယူ၍ လက်ကုန်နှိုက်ရာ နောက်ဆုံး ပြောပြစရာ စကားတောင် မကျန်တော့သည့်ဘဝသို့ ရောက်ရတော့သည်။ ကိုယ်နှိုက်က သတင်းအချက် အလက် အပုံကြီးပေါ် ထိုင်နေသည် ဖြစ်၍ တော်ရုံ သတင်းအချက်အလက်ကို လက်တန်းပင် ပြော၍ ရသည်။ တစ်ခုတော့ ကောင်းသည်၊ နောက်ပိုင်း လူ သတင်း လူချင်းဆောင်ပြီး တကယ် လုပ်မည့်သူတွေနှင့် အဆက်အသွယ် ရခဲ့ သည်။ နာမည်အရ လိုက်လာကြသည်။

သူတို့နိုင်ငံမှာလည်း မြန်မာသည် ရင်းနှီးမြှုပ်နှံလိုသူများအကြား ရေပန်းစား လျက်ရှိနေသောကြောင့် ခါတော်မီလုပ်ငန်း အတိုင်ပင်ခံကုမ္ပဏီများ ထူထောင် ၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်ဟု ဆိုကာ နားလည်မှုစာလွှာတွေ လက် မှတ်ထိုးခဲ့သော်လည်း အလုပ် မဖြစ်သေးပါ။ တချို့က ဆက်သွယ်လာကြပြီး ထိုင်း၊ မလေးရှားမှာ အတွေ့အကြုံများကို လာရောက် ပြောကြားပေးရန်အတွက် စရိတ်ခံပြီး ဖိတ်ကြားခဲ့ပါသည်။ နိုင်ငံခြားသားများ၏ ပြောဆိုချက်များကို တင်ပြ ရလျှင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူအနေဖြင့် မြန်မာနိုင်ငံ၌ လုပ်ငန်း ဆက်ဆံ လုပ်ကိုင်ရာတွင် အစကနဦးပိုင်းအဆင့် ဖြစ်သော ကုမ္ပဏီ တည်ထောင်ခြင်းက အချိန်အတိုင်းအတာတစ်ခုအတွင်း ဆောင်ရွက်ပေးနိုင်သောကြောင့် ပြဿနာ ကြီးကြီးမားမား မရှိပါ။ သို့သော် နိုင်ငံခြားငွေ ဘဏ်စာရင်းဖွင့်ရာတွင်ပင် တင် ပြရသည့် စာရွက်စာတမ်းများမှာ များပြားပြီး အချိန်ယူသော လုပ်ငန်းစဉ်အပေါ် အလွန် စိတ်ပျက် ညည်းညူကြပါသည်။

ထို့ကြောင့် အစိုးရပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်များတွင် ရင်းနှီးမြှုပ်နှံမှု လာ ရောက်ကိုင်သော ကုမ္ပဏီများအတွက် သီးခြား လုပ်ကိုင်ပေးသော ကောင်တာ များ ဖွင့်လှစ် လုပ်ကိုင်ပေးရန် စီစဉ်ထားသင့်သည်။ (ယခုဆောင်းပါး ရေးသား နေချိန်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်လိုသည့် ဂျပန်ကုမ္ပဏီတစ်ခုသည် ဘဏ်၌ ငွေစာရင်းဖွင့်ရန် တင်ပြရာတွင် စာရင်းဖွင့်ရန် ဆုံးဖြတ်သည့် ရှယ်ယာ ရှင် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းကို တင်ပြရန် လိုပြီး အဆိုပါ မှတ် တမ်းကို ရှယ်ယာရှင် ဒါရိုက်တာ အားလုံးက လက်မှတ်ထိုးရန် လိုအပ်ကာ အဆိုပါ မှတ်တမ်းကို ဂျပန်ရှိ မြန်မာသံရုံးထံမှ ထောက်ခံချက် ယူရမည်ဟု

စည်းကမ်း သတ်မှတ်ချက် ရှိပါသည်။ ဂျပန်ကုမ္ပဏီသည် ရှယ်ယာရှင် ဒါရိုက်တာများအားလုံး လက်မှတ် ရရန်အတွက် အချိန် သုံး-လေးပတ်လောက် စောင့်လိုက်ရပါသည်။ နောက်အချက်တစ်ခုမှာ မန်နေဂျင်းဒါရိုက်တာကိုယ်တိုင် ဘဏ်တွင် လာရောက် လက်မှတ်ထိုးရန် လိုပါသည်။ ဤအချက်များကို လေ့လာကြည့်ပါက လုပ်ငန်းစဉ်သည် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှုကို ချောမွေ့အောင် လုပ်သလား မချောမွေ့သေးဘူးလား ဆိုသည့်အချက်ကို စာဖတ်သူပဲ ဆုံးဖြတ်ပါလေ) ယခင်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လာလျှင် အချိန်တိုအတွင်း ပြီးအောင် ဆောင်ရွက်မည်ဟု လေကြီးမိုးကျယ် ပြောထားသော်လည်း ယခုအခါ မသိကျိုးကျွန်ပြုထားကြသည်။ ရန်ကုန်၌ အစိုးရအဆောက်အအုံ များစွာ ရှိပါသည်။ တော်တော်သင့်သင့် အကျယ်အဝန်း ရှိသော အဆောက်အအုံ တစ်ခုကို နိုင်ငံခြားငွေ လွှဲပြောင်းပေးနိုင်သောဘဏ် အပါအဝင် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော ဌာနများ စုစည်းပြီး ဆောင်ရွက်ပေးမည် ဆိုလျှင် အဆင်ပြေနိုင်ဖွယ်ရာ ရှိပါသည်။

တစ်နေရာတည်းတွင် ပြီးသည့်စနစ်ကို ယခင်က တော်တော်များများ ပြောကြသော်လည်း ယခုအခါ အဆိုပါ ဝန်ဆောင်မှု လုပ်ငန်းမျိုး ထားရန် မည်သူမျှ စိတ်ကူးကြခြင်း မရှိသည်မှာ အတော် အံ့ဩဖွယ်ရာ ကောင်းနေသည်။ ဟိုတယ်လုပ်ငန်း လုပ်ကိုင်ရန် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံ တင်ပြထားသည်မှာ လေးလလောက် ကြာပြီ ဖြစ်သော်လည်း အဖြူအမည်း သဲသဲကွဲကွဲ မသိရခြင်းအပေါ် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံလိုသူတစ်ဦးမှာ အတော် အားမလိုအားမရ ဖြစ်နေသည်ကိုလည်း တွေ့ရသည်။ နိုင်ငံခြားမှ သတင်းဖော်ပြချက် တစ်ခုတွင် သူက 'လက်မှတ်ထိုး ဘောနပ်စ်' မည်မျှ ပေးရမည်ကို တင်ပြရသည့်အခါ၌လည်း မကျေလည်သည့်သဘောကို ပြောပြနေသည်ကို ဖတ်ရပါသည်။ နိုင်ငံခြားမှာ မရှိတော့ဟု သူတို့က ပြောသည်။ သို့ပေမဲ့ မောင်တိုင်ပင်တို့ မသိကြပါ။ တစ်ခု စဉ်းစားမိသည်မှာ မောင်တိုင်ပင်တို့နိုင်ငံ၌ အထက် အလယ် အောက်အဆင့် အစိုးရဝန်ထမ်းများ အနေဖြင့် နိုင်ငံခြားတွင် ရက်တိုသာ နေရသဖြင့် သူတို့ အတွေ့အကြုံများကို မှန်မှန်ကန်ကန် နက်နက်ရှိုင်းရှိုင်း မသိနိုင်၊ မရနိုင်ပါ။

သူ့ကို လာပြောပြတာကိုပဲ ဟုတ်သလား၊ မှန်သလား မစောကြောနိုင်ဘဲ နားထောင်နေရပါသည်။ သို့သော် သူတို့ အဆိုပြုလွှာ တင်စဉ်က အသေးစိတ် မဟုတ်သည့်တိုင် အတွေ့အကြုံများအပေါ် အခြေခံ တွက်ချက်ခြင်း ဖြစ်သည်ကို သတိထားမိရာ ငွေကြေး အကျိုးအမြတ် တင်ပြချက်များသည် လက်တွေ့နှင့်

နီးစပ်မှု ရှိသည်ဟု ထင်ပါသည်။ နောက်တစ်ခုက အသစ်ပြဋ္ဌာန်း သတ်မှတ်လိုက်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များကို ဌာနၵ အထက်ဆုံးပုဂ္ဂိုလ်က လူသိရှင်ကြား ပြောလိုက်ပြီ ဆိုပါက အလယ်က အောက်က လူတို့ကလည်း မှတ်သားထားသင့်ပါသည်။ သည်အချက်သည် မောင်တိုင်ပင်တို့ လူတွေ့ ပြင်ရမည့်အချက်ပင်။ မောင်တိုင်ပင်တို့ ကြုံရသည့်အချက်အပေါ် အခြေခံ ပြောဆိုခြင်းဖြစ်သည်။ အပေါ်က လူက လူသိရှင်ကြား ပြောပြီးသည့်အတွက် ဌာနမှာ သွားလုပ်သည့်အခါ အလယ်နှင့် အောက်ကလူက လူကြီး ပြောသည်ကို မသိ။ ယခင် နည်းစဉ်ဟောင်း ကိုင်တွယ်ဆုပ်ကိုင် လုပ်နေသောကြောင့် မောင်တိုင်ပင်တို့မှာ နိုင်ငံခြားသားများနှင့် ဆက်စပ် လုပ်ကိုင်နေရရာၵ အတော် ကသိကအောက် ဖြစ်ရပါသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ဆက်စပ်သောဌာနများ သတိထားနိုင်ရန် ဖော်ပြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မော်တော်ယာဉ် အပိုပစ္စည်း ထုတ်လုပ်သည့်စက်ရုံ တည်ထောင်လိုသည့် နိုင်ငံခြားသားတစ်ဦးနှင့် မောင်တိုင်ပင် စကားပြောကြည့်ရာ သူက သူ၏အဖြစ်ကို အများ သိသော ဥပမာ တစ်ခုနှင့် နှိုင်းပြောပါသည်။ ကြက်ဥနှင့် ကြက် ဘယ်သူ အလျင် စဖြစ်သလဲ ဆိုသည့် ပြဿနာမျိုး ဖြစ်သည်။ သူ့ပြဿနာ အရင်းအမြစ်က ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှာ စုံစမ်းသောအခါ မည်သည့်နေရာဒေသတွင် တည်ဆောက်လိုသည်ကို ဖော်ပြရန် လိုသည်ဟု ပြောလိုက်ပါသည်။ နေရာဒေသ မြေ ရရှိရေးနှင့် ပတ်သက်၍ သက်ဆိုင်သည့် ဒေသဆိုင်ရာအစိုးရထံ တင်ပြသည့်အခါ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် ပါရှိရမည်ဟု ဆိုပါသည်။ ထိုအခါ ရင်းနှီးမြှုပ်နှံလိုသူသည် ခေါင်းရှုပ်သွားပြီး မောင်တိုင်ပင်တို့ထံ ရောက်လာခြင်း ဖြစ်ပါသည်။ သို့ရာတွင် သူ၏ ကြက်နှင့် ကြက်ဥ အစရှာမရသည့် ပြဿနာကို ရှင်းပေးလိုက်သည့်နောက် သူတို့သည် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုလွှာ တင်ပြခွင့် ရခဲ့ပါသည်။

ဖွင့်ပေးထားသည့် ကြားထဲမှ ရင်းနှီးမြှုပ်နှံမှုများ ထင်သလောက် မလာကြခြင်းမှာ သိသာ ထင်ရှားပါသည်။ အားလုံးက စောင့်ကြည့်နေကြပါသည်။ ပြဿနာများတွင် အဓိက ပြဿနာသည် လျှပ်စစ်မီး ဖြစ်သည်။ စက်မှုဇုန်များမှာ အလှည့်ကျ မီးဖြတ်ခံရပြီး ထုတ်လုပ်မှု ကျဆင်းခဲ့သည်။ တရုတ်၏ တကောင်းတောင် နီကယ်စက်ရုံၵ လျှပ်စစ် ဘယ်လို ရသလဲ၊ ကနဦးကတည်းက ဘယ်လို စီမံထားသလဲ၊ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများကို လက်ခံမည် ဆိုလျှင် မည်သည့် အစီအစဉ်ဖြင့် လျှပ်စစ်မီး ပေးရအောင် လုပ်မလဲ ဆိုသည့်အချက်ကို

ဦးစားပေး စဉ်းစားရန် လိုမည်။ မောင်တိုင်ပင် ဗီယက်နမ် စက်မှုဇုန်များသို့ သွားရောက် လေ့လာခဲ့စဉ်က ဇုန်တိုင်းလိုလို ဒီဇယ်မီးပေးစက်ရုံများ တည်ဆောက် ထားရှိပါသည်။ ဘေးမှာ ဒီဇယ်လှောင်ကန်ကြီးလည်း ဆောက်ထားသည်။ ဇုန်အတွင်းမှာ လျှပ်စစ်မီး ပေးနိုင်အောင် စီစဉ်ထားနိုင်လျှင် အကောင်းဆုံး ဖြစ်သည်။ (ထားဝယ် အထူးစီးပွားရေးဇုန်) တိုးတက်ဖွံ့ဖြိုးမှုမှာ ယခုမှ အရှိန်ယူဆဲ ဖြစ်သော်လည်း မြေဈေးများမှာ ခေါင်ခိုက်နေသည့်အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ရာခိုင်နှုန်း ၅၀ ခန့် သုံးစွဲရမည် ဆိုလျှင် မည်သည့် လုပ်ငန်းရှင်မျှ မကြိုက်ကြပါ။ မြေဈေးများ ခေါင်ခိုက်သွားခြင်းသည် 'ရွှေသမင် ဘယ်က ထွက်၊ မင်းကြီးတာက ထွက်'သည့်ကိစ္စ ဖြစ်သည့်အတွက် မဝေဖန်လိုတော့။ အခြေအနေသည် ကမ္ဘောဒီးယားနိုင်ငံ အခြေအနေနှင့် တူသည်ဟု နိုင်ငံခြားသားများက ပြောပြကြသည်။ အကောင်းဆုံးမှာ အစိုးရက လွတ်လွတ်ကင်းကင်း ရှိသည့် ရန်ကုန်-မန္တလေး အဝေးပြေးလမ်း၊ ရန်ကုန်-ပဲခူးလမ်းဟောင်းများ ဘေးနှစ်ဖက်ရှိ မြေနေရာ ဖော်ထုတ် သတ်မှတ်ပေးနိုင်လျှင် ရှဉ့်လည်း လျှောက်သာစေ၊ ပျားလည်း စွဲစေကိန်း ဆိုက်ပါမည်။ ယင်းသို့ ဆိုသည့်တိုင် ရော်ဘာစိုက်ခင်း၊ သရက်စိုက်ခင်းတို့ ရှိနေသေးသည်။

အစိုးရမင်းများ စဉ်းစားကြပါကုန်။ ဘဏ်ကိစ္စကို အထက်မှာ တင်ပြပြီး ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများ၏ ငွေရေးကြေးရေးကိုသာ သီးသန့် ကိုင်တွယ်ရန်အတွက် နိုင်ငံခြားဘဏ်ကို ရေခြားမြေခြားဘဏ် (Off Shore Bank) အနေဖြင့် ဖွင့်ခွင့်ပေးလျှင် ရနိုင် မရနိုင် စဉ်းစားသင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ ကဏ္ဍအလိုက် သက်ဆိုင်သော မူဝါဒကို တွေ့သော နိုင်ငံခြားပုဂ္ဂိုလ်တိုင်းက မောင်တိုင်ပင်တို့ကို မေးကြသည်။ မူဝါဒ ဆိုတာ တို့အလုပ် မဟုတ်ဟု ထင်နေကြသော မောင်တိုင်ပင်တို့နိုင်ငံမှ ဌာနဆိုင်ရာ လူတို့အနေနှင့် အတွေးအခေါ် စိတ်သဏ္ဍာန်များ ပြောင်းရန် လိုနေပြီ။ ဆယ်စုနှစ်ပေါင်းများစွာ မောင်တိုင်ပင်တို့နိုင်ငံ၌ 'မူဝါဒဆိုင်ရာ အဖွဲ့အစည်း'ပင် လောက်လောက်လားလား စဉ်းစားပြီး ဖွဲ့စည်းထားခြင်း မရှိသေးပါ။ ကဏ္ဍအလိုက် မူဝါဒများကို နှစ်အလိုက် ရေးဆွဲထားခြင်း ရှိပါသလား။

ဥပမာ ပြောရပါက မော်တော်ယာဉ်နှင့် ပတ်သက်၍ အလုပ်ရုံ ဆွေးနွေးပွဲ လုပ်ကြသည်။ မူဝါဒ ထွက်လာသည်အထိ ဦးတည်ထားသလားတော့ မသိပါ။ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူတိုင်းက ၎င်းတို့ ရင်းနှီးမြှုပ်နှံလိုသည့်ကဏ္ဍ၌ မည်သို့သော မူဝါဒများ ရေးဆွဲထားရှိသည်ကို သိလိုကြသည်။ မူဝါဒကို ဖော်

ထုတ်ခြင်းသည် နိုင်ငံ့စာရွက်စာတမ်းများ လျှို့ဝှက်ဥပဒေနှင့် ငြိနိုင်သည် ဆိုသည့် အတွေးအခေါ်များ ရှိသလား မသိပါ။

အလားတူ တယ်လီဖုန်း အင်တာနက်သည် ရင်းနှီးမြှုပ်နှံမှု၏ အသက်သွေးကြော ဖြစ်သည်။ အစိုးရဌာနက လက်ဝါးကြီးအုပ်ကိုင်ထားဆဲ ဖြစ်သည်။ အင်တာနက် ဆိုလျှင် တိုင်းပြည် ဖွံ့ဖြိုးရေး လမ်းကြောင်းပေါ်မှာ အဓိကကျသော အမြုတေအဖြစ် ပါဝင်ပါသည်။ ဤအခြေအနေတို့ အားလုံးကို ရင်းနှီးမြှုပ်နှံလိုသူများက စောင့်ကြည့်နေကြသည်။ မောင်တိုင်ပင်တို့ မြန်မာမှာ လုပ်မရတော့ဘူး ဆိုလျှင် တခြားနိုင်ငံ သွားလုပ်ရုံပင် ရှိတော့သည်။ ဘာလုပ်သင့်သလဲ ဆိုသည်ကို တော်တော်များများက ဂျာနယ်တို့မှာ ရေးနေပြောနေကြသည့်အတွက် မောင်တိုင်ပင် အကျယ် မပြောလိုတော့ပါ။

အလုပ်သမားဥပဒေ ဘယ်သို့ ရှိသည်၊ လုပ်ခကြေးငွေနှင့် ပတ်သက်၍ မည်သို့ ရှိသည်ကို အသေးစိတ် မေးမြန်းကြပါသည်။ လုပ်သက် အတွေ့အကြုံအတော် ရင့်ကျက်ပြီး ပရိုဖက်ရှင်နယ်လ် ဘာသာရပ် ကျွမ်းကျင်သည့် အင်ဂျင်နီယာတစ်ဦး ရဖို့ မလွယ်ပါ။ စင်ကာပူမှာ မြန်မာပြည်၌ ဆောက်လုပ်ရေး ကန်ထရိုက် ရသည့် စင်ကာပူကုမ္ပဏီများက အင်ဂျင်နီယာများကို သူတို့စထရိတ်တိုင်း သတင်းစာက တစ်ဆင့် အလုပ်ခေါ်ယူရာတွင် မြန်မာနိုင်ငံသားဖြစ်ရမည်၊ မြန်မာနိုင်ငံတွင် လုပ်ကိုင်ရမည်ဟု ဖော်ပြ ပါရှိပါသည်။ သို့သော် လစာမှာ စင်ကာပူအဆင့်အတန်း အတိုင်းပင် ဖြစ်သည်။ စင်ကာပူ နိုင်ငံသားကို ခေါ်ယူခြင်းထက် သက်သာပါသည်။ အဘယ်ကြောင့်ဆိုသော် စင်ကာပူနိုင်ငံသားသည် အဆင့်တူ ဖြစ်လျှင် နိုင်ငံခြားသားထက် လစာ ပိုပါသည်။ ဤအချက်များသည် သူတို့ စဉ်းစားသော အချက်များ ဖြစ်သောကြောင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဌာနများကလည်း ကြိုပြီး စဉ်းစားထားသင့်သည်။ တရုတ် ရင်းနှီးမြှုပ်နှံမှု ပရိုဂျက်များ၌ အလုပ်သမားများကို တရုတ်မှ ခေါ်လာခြင်းသည် မဖြစ်သင့်သောကိစ္စ ဖြစ်သော်လည်း ပြည်တွင်း၌ အဆင့်မီ PE နှင့် skilled workers များ ရှားပါးခြင်းကြောင့် ဖြစ်ပါသည်။ ပြည်တွင်း ပြည်ပ အလုပ်သမားအချိုးမေးသည့်အခါ မောင်တိုင်ပင်က ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေကိုပင် လက်ညှိုးထိုးရပါမည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ သိသာမြင်သာ မဖြစ်မှုသည်လည်း အကြောင်းအချက်တစ်ရပ် ဖြစ်နေဆဲပင်။ သည်အချက်က မောင်တိုင်ပင် သုံးသပ်မှု မှားချင်မှားနိုင်ပါမည်။ ကိုယ့်ဌာနမှာ လာရောက် ဆက်သွယ်သူများကို လွယ်ကူ ရှင်း

လင်းသော လုပ်ငန်းစဉ်ကို သိသာမြင်သာအောင် လုပ်ထားခြင်းထက် သိုသို ဝှက်ဝှက် ထားကာ အဂတိတရား ပျက်ပြားပြီး ဘယ်လောက် ပေးမှ လုပ်ပေးမည် မျိုး လုပ်ခြင်း ဖြစ်သည်။ မောင်တိုင်ပင် ကိုယ်တွေ့ ကြုံဖူးပါသည်။ ပါးစပ်က ပြောထွက်တာကိုပဲ အံ့ဩမိပါသည်။

လက်တွေ့၌ ရင်းနှီးမြှုပ်နှံမှုများ ထင်သလောက် မလာခြင်းတော့ မဟုတ်ပါ။ သူတို့ကို စိတ်ရင်းမှန်မှန်ဖြင့် ကူညီဆောင်ရွက်ပေးနေသော အဖွဲ့အစည်းများ ရှိနေသေးသည့်အတွက် အထိုက်အလျောက်တော့ လုပ်ကိုင်နေဆဲဟု ဆို၍ ရပါ သည်။ တစ်ခါတစ်ရံ ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု တစ်ခု ဖြစ်၍ အကျိုး အကြောင်း ရှင်းပြရန် လူကြီးများထံ တွေ့ခွင့်တောင်းသည့်အခါ သူတို့အနေဖြင့် လမ်းကြောင်း လွှဲသွား၍လား မသိ၊ နှစ်လ-သုံးလ ကြာသည်အထိ တွေ့ခွင့် မရသည့်အခါ အတော် စိတ်ပျက် ညည်းညူကြပါသည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အခြားနိုင်ငံများမှာလည်း နည်း လမ်းကောင်းများ ရှိနေသည့်အတွက် မြန်မာအဖို့ သိသာမြင်သာထင်သာ အောင် ဆောင်ရွက်ပေး၊ ပြောဆိုပေးမည် ဆိုပါက တဖြည်းဖြည်း လာရောက် ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ဗီယက်နမ်၌ ပါတီအဆင့် အလယ်အလတ် ရှိသူက ရင်းနှီးမြှုပ်နှံမှုဇုန်များကို ဦးဆောင်သည်။ သူ ပြီးလျှင် အကုန်ပြီးသည်။ သူနှင့် တွေ့လျှင် အားလုံး ပြီးနိုင်သောကြောင့် ရင်းနှီးမြှုပ်နှံသူများက အလု အယက် သူနှင့် တွေ့ရန် ကြိုးစားကြသည်။ ဒါက လွန်ခဲ့သော ၁၀ နှစ်လောက် က အခြေအနေပါ။ သည်ပုဂ္ဂိုလ်တို့လည်း စားကြဝါးကြသောကြောင့် ကြာကြာ မခံဟု သိရသည်။ ပါးစပ် ပါသည်ကိုး။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၁၅-၆-၂၀၁၂]

## Pareto principle 80:20 theory

တစ်နေ့သ၌ မောင်တိုင်ပင်ဟာ မတွေ့ရတာ ကြာပြီ ဖြစ်တဲ့ မိတ်ဆွေ စီးပွားရေးလုပ်ငန်းရှင်တွေ နံနက်ပိုင်း စုဝေးရာ Feel (Taste) ဆိုင်ဆီ ရောက်သွားခဲ့ပါတယ်။ အခုတစ်လော ရန်ကုန်မှာ ရေပန်းစားနေတဲ့ money changer ရဲ့ သတင်း အမျိုးမျိုးကို ရှုထောင့်အစုံကနေ ပြောဆို ငြင်းခုံနေရင်းကနေ ကိုကျော်မျိုးထွန်းက Pareto principle လို့ ခေါ်တဲ့ 80-20 rule ကို စတင် ဆွေးနွေးလာပါတယ်။ ဒီအကြောင်းရဲ့ နောက်ခံအချက်အလက်ကို ပြောရရင် Pareto ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အီတလီနိုင်ငံသားဖြစ်ပြီး တစ်ချိန်မှာ သူလေ့လာချက်အရ အီတလီနိုင်ငံရဲ့ မြေ ၈၀ ရာခိုင်နှုန်းကို အီတလီနိုင်ငံသား ရာခိုင်နှုန်း ၂၀ က ပိုင်ဆိုင်နေတာကို တွေ့ရပါတယ်။ ဒါနဲ့ သူလည်း တခြားနိုင်ငံရဲ့ အခြေအနေကို လေ့လာကြည့်တဲ့အခါ အံ့ဩဖွယ်ရာ

---

စီးပွားရေးလုပ်ငန်း လုပ်နေတဲ့ မိတ်ဆွေအပေါင်းလည်း မိမိလုပ်ငန်းရဲ့ efficient အဖြစ်ဆုံး ဖြစ်တဲ့ ရာခိုင်နှုန်း ၂၀ ကို ဖော်ထုတ်နိုင်ပြီး အာရုံစူးစိုက် ဆောင်ရွက်မယ် ဆိုရင် အကျိုးအမြတ်တွေ ရရှိလာနိုင်မယ် ဆိုတာ ယုံကြည်မိပါတယ်။

---

ကောင်းလောက်အောင် တူညီနေတာကို တွေ့ရပါတယ်။ ၁၉၉၂ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ UNDP report တစ်ခုမှာ ဖော်ပြခဲ့တာကတော့ ကမ္ဘာ့အချမ်းသာဆုံး ၂၀ ရာခိုင်နှုန်းဟာ ကမ္ဘာ့ကြွယ်ဝချမ်းသာမှု စုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ကြတယ်လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။

အောက်က ဇယားကို ကြည့်ပါ။

Distribution of World GDP (1989)

**Population Income**

| | | |
|---|---|---|
| **Richest** | 20% | 82.70% |
| **Second** | 20% | 11.75% |
| **Third** | 20% | 2.30% |
| **Fourth** | 20% | 1.85% |
| **Poorest** | 20% | 1.40% |

ဒါကြောင့် စီးပွားရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့ အခါ အားလုံးကို ကြည့်စရာ မလိုဘူး။ အဓိကကျတဲ့ ရာခိုင်နှုန်း ၂၀ လောက် ဖော်ထုတ်ပြီး ကျကျနန စီမံအုပ်ချုပ်သွားဖို့ လိုတယ်လို့ ကိုကျော်မျိုးထွန်းက ထောက်ပြခဲ့ပါတယ်။ အတွေ့အကြုံနဲ့ theory ကို ပေါင်းစပ် ပြောဆိုဖို့ အခွင့်အလမ်းတစ်ခု ဖြစ်တာကြောင့် မောင်တိုင်ပင်လည်း အစိုးရအလုပ်ကို လုပ်ခဲ့စဉ်က လုပ်ငန်းတစ်ခုခု အကောင်အထည် ဖော်ရတော့မယ် ဆိုရင် ဝန်ထမ်းအားလုံးရဲ့ ရာခိုင်နှုန်း ၂၀ လောက်ကိုပဲ အားကိုး လုပ်ကိုင်ရတာကြောင့် Pareto principle ဟာ မှန်ကန်တယ်လို့ ထင်ကြောင်း ပြောပြပါတယ်။

စီးပွားရေးအပိုင်းနဲ့ ပြောရရင် အမြတ်စုစုပေါင်းရဲ့ ရာခိုင်နှုန်း ၈၀ ဟာ ဖောက်သည် စုစုပေါင်းရဲ့ ရာခိုင်နှုန်း ၂၀ ဆီက လာတာ ဖြစ်ကြောင်း၊ ဒါ့အပြင် တောင်းဆိုချက် (complaint) စုစုပေါင်းရဲ့ ရာခိုင်နှုန်း ၈၀ ဟာလည်း ဖောက်သည် စုစုပေါင်းရဲ့ ရာခိုင်နှုန်း ၂၀ ဆီက လာတာ ဖြစ်ကြောင်း၊ မိမိအမြတ်စုစုပေါင်းရဲ့ ရာခိုင်နှုန်း ၈၀ ဟာ မိမိ စုစုပေါင်း အသုံးပြုခဲ့တဲ့ အချိန် စုစုပေါင်းရာခိုင်နှုန်း ၂၀ ကြောင့် ရလာတာ ဖြစ်ကြောင်း၊ မိမိ ရောင်းရဝင်ငွေရဲ့ ရာခိုင်နှုန်း ၈၀ ဟာ မိမိ ထုတ်ကုန်စုစုပေါင်းရဲ့ ရာခိုင်နှုန်း ၂၀ က လာတာ ဖြစ်ကြောင်း၊ အဲဒီ ရောင်းရဝင်ငွေရဲ့ ရာခိုင်နှုန်း ၈၀ ဟာ မိမိ အရောင်းဝန်ထမ်း စုစုပေါင်းရဲ့ ရာခိုင်နှုန်း ၂၀ ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ဖြစ်ပါတယ်။

ဒါကြောင့် Pareto principle နဲ့ ပတ်သက်ပြီး Wikipedia မှာ ဖော်ပြထားတာကတော့ Many businesses have an easy access to dramatic improvements in profitability by focusing on the most effective areas and eliminating, ignoring, automating, delegating or re-training the rest as appropriate. ဖြစ်ပါတယ်။ ဒီအချက်ကို လက်တွေ့ စီးပွားရေး လုပ်နေတဲ့ Feel ပိုင်ရှင်က အလေးအနက် ထောက်ခံခဲ့ပါတယ်။ သူ Feel ကို ဝန်ထမ်း ၂၀-၃၀ လောက်နဲ့ စခဲ့စဉ်က ၈၀-၁၀၀ လောက် ဖြစ်လာရင် ငါ ဘယ်လိုလုပ်ရပါလိမ့် ဆိုပြီး တွေးကြောက်နေခဲ့တယ်။ ၈၀-၂၀ ရာခိုင်နှုန်းလို သဘောမျိုး ဆောင်ရွက်နိုင်ခဲ့တာကြောင့် ဝန်ထမ်း ၁၀၀၀ လောက် ဖြစ်လာတဲ့အချိန်မှာ မကြောက်တော့ဘူးတဲ့။ အခု သူ အောင်မြင်နေတဲ့ ၁၁၅ မိုင် Feel Express ကို အစ ပထမပိုင်းမှာ သိပ်ဂရုမစိုက်ခဲ့ကြောင်း ဝန်ခံခဲ့ပါတယ်။ လူ လွှတ်တာတောင် ပထမတန်းစားကို မလွှတ်ခဲ့ကြောင်း၊ အခု ၁၁၅ မိုင် Feel Express က အောင်မြင်လာတဲ့အခါကျတော့မှပဲ ၈၀-၂၀ ရာခိုင်နှုန်းကို လက်တွေ့ အသုံးချရတော့မယ် ဆိုတာ သိလာရကြောင်း share လုပ်ပါတယ်။

အဲဒီတော့ efficient ဖြစ်တဲ့ ခေါင်းဆောင်ကို လွှတ်တယ်၊ interior decoration ဟာလည်း သူ့ရဲ့ အခြား Feel ဆိုင်တွေလို မဟုတ်ဘူး။ ၂၄ နာရီ လူကျလွန်းတာကြောင့် နည်းနည်းညစ်ပတ်တာ မြန်ကြောင်း၊ ဒါကြောင့် interior decorator စေလွှတ်ပြီး ပြင်ခိုင်းနေရကြောင်း ပြောပြခဲ့ပါတယ်။ ဒီလို Feel ပိုင်ရှင်ရဲ့ ဆောင်ရွက်ခဲ့တာကို ကြည့်ရင် ၈၀-၂၀ theory ကို အခြေခံသလို ဖြစ်နေခဲ့ပါတယ်။ မောင်တိုင်ပင်တို့ အစိုးရရဲ့ ဗြူရိုကရက်အပိုင်းမှာလည်း ဒီ theory ဟာ မှန်လိမ့်မယ်လို့ ထင်ပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ရာခိုင်နှုန်း ၂၀ သော ဘယ်အပိုင်းတွေက အရေးပါသလဲ ဆိုတာ ဖော်ထုတ်နိုင်ဖို့ လိုပါတယ်။ Pareto principle 80-20 rule ကို အစ ဖော်ထုတ်ခဲ့တဲ့ ကိုကျော်မျိုးထွန်းကို ကျေးဇူးတင်ပါတယ်။ စီးပွားရေးလုပ်ငန်း လုပ်နေတဲ့ မိတ်ဆွေအပေါင်းလည်း မိမိလုပ်ငန်းရဲ့ efficient အဖြစ်ဆုံး ဖြစ်တဲ့ ရာခိုင်နှုန်း ၂၀ ကို ဖော်ထုတ်နိုင်ပြီး အာရုံစူးစိုက် ဆောင်ရွက်မယ် ဆိုရင် အကျိုးအမြတ်တွေ ရရှိလာနိုင်မယ် ဆိုတာ ယုံကြည်မိပါတယ်။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၁၉-၁၀-၂၀၁၁]

# တရုတ်နှင့်မြန်မာ စီးပွားရေး ဆက်ဆံမှု တစေ့တစောင်း

မြစ်ဆုံရေကာတာ စီမံကိန်းကို မြန်မာ အစိုးရက ကိုယ့်ငွေနဲ့ ကိုယ် စိုက်ထုတ် ကျခံပြီး ကချင်ပြည်နယ်နဲ့ အခြားဒေသ တွေအတွက် တည်ဆောက်မယ် ဆိုရင် ဒါလောက် ဆန့်ကျင်မှုတွေ ရှိချင်မှ ရှိ နိုင်မယ်။ တရုတ် ငွေနဲ့ ဆောက်ပြီး တရုတ်ကို လျှပ်စစ် ဓာတ်အား ပို့ပိုး ရောင်းချပေးရမယ့် စီမံချက် ဖြစ်တာ ကြောင့် ဆန့်ကျင်မှုတွေဟာ တစ်တိုင်း တစ်ပြည်လုံးက ထွက်ပေါ်လာတာ ဖြစ် တယ်လို့ ယူဆမိပါတယ်။ ဘာကြောင့် လဲ ဆိုတော့ အခုချိန်မှာ မြန်မာ တော် တော်များများရဲ့ စိတ်ထဲမှာ တရုတ်ကို ချဉ်နေတဲ့ မသိစိတ်တွေ ကိန်းအောင်း နေတာ အမှန်ပါ။ အထူးသဖြင့် မန္တလေးက မန္တလေးသားတွေမှာ ဒီ မသိ စိတ်က တော်တော်များများ ရှိနေမယ် လို့ ထင်ပါတယ်။ မြန်မာမှာ နှစ်ပေါင်း များစွာ နေပြီး မြန်မာတစ်ပိုင်း ဖြစ်နေတဲ့

> တရုတ်တက်က နယ်စပ် ကုန်သွယ်ရေးကို အပြည်ပြည် ဆိုင်ရာ ကုန်သွယ်မှုတစ်ခုလို့ မသတ်မှတ်ချင်ဘူး။ နယ်စပ်နေ နှစ်နိုင်ငံက ပြည်သူတွေ ကုန်သွယ်ကြတာလို့ မှတ်ယူထားတယ်။

တရုတ်တွေအပေါ် မှာ ဒါလောက် အာဃာတ မရှိပေမဲ့ မြန်မာစကား မပြော တတ်တဲ့ မန္တလေးက တရုတ်တွေကိုတော့ မန္တလေးသူ မန္တလေးသားတွေက မျက်စိထဲမှာ ကြည့်မရတော့တာ တော်တော်ကြာပါပြီ။ မြစ်ဆုံရေကာတာ စီမံ ကိန်းကို ငါးနှစ်တာကာလ ခေတ္တ ရပ်ဆိုင်းလိုက်ပေမဲ့ တရုတ်ရဲ့ ရထားလမ်း စီမံကိန်း၊ ကျောက်ဖြူ ရေနံဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတွေဟာ အချိန်မရွေး ပေါက်ကွဲလာနိုင်တဲ့ မီးပွားတွေပဲ ဖြစ်ပါတယ်။ တရုတ်ခေါင်းဆောင်ပိုင်းရဲ့ စိတ် ထဲမှာ 'မြန်တင့်' ဟာ တရုတ်ပြည်ရဲ့ အစိတ်အပိုင်း ဖြစ်တယ်လို့ မသိမသာ ခံယူထားကြပါတယ်။ မြန်မာရှေးဘုရင်လက်ထက်က မြန်မာကို မကြာခဏ ကျူးကျော်လေ့ ရှိတာကြောင့် တရုတ် ဆိုတဲ့ မြန်မာစကား အဓိပ္ပာယ်ဟာ ကျူး ကျော်သူ ဖြစ်တယ် ဆိုတာ ဖော်ပြထားပါတယ်။ တရုတ်ဟာ စူပါပါဝါ ဖြစ် လာတာနဲ့အမျှ အမေရိကန်ကို ခွာရာတိုင်းလာပါတယ်။

ဒါပေမဲ့ တရုတ်ဟာ အမေရိကန်ကို ဘယ်ဘက်ကပဲ ယှဉ်ယှဉ် မယှဉ်နိုင် သေးပါဘူး။ တရုတ်ပစ္စည်းတွေကို ဈေးချိုချိုနဲ့ ထုတ်လုပ်ပြီး ဈေးပေါပေါနဲ့ ကမ္ဘာကို ဖြန့်ချိတင်ပို့နေတာကြောင့် တရုတ်ပစ္စည်း တင်သွင်းမှုကို နိုင်ငံတိုင်း လိုလိုက ကန့်သတ်မှုတွေ လုပ်ခဲ့ပါတယ်။ တရုတ်ကလည်း သူ့ပစ္စည်းတွေ ဈေး ချိုချိုနဲ့ ပို့နိုင်အောင် သူ့ယွမ်ငွေတန်ဖိုးကို ခပ်ပျော့ပျော့ ဖြစ်အောင် လုပ်ထား ပါတယ်။ အမေရိကန် အပါအဝင် အနောက်နိုင်ငံတွေက ဒါကိုပဲ ထောက်ပြ ပြောဆိုခဲ့ကြပြီး နည်းမျိုးစုံနဲ့ လှန့်ခဲ့ကြပါတယ်။ တရုတ်ကလည်း သူ့အကြံနဲ့သူ ပါပဲ။ မြန်မာကတော့ US sanction, EU sanction တွေကြောင့် စီးပွားရေး ထင်သလောက် မလုပ်နိုင်ခဲ့တဲ့အပြင် ခရိုနီစီးပွားရေး လက်ဝါးကြီးအုပ်မှုတွေ ကြောင့် တစ်ဦးချင်းရဲ့ wealth ဟာ တစ်ဖက်စောင်းနင်း ဖြစ်ခဲ့ပြီး ဆင်းရဲမွဲတေ သူ များပြားလာခဲ့ပါတယ်။

လူလတ်တန်းစား ဆိုတာ တဖြည်းဖြည်း ပျောက်ကွယ် လျော့နည်းခဲ့ပြီး ဝန်ထမ်းလောကမှာကော ပုဂ္ဂလိက အပိုင်းမှာပါ လာဘ်စားမှုတွေ အမြစ်တွယ် လာခဲ့ပါတယ်။ မြန်မာ့စီးပွားရေးဟာ တဖြည်းဖြည်းနဲ့ တရုတ်ကို မှီခိုအားထား လာခဲ့ရပြီး ပေါချောင်ကောင်း ပစ္စည်းတွေအတွက် ဒေါ်လာတွေကို သုံးခဲ့ရပါ တယ်။ တရုတ်က တံခါးမရှိ ဓားမရှိ ဝင်လာတဲ့ စားစရာတွေကြောင့် ပြည်တွင်း စားစရာထုတ်လုပ်မှု လုပ်ငန်းတွေ ထိခိုက်ခဲ့ရပါတယ်။ အထူးသဖြင့် စားစရာ တွေဟာ expiry date လွန်ခါနီးတွေ ဝင်လာတော့ မြန်မာဟာ တရုတ်ပစ္စည်း တွေရဲ့ dumping အဖြစ် တစ်စတစ်စနဲ့ ရောက်လာနေပြီ ဖြစ်တယ်လို့ ဆိုပါ

တယ်။ တရုတ် လျှပ်စစ်ပစ္စည်းတွေဆို operating instruction ကအစ တရုတ်လိုပဲ ရေးထားတာ။ မြန်မာအတွက် သီးခြား ထုတ်လုပ်တာ မဟုတ်ဘဲ သူတို့ဆီမှာ model out ရင် မြန်မာဘက်ကို ရောက်လာတော့တာပါ။ ဈေးပေါတော့လည်း မြန်မာစားသုံးသူတွေက မညည်းမညူ သုံးနေကြရတယ်။ ပစ္စည်းချင်း တူရင် ယိုးဒယားပစ္စည်းကမှ အရည်အသွေး ပိုကောင်းတော့ ဈေးများချင်များပါစေ၊ ယိုးဒယားပစ္စည်းကိုပဲ စားသုံးသူတွေက သုံးချင်ကြတယ်။

တရုတ်က မြန်မာနဲ့ ကီလိုမီတာ ထောင်ပေါင်းများစွာ ဆက်စပ်နေတာကြောင့် သူနဲ့ စီးပွားရေး အဆက်အဆံ မလုပ်ဖို့ဆိုတာ တော်တော်ခက်ခဲတဲ့ အလုပ်ပါ။ အစိုးရအနေနဲ့ တရုတ်ကို ချစ်ရင်လည်း ပေါင်းရမှာပဲ၊ မုန်းရင်လည်း ပေါင်းရမှာပါ။ လောလောဆယ်တော့ အာဏာချိန်ခွင်လျှာညှိဖို့ အမေရိကန်နဲ့ အီးယူနိုင်ငံတွေရဲ့ မျက်နှာသာပေးမှု ပြန်ရရှိရေးကို ကြိုးပမ်းနေကြတာ အထင်အရှားပါ။ ဒီလိုအခြေအနေမျိုးမှာ မြန်မာနဲ့တရုတ် စီးပွားရေးအဆက်အဆံကို ဘယ်လို လုပ်သင့်တယ် ဆိုတဲ့ projection ကို သက်ဆိုင်ရာဝန်ကြီးဌာနများက လေ့လာပြီး နှစ်တိုနှစ်ရှည် စီမံကိန်းတွေ ရေးဆွဲ သုံးသပ် တင်ပြသင့်နေပါပြီ။

တရုတ်နဲ့ နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက် ထွက်ပေါက်ဟာ လေးခု ရှိနေပေမဲ့ မူဆယ် နယ်စပ်ကုန်သွယ်ရေးဟာ အရေးပါဆုံး နယ်စပ်ကုန်သွယ်ရေးစခန်း ဖြစ်ပါတယ်။ မြန်မာကလည်း ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ဖွင့်လှစ်ပြီး မြန်မာဘက်မှာ ဈေးကွက် ဖြစ်ပေါ်လာအောင် လုပ်ခဲ့ပါတယ်။ အခုအထိ တရုတ်ကလည်း သူ့ဘက် ကြယ်ခေါင်၊ ရွှေလီမှာ ဈေးကွက်ဖြစ်အောင် အကွက်ချ ဆောင်ရွက်နေပါတယ်။ မြန်မာဘက်ကတော့ တရုတ်-မြန်မာ စီးပွားရေးပေါ်လစီကို သတ်သတ်မှတ်မှတ် ချမှတ်မတူပါဘူး။ အာဆီယံ-တရုတ် နန်နင်းဆိုလည်း ဝင်ပါလိုက်တယ်။ နန်နင်းမှာ မြန်မာကုန်သွယ်ရေးရုံးတစ်ရုံး တည်ထောင် ဖွင့်လှစ်ထားတယ်။ ပုဂ္ဂလိကနဲ့ အစိုးရကြား သူ လုပ်မလို ကိုယ် လုပ်မလိုနဲ့ လစ်ဟာနေပါတယ်။ ကွမ်ရှီးပြည်နယ်ဟာ တရုတ်ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး အခွင့်အရေးပေးထားတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ နှစ်အနည်းငယ်အတွင်း လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရပါတယ်။ ယူနန်ပြည်နယ်ကတော့ မြန်မာနဲ့ အိမ်နီးချင်းပြည်နယ် ဖြစ်ပါတယ်။ တရုတ်ပြည်ထဲမှာ မဖွံ့ဖြိုး မတိုးတက်သေးတဲ့ ပြည်နယ်အဖြစ် သတ်မှတ်ထားပါတယ်။ အစ ပထမပိုင်းမှာ တရုတ်က မြန်မာကို ယူနန်ပြည်နယ် အဆင့်လောက်နဲ့ တန်းတူထား ဆက်ဆံချင်ကြတယ်။

မြန်မာဝန်ကြီးဌာနတစ်ခုခုကို ဘေကျင်းက ဝန်ကြီးဌာနက တန်းတူ မဆက်ဆံချင်ကြဘူး။ ယူနန်ပြည်နယ်က ဝန်ကြီးဌာနတစ်ခုက တိုက်ရိုက် ဆက်ဆံလာတာမျိုး ရှိခဲ့ဖူးတယ်။ မြန်မာဘုရင်လက်ထက်က ဘုရင်အနေနဲ့ ဂရိတ်ဗြိတိန်ဘုရင်မကြီးနဲ့ တိုက်ရိုက် ဆက်ဆံချင်ပေမဲ့ အရှေ့အိန္ဒိယ ဘုရင်ခံနဲ့သာ ဆက်ဆံခဲ့ရတဲ့ အဖြစ်မျိုးလိုပါပဲ။ နောက်ပိုင်းကျမှ မြန်မာအစိုးရက တင်းခံနေလို့ အစိုးရသဘောထားကို သိလာပြီးနောက်ပိုင်း ဆက်ဆံရေး အဆင်ချောလာခဲ့တယ်။ မြန်မာကလည်း မရဘူး။ တန်းတူ ဖြစ်တဲ့ မြို့တော်ဝန်ကို ဖိတ်ခိုင်းတာတို့ ကြိုခိုင်းတာတို့ကို protocol အရ လုပ်တော့မှ မြန်မာသဘောထားကို သိလာခဲ့ကြတယ်။ ဒီအကြောင်းတွေက မြန်မာနဲ့ တရုတ်စီးပွားရေးဆိုင်ရာ projection တွေ ရေးဆွဲတဲ့အခါ စဉ်းစားနိုင်အောင်လို့ ဖြစ်ပါတယ်။

တရုတ်တွေက မြန်မာမှာ ဒေါ်လာ ၄-၅ သန်းတန် အသေးစား ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ချင်ကြဘူး။ အကြီးစားတွေပဲ သူတို့ လုပ်ချင်ကြတယ်။ အသေးစားကို သူတို့ဘက်မှာပဲ ရင်းနှီးမြှုပ်နှံမယ်။ လိုအပ်တဲ့ ကုန်ကြမ်းက မြန်မာကနေ စျေးပေါပေါနဲ့ ရနိုင်တယ်။ စျေးကြီးနေရင် နည်းနည်း မူပြလိုက်ရင် မြန်မာကုန်သည်တွေ သူတို့ခွင်ထဲ ရောက်သွားရော။ ဖရဲသီး၊ သရက်သီး ဆိုရင် မျှော်မှန်းသလောက် အကျိုးအမြတ် မရဘူး။ ဒါကြောင့် သရက်သီး ဆိုရင် oversea နဲ့ တင်ဖို့ လိုင်းပြောင်းကြရတယ်။ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ထဲမှာ မြန်မာကုန်ပစ္စည်းတွေ စျေးကွက် ဖြစ်ပေါ်ရေးကို မြန်မာတွေဘက်က အမျိုးမျိုး ကြိုးစားကြတယ်။ ဒါပေမဲ့ မြန်မာကုန်သည်တွေက အရင်းအနှီး ထုတ်နိုင်မှု အင်အား နည်းတော့ တရုတ်တွေရဲ့ ဝယ်လက် ဖြစ်ရင် ဖြစ်သွားမယ်။ စျေးတင်းခံနေတော့ မြေပြန့်ကို ပြန်မသယ်ချင်ဘဲ ပေးတဲ့ စျေးနဲ့ ချရောင်းသွားကြရတယ်။ local သီးတွေကို ကြည့်လေ၊ မြန်မာကနေ ထွက်သွားပြီး မြန်မာကိုပဲ preserved သီးနှံ (snack) တွေအဖြစ် ပြန်ရောက်လာရော။ ပြောင်းတွေလည်း အများအပြား ရောက်လာရင် အစိုဓာတ် များတယ်၊ အာဖလာတော့စင် များတယ် ဆိုပြီး စျေးဖမ်းနှိမ်တာပဲ။

ဒီအချက်တွေက အောက်ခြေမှာ ဖြစ်ပျက်နေတာတွေပါ။ တရုတ်ဘက်က နယ်စပ်ကုန်သွယ်ရေးကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတစ်ခုလို့ မသတ်မှတ်ချင်ဘူး။ နယ်စပ်နေ နှစ်နိုင်ငံက ပြည်သူတွေ ကုန်သွယ်ကြတာလို့ မှတ်ယူထားတယ်။ မြန်မာက နယ်စပ်ကုန်သွယ်ရေးဟာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလို့ မှတ်ယူထားတယ်။ ဒီလို အခြေခံအမြင်ချင်း မတူညီတာကြောင့် ကနဦး နယ်စပ်

ကုန်သွယ်ရေးကို ချောချောမွေ့မွေ့ ဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ တော်တော် ပြောဆိုခဲ့ရပါတယ်။ အခုအခါမှာတော့ မြန်မာ အစိုးရရဲ့သဘောထားကို သိလာရပြီ ဖြစ်တဲ့အတွက် တရုတ်နဲ့ ကုန်သွယ်မှုမှာ အဆင်ပြေစ ပြုလာပါပြီ။ ဈေးကွက်အသာစီး ရရေးမှာတော့ တရုတ်နဲ့ ယှဉ်ပြိုင် ကြိုးစားကြတဲ့အခါ မြန်မာက နောက်တန်းမှာပဲ ရောက်နေရတာကိုတော့ ဝန်ခံ ရမှာ ဖြစ်ပါတယ်။

ဒီတော့ ကုန်သွယ်ရေး မဟာဗျူဟာ ချမှတ်တဲ့အခါမှာ စဉ်းစားရမယ့် အချက် တော်တော်များများ ရှိနေပါတယ်။ ဥပမာ- ရွှေ ဆိုရင် မြန်မာပြည်မှာ ထွက်တယ်။ ဘယ်လောက် ထွက်သလဲတော့ စာရင်းဇယား အတိအကျ မသိ ရဘူး။ ကမ္ဘာ့ရွှေဈေးက မြင့်ပြီး ပြည်တွင်းရွှေဈေး နိမ့်နေတဲ့အခါ မြန်မာရွှေတွေ တရုတ်နယ်စပ် ရောက်လာပါတယ်။ ရွှေက ကုန်ကျစ် ဆိုတော့ သယ်ရပြုရတာ လွယ်တယ်။ နယ်စပ်ရွှေလီမှာ မြန်မာရွှေကို ရောင်းပြီး ရတဲ့ ဒေါ်လာကို အဝေး လွှဲနဲ့ ရန်ကုန်ကို ပြန်ပို့တော့ ရန်ကုန်မှာ ဒေါ်လာဈေးက ရွှေလီက မြန်မာ ရွှေဝယ်တဲ့ တရုတ်တွေ လက်ထဲမှာပဲ ရှိတယ်။ ရန်ကုန်ဒေါ်လာ ဈေးကွက်က ရွှေလီကနေ သတင်းအချက်အလက် မရဘဲ မဖွင့်ရဲကြဘူး။ ရန်ကုန်သား ကုန်သည်တွေက ဒေါ်လာဈေးကွက်ကို သူတို့ exporters တွေရဲ့ လက်ထဲမှာ မရှိလို့ အောင့်သက်သက် ဖြစ်နေကြတာပေါ့။

တရုတ်က နယ်စပ်ကုန်သွယ်ရေးကို normal trade မလုပ်ချင်ဘူး။ Letter of credit, Telegraphic Transfer နဲ့ ငွေကြေး transaction လုပ်ဖို့ တော်တော် ကို ပြောခဲ့ရတယ်။ အမေရိကန် sanction ကြောင့်လည်း တစ်ကြောင်း ပါတာ ပေါ့ အရေးရယ် အကြောင်းရယ် ဆိုရင် တရုတ်လည်း ငွေကြေးနဲ့ ပတ်သက်လာ ရင် မြန်မာကို မကူညီပါဘူး။ စင်ကာပူကမှ တင်းတင်းကျပ်ကျပ်နဲ့ မြန်မာကို ကူညီသေးတယ်။ အမေရိကန် ဖိအားပေးတော့ ဒေါ်လာကို ဖြုတ်ပစ်တယ်လေ။ ယူရိုနဲ့တော့ လုပ်နိုင်သေးတယ်။ မြန်မာကုန်သည်တွေ လောကမှာ နှစ်ရင်း ရင်းရတယ် ဆိုတဲ့ ဖြစ်စဉ် ပေါ်ပေါက်လာပြီး ကုန်သွယ်မှု အရင်းအနှီးကို အကန့် အသတ် ဖြစ်စေတာပါ။ ဒီကြားထဲမှာ ကုန်သည်တွေဘက်က မသမာမှုတွေ လုပ်တယ် ဆိုပြီး ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ရင် barrier တွေ ပြုလုပ်ခဲ့ တယ်။ ဒီအချက်တွေကြောင့် transaction cost တွေ များလာပြီး လုပ်ရကိုင်ရတဲ့ အခါမှာ တွက်ခြေမကိုက်တော့ဘူး။ နယ်စပ်ကုန်သွယ်ရေးကို လုပ်နေတဲ့ ကုမ္ပဏီ တွေက export လုပ်ချင်တဲ့သူတွေဆီက ကော်မရှင် ယူပြီး သူတို့ နာမည်ခံ

export ပေးတယ်။ ပဲ့တီစိမ်း export လုပ်ချင်တဲ့သူက ပဲတီစိမ်း တန် ၅၀၀ ကို တရုတ်ဆီ export လုပ်ချင်ရင် အမည်ခံကုမ္ပဏီနဲ့ ညှိနိုင်းပါတယ်။ အမည်ခံ ကုမ္ပဏီက လိုင်စင် လျှောက်ပေးတယ်။ အမည်ခံ ကုမ္ပဏီနဲ့ လက်ဝါးရိုက်ထား တဲ့ တရုတ်ကုမ္ပဏီက မြန်မာအမည်ခံ ကုမ္ပဏီဆီ ဒေါ်လာကို TT နဲ့ ထည့်ပေး လိုက်တယ်။ အမှန်ကတော့ အမည်ခံ ကုမ္ပဏီရဲ့ ငွေတွေပါပဲ။ အဲဒီတော့ တစ်ရင်း ရင်းလိုက်ရပြီ။

နောက်တစ်ရင်းကတော့ ပြည်တွင်းမှာ ပဲတီစိမ်း ဝယ်ရတဲ့ အရင်းပေါ့။ အစစ်အဆေးခံတာတို့ ဘာတို့ လုပ်ပြီး လိုင်စင်ကျလာရင် ပို့လို့ ရပြီ။ လိုင်စင် လျှောက်တဲ့အခါ ပစ္စည်းဖိုးငွေ TT အရင်ဝင်ရပါတယ်။ နိုင်ငံခြားဝယ်လက် ဖြစ်တဲ့ ကုမ္ပဏီဘက်ကနေ ငွေ ကြိုပို့ဖို့ ဆိုတာက အတော် မဖြစ်နိုင်မှန်း နိုင်ငံတကာ ကုန်သွယ်ရေး လုပ်နေသူတိုင်း သိပါတယ်။ အမည်ခံကုမ္ပဏီကနေ တစ်ဆင့်ခံ လုပ်ရရင် နှစ်ရင်း မရင်းရတော့ ဒီလုပ်နည်းစနစ်ကို တော်တော် ကြိုက်ကြတယ်။ တစ်ဖက်နိုင်ငံ တရုတ်နဲ့ အဆက်အသွယ် ရှိသူတွေ ဘယ် လောက် အလုပ်ဖြစ်သလဲ ကြည့်ပါ။ အစိုးရဘက်က စဉ်းစား လုပ်ဆောင်ကြတဲ့ အခါမှာလည်း ဘာတွေ စဉ်းစားကြသလဲ။ ကိုယ့်ကုန်သည်ကို ကိုယ် သတ်နေ တာတွေလည်း ဖြစ်သွားနိုင်ပါတယ်။ ဒီမြေပြင်အခြေအနေတွေ သိပေမဲ့ ဘာ လုပ်ရမှန်း မသိလို့လားတော့ မသိဘူး။ ကုန်သည်တွေကတော့ ငါးပွက်ရာ ငါးစာ ချနေတာနဲ့ပဲ စီးပွားရေးကို ဆောင်ရွက်နေရပါတယ်။

■ ဘလောဂ်ရေးသားသည့်ရက်စွဲ [၁-၁-၂၀၁၁]

## ငွေကြေးကဏ္ဍနှင့် သူတို့အမြင်များ

အများပိုင်ကုမ္ပဏီတွေနဲ့ ဆက်စပ်တဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ ဒီကနေ့တိုင် ပြဋ္ဌာန်း သတ်မှတ်ထားခြင်း မရှိသေးတာကြောင့် မြန်မာနိုင်ငံ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်လာရေး အလားအလာတွေက မှေးမှိန်နေဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် breakdown of wealth နဲ့ ပတ်သက်လို့ လေ့လာဆန်းစစ်မှုတွေ မရှိသေးပါဘူး။ တရုတ်လူမျိုး စီးပွားရေး လုပ်ငန်းရှင်တွေရဲ့ ငွေကြေး ပိုင်ဆိုင်မှု ဟာ အင်ဒိုနီးရှားမှာ ရာခိုင်နှုန်း ၆၀၊ မလေးရှားမှာ ရာခိုင်နှုန်း ၃၀၊ ထိုင်းမှာ ရာခိုင်နှုန်း ၇၀ အသီးသီး ရှိကြောင်း လေ့လာသိရှိရပါတယ်။ မြန်မာအနေနဲ့ နိုင်ငံအတွင်း လှည့်ပတ် သုံးစွဲနေတဲ့ ငွေကြေး ဘယ်မျှ ရှိနေတယ် ဆိုတာ တောင် မထုတ်ပြန်တော့ပါဘူး။ လက်လီ ရောင်းချမှုအပိုင်း၊ စက်မှုလက်မှု အပိုင်း၊ အိမ်ခြံမြေအပိုင်း၊ ကျောက်မျက် အပိုင်း၊ ဆောက်လုပ်ရေးအပိုင်း၊ သီးနှံ ရောင်းဝယ်မှုအပိုင်း စတဲ့ အပိုင်းတွေ မှာ ဘယ်ရွေ့ဘယ်မျှ လှည့်ပတ် သုံးစွဲ နေတယ် ဆိုတာကို မသိရပါဘူး။ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေ၊ သုတေသန လုပ်သူတွေ၊ တက္ကသိုလ်တွေအနေ

နဲ့ လုပ်သင့်တဲ့ စစ်တမ်း (survey) တစ်ခု ဖြစ်ပါတယ်။ အလွတ် ပြောကြ ဆို ကြရာမှာ 'ဖျာအောက်က ငွေ'တွေ ရင်းနှီးမြှုပ်နှံမှုအပိုင်း၊ ကုန်သွယ်မှုအပိုင်းတွေ ထဲ ရောက်လာစေလိုကြပါတယ်။

ဗဟိုဘဏ်တွေက ငွေရေးကြေးရေးကဏ္ဍမှာ လုပ်ငန်းတွေ ဆောင်ရွက်စေရာ မှာ ဥပဒေတွေ ပြဋ္ဌာန်းလို့ ဖြစ်ဖြစ်၊ အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်ရာမှ ဖြစ်ဖြစ် ဆောင်ရွက်တာဟာ နိုင်ငံတကာစံလုပ်နည်း လုပ်ဟန်တွေ ဖြစ်ပါတယ်။ အရင် အစိုးရတွေလက်ထက် မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍမှာ လက်တန်း ညွှန် ကြားချက်တွေနဲ့ ဘဏ်တွေက လုပ်ကိုင်ခဲ့ကြရပါတယ်။ ဥပမာအဖြစ် ပြောရရင် ရန်ကုန်၊ မန္တလေးမြို့တို့မှာ ဘဏ်ခွဲတွေ ဖွင့်ခွင့်မပြုတော့တာ၊ လုံခြုံရေးအရ အများပြည်သူ ဝင်ထွက်သွားလာနေတဲ့ shopping mall တွေမှာ ဖွင့်ခွင့် မပြု တာ၊ ဘဏ်ခွဲတွေကို မြေငှား၊ အဆောက်အအုံ ငှားပြီး ဖွင့်ခွင့် မပြုတာ စတာ တွေက 'လက်တန်းညွှန်ကြားချက်'တွေ ဖြစ်နေပါတယ်။ ဘယ်ဥပဒေစာအုပ်ထဲ မှာမှ မပါဘူး။ လွှတ်တော်မှာ မဆွေးနွေးဘဲ ဘဏ်တွေက လိုက်နာ ဆောင်ရွက် နေရပါတယ်။

လွန်ခဲ့တဲ့ ၂၀၀၃ ဘဏ်တွေ ပြဿနာ ပေါ်ပေါက်ခဲ့ပြီး ဘဏ်တွေကို ဗဟို ဘဏ်က တင်းကျပ်ရာမှာ စစချင်း paid up capital ရဲ့ ခုနစ်ဆသာ အပ်ငွေ လက်ခံရပါတယ်။ အဲဒီ အချိန်ကာလက ဘဏ်ဆီ လာရောက်ငွေ အပ်နှံချင် ကြတဲ့ ပြည်သူတွေကို ဘဏ်တော်တော်များများက မျက်နှာပူပူနဲ့ ငြင်းလွှတ်ခဲ့ရ ပါတယ်။ အခုတော့ သက်ဆိုင်ရာက ခွင့်ပြုနေပါပြီ။ paid up capital ရဲ့ ၁၀ ဆ၊ ၁၅ ဆ၊ အဆ ၂၀ အထိ အပ်ငွေကို လက်ခံနိုင်ပါပြီ။ သို့ပေမဲ့ တစ်ဖက်မှာ reserve ထားရမယ့် ငွေနဲ့ ပြန်ထိန်းထားပါတယ်။ ဘာပဲဖြစ်ဖြစ် ဘဏ်တွေအနေ နဲ့ အသက်ရှူ တော်တော် ချောင်သွားခဲ့ပါတယ်။

banking products တော်တော်များများကို ဗဟိုဘဏ်က ပုဂ္ဂလိက ဘဏ် တွေကို ခွင့်ပြုပေးခဲ့ပါတယ်။ ရွှေအပေါင်ခံခြင်း၊ အချိန်ပိုင်းအပ်ငွေကို ဘဏ်မှာ အပေါင်ထားပြီး ငွေချေးခွင့်ပြုခြင်း၊ သီးနှံ သုံးမျိုးကို pledging လက်ရောက် အပေါင်စနစ်နဲ့ ဘဏ်တွေမှာ ငွေချေးနိုင်ခြင်း၊ hire purchase လုပ်ခွင့်ပြုခြင်း စတာတွေဟာ လတ်တလော ခွင့်ပြုခဲ့တဲ့ banking products တွေ ဖြစ်ပါတယ်။ သီးနှံ သုံးမျိုး (ဆန်၊ ပဲမျိုးစုံ၊ နှမ်း) အပြင် စပါး၊ ရာဘာတို့ကိုလည်း တိုးချဲ့ခွင့်ပြု စေလိုပါတယ်။ အမှန်းပေါင်စနစ် (hypothecation) ကိုလည်း ဘဏ်တွေက လုပ်လိုကြပါတယ်။ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်တွေအတွက် ပုဂ္ဂလိက ဘဏ်

တွေက ငွေလွှဲစာတမ်း (letter of credit) အပေါင်ခံခွင့်ပြုခြင်း၊ earning ဒေါ်လာကို အပေါင်ခံခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးစေချင်ပါတယ်။

ကမ္ဘာ့စီးပွားရေးကို ပျက်စီးစေဖို့ အမေရိကန်ဒေါ်လာဟာ ခေါင်းမြီးခြုံ ဝင်ရောက်လာတယ်လို့ ပြောကြပါတယ်။ ဒေါ်လာတွေ emerging markets တွေဆီ ဝင်ရောက်လာတော့မယ် ဆိုတဲ့အကြောင်း လွန်ခဲ့တဲ့ သုံး-လေးလလောက်ကတည်းက ပညာရှင်တွေ၊ ငွေကြေးနဲ့ ပတ်သက်လို့ ကျွမ်းကျင်သူတွေက သတိပေးကြပါတယ်။ ဒေါ်လာဈေး ကျပြီး မြန်မာကျပ်ငွေ မာလာတယ်လို့ ယေဘုယျအားဖြင့် သုံးသပ်လို့ ရပေမဲ့ မြန်မာငွေ မာလာတယ် ဆိုတဲ့ အချက်အပေါ် သံသယဖြစ်ဖွယ်ပါပဲ။ CPI က တက်မလာပါဘူး။ ပြည်ပက သွင်းတဲ့ပစ္စည်း၊ ပြည်တွင်းမှာ ထုတ်လုပ်တဲ့ ပစ္စည်းတွေ ဈေးမကျပါဘူး။ မြန်မာငွေ မာလာရင် ပစ္စည်းဈေးနှုန်းတော့ ကျဖို့ ကောင်းပါတယ်။ မြန်မာငွေ မာလာတာကြောင့် ယေဘုယျအားဖြင့် ပြည်ပပို့ကုန်တွေ တင်ပို့မှုကို ထိခိုက်ခဲ့တာသာမက အောက်ခြေ လူတန်းစား ဖြစ်တဲ့ လယ်သမားလူတန်းစားအထိ ထိခိုက်မှုတွေ ရှိခဲ့ပါတယ်။ 'ရှုံးချင်ရင် အရောင်းအဝယ် လုပ်၊ မြတ်ချင်ရင် ဘဏ်မှာ ငွေစု' ဆိုတဲ့ စကားရပ်တောင် ခေတ်ကာလအလိုက် ပေါ်လာသေးတယ်။

ဒါကြောင့် ဘဏ်တွေမှာ အပ်ငွေတွေ လျှံလာပါတယ်။ ပြန်ချေးဖို့ကျတော့ ဗဟိုဘဏ်ရဲ့ တင်းကျပ်တဲ့ ထိန်းချုပ်မှုကြားမှာ ကျပ်ကျပ်တည်းတည်း လုပ်ကိုင်ခဲ့ကြရပါတယ်။ မြန်မာငွေ မာလာတဲ့အချိန်မှာ ၁၀၀၀ဝ တန်၊ ၅၀၀၀ဝ တန် ငွေစက္ကူတွေကို ပုံနှိပ် ထုတ်ဝေသင့်တယ်လို့ ပြောကြပါတယ်။ စင်ကာပူမှာဆို စင်ကာပူဒေါ်လာ ၁၀၀၀၀၀ တန်အထိ ပုံနှိပ်ထုတ်ဝေထားတယ်။ အလားတူပဲ နိုင်ငံကြီး တော်တော်များများမှာ note အရွက်ကြီးကြီးတွေ ထုတ်ထားတယ်လို့ ဆိုကြပါတယ်။ ဒီလို ထုတ်ထားလိုက်ရင် equalization fund အတွက်လည်း အဆင်ပြေသွားနိုင်ပါတယ်။

တစ်ယောက်ကတော့ ဦးနေဝင်းလက်ထက် ဦးဘငြိမ်း ကိုင်ခဲ့စဉ်က IMF က အကူအညီပေးဖို့ ငြင်းဆန်တဲ့အခါ ကိုယ့်ဘာသာကိုယ် ရပ်တည်မယ် ဆိုပြီး ငွေစက္ကူတွေ ရိုက်ထုတ်ခဲ့တာကိုလည်း သတိရကြဖို့ သတိပေးခဲ့ပါတယ်။ ခက်တာက ငွေစက္ကူဟာ ၁ တန် ရိုက်တဲ့ ကုန်ကျစရိတ်နဲ့ ၁၀၀ဝ တန် ရိုက်တဲ့ ကုန်ကျစရိတ်က တူတူပဲ ဖြစ်နေတယ်။ တိုင်းပြည်ပြင်ပမှာ ရိုက်ဖို့ ဆိုတာ မတွေးရဲဘူး။ ဝါဇီက ပုံနှိပ်စက်တွေအတွက် spare parts ဝယ်တာတောင် အခက်အခဲရှိနေတာ။

ဒါကလည်း monetary policy နဲ့ဆိုင်တော့ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဖို့ လိုတယ်။ ငွေရေးကြေးရေးကဏ္ဍမှာ ဥပဒေလုပ်ထုံးလုပ်နည်းတချို့ မပြည့်စုံတာတွေ ရှိနေပါသေးတယ်။ ငွေ မရှိဘဲ ချက်လက်မှတ် ထုတ်ပေးလိုက်တဲ့အခါ ဘဏ်တွေအနေနဲ့ third party ဖြစ်နေလို့ ကိုင်ရတွယ်ရ ခက်ပါတယ်။ bounce cheque နဲ့ ပတ်သက်တဲ့ ဥပဒေ အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်ပေးဖို့ လိုအပ်နေတယ်လို့ ထောက်ပြကြပါတယ်။ အများပိုင်ကုမ္ပဏီများနဲ့ ဆက်စပ်တဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ ဒီကနေ့တိုင် ပြဋ္ဌာန်း သတ်မှတ်ထားမှု မရှိသေးတာကြောင့် မြန်မာနိုင်ငံမှာ အများပိုင်ကုမ္ပဏီတွေ ဖွဲ့စည်း တည်ထောင်လာရေး အလားအလာတွေဟာ မှေးမှိန်နေဆဲ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီများများ ဖွဲ့စည်းတည်ထောင်လာနိုင်ရင် အရင်းအနှီးဈေးကွက် (capital market) ပေါ်ပေါက်လာရေးမှာ အလားအလာတွေ ရှိလာနိုင်ပါတယ်။

ဒီလို ပြောကြဆိုကြတာတွေဟာ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မီတီနဲ့ တွေ့ဆုံစဉ် ဘဏ်တွေဘက်က သူတို့အမြင်တွေကို တင်ပြခဲ့ကြတာတွေကို မှတ်သားဖွယ်ရာတွေ ပါလို့ ကောင်းနိုးရာရာ ကောက်နုတ် တင်ပြတာ ဖြစ်ပါတယ်။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၂၆-၉-၂၀၁၁]

## ဘဏ်အတိုးနှုန်း

ဗဟိုဘဏ်က ဘဏ်တိုးနှုန်းတွေ ပြင်ဆင် သတ်မှတ်တဲ့ စာမှာ ပါတဲ့ အပိုဒ်တွေကို ရိုးရိုးလူတွေအနေနဲ့ သိပ်မရှင်းကြဘူး။ ဘဏ်က လူတွေကတော့ သိတာပေါ့။ ဥပမာနဲ့ ပြောပြပါ ဆိုပြီး မေးလာကြတယ်။ ငွေစုဘဏ် အတိုးနှုန်းဟာ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအတွင်း ဘဏ်တွေက ကြိုက်သလို သတ်မှတ်နိုင်ပါတယ်။ ယေဘုယျဆိုရင် အတိုးနှုန်းကို ၁၀ ရာခိုင်နှုန်းအထိ ချလိုက်တယ်လို့ ပြောလို့ ရတယ်။ ဒါက ဘဏ်တစ်ဘဏ် ချင်းနဲ့ ဆိုင်မယ်။ အချို့ဘဏ်တွေက အပ်ငွေ လက်ခံလို့ မရတော့ဘူး။ capital deposit အချိုး ၁၀ ဆနဲ့ ဗဟိုဘဏ်က ထိန်းထားတာ။ အခုတော့ နည်းနည်း ဖြေလျှော့ပေးထားတယ်။ ဒါလည်း reserve နဲ့ ပြန်ထိန်းထားတယ်။

ဘဏ်စီမံခန့်ခွဲသူတွေဟာ အပ်ငွေနဲ့ ချေးငွေ မျှတနေအောင် အမြဲကြည့်နေရမှာ။ အကောင်းဆုံးကတော့ အတိုး မပေးရတဲ့ စာရင်းရှင်အပ်ငွေတွေ များများ လာအပ်ရင် အကောင်းဆုံးပဲ။

ဒါကြောင့် ၁၀ ဆ မပြည့်သေးတဲ့ ဘဏ်တွေက အပ်ငွေ လာအပ်စေချင်ရင်

၁၀ ဒသမ ၅ ရာခိုင်နှုန်း ဒါမှမဟုတ် ၁၁ ဒသမ သုည ရာခိုင်နှုန်း ဒါမှမဟုတ် ၁၁ ဒသမ ၅ ရာခိုင်နှုန်း နောက်ဆုံး ၁၂ ရာခိုင်နှုန်းပဲ ဆက်ထိန်းထားချင်တယ် ဆိုရင်လည်း ရတယ်။ ဒါကတော့ ဘဏ်တစ်ခုချင်းရဲ့ Bank management နဲ့ ဆိုင်သွားပြီ။ ကိုယ့်ဘဏ်က ဘယ်လို လုပ်မယ် ဆိုတာကိုတော့ ဗဟိုဘဏ်ကို တင်ပြဖို့တော့ လိုတယ်။ အတိုးနှုန်းတစ်ခုကို လအတန်ကြာ ကျင့်သုံးပြီးနောက် အတိုးနှုန်းတစ်ခု ပြန်သတ်မှတ်မယ် ဆိုရင်လည်း ဗဟိုဘဏ် ပြန်တင်ပြပြီး လုပ်လို့ ရတယ်။

ဘဏ်တွေ အချင်းချင်းကတော့ သိပ်ကွာကြမှာ မဟုတ်ဘူး ထင်တယ်။ စိန်ခေါ်မှုတွေတော့ များလာတာပဲ။ အပ်ငွေကလည်း များချင်တိုင်း များလို့ ကောင်းတာ မဟုတ်ဘူး။ အတိုးပေးရတယ်။ loan deposit အချိုးနဲ့ ဗဟိုဘဏ်က ပြန်ထိန်းထားပြန်ရော။ ရာခိုင်နှုန်း ၈၀ ထက် ကျော်လို့ မရဘူး။ အဲဒီတော့ ဘဏ်စီမံခန့်ခွဲသူတွေဟာ အပ်ငွေနဲ့ ချေးငွေ မျှတနေအောင် အမြဲ ကြည့်နေရမှာ။ အကောင်းဆုံးကတော့ အတိုး မပေးရတဲ့ စာရင်းရှင် အပ်ငွေတွေ များများ လာအပ်ရင် အကောင်းဆုံးပဲ။ ချေးငွေအတွက် အတိုးကတော့ ရှင်းပါတယ်။ ၁၅ ရာခိုင်နှုန်းပဲ ချေးတဲ့သူက ပေးရတော့မယ်။ ဒါလည်း ဘဏ်တွေအပေါ်မှာ မူတည်နေတယ်။ ကိုယ့်ဘဏ်ကို ချေးတဲ့သူ များလာအောင် ၁၄ ဒသမ ၅ ရာခိုင်နှုန်းပဲ အတိုးယူမယ် ဆိုရင် ရတယ်။

အခု ဗဟိုဘဏ်က အတိုးနှုန်း ပြင်ဆင်သတ်မှတ်လိုက်တာကတော့ ဘဏ်အချင်းချင်း competitive ဖြစ်အောင် လုပ်လိုက်သလိုပါပဲ။ အပ်ငွေတွေနဲ့ ပိနေတဲ့ ဘဏ်တွေကတော့ အတိုးနှုန်းကို ကစားပြီး အပ်ငွေ အဝင်အထွက်ကို ထိန်းနိုင်တယ်။ တစ်ခါက စင်ကာပူ Straits Capital က ပညာရှင်တစ်ယောက်က မေးဖူးတယ်။ What is your bank rate တဲ့။ ငါတို့က ဗဟိုဘဏ် သတ်မှတ်ထားတဲ့ ၁၂ ရာခိုင်နှုန်းလို့ ပြောတော့ နားမလည်ဘူး။ အခုမှပဲ ပညာရှင် မေးတာကို သဘောပေါက်တော့တယ်။ သူက ဘဏ်တစ်ခုချင်းရဲ့ အတိုးနှုန်းကို မေးတာ။ အခုဆိုရင် မိမိဘဏ်က ၁၁ ဒသမ ၅ ရာခိုင်နှုန်းလို့ သတ်မှတ်ထားရင် Oh! My bank rate is ၁၁ ဒသမ ၅ ရာခိုင်နှုန်းလို့ ရင်ကော့ပြီး ဖြေနိုင်ပြီလေ။ change ဆိုတာ လာနေပြီ။

■ ဘလောက်ရေးသားသည့်နေ့စွဲ ၆-၉-၂၀၁၁

# ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ

အခု ရက်သတ္တပတ် အားလပ်ရက်နှစ်ရက်အတွင်း စီးပွားရေးနှင့် မြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့မှာ ကုန်သွယ်မှု၊ ငွေရေးကြေးရေး၊ ရင်းနှီးမြှုပ်နှံမှု စတဲ့ ကဏ္ဍပေါင်းစုံနဲ့ ပတ်သက်ပြီး ပြန်လည် ပြင်ဆင်ရေး (reform) အသံတွေ လွှမ်းမိုးသွားခဲ့ပါတယ်။ အထူးသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ဦးဆောင်မှုပေးနေတဲ့ကုန်သည်စက်မှုအသင်းချုပ်၊ မင်္ဂလာခန်းမထဲမှာ ဖြစ်ပါတယ်။ စနေနေ့မှာ MNPED က ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်ရဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် ပုဂ္ဂလိကကဏ္ဍအကြောင်း ဟောပြောပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲဒီနေ့ မနက်ပိုင်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်းက ပုဂ္ဂလိကလုပ်ငန်းရှင် အသင်းအဖွဲ့တွေက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီး ကုန်

---

ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ဟာ
နောက်တစ်ကြိမ် လွှတ်တော်
ကျင်းပမယ့် အချိန်ကျမှပဲ
အတည်ပြုနိုင်မှာဖြစ်လို့ ဒီကြားထဲ
ရင်းနှီးမြှုပ်နှံလိုသူတွေ
အဆင်ပြေပြေ လုပ်နိုင်အောင်
အမိန့်ကြော်ငြာစာ
ထုတ်ပေးမယ်လို့
သတင်းကောင်းတစ်ခု ပေးပါတယ်။

---

သွယ်မှုလုပ်ငန်းတွေ မြှင့်တင်ရေးကို ညှိနှိုင်း ဆွေးနွေးခဲ့ပါတယ်။ ညနေပိုင်း ဗဟိုဘဏ် (ရန်ကုန်) မှာ ဘဏ္ဍာအခွန် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဟောင်း ဦးလှထွန်းက ရန်ကုန်မြို့မှာ ရှိတဲ့ ပုဂ္ဂလိက ဘဏ်တွေက ဥက္ကဋ္ဌတွေ၊ အုပ်ချုပ်မှု ဒါရိုက်တာတွေကို တွေ့ဆုံပြီး ဘဏ္ဍာအခွန်ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေကို ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။ တနင်္ဂနွေနေ့မှာ NPED က ပဲ ညွှန်ကြားရေးမှူးချုပ် ဒေါ်မြတ်မြတ်စိုးရဲ့ AEC (Asean Economic Community) ၂၀၁၅ အကောင်အထည်ဖော်ရမယ့် လုပ်ငန်းတွေအကြောင်းကို ဆွေးနွေး ဟောပြောခဲ့ပါတယ်။

MNPED ကပဲ ဒုတိယညွှန်ကြားရေးမှူးချုပ်က ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပြုပြင်ပြောင်းလဲထားရှိမှု အခြေအနေတွေကို ဟောပြော ဆွေးနွေးခဲ့ရာ လူအများရဲ့ စိတ်ပါဝင်စားမှုအရှိဆုံး ဖြစ်ခဲ့တဲ့အပြင် ရက်သတ္တပတ် တစ်ပတ်အတွင်း စီးပွားရေး အသိုက်အဝန်းအတွင်း ဆွဲဆောင်မှု အရှိဆုံး သတင်းတစ်ခုအဖြစ် ထွက်ပေါ်ခဲ့ပါတယ်။ တင်ပြသူက MIC Law နဲ့ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ရှင်းရှင်းလင်းလင်း မခြွင်းမချန် တင်ပြခဲ့ပါတယ်။ Reform လို့ ဆိုလိုက်ရင် အစိုးရပိုင်းကပဲ လုပ်ရတယ်လို့ အများက ထင်ကြပါတယ်။ အမှန်တော့ ပုဂ္ဂလိကပိုင်းကလည်း Reform လုပ်ဖို့ လိုကြောင်း သူက ထောက်ပြခဲ့ပါတယ်။ သူ့အတွေ့အကြုံတစ်ခုကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ပြောပြခဲ့ပါတယ်။

အခုအခါ ရင်းနှီးမြှုပ်နှံမှု လုပ်ချင်တဲ့ လုပ်ငန်းရှင်တွေဟာ MIC အဖွဲ့ဝင်တွေရှေ့မှောက်မှာ မိမိ ဆောင်ရွက်မယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းရပါတယ်။ တစ်ခုသော MIC ရှင်းလင်းပွဲမှာ လုပ်ငန်း တင်ပြသူ ၁၁ ဦးက လာရောက်ပြီး တင်ပြခဲ့ပါတယ်။ အဲဒီအထဲက ၆ ဖွဲ့က MIC အဖွဲ့ဝင်တွေ ရှေ့မှောက်မှာ ရင်းနှီးမြှုပ်နှံမှု လုပ်ချင်တဲ့လုပ်ငန်း တင်ပြချက်တွေကို လာတင်ပြကြတဲ့ ပုဂ္ဂိုလ်တွေဟာ အသက် ၃၀ ကျော် အမျိုးသမီးငယ်တွေ ဖြစ်ကြပါတယ်။ သူတို့က သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှု ပမာဏဟာ အမေရိကန် ဒေါ်လာသန်း ၇၀-၈၀ လောက် ရှိကြောင်း တင်ပြကြပါတယ်။

ဒါပေမဲ့ MIC ရုံးကို လာကြတဲ့အခါ သူတို့အားလုံးဟာ မော်တော်ဆိုင်ကယ်၊ အငှားတက္ကစီတွေနဲ့ လာရောက်ကြတာ ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနဲ့ ပတ်သက်လို့ ဘယ်လို အရာထမ်း၊ အမှုထမ်း၊ အင်ဂျင်နီယာ၊ အလုပ်သမားတွေ ခန့်မလဲ ဆိုတာလည်း မေးလိုက်တော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ဘာဖြေရမှန်း မသိ ဖြစ်နေပါတယ်တဲ့။ တကယ်တော့ သူတို့အားလုံးဟာ

shadow investment ဖြစ်ပြီး နောက်မှာ ငွေကြေး ထောက်ပံ့မယ့် နိုင်ငံခြားသားတွေ ရှိနေပါတယ်။ တင်ပြတဲ့သူတွေဟာ သူတို့အလုပ်သမား ဒါမှမဟုတ် အငှားမယားတွေ ဖြစ်ကြကြောင်း နောက်ပိုင်းမှာ စုံစမ်း သိရှိရပါတယ်။ ဒါကြောင့် private sector ဘက်ကလည်း မှန်မှန်ကန်ကန် မတင်ပြကြဘဲ လိမ်လည်လှျောက်ထားကြတယ် ဆိုတာ သိသာထင်ရှားပါတယ် ဆိုတဲ့အကြောင်း ဥပမာပေးပြီး ရှင်းပြခဲ့ပါတယ်။ တင်ပြသူက MIC ကို ကျစ်ကျစ်လျစ်လျစ်နဲ့ မကြာမီ ပြန်လည် ဖွဲ့စည်းမယ် ဆိုတဲ့အကြောင်း ပြောပြခဲ့ပါတယ်။

ဘယ်သူနဲ့ ဘယ်လို ပြင်ဆင်ဖွဲ့စည်းမယ် ဆိုတာ တင်ပြသူက မပြောပေမဲ့ ပြင်ပလောကမှာတော့ သတင်းတွေဟာ ပလူပျံနေပါတယ်။ MIC ဥပဒေကို အသစ်ပြန်လည်ရေးဆွဲခဲ့တာ မူကြမ်း ရာနှုန်း ၁၀၀ ပြီးစီးပြီ ဖြစ်ပါတယ်။ ရှေ့နေချုပ်ရုံးကိုလည်း တင်ပြပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လွှတ်တော်ဥပဒေကြမ်းကော်မတီက အတည်ပြုပြီးရင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်ကို တင်ပြအတည်ပြု ပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု လုပ်လိုတဲ့သူတွေအတွက် အချိန်မကြာအောင်၊ လွယ်ကူအောင် One stop Service ကို ဌာနတွေ အားလုံး ပါဝင်ပြီး လုပ်ဖို့ စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး Promotion တွေလည်း လုပ်သွားဖို့ အစီအစဉ် ရှိကြောင်း သူက ပြောပြပါတယ်။ တင်ပြသူက ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး သတိထားစရာ အချက်တစ်ခုကို ဥပမာနဲ့ ရှင်းပြခဲ့ပါတယ်။

သူ့အနေနဲ့ စီးပွား/ကူးသန်းမှာ ရှိစဉ် နိုင်ငံခြားက လာတဲ့ အဖွဲ့တစ်ခုက Sector တစ်ခုမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားကြောင်း တင်ပြဆွေးနွေးတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုရုံးနဲ့ ဆက်သွယ်ပေးခဲ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုရုံး ရောက်တဲ့အခါ သူတို့နဲ့ မဆိုင်ကြောင်း sector နဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနနဲ့ ပထမ ဆက်သွယ်ဖို့ လိုကြောင်း ပြောကြားခဲ့ပါတယ်။ ဒါနဲ့ sector နဲ့ ဆိုင်တဲ့ ဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံဖို့ စီစဉ်ပေးခဲ့ပါတယ်။ တွေ့တဲ့အခါမှာ သူတို့နဲ့ မဆိုင်ဘူးလို့ ပြောပါတယ်။ MIC နဲ့ပဲ ဆိုင်ပါတယ်လို့ ပြောတဲ့အခါ နိုင်ငံခြားကလာတဲ့ အဖွဲ့အစည်းက တော်တော် စိတ်ပျက်ပြီး ဘာမှ မလုပ်ဘဲ ပြန်သွားခဲ့ပါတယ်။ ဒီအချက်တွေ တင်ပြနေရခြင်းဟာ ယခင် တာဝန်ယူခဲ့တဲ့သူတွေကို ရှုံ့ချပြောဆိုနေတာ မဟုတ်ပါဘူး။ ဒီလို အဖြစ်အပျက်မျိုး အခုလို Reform လုပ်တဲ့ ဒီကနေ့လို အချိန်မျိုးမှာ မဖြစ်သင့်တော့ပါဘူး။ သင်ခန်းစာယူရမှာ ဖြစ်ပါတယ်။ MNPED ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်အဖွဲ့ကို

ဝန်ကြီးဌာန တော်တော်များများ ပါဝင်ပြီး ဖွဲ့စည်းထားပါတယ်။ ဒီအဖွဲ့ဟာ အပတ်စဉ် ဗုဒ္ဓဟူးနဲ့ သောကြာနေ့တိုင်း ရင်းနှီးမြှုပ်နှံမှုနဲ့ သက်ဆိုင်တဲ့ မေးခွန်းတွေကို ဖြေကြားပေးလျက် ရှိနေပါတယ်။ အကြံပြုချင်ရင်လည်း လက်ခံ ဆွေးနွေးပါတယ်။ ဒါဟာ working level မှာ လက်တွေ့ကျကျ မေးခွန်းတွေ အကြံပြုချက်တွေကို MIC အဆိုပြုချက် မတင်မီမှာ လေ့ကျင့်သွားနိုင်မှာ ဖြစ်ပါတယ်။ အထူးစီးပွားရေးဇုန်ဥပဒေ ရေးဆွဲခဲ့စဉ်ကလည်း ပိုပြီး သေချာသထက် သေချာအောင် တတ်မယ့် လေ့ကျင့်ခန်းမျိုး ဆောင်ရွက်ခဲ့တဲ့အကြောင်း သူက ပြောပြပါတယ်။ နောက်တစ်ခုက ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ဟာ နောက်တစ်ကြိမ် လွှတ်တော် ကျင်းပမယ့်အချိန်ကျမှပဲ အတည်ပြုနိုင်မှာ ဖြစ်လို့ ဒီကြားထဲ ရင်းနှီးမြှုပ်နှံလိုသူတွေ အဆင်ပြေပြေ လုပ်နိုင်အောင် အမိန့်ကြော်ငြာစာ ထုတ်ပေးမယ်လို့ သတင်းကောင်းတစ်ခု ပေးပါတယ်။

MIC ဥပဒေဟာ ၁၉၈၉ ခုနှစ်လောက်က ပြဋ္ဌာန်းခဲ့တာ ဖြစ်လို့ နှစ်ပေါင်း ၂၀ ကျော် ရှိနေပြီ ဖြစ်ပါတယ်။ အဲဒီ ဥပဒေထဲမှာ ရင်းနှီးမြှုပ်နှံမှု လုပ်မယ့်မြေဟာ အစိုးရပိုင်မြေ ဖြစ်ရမယ် ဆိုတဲ့အချက်ဟာ အဓိက အဟန့်အတားပါပဲ။ နောက်တစ်ခုက ယူလာမယ့် ဒေါ်လာငွေကြေးကို ၆ ကျပ်နဲ့ လဲပေးမယ် ဆိုတဲ့ အချက်ပါ။ ဒီအချက် နှစ်ခုနဲ့ ပတ်သက်ပြီး ဥပဒေသစ် မထွက်မီ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပါမယ်။ တစ်လလောက် အကြာမှာ ထွက်လာပါမယ်။ ယခင်က MIC ဥပဒေဟာ export oriented ဖြစ်ပါတယ်။ အခု အသစ်ထွက်တဲ့ ဥပဒေဟာ import substitution လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အမိန့်ကြော်ငြာစာတွေ ထွက်လာရင် import substitution အပိုင်းကို လုပ်ခွင့် ရှိကြောင်း ခွင့်ပြုမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး shadow investment တွေကို အလင်းရောင်အောက် ထွက်လာဖို့လည်း ပြောသွားပါတယ်။ တရားဝင်ဖြစ်အောင် လုပ်နိုင်ဖို့လည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီသတင်းအချက်အလက်တွေဟာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပက လူတွေ စောင့်မျှော်နေကြတဲ့ သတင်းပါ။ ဒီလိုပဲ MNPED က ကြိုတင် ပြင်ဆင်ထားနိုင်အောင် လာရောက်ပြီး သတင်းကောင်း လက်ဆောင်ပါးခြင်း ဖြစ်ပါတယ်။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၆–၉–၂၀၁၁]

## စီးပွားရေး ပဲ့တင်သံ

အားလုံး သိကြတဲ့အတိုင်း စီးပွားရေး အသိုက်အဝန်းထဲမှာ အဓိက အော်နေကြတဲ့ အကြောင်းအရာကတော့ ငွေရေးကြေးရေးနဲ့ အခွန်အခကိစ္စတွေပါပဲ။ ယမန်နေ့က earning ဒေါ်လာ ၇၆၅ အထိ ရောက်ခဲ့ပေမဲ့လည်း ကုန်သည် လုပ်ငန်းရှင်တွေ ကြိုက်တဲ့အနေအထား မရောက်သေးပါဘူး။ ကား တင်သွင်းခွင့်ပြုဖို့ စဉ်းစားနေတဲ့အကြောင်း သတင်းတွေ ဖြစ်ပေါ်နေပါတယ်။ တချို့ကလည်း ဝစ်သောက်ကားတွေကို ကားတန်ဖိုး ဒေါ်လာရဲ့သုံးဆ ဒဏ်ရိုက်ပြီးခွင့် ပြုမယ် ဆိုတဲ့ သတင်းကြောင့် အကွက်မြင်သူတွေက နယ်စပ်တွေမှာ စိတ်ကြိုက် ကားတွေ ဝယ်ထားပြီး လမ်းခရီးမှာ သက်ဆိုင်ရာတွေကို ပေးကမ်းပြီး ရန်ကုန်နဲ့ မြို့ကြီးတွေအရောက် သယ်ဖို့ စီစဉ်နေကြပြီလို့လည်း ကြားနေရပါတယ်။ နောက်တစ်ခုက စီးပွားကူးသန်းဝန်ကြီးဌာနမှာ ယမန်နှစ်တွေက

---

အစကတည်းက
ကောက်ခံသင့်သလား၊ မသင့်လား
ဆိုတာ မစဉ်းစားခဲ့ကြဘူး။
စင်ကာပူသံရုံးမှာ
အခွန် ၁၀ ရာခိုင်နှုန်းကနေ
၂ ရာခိုင်နှုန်း
ပြန်လည် သတ်မှတ်လိုက်တော့
လာစုံစမ်းသူတွေ တရုန်းရုန်းပဲလို့
ကြားတယ်။

---

export အများဆုံး ပို့ခဲ့တဲ့ကုမ္ပဏီတွေကို ကားတင်သွင်းခွင့် ပေးမယ်၊ top 100 စာရင်းတွေ ပြုစုထားပြီးပြီ ဆိုတဲ့ သတင်းတွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ top exporter ဆိုတာ မလုပ်တာ ကြာပါပြီ။ အခမ်းအနားကြီးတွေနဲ့ လုပ်ရင် ဘေးက လူတွေ၊ ကြားတဲ့လူတွေက ပြုံးစိစိနဲ့ ကြည့်နေကြတာ မခံနိုင်လို့ပါ။ တချို့ ကလည်း ဒီ top exporter ကို ကားတွေ သွင်းခွင့် ပေးမယ် ဆိုတဲ့ သတင်းတွေကို မကြိုဆိုကြဘူး။ top exporters ဆိုရင် နယ်စပ် ကုန်သွယ်ရေးမှာ ဟန်ပြ လုပ်နေတာက ရာခိုင်နှုန်း ၉၀ လောက် ရှိတယ်၊ အမှန် ပို့နေတာက ၁၀ ရာခိုင်နှုန်း လောက်ပဲ ရှိနိုင်မယ်လို့ ပြောကြတယ်။ သူတို့ လုပ်နည်းတွေက တရားမဝင်ဘူးလို့ ပြောလို့လည်း မရဘူး။

ဥပမာ- ကျွန်တော်က ပဲတီစိမ်း ဒေါ်လာ ငါးသိန်းဖိုးလောက် တရုတ်ကို ပို့ချင်ရင် နယ်စပ်ကုန်သွယ်ရေးကို အထင်ကရ လုပ်နေတဲ့ ကုမ္ပဏီကြီးနဲ့ ညှိနှိုင်း ရတယ်။ ကုမ္ပဏီကြီးက သဘောတူလက်ခံရင် နယ်စပ်ကုန်သွယ်ရေးရုံး နေပြည် တော်မှာ လိုင်စင် လျှောက်ပေးတယ်။ တရုတ်ဘက်မှာ ရှိတဲ့သူနဲ့ လက်ဝါးရိုက် ထားတဲ့ ကုမ္ပဏီ ဒါမှမဟုတ် သူ့ကုမ္ပဏီက မြန်မာဘက်က သူ့ကုမ္ပဏီထဲကို TT ဒေါ်လာ ထည့်ပေးလိုက်တယ်။ အမှန်တော့ သူ့ပိုက်ဆံနဲ့ TT ဒေါ်လာ ထည့် ပေးလိုက်တာပါ။ ပြည်ပပို့ကုန်လုပ်ငန်း လုပ်ကြတဲ့အခါမှာ နှစ်ရင်း ရင်းရတယ် ဆိုတာ အဲဒါမျိုး ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးရုံးမှာ လိုင်စင် လျှောက် ရင် တစ်ဖက် ဝယ်မယ့်ကုမ္ပဏီကနေ TT လှမ်းထည့်ပေးပြီးမှ လိုင်စင်ကို ထုတ် ပေးဖို့ ဆက်စဉ်းစားတယ်။ ကျွန်တော်က နှစ်ရင်း မရင်းနိုင်ဘူးလေ။ ကုမ္ပဏီ ကြီးက ပြည်ပတင်ပို့ဖို့ ပဲတွေ လက်ဝယ် ရှိ မရှိ စစ်ဆေးမယ့် သက်ဆိုင်ရာ တာဝန်ရှိသူတွေ လာမယ် ဆိုတဲ့အကြောင်း ကျွန်တော့်ဆီ အကြောင်းကြားရင် ပဲတီစိမ်းတွေကို အစစ်ဆေးခံရဖို့ အဆင်သင့် ပြင်ဆင်ပေးထားရတယ်။

အဲဒီတော့ ကျွန်တော်ပိုင် ပဲတွေကို အဲဒီကုမ္ပဏီကြီးအမည်ခံ တင်ပို့ပေး လိုက်တော့ ခံစားရတဲ့ အကျိုးကျေးဇူးတွေက ကျွန်တော့်ကို ကြိုတင် မထည့်ရတဲ့ အတွက် နှစ်ရင်း မရင်းရတော့ဘူး။ ကုမ္ပဏီကြီး ရတဲ့အကျိုးကတော့ အဝေးလွှဲ နဲ့ earning ဒေါ်လာ အဟကို သူ စားတာ ဖြစ်ပါတယ်။ earning ဒေါ်လာက ၇၆၅ ကျပ် export tax ၂ ရာခိုင်နှုန်း နုတ်လိုက်ရင် ကျပ် ၇၅၀ ကျန်မယ်။ အဝေး လွှဲက ကျပ် ၇၂၀ ဆိုတော့ အဟ ကျပ် ၃၀ ကို သူ စားတာပေါ့။ ဒေါ်လာ ငါး သိန်းဖိုး ဆိုရင် ကျပ်သိန်း ၁၅၀ လောက် one transaction အတွက် သူ စားရ တာပေါ့။ နယ်စပ်မှာ အဆက်အသွယ် ရှိတဲ့ ကုမ္ပဏီကြီးတွေက export ပို့တယ်

ဆိုတာ နာမည်ခံပဲ ရှိတာ။ ဒီလိုနဲ့ ဘာမှ မလုပ်ဘဲ ထိုင်စားနေတာ၊ most exporter ဆိုပြီး စာရင်း ရယူရင် သူတို့နာမည်တွေက ထိပ်ဆုံးက ပါနေမှာပဲလို့ လုပ်ငန်းရှင်တွေကြားမှာ ပြောဆိုနေကြတယ်။ ဒါက အဝေးလွှဲနဲ့ earning ဒေါ်လာ အဟ ရှိနေရင် လုပ်စားကြတာ။ အဟ မရှိဘဲ နီးကပ်သွားရင် ကျွန်တော်က ညှိနှိုင်းပြီး ကုမ္ပဏီကြီးကို တစ်ဒေါ်လာ ဘယ်လောက် ဆိုပြီး ပေးရတယ်။ ဒီမှာ မိတ်ဆွေပြောလိုတာက export အများဆုံး တင်ပို့သူ ဆိုရင် အင်တွေပဲ ဆိုတာကိုပါ။

ဩော် … လုပ်တတ်တဲ့ သူများကတော့ လက်တစ်လုံးခြား လုပ်နေကြတာပဲနော်။ ဒီလိုဆိုရင် process လုပ်ငန်းစဉ်မှာ ဘာပြုပြင်မလဲ။ လုပ်လို့ မရအောင် လိုက်ပိတ်ဆို့မလား။ ဒီလိုနဲ့ ကုန်သွယ်ရေး ပို့ကုန်သွင်းကုန် စည်းမျဉ်းစည်းကမ်းတွေဟာ ကျပ်သထက်ကျပ် ညပ်သထက်ညပ်လာကြတယ် ပြောစမှတ် ရှိကြတယ်။ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်တဲ့အခါ ပြန်ပြီး liberalization လုပ်တယ် ဆိုပြီး ပြန်ဖွင့်ပေး လျှော့ပေးနဲ့ လုံးချာလိုက်နေတာ တော်တော် ကြာနေပါပြီ။ withholding tax လိုပေါ့ဗျာ။ အခုတော့ ဖြေလျှော့ပေးလိုက်ပြန်ပြီ။ အစကတည်းက ကောက်ခံသင့်သလား မသင့်လား ဆိုတာ မစဉ်းစားခဲ့ကြဘူး။ စင်ကာပူသံရုံးမှာ အခွန် ၁၀ ရာခိုင်နှုန်းကနေ ၂ ရာခိုင်နှုန်း ပြန်လည် သတ်မှတ်လိုက်တော့ လာစုံစမ်းသူတွေ တရုန်းရုန်းပဲလို့ ကြားတယ်။

ဒါပေမဲ့ ကြေညာချက် ထုတ်ပြန်တဲ့ (၁၆-၈-၂၀၁၁) နောက်ပိုင်းမှ အကျုံးဝင်တယ်လို့ သံရုံးက ပြောတော့ လူရှင်းသွားရောတဲ့။ စိတ်ပျက်လက်ပျက်နဲ့ ပြန်ကုန်ကြမှာပေါ့။ ဒီနေရာမှာ ကျွန်တော် မသိတာတစ်ခု ရှိနေပါတယ်။ မြန်မာနဲ့ double taxation agreement ထုတ်ထားတဲ့ နိုင်ငံငါးနိုင်ငံ ဆိုလား ရှိတယ်လို့ သိရတယ်။ စင်ကာပူနဲ့ ဗြိတိန်တို့ ပါတယ်။ ကျွန်တော့်ယောက်ဖက ဗြိတိန်နိုင်ငံမှာ double taxation agreement အရ မြန်မာသံရုံးကို tax မဆောင်ရဘူးလို့ သိရတယ်။ အခုစင်ကာပူမှာကျတော့ လာအလုပ်လုပ်ကြသူ အားလုံး နှစ်နိုင်ငံအစိုးရတွေကို tax တွေ ပေးနေရတယ်လို့ သိရတယ်။ ဘယ်လို ကွာခြားနေလို့လဲ ဆိုတာ ရှင်းရှင်းလင်းလင်း မသိရပါ။ စင်ကာပူ နေတဲ့သူတွေကတော့ informal sources တွေကနေ ငွေလွှဲပို့နေတာကို ကျေနပ်နေကြတယ်။ မြန်လည်း မြန်တယ်၊ အိမ်တိုင်ရာရောက် လာပို့တယ် ဆိုတော့ ဝန်ဆောင်မှုအတွက် ကျေနပ်စရာပါ။ ဒီဝန်ဆောင်မှု ပေးနေသူတွေကို တရားဝင်လုပ်ခွင့် ပေးလိုက်ရင်ကော။ ကျွန်တော်တစ်ဦးတည်း အယူအဆကတော့ အခွန်ထက် data အချက်အလက်က ပိုအရေးကြီးမလားလို့ပါ။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၃၀-၈-၂၀၁၁]

## ငွေကြေးပြဿနာနှင့် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့မှုများ

၂၀၀၈ ခုနှစ် အောက်တိုဘာလ၊ သမ္မတ ဘွတ်ရှ် အစိုးရ လက်ထက် အိမ်ရာ ပြဿနာ ပေါ်ပေါက်ခဲ့တာကြောင့် Trouble Asset Relief Programme TARP ကို စီစဉ်ဆောင်ရွက်ခဲ့ပြီး အစိုးရက ဘဏ်တွေကို ကယ်တင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၆၀၀ ဘီလီယံကို ထုတ်သုံးစွဲခဲ့ရပါတယ်။ တကယ်တော့ ဒီငွေတွေကို အမေရိကန်အစိုးရ ဝါဇီလိုဌာနမျိုးမှာ ရိုက်နှိပ်ခဲ့ရတာပါ။ တစ်ဖန် သမ္မတ အိုဘားမားလက်ထက် ရောက်တော့လည်း Fannie Freddie လို ကုမ္ပဏီမျိုးအတွက် bailout ဆက်လုပ်ရတော့ အမေရိကန်ဒေါ်လာတွေ ရိုက်ထုတ်ရပြန်ရော။ အဲဒီတော့ အမေရိကန်ဟာ ဒေါ်လာစက္ကူတွေကို ဘီလီယံပေါင်း များစွာ ဆက်တိုက်လိုလို ရိုက်ထုတ်နေရတော့ ဒီဒေါ်လာတွေဟာ ကမ္ဘာအနှံ့အပြား ရောက်သွားတော့တာ

နိုင်ငံခြားငွေ ဘယ်မျှ ဝင်လာတယ်၊ ဘယ်မျှ ထွက်သွားတယ် ဆိုတာကို မသိနိုင်လို့ ကျပ်ငွေတန်ဖိုးကို ထိထိရောက်ရောက် တည်ငြိမ်အောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါဘူး။

ပါပဲ။ ဒီအမေရိကန်တွေကြောင့် ကျွန်တော်တို့တစ်တွေ အားလုံး ဒီအကျိုးဆက်ကို ခံစားနေရတာပါ။ ဒီဒေါ်လာတွေဟာ emerging markets တွေ ရှိတဲ့ အာရှနိုင်ငံ တော်တော်များများကို ရောက်လာခဲ့ပါတယ်။ အာရှနိုင်ငံ တော်တော်များများကလည်း ဒီလို ရောက်လာလိမ့် ဆိုတာသိတော့ အကာအကွယ် အစီအမံတွေ လုပ်ထားကြပါတယ်။ ဒီအကြောင်းကို ၂၀၁၁ ခုနှစ် မေလက UMFCCI ကို လာရောက်ခဲ့တဲ့ စင်ကာပူ Strait Capitals က Dr.Wang Yut Fang က လိုငွေပြမှုကို ဖြေရှင်းဖို့ အမေရိကန်ဟာ ဒေါ်လာငွေစက္ကူတွေကို ရိုက်ထုတ်နေတာကြောင့် နိုင်ငံတိုင်းလိုလို ဒေါ်လာ လဲလှယ်နှုန်းတွေ ကျဆင်းလျက် ရှိကြောင်းကို ထောက်ပြ ဆွေးနွေးခဲ့ပါတယ်။

သူတို့နိုင်ငံမှာ ကာကွယ်ရေးအစီအမံတွေ ဆောင်ရွက်ထားပြီး ဖြစ်ကြောင်းနဲ့ ပုဂ္ဂလိကတွေကတော့ property market ကို ပြောင်းရင်းနှီးမြှုပ်နှံနေတာကြောင့် စင်ကာပူမှာ condo, HDB flat တွေ ဈေးတက်ခဲ့တယ်လို့ ပြောပြပါတယ်။ ဒါကို သိလို့ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်တို့မှာလည်း ကြိုတင်ပြင်ဆင်ကြပါတယ်။ တစ်ခု မြန်မာထက် သာတာက သူတို့ဘဏ်တွေဟာ ဒေါ်လာ ဘယ်လောက် ဝင်သလဲ ထွက်သလဲ ဆိုတာကို စာရင်းအင်း ရှိတယ်၊ သိနေကြတယ်၊ တရားဝင်ပဲ ဝင်တယ်၊ တရားဝင်ပဲ ထွက်တာကိုး။ ကျွန်တော်တို့ မြန်မာက ဒါတွေ လုပ်ဖို့ ပျက်ကွက်ခဲ့တယ်။ ဒေါ်လာ တက်တာ ကျတာ မြန်မာနဲ့ မဆိုင်သလို လုပ်နေကြတယ်။ စာရေးသူတို့ မြန်မာမှာတော့ ဒေါ်လာ supply ၊ demand ဘယ်လောက် ရှိသလဲ ဆိုတာ မသိပါဘူး။ informal sources တွေကပဲ အဝင်အထွက် ရှိတော့ ဒီအကြောင်း ပြောကြရရင် မှန်းဆပြီး ခန့်မှန်း ပြောနေရတာပါ။

မြန်မာ့စီးပွားရေး အသိုက်အဝန်းထဲမှာတော့ ဒေါ်လာတစ်သန်းလောက် အဝေးလွှဲ လုပ်ဖို့ ဘာမှ မခဲယဉ်းဘူးလို့ ပြောကြတာပဲ။ သွင်းကုန်ကို ကြည့်ပါ။ ပစ္စည်းက ဒေါ်လာ လေးသိန်းလောက် ဈေးရှိနေပေမဲ့ သွင်းကုန်လိုင်စင် တင်ရင် ဒေါ်လာတစ်သိန်းလောက်ပဲ တင်ပြကြတယ်။ သုံးသိန်းကို အဝေးလွှဲနဲ့ ပို့ပေးလိုက်တယ်။ ဘာလို့ ဒီလို လုပ်သလဲ။ နှစ်ကုန်ရင် အမြတ်တော်ကြေး ပေးရတာ နည်းချင်တယ်။ ဒေါ်လာကို earning ဈေးထက် နိမ့်တဲ့ အဝေးလွှဲနှုန်းနဲ့ ဝယ်ရတော့ အတိုင်းအတာတစ်ခုအထိ သက်သာတယ်။ risk တော့ ရှိတယ်။ ဒါပေမဲ့ သက်သာတဲ့ ငွေက လောက်လောက်လားလား ဆိုတော့ စွန့်စားကြတယ်။ trust နဲ့ လုပ်ကြတယ်။ အဲဒီတော့ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ ဒီကိစ္စကို ကြိုတင်

သိထားပြီး အကာအကွယ် လုပ်ထားတော့ မြန်မာလောက် မဆိုးဘူးလို့ ဆိုရမှာ ဖြစ်တယ်။ export tax ကို ဖြုတ်ပစ်ခဲ့တဲ့ ၁-၇-၂၀၁၁ ကနေ ၂၄-၈-၂၀၁၁ အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ကမ္ဘာ့ငွေရေးကြေးရေး အခြေအနေတွေ ကြည့်ရအောင်။

| ငွေကြေး | ၁-၇-၂၀၁၁ | ၂၄-၈-၂၀၁၁ | ပြောင်းလဲမှု |
|---|---|---|---|
| Euro | ၀. ၆၉၀၃ | ၀. ၆၉၁၆ | (-) ၀. ၁၉ |
| Pound | ၀. ၆၂၂၈ | ၀. ၆၀၇၀ | (+) ၂. ၅၄ |
| Yen | ၈၀. ၅၄ | ၇၆. ၅၅ | (+) ၄. ၉၅ |
| Yuan | ၆. ၄၆၆၃ | ၆. ၃၈၅၀ | (+) ၁. ၇၀ |
| Sing$ | ၁. ၂၂၉၇ | ၁. ၂၀၅၉ | (+) ၁. ၉၃ |
| Rupee | ၄၅. ၁၇၂၄ | ၄၅. ၉၉၅၀ | (-) ၁. ၇၈ |
| Baht | ၃၀. ၇၈၁၄ | ၂၉. ၉၂၅၀ | (+) ၂. ၈၀ |
| Korea Wan | ၁၀၆၉. ၅၂ | ၁၀၈၂. ၂၄၀၀ | (-) ၁. ၁၉ |
| *KYATS | ၈၀၈ | ၇၁၀ | (+) ၁၂. ၁၃ |
| @KYATS | ၈၁၂ | ၆၈၀ | (+) ၁၆. ၂၆ |

အထက်ပါ ဇယားကို ကြည့်ရင် ဂျပန်ယန်းငွေတစ်ခုပဲ ၅ ရာခိုင်နှုန်းနီးပါး တက်ခဲ့ပါတယ်။ ဒါကလည်း ဂျပန်မှာ ဆူနာမီ ဖြစ်ရပ်နဲ့ အဏုမြူဓာတ်ပေါင်းဖို ပြဿနာတွေကြောင့်လို့ ပြောနိုင်ပါတယ်။ အားလုံးကို မြန်မာကျပ်နဲ့ နှိုင်းယှဉ်ကြည့်ရင် မြန်မာငွေတန်ဖိုး မြင့်တက်မှုက ၁၀ ရာခိုင်နှုန်းကျော်မှာ ဖြစ်နေပါတယ်။

ကဲ … ဒီရက်တွေမှာပဲ အခြား commodities တွေ အခြေအနေ ကြည့်ကြရအောင်။ လန်ဒန်ဈေးကွက်မှာ ရွှေက-

| | |
|---|---|
| ၁-၇-၂၀၁၁ | ၁၄၉၇ ဒေါ်လာ/ရွှေတစ်အောင်စ |
| ၂၄-၈-၂၀၁၁ | ၁၈၄၁ ဒေါ်လာ/ရွှေတစ်အောင်စ |
| ရာခိုင်နှုန်း | ၂၂. ၈၉ % (တက်) |

---

* earning dollar ဈေး

@ green notes ဈေး

ကမ္ဘာ့ရေနံစိမ်း … Brent Crude

| | |
|---|---|
| ၁-၇-၂၀၁၁ | ၁၁၁. ၇၅ ဒေါ်လာ/စည် |
| ၂၄-၈-၂၀၁၁ | ၁၀၉. ၂၄ ဒေါ်လာ/စည် |
| ရာခိုင်နှုန်း | ၂. ၂၅ % |

(us) WTI crude

| | |
|---|---|
| ၁-၇-၂၀၁၁ | ၉၄. ၆၇ ဒေါ်လာ/စည် |
| ၂၄-၈-၂၀၁၁ | ၈၅. ၂၆ ဒေါ်လာ/စည် |
| ရာခိုင်နှုန်း | ၉. ၉၆ % |

(us) မြန်မာရွှေဈေးကို ကြည့်ရအောင်

| | |
|---|---|
| ၁-၇-၂၀၁၁ | ၆၅၅၅၀၀ ကျပ်/ကျပ်သား |
| ၂၄-၈-၂၀၁၁ | ၆၈၇၀၀၀ ကျပ်/ကျပ်သား |
| ရာခိုင်နှုန်း | ၄. ၈၅ % |

အထက်ပါဇယားတွေအရ မြန်မာ့ရွှေဈေးဟာ ၅ ရာခိုင်နှုန်းလောက် တက်နေချိန်မှာ ကမ္ဘာ့ရွှေဈေးက ၂၂ ရာခိုင်နှုန်းကျော် တက်ခဲ့ပါတယ်။ အဲဒီတော့ မြန်မာ့ရွှေ ဘယ်ကို စီးဆင်းမလဲ ဆိုတာ သိသာ ထင်ရှားပါတယ်။ ပြည်တွင်းမှာ စီးပွားရေးကျချိန် ဖြစ်တော့ မြန်မာတွေ ရွှေ မဝယ်နိုင်ကြပါ။ ရွှေကို လက်ဝတ်ရတနာအတွက်သာမက စီးပွားရေးအတွက် ဒေါ်လာလို အရေးပါနေပါပြီ။ တစ်ခု ထင်ရှားတာက ရွှေဈေး တက်ချိန်မှာ ဒေါ်လာဈေး ကျတာကို တွေ့ရပါတယ်။ မြန်မာ့ရွှေဈေးက ကမ္ဘာ့ရွှေဈေးနဲ့ မချိတ်ဆက်ဘဲ ပြည်တွင်းဈေးက နိုင်ငံတကာဈေးထက် လျော့ပါတယ်။

မြန်မာမှာ ရွှေလည်း ထွက်ပါတယ်။ ထိန်းချုပ်မှု မရှိပါဘူး၊ လွတ်လပ်စွာ ရောင်းဝယ်ခွင့် ရှိပါတယ်။ မြန်မာ့ရွှေဈေးက ကမ္ဘာ့ရွှေဈေးထက် နိမ့်နေတော့ နယ်စပ်ကို စီးဆင်းသွားပါတယ်။ အထူးသဖြင့် တရုတ်နယ်စပ်ကိုပါ။ ရွှေရောင်းလို့ ရငွေ ဒေါ်လာကို ဟွန်ဒီနဲ့ ပြည်တွင်းထဲ ပြန်ပို့ပါတယ်။ ဘယ်လောက် ရောက်သလဲ မသိနိုင်ပါ။ ရွှေအသင်းက တရားမဝင် ခန့်မှန်းတာကတော့ တစ်နှစ် ဒေါ်လာသန်း ၂၀၀ လောက် ရှိနိုင်တယ်လို့ ပြောပါတယ်။ ဒီလို ဝင်လာတာဟာ ဒေါ်လာ supply တစ်ခုပါပဲ။ ငွေရေးကြေးရေး အဖွဲ့အစည်းတွေက အစိုးရ ပိုင်တာက လွဲရင် အပြင်မှာ ဒေါ်လာ supply ဘယ်လောက် ရှိနေသလဲ ဆိုတာ တိတိကျကျ မသိကြပါဘူး။ ဒေါ်လာ supply လာတဲ့ ဇာစ်မြစ်တွေက အများကြီး ရှိနေပါတယ်။ မြန်မာအလုပ်သမားတွေ ဘယ်လောက် ပြန်လွှဲနေ

သလဲ ဘဏ္ဍာအခွန်က တိတိကျကျ မသိပါဘူး။ လွှဲလို့ လွယ်အောင်လည်း မဖန်တီးပေးထားပါဘူး။ အခွန်ကတော့ အခုဆိုရင် သက်သာသွားလို့ တော်သေးရဲ့။ နိုင်ငံတကာ ဘဏ်ကနေ လွှဲရင် ဘဏ်က ယူတဲ့ လွှဲခက ဈေးကြီးတယ်။

money changer က လွှဲရင် သက်သာတယ်။ အစိုးရက ဘယ်လို လုပ်ပေးရင် ရနိုင်သလဲ။ initiative ယူလုပ်ရမယ် ထင်တယ်။ စင်ကာပူ Lucky Centre Shopping Mall အောက်မှာ ဖိလစ်ပိုင် maid တွေ တနင်္ဂနွေနေ့ ဆိုရင် money changer ကနေ ငွေလွှဲနေတာ တရုန်းရုန်းပဲ။ အဲဒီတော့ ဒေါ်လာ supply ဘယ်လောက် ဝင်သလဲ ဆိုတာ နိုင်ငံတော်က ဘယ်လို သိအောင် လုပ်မလဲ။ macro အဆင့် ငွေကြေးဆိုင်ရာပေါ်လစီ mechanism တစ်ခုတော့ လိုနေပြီ။ စနစ်တကျ ထူထောင်မှု မရှိလို့ အခု ထိန်းမနိုင်သိမ်းမရ ဖြစ်နေတာ သိသာထင်ရှားလှပါတယ်။ ဒီအချက်တွေ ရေးသား တင်ပြနေတာဟာ နှစ် ၃၀ ကျော် အတွေ့အကြုံတွေအပေါ် အခြေခံပြီး ထောက်ပြ ပြောဆိုနေတာ ဖြစ်ပါတယ်။ macro level ငွေကြေး ဆိုတာ ဗဟိုဘဏ်တစ်ခုတည်းနဲ့ ဆိုင်တာ မဟုတ်ပါဘူး။ ဘဏ်တွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ ပြည်သူတွေ အားလုံးနဲ့ ဆိုင်ပါတယ်။ ဒီအချိန်ဟာ တစ်ခုခုတော့ အမြန် ဆောင်ရွက်သင့်နေပြီ။ ကျပ်နဲ့ ပတ်သက်လို့ တစ်ခုခု လုပ်သင့်ပြီလို့ အားလုံးက မြင်ပါတယ်။

ကဲ … ဒေါ်လာ demand နဲ့ ပတ်သက်လို့ ဘာလုပ်သင့်သလဲ။ ဒေါ်လာ demand ဆိုတာ earning ဒေါ်လာပဲ ဖြစ်သင့်တယ်။ ဒါမှမဟုတ်ရင် အပြင်က အစိမ်းတွေ ဝင်လာနိုင်တယ်။ အပြင်မှာ အစိမ်းကလည်း ပေါနေတယ် မဟုတ်လား။ စက်မှုဇုန်က ထုတ်လုပ်တဲ့ကားတွေ မမှန်မကန် လုပ်ထားတာကြောင့် ကျပ်သိန်း ၁၀၀ ဒဏ်တပ်တဲ့အခါ မြန်မာငွေ မသွင်းခိုင်းတော့ဘဲ earning ဒေါ်လာ သွင်းခိုင်းတာမျိုးဟာ ကောင်းတဲ့ အကြံဉာဏ်တစ်ခုလို့ မြင်ပါတယ်။ ကျပ်ငွေနဲ့ သွင်းရမယ့် ကိစ္စရပ်တွေမှာ ပြောင်းပြီး earning ဒေါ်လာ ပြောင်းသွင်းခိုင်းသင့်နေပါပြီ။ ကျွန်တော်တို့ အားလုံး ဈေးကွက်စီးပွားရေးစနစ် ဆောင်ရွက်နေချိန်မှာ လူလားမြောက်လာတာပါ။ ၂၃ နှစ် ကြာပါပြီ။ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံတကာက အသိအမှတ်ပြုတဲ့ ငွေလဲနှုန်းတစ်ရပ် မရှိဘဲ လက်တန်းတွေ လုပ်နေကြတာပါ။

တစ်ခါတစ်ရံ မသိသား ဆိုးရွားတာလား၊ တမင် လုပ်တာလား၊ ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်တာလား မသိနိုင်ပါ။ ငွေကြေးပေါ်လစီနဲ့ ဘဏ္ဍာရေးပေါ်လစီကို တခြားစီ ကျင့်သုံးခဲ့ခြင်း (သမ္မတကြီး ပြောတဲ့ ဝန်ကြီးဌာနများ

coordination ပိုင်းမှာ အားနည်းခြင်း) ဥပမာ ပြရရင် ကျပ်ငွေတန်ဖိုး မြင့်တက်လို့ ပို့ကုန်လုပ်ငန်းတွေ ထိခိုက်နစ်နာနေချိန်မှာ နိုင်ငံတော်အဆောက်အအုံတွေ လေလံပစ်ပြီး ပြည်တွင်း လှည့်ပတ်ငွေတွေကို နိုင်ငံတော်ကနေ ပြန်သိမ်းနေတာတွေ ဖြစ်ပါတယ်။ နောက်တစ်ခုက တစ်ပူပေါ် တစ်ပူဆင့် withholding tax ၃. ၅ ရာခိုင်နှုန်း ကောက်ခံခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက ပြည်တွင်းမှာ ကျပ်ငွေ ရှားပါးချိန်မှာ နိုင်ငံတော် ဆောက်လုပ်ရေးလုပ်ငန်းတွေ ရပ်ဆိုင်းခြင်းဟာ public spending မရှိအောင် လုပ်ခြင်းပဲ ဖြစ်ပါတယ်။ နေပြည်တော် ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်စဉ်က public spending အတော် မြင့်တက်ခဲ့ပြီး အခုအခါ နိုင်ငံတော်က ရပ်ဆိုင်းခဲ့တာကြောင့် ငွေလှည့်ပတ်မှုအပိုင်း တုံ့ဆိုင်းသွားခဲ့ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းမှာ ဟွန်ဒီ ခေါ် တရားမဝင် ငွေလွှဲလုပ်ငန်းကြီးဟာ ခိုင်ခိုင်မာမာ အမြစ်တွယ်နေပြီ ဖြစ်ပြီး ပြဿနာ ပေါ်ပေါက်မှသာ ခဏတာ ကိုင်တွယ်ဖြေရှင်းခဲ့ပါတယ်။ နိုင်ငံခြားငွေ ဘယ်မျှ ဝင်လာတယ်၊ ဘယ်မျှ ထွက်သွားတယ် ဆိုတာကို မသိနိုင်လို့ ကျပ်ငွေတန်ဖိုးကို ထိထိရောက်ရောက် တည်ငြိမ်အောင် ဆောင်ရွက်နိုင်တာ မရှိခဲ့ပါဘူး။ အခုအခါ မြန်မာဟာ recession အဆင့်ဆီ တဖြည်းဖြည်း ရောက်လာပြီး စီးပွားရေးကို ထိခိုက်ဖို့ ခြိမ်းခြောက်နေပြီ ဖြစ်ပါတယ်။ ငါးနှစ်ကျော်အတွင်း ရရှိခဲ့တဲ့ ကုန်သွယ်မှု ပိုငွေဟာ ဒေါ်လာ ဘီလီယံနဲ့ချီ ရှိခဲ့ပေမဲ့လည်း အဆိုပါ ဒေါ်လာတွေကို ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးဈေးကွက် တည်ငြိမ်ရေးအပိုင်းတို့မှာ ထိထိရောက်ရောက် စီမံခန့်ခွဲဖို့ ပျက်ကွက်ရခြင်းဟာ ဒီကနေ့ ပေါ်ပေါက်နေတဲ့ ပြဿနာရဲ့ အဓိက အကြောင်း ဖြစ်တယ် ဆိုရင် မမှားနိုင်ပါ။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၂၁-၈-၂၀၁၁]

## ငွေရေးကြေးရေး ဂယက်ထမှု

အခုတစ်လော အဆင်မပြေစရာတွေ တော်တော်များများ ကြုံနေတယ်။ ဒီ အသက်အရွယ် ရောက်မှတော့ ဒါမျိုးတွေ တွေ့နေရလို့ စိတ်ပျက် အားငယ်တာမျိုး မဖြစ်တော့ပါဘူး။ အတွေ့အကြုံက စကားပြောလာပြီလေ။ ရက် ၁၀၀ ပြည့်သွားပြီ ဖြစ်တဲ့ အစိုးရကိုလည်း အားမလိုအားမရ ဖြစ်နေသူတွေက ထုကြထောင်းကြတာကိုလည်း သတင်းတွေ ပလူပျံနေပါတယ်။ အမေရိကန်မှာ ရက် ၁၀၀ ဆိုတာ အင်မတန် တာသွားပါတယ်။ change ဆိုရင် အများကြီး change ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်အစိုးရက အရင်က ဘာမှ မလုပ်ခဲ့ဘူးလေ။ အခု ဒီမိုကရေစီ အစိုးရအနေနဲ့ လုပ်ရမှာတွေ၊ ပြောင်းရမှာတွေ၊ structural adjustment တွေ အများကြီး လုပ်ရမှာ။ ဝန်ကြီးဌာနအလိုက်၊ ဌာနဆိုင်ရာတွေ အလိုက် ပြောင်းရမှာတွေ restructure

---

နိုင်ငံခြားမှာ ပညာသင်၊
နိုင်ငံခြားမှာ အလုပ်
လုပ်နေခဲ့သူ ဖြစ်တော့
မြန်မာ ဖြစ်ပေမဲ့
လက်ရှိဌာနတွေက
မြန်မာဝန်ထမ်းတွေအကြောင်း
မသိတဲ့ ဆန္ဒတွေ မစောဖို့တော့
လိုတာပေါ့နော်။

---

လုပ်ရမှာတွေ၊ လုပ်နည်းစနစ်တွေ ပြောင်းရမှာတွေ၊ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ အများကြီး အများကြီးပါ။ ယုတ်စွအဆုံး ဝန်ကြီးဌာနတွေက အလယ်အလတ် ဝန်ထမ်းတွေရဲ့ လုပ်ကိုင်နိုင်စွမ်းအားအပိုင်းမှာ အားနည်းလျက် ရှိနေတာကို မြှင့်တင်ပေးဖို့ capacity building တွေ အများကြီး လုပ်ကြရဦးမှာပါ။ တစ်နေ့က အစည်းအဝေးတစ်ခုမှာ ပြည်ပလောကမှာပဲ ကျင်လည်ဖူးတဲ့ အကြံပေးတစ်ယောက်သောသူက ဝန်ကြီးဌာနအတွင်း ရှိနေတဲ့သူတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ပုံစံအတိုင်း ဘယ်လို လုပ်လိုက်မယ် ညာလို လုပ်လိုက်မယ်ကို ဆွေးနွေးတော့ တာဝန်ရှိသူက အလယ်အလတ်ဝန်ထမ်းတွေရဲ့ capacity နဲ့ behaviour ကို သိနေတော့ မဖြစ်နိုင်သေးဘူး၊ အခြားနည်းလမ်း စဉ်းစားဖို့ကို မနည်း ရှင်းပြရတယ်။

နိုင်ငံခြားမှာ ပညာသင်၊ နိုင်ငံခြားမှာ အလုပ်လုပ်နေခဲ့သူ ဖြစ်တော့ မြန်မာဖြစ်ပေမဲ့ လက်ရှိဌာနတွေက မြန်မာဝန်ထမ်းတွေအကြောင်း မသိဘဲ ဆန္ဒတွေ မစောဖို့တော့ လိုတာပေါ့နော်။ အဲဒီတော့ စာရေးသူတို့အားလုံး အများကြီး စိတ်ရှည်ဖို့ ပြောချင်ပါတယ်။ ဂျပန်ဟာ သဘာဝဘေးအန္တရာယ်တွေ မကြာခဏ ကြုံတွေ့နေရတာကြောင့် ပြည်တွင်းမှာ စီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ဖို့ အဟန့်အတားတွေ၊ စိန်ခေါ်မှုတွေ ရှိနေပါတယ်။ လက်ရှိ ဂျပန်အစိုးရဟာ economic development outside Japan ဆိုတဲ့ စီးပွားရေး မူဝါဒကို ရဲရဲတင်းတင်းပဲ ချမှတ်ခဲ့ပါတယ်။

ပြည်ပနိုင်ငံတွေမှာ ဂျပန်တွေ ရင်းနှီးမြှုပ်နှံနေတာတော့ ကြာပါပြီ။ အခုတစ်ခါမှာတော့ ပေါ်လစီချမှတ် လုပ်ကိုင်တာ ဖြစ်တော့ အာဆီယံနိုင်ငံတွေက ဂျပန်ရင်းနှီးမြှုပ်နှံသူတွေကို အလုအယက် ဆွဲဆောင် ခေါ်ယူနေကြပါတယ်။ အရာရာမှာ အမြဲနောက်ကျလေ့ရှိတဲ့ မြန်မာလည်း နောက်တော့ မကျဘူးနဲ့ တူတယ်။ ထားဝယ်စီးပွားရေးဇုန်မှာ NIPPON STEEL လာမယ် ဆိုတာ သေချာသလောက် ဖြစ်နေပြီလို့ သတင်းကြားရပါတယ်။ စာရေးသူတို့ကတော့ ရင်းနှီးမြှုပ်နှံမှုအကြောင်း စဉ်းစားရင် လျှပ်စစ်အကြောင်းက ရှေ့ဆုံးက ပါပါတယ်။ ထားဝယ်စီးပွားရေးဇုန်မှာတော့ ကျောက်မီးသွေးကို အသုံးပြုမယ့် power plant ပါ ရှိတယ်လို့ သိရပါတယ်။ ကျောက်မီးသွေးကိုတော့ India ကနေ တင်သွင်းပါမယ်။

ဂျပန်က အာဆီယံနိုင်ငံတွေထက် India မှာ ရင်းနှီးမြှုပ်နှံဖို့ လိုလားတယ်လို့ သိရပါတယ်။ အာဆီယံနိုင်ငံတွေမှာ ဂျပန်ရင်းနှီးမြှုပ်နှံမှု SME တွေ အတော်

များများ ရှိနေပါပြီ။ မြန်မာမှာ Asia Optical နဲ့ အထည်ချုပ်စက်ရုံတွေ လောက်ပဲ ရှိနေတာပါ။ ဂျပန် investment တွေ ဝင်လာဖို့ အလားအလာတွေ တွေ့နေရလို့ တစ်နည်းအားဖြင့် ဝမ်းသာနေရပါတယ်။ နောက်တစ်ခု စဉ်းစားမိတာက အခု တစ်လော မြန်မာနိုင်ငံမှာ ဘဏ်တိုးနှုန်း များနေတာကြောင့် ပြည်ပလုပ်ငန်းရှင် တချို့ မြန်မာဘဏ်တွေမှာ ငွေလာအပ်ကြကြောင်း သတင်းတွေ ဖြစ်ပေါ်ခဲ့ပါ တယ်။ အိမ်နီးချင်းနိုင်ငံတချို့က ဘဏ်တိုးနှုန်းတွေကတော့-

| | |
|---|---|
| Brunei | ၁ % per annum |
| Hong Kong | ၀. ၁၅ - ၀. ၈ % |
| Indonesia | ၄. ၅ - ၆ % |
| Japan | ၀. ၀၃ - ၀. ၀၅ % |
| Malaysia | ၃. ၁၅ % |
| Philippines | ၃. ၆၂၅ % |
| Singapore | ၀. ၄၅ % |
| India | ၉ % |
| Vietnam | ၁၄ % |
| China | ၂. ၅% |
| Thailand | ၂ - ၂. ၅% |

မြန်မာကတော့ ၁၂% ဖြစ်ပါတယ်။

ဘဏ်တိုးနှုန်းဟာ တော်တော် စဉ်းစားရမယ့် အချက်တွေ ရှိနေပါတယ်။ ငွေချေးသူတွေကတော့ အတိုးနှုန်း နည်းနည်းနဲ့ ချေးလိုကြပါတယ်။ ငွေအပ်သူ တွေကတော့ အတိုးများများ လိုချင်ပါတယ်။ တကယ်တော့ ဘဏ် ဆိုတာ ငွေ အပ်သူ depositors တွေရဲ့ ငွေတွေနဲ့ ချေးရတာ ဖြစ်ပါတယ်။ အတိုးနှုန်း နည်းလို့ deposit တွေ ပြန်ထုတ်သွားရင် ဘဏ်ဟာ လဲပြိုသွားနိုင်ပါတယ်။ loan deposit ratio ကို အမြဲတမ်း စိစစ်ကြည့်ရှုနေရတာပါ။ နောက်တစ်ချက်က inflation နဲ့လည်း ဆက်စပ်မှု ရှိနေပါတယ်။ နိုင်ငံခြားက ငွေတွေ အများကြီး ဝင်လာဖို့ ဆိုတာ မဖြစ်နိုင်ဘူးလို့ တာဝန်ရှိသူတွေက ယူဆကြပါတယ်။ ပြင်ပက လူတွေကတော့ ပညာရှင် တချို့ကပါ မြန်မာနိုင်ငံဟာ ဂျပန်၊ အမေရိက၊ စင်ကာပူ၊ ဟောင်ကောင်၊ မလေးရှား စတဲ့ နိုင်ငံတွေနဲ့ informal money transaction ကို ဒေါ်လာသန်းနဲ့ ချီပြီး အလွယ်တကူ လုပ်နိုင်တယ်လို့ ဆိုကြ ပါတယ်။ ဘယ်သူ မှန်သလဲတော့ စာရေးသူ မခန့်မှန်းတတ်တော့ပါဘူး။

မြန်မာနိုင်ငံရဲ့ property market မှာလည်း နိုင်ငံခြားသားတွေ ဝင်ရောက်ရင်းနှီးမြှုပ်နှံကြတယ်လို့ သတင်းတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မှန်ပါတယ်။ ဈေးတွေကတော့ မကြားဖူးတဲ့ ဈေးတွေပါ။ ပြည်လမ်းပေါ်က မြေနဲ့ တိုက်ကို ပေါင်ပြီး ဘဏ်တစ်ခုဆီက ချေးတာ ကျပ် ၆ ဘီလီယံ ထုတ်ပေးလိုက်တယ်လို့ ပြင်ပမှာ သတင်းတွေ ဖြစ်ပေါ်ခဲ့တယ်။ 1 sq ft ကို ကျပ်ငါးသိန်းနဲ့ တွက်ရင် အဲဒီ မြေကွက်နဲ့ အိမ်ပေါက်ဈေးက နှစ်ဧကလောက် ရှိတော့ ကျပ်ဘီလီယံ ၅၀ တန်တယ်လို့ ဆိုပါတယ်။ စာရေးသူ တွေးမိတာက 1 sq ft ကို ကျပ် ငါးသိန်းကနေ ကျပ်တစ်သိန်းလောက်များ ကျသွားရင် ဘဏ်အနေနဲ့ risk တော်တော်များများ ရှိနေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ မြန်မာကျပ်ငွေ တအား မာလာတော့ ဒီအချိန်မှာ ကျပ်ကို unification လုပ်ဖို့ အကောင်းဆုံးအချိန်လို့ ဆိုကြပါတယ်။ တာဝန်ရှိသူတွေကတော့ IMF World Bank တို့နဲ့ ညှိနှိုင်းနေတယ်လို့ ဆိုပါတယ်။ unification မလုပ်ရင် investment တွေ မလာနိုင်ပါဘူး။ investment အကြောင်း ပြောရင် တစ်ခေါ်လာ ခြောက်ကျပ်နဲ့အပိုင်းကျရင် ရှုပ်ကုန်ရော။ နိုင်ငံခြားကလူတွေ နားမလည်ကြဘူး။

ဒါကြောင့် ဒီအချိန်မှာ unification လုပ်ဖို့ လိုကိုလိုနေပါပြီ။ ဩဂုတ်လထဲမှာ macro economic development reforms အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်မှာ လုပ်ဖို့ စီစဉ်နေတယ်လို့ သတင်းကြားရပါတယ်။ reform ဆိုတဲ့အတိုင်း ပြုပြင် ပြောင်းလဲဖို့ပဲပေါ့။ အရင် အလုပ်ရုံဆွေးနွေးပွဲထက် ပြင်ပက အထူးအာရုံစိုက် ခံရလိမ့်မယ်လို့ ထင်ပါတယ်။ potential investor တွေလည်း ဒီသတင်း ကြားရင် စိတ်ဝင်စားကြမှာပါ။ လောဘ၊ ဒေါသ၊ မောဟတွေကြားမှာ ကျင်လည်နေတော့ မြန်မြန် လွတ်မြောက်လိုပါပြီ။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၂၄-၇-၂၀၁၁]

## ဘဏ်များအတွက် စိန်ခေါ်မှု

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး တိုးတက်ဖို့ စဉ်းစားတဲ့အခါ အလေးထားရမယ့် ကဏ္ဍကြီး သုံးရပ် ရှိပါတယ်။ ကုန်သွယ်မှု၊ စက်မှုနဲ့ ငွေကြေးကဏ္ဍတို့ ဖြစ်ပါတယ်။ ဘာအလုပ်ကိုပဲ လုပ်လုပ် ငွေကြေးကဏ္ဍဟာ မပါမပြီးပါ။ ဒီကနေ့ ငွေကြေးကဏ္ဍကို လေ့လာကြည့်တဲ့အခါ ငွေရေးကြေးရေး အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍဟာ အတော်အရေးကြီးနေပါတယ်။ ဘဏ်တွေအားလုံး ခေတ်မီ တိုးတက်ဖို့ လိုသလို ပြည်သူတွေရဲ့ ယုံကြည်မှု ရရှိရေးဟာ စိန်ခေါ်မှု တစ်ရပ်အနေနဲ့ ရှိနေပါတယ်။ ပြီးခဲ့တဲ့ စနေနေ့က ရန်ကုန်မြို့ Park Royal Hotel မှာ MIT ကြီးမှူးကျင်းပတဲ့ Electronic Banking and Payment Network Solution ဆွေးနွေးပွဲကို စာရေးသူ တက်ရောက် နားထောင်ဖြစ်ခဲ့ပါတယ်။

ဒီဆွေးနွေးပွဲဟာ ဒီကနေ့ မြန်မာနိုင်ငံဘဏ်တွေ လုပ်လိုတဲ့ online

---

ဘုရားအလှူခံပုံးတွေ ဆိုရင် သီးခြား လာလဲလှယ်တဲ့သူ ရှိနေပါတယ်။

ငွေအကြွေ ရှားပါးတာကို အခွင့်ကောင်းယူပြီး သက်သက် စီးပွားရေးခွင်တစ်ခု ရအောင် ဖန်တီး လုပ်ကိုင်နေတာပါ။

---

banking နဲ့ ပတ်သက်တာကို တင်ပြဆွေးနွေးခဲ့တာ ဖြစ်လို့ အငဲမတန်မှ စိတ်ဝင်စားဖွယ် ကောင်းပါတယ်။ online banking နဲ့ ပတ်သက်ပြီး ဗဟုသုတလည်း တိုးခဲ့ပါတယ်။ ATM machine,POS card reader စတဲ့ hardware တွေနဲ့ သီအိုရီကို ပေါင်းစပ်တင်ပြသွားခဲ့ပါတယ်။ ဒါပေမဲ့ software နဲ့ပတ်သက်ပြီး အသေးစိတ် မဆွေးနွေးခဲ့တော့ မြန်မာနိုင်ငံ leaseline အခြေအနေတွေ၊ software (switch) ကို ဘယ်သူက ပေးမှာလဲ၊ ရောင်းမှာလဲ ဆိုတာတွေတော့ မသိရသေးပါဘူး။ တစ်ခု စိတ်ဝင်စားဖွယ်ကောင်းတာက ဘဏ်တွေအနေနဲ့ online readiness ဖြစ်အောင် ဘာတွေ ကြိုတင် ဆောင်ရွက်ထားသင့်သလဲ ဆိုတာ ဆွေးနွေးသွားခဲ့ပါတယ်။

ဒီတော့ဘဏ်တွေအနေနဲ့ ကိုယ်ပိုင် own free switch တွေ တည်ဆောက်ဖို့ ပြင်ဆင်ရတော့မှာလား။ ဘဏ်တွေ စုပေါင်း လုပ်မယ့် national switch card payment စနစ်မှာ ပေါင်းစပ်ချိတ်ဆက် လုပ်ကိုင်နိုင်အောင် မိမိဘဏ်ရဲ့ own free switch ကို ဘယ်လို ပြင်ဆင်တည် ဆောက်ရမလဲ ဆိုတာ စဉ်းစားရတော့မယ့်အပိုင်း ဖြစ်နေပါပြီ။ ဘဏ်တွေဟာ ငွေကြေး အရင်းအနှီးပိုင်း တိုးတက်လာအောင် paid up capital ကို တိုးမြှင့်ဖို့ ဝန်မလေးကြပေမဲ့ technology အရင်းအနှီးပိုင်း တိုးတက်လာအောင် လုပ်ဖို့လည်း လိုအပ်ပါတယ်။

ငွေကြေးကဏ္ဍနဲ့ ပတ်သက်ပြီး လတ်တလော ပေါ်ပေါက်နေတဲ့ စိန်ခေါ်မှု တစ်ရပ်ကတော့ ငွေအကြွေ ရှားပါးတဲ့ ပြဿနာပါ။ small notes တွေဟာ မြင်မကောင်းလောက်အောင်ကို စုတ်ပြတ်နေကြတော့ နိုင်ငံအနေနဲ့လည်း ရှက်စရာကောင်းတဲ့အတွက် ဘဏ်တွေ အားလုံး ပါဝင်ပြီး ဖြေရှင်းပေးဖို့ အချိန်တန်နေပါပြီ။ CBM က တာဝန်ရှိသူတစ်ဦး ပြောကြားချက်အရ ဆိုရင် အရင်တုန်းက money in circulation supply ဖက်ကို နှစ်စဉ် ကျပ် ခုနစ်ဘီလီယံဖိုးလောက် ထည့်ပေးခဲ့ပါတယ်။ ၂၀၀၆-၂၀၀၇ မှာ ကျပ် လေးဘီလီယံ၊ ၂၀၀၇-၂၀၀၈ မှာ ကျပ် တစ်ဘီလီယံလောက် ထည့်ခဲ့ပါတယ်။

ဒါပေမဲ့ ၂၀၀၈-၂၀၀၉ မှာ ကျပ် ၄ ဒသမ ၅ ဘီလီယံ၊ ၂၀၀၉-၂၀၁၀ မှာ ၁၀ ဘီလီယံနဲ့ ၂၀၁၀-၂၀၁၁ မှာ ကျပ် ၅၈ ဘီလီယံအထိ ထည့်ပေးခဲ့ပေမဲ့ ငွေအကြွေ ရှားပါးမှုပြဿနာဟာ မပြေလည်ခဲ့ပါဘူး။ ဒီလို ထည့်ပေးခဲ့ပေမဲ့ အမှန်တကယ် သုံးစွဲတဲ့သူတွေလက်ထဲ ရောက်သွားပါသလား။ အမှန်တော့ မြန်မာအခြေခံလူတန်းစားတွေဟာ ဘဏ်တွေနဲ့ ဆက်သွယ်မှု အတော်နည်းပါတယ်။ ဒီငွေအကြွေတွေကို သိုလှောင်ထိန်းသိမ်းထားပြီး ဈေးကွက်တစ်ခု ဖြစ်အောင် ဖန်တီးလုပ်ကိုင်နေသူတွေ ရှိနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီး

အစိုးရကလည်း ဖော်ထုတ်အရေးယူမယ့်အကြောင်းကို ကြေညာထားပြီး ဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခု ဆိုရင် CBM က နေ့စဉ် ကျပ်သိန်း ၁၀၀ ဖိုးလောက် ငွေအကြွေတွေ လဲပေးခဲ့ပေမဲ့ ငွေအကြွေအဟောင်းတွေ CBM က ပြန်မရခဲ့ပါဘူး။ ဘုရားအလှူခံပုံးတွေ ဆိုရင် သီးခြား လာလဲလှယ်တဲ့သူ ရှိနေပါတယ်။ ငွေအကြွေ ရှားပါးတာကို အခွင့်ကောင်းယူပြီး သက်သက် စီးပွားရေးခွင်တစ်ခု ရအောင် ဖန်တီး လုပ်ကိုင်နေတာပါ။

လူတွေရဲ့စိတ်နေသဘောထားအရ ကျပ် ၁၀၀၀ဝ တန်၊ ၅၀၀ဝ တန် ဆိုရင် သေသေချာချာ သိမ်းမယ်၊ ကိုင်တွယ်မယ်။ ၂၀ဝ၊ ၁၀ဝ၊ ၅ဝ များဆိုရင် စုတ်စုတ်ပြဲပြဲ ပစ်စလက်ခတ် ကိုင်တွယ်ကြတာ ဆိုတော့ small notes တွေ စုတ်ပြဲနေတာ မဆန်းတော့ပါ။ နောက်တစ်ခုက costing တွက်ပြီး price သတ်မှတ်ရင် ၃ဝ၊ ၃၅ စသဖြင့် မလုပ်သင့်တော့ပါ။ ဘယ်သူမှ အတိအကျ မပေးနိုင်ပါ။ ဝန်ထမ်းပဲ စားသွားမှာပါ။ နိုင်ငံတော်ဘတ်ဂျက်ထဲ ဘယ်တော့မှ ရောက်မလာပါ။

ပြင်ပမှာ ဈေးတက်ချင်ရင် အကြွေ ရှားတာကို အကြောင်းပြပြီး ကိန်းပြည့်ပဲ ယူ သတ်မှတ်လိုက်တော့ ဈေးတက်တာက ရာခိုင်နှုန်း များသွားပါလေရော။ တိုးရစ်တွေ ဆိုရင် ငွေအကြွေ အစုတ်အပြဲတွေကို လက်နဲ့ မကိုင်ဘူး။ ကြွပ်ကြွပ်အိတ်ထဲ ထည့်ထားတယ်။ ဆိုင်ရှင်က တန်ရာတန်ဖိုးကို ယူရင် ဖြစ်ဖြစ်၊ ပြန်အမ်းရင် ဖြစ်ဖြစ် သူ့ဘာသာ ယူကြရတယ်။ တိုးရစ်က လက်နဲ့ မကိုင်ဘူး။ ဘဏ်တွေနဲ့ ပတ်သက်ပြီး လိုအပ်ချက် တစ်ခုကတော့ cheque တွေ မသုံးကြတာပါ။ အဲဒီအတွက် banking network ထူထောင်ဖို့ လုပ်ပေမဲ့ ဘဏ်တချို့က မပါဝင်ကြဘူး။ cheque ကို clearing လုပ်ရင် online ပေါ်မှာ ဆိုရင် ဘာမှ မကြာနိုင်တော့ဘူး။ ဘဏ်တွေကို certified cheque, guarantee cheque တွေ သုံးခိုင်းပေမဲ့ ပီပီပြင်ပြင် ဖြစ်မလာသေးဘူး။

အများပြည်သူတွေ မျှော်လင့်နေတာကတော့ ကျပ် unification ပါပဲ။ လက်တွေ့ကျတဲ့ exchange rate ဖြစ်လာရင် စီးပွားရေးပိုင်းမှာ ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေ ရှိနေပေမဲ့ မမျှော်လင့်တဲ့ impact တွေကိုလည်း ထောင့်ပေါင်းစုံကနေ ကြည့်ဖို့တော့ လိုပါတယ်။ ကျပ်ငွေလဲလှယ်နှုန်း ပြင်ဆင်ခြင်း၊ ငွေအကြွေ ရှားပါးမှု၊ online banking ဖြစ်နိုင်ခြေ၊ CBM ရဲ့ တင်းကျပ်တဲ့ ချုပ်ထိန်းမှုကို အနည်းငယ် ဖြေလျှော့ပေးရေး၊ ဘဏ်ကို ပြည်သူတိုင်း အသုံးပြုလာရေး စတဲ့ အချက်တွေဟာ ငွေကြေးကဏ္ဍရဲ့ စိန်ခေါ်မှုတွေပဲလို့ ဆိုနိုင်ပါတယ်။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၂၉-၅-၂၀၁၁]

# မြန်မာ့စီးပွားရေး တစေ့တစောင်း

ယနေ့ ကမ္ဘာ့စီးပွားရေးကို တစေ့တစောင်း ကြည့်ရင် အမေရိကန်ပြည်ထောင်စု ဟာ အမေရိကန်ဒေါ်လာကို အမြောက် အမြား ရိုက်ထုတ်ခဲ့တာကြောင့် အမေရိ ကန်ဒေါ်လာရဲ့ ခိုင်မာမှုဟာ တဖြည်း ဖြည်း ကျဆင်းလာခဲ့ပါတယ်။ ဒါကြောင့် အမေရိကန်ဒေါ်လာရဲ့ ခိုင်မာမှုဟာ ကမ္ဘာ့ ဘယ်ငွေကြေးနဲ့မဆို ယှဉ်ရင် ကျ ဆင်းလျက်ရှိပါတယ်။ ကမ္ဘာ့အနှံ့အပြား အမေရိကန်ဒေါ်လာဟာ ပျံ့နှံ့ခဲ့ပြီး emerging market တွေ ရှိတဲ့ အာရှ နိုင်ငံ တော်တော်များများကိုလည်း ရောက်လာခဲ့ပါတယ်။ မြန်မာကျပ်ငွေနဲ့ အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းကို ကြည့်မယ် ဆိုရင် အစဉ်တစိုက် ကျ ဆင်းနေတာကို တွေ့ရပါတယ်။ ဒါ ကြောင့် နိုင်ငံတိုင်းလိုလိုက ရင်းနှီးမြှုပ်နှံ သူတွေဟာ အမေရိကန်ဒေါ်လာကို စွန့်ခွာလာကြပြီး property markets

---

ဒီလိုရှိနေတဲ့ စီးပွားရေး ဝဲဂယက်ထဲမှာ ကျွန်တော်တို့ မြန်မာ့စီးပွားရေးလုပ်ငန်းရှင် တွေ ဘယ်လို ကျော်ဖြတ်၊ ကူးခပ် နိုင် မလဲ ဆိုတာ တစ်ဦးချင်း အစွမ်းအစတွေအပေါ် မူတည်နေပါတယ်။

---

တွေဘက် ကူးပြောင်းရောက်ရှိလာပါတယ်။ စင်ကာပူနိုင်ငံက property market ကြည့်ရင် အိမ်ဈေး (HDB & Condos) တွေဟာ တစ်နှစ်ထက် တစ်နှစ် မြင့်တက်နေသလို မြန်မာနိုင်ငံရဲ့ property market ဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လည်း အိမ်ခြံမြေ ဈေးကွက်တွေမှာ အိမ်ဈေး၊ တိုက်ခန်းဈေး၊ ကွန်ဒိုဈေး၊ မြေဈေးတွေဟာ မြောက်တက်လျက် ရှိနေပါတယ်။ စင်ကာပူအစိုးရက HDB flats ဈေးတွေ မတက်အောင် စည်းကမ်းအမျိုးမျိုးနဲ့ ထိန်းချုပ်ခဲ့ပေမဲ့ ဈေးတွေကတော့ တဖြည်းဖြည်း တက်လာပါတယ်။ လူတွေဟာ အမေရိကန်ဒေါ်လာအပေါ်မှာ အယုံအကြည် မရှိတော့ဘဲ ရွှေနဲ့ property market တွေမှာ ရင်းနှီးမြှုပ်နှံဖို့ကို ပိုမို စိတ်ဝင်စားလာကြပါတယ်။

တစ်ချိန်တည်းမှာ commodities ဈေးကွက်ကို ကြည့်ရင် ဈေးနှုန်းတွေ တဖြည်းဖြည်း မြင့်တက်နေပါတယ်။ ဘိလပ်မြေ၊ သံချောင်း၊ ဓာတ်မြေဩဇာ၊ ရေနံ၊ ဒီဇယ်၊ ဓာတ်ဆီ၊ စားနပ်ရိက္ခာ စတဲ့ commodities တွေရဲ့ ဈေးနှုန်းတွေဟာ တဖြည်းဖြည်း မြင့်တက်နေတဲ့အတွက် ဖွံ့ဖြိုးသောနိုင်ငံသာမက emerging market နိုင်ငံတွေကို ခြိမ်းခြောက်လျက် ရှိပါတယ်။

ကမ္ဘာမှာ စီးပွားရေး ပွင့်သစ်စ emerging market နိုင်ငံအတော်များများ ပေါ်ပေါက်လာနေပါပြီ။ emerging market တွေဟာ အာရှ လက်တင် အမေရိကက နိုင်ငံတွေသာမက အာဖရိကမှာတောင် စတင် တွေ့နေရပါပြီ။ ဘာကြောင့်လဲ ဆိုတော့ ကမ္ဘာ့စီးပွားရေးမှာ စူပါပါဝါ ဖြစ်နေတဲ့ တရုတ်နိုင်ငံဟာ အာဖရိကနိုင်ငံ တော်တော်များများမှာ ရင်းနှီးမြှုပ်နှံနေလို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ စီးပွားရေး စူပါပါဝါ ဖြစ်နေတဲ့ တရုတ်ပြည်ဟာ လောလောဆယ် issue တစ်ခု ရင်ဆိုင်နေရတယ်။ ဒါဟာ တရုတ်ပြည်ရဲ့ one child policy ကြောင့်ပဲလို့ ဆိုရမှာ ဖြစ်ပါတယ်။ တရုတ်ပြည်ဟာ တဖြည်းဖြည်း aging country အဖြစ် ရောက်သွားမှာကို စိုးရိမ်နေကြပါပြီ။ ဂျပန်နိုင်ငံ ဆိုရင် သူ့ရဲ့ မျိုးဆက်သစ် လူငယ်တွေရဲ့ လူမှုရေးပိုင်းဆိုင်ရာ တွေးခေါ်မှုတွေကြောင့် အိမ်ထောင်ပြု သားမွေးသူတွေ နည်းလာပြီး ငယ်ရွယ်နုပျိုတဲ့ မျိုးဆက်သစ် အင်အားစုတွေဟာ လျော့ပါးလျက် ရှိနေပါတယ်။ ဂျပန်မှာ သက်ကြီးရွယ်အိုတွေ များပြားနေတာကြောင့် aging country အဖြစ် ရောက်မှန်းမသိ ရောက်နေတာကို ပြန်လည် အဖတ်ဆယ်တင်ဖို့ ကြိုးစားနေကြရပါတယ်။

နေပြည်တော်မှာ ကျင်းပတဲ့ UMFCCI နှစ်ပတ်လည် အစည်းအဝေးမှာ ဒုတိယသမ္မတက မြန်မာနိုင်ငံမှာ capital market ပေါ်ပေါက်လာရေးအတွက်

မျှော်မှန်း ကြိုးပမ်းသွားကြဖို့ အလေးပေး ပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ငွေကြေးကဏ္ဍမှာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီး လုပ်ဖို့ လိုအပ်နေပါတယ်။ လုပ်ဖို့လည်း ပြင်ဆင်နေကြပြီလို့တော့ သတင်းကြားရပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ ဘာကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ လာသင့်သလောက် မလာတာလဲ၊ အထူးစီးပွားရေးဇုန်ဥပဒေလည်း ပြဋ္ဌာန်းပြီးပြီ။ ကမ္ဘာ့အရပ်ရပ်မှာ ရှိတဲ့ fund manager တွေ investment banks က တာဝန်ရှိသူတွေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့အကြောင်း ပြောလိုက်ရင် သူတို့က political image ကို ထောက်ပြကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ political image ကောင်းလာအောင် ဘယ်လို ပုံဖော်ကြမလဲ၊ စဉ်းစားဆောင်ရွက်ကြဖို့တော့ လိုနေပြီလို့ ထောက်ပြ ပြောဆိုတာ များပါတယ်။ တစ်နေ့က စားပွဲဝိုင်း ဆွေးနွေးပွဲမှာ စီးပွားရေးတက္ကသိုလ်က ဆရာတစ်ဦးက အစိုးရသစ်ဟာ စီးပွားရေးနဲ့ ပတ်သက်ရင် အရာရာကို သိပ်ပြီး စဉ်းစားနေတယ်၊ သတိကြီးစွာနဲ့ ဆောင်ရွက်နေတယ်လို့ very cautiously, over cautiously စတဲ့ စကားလုံးတွေ သုံးပြီး အားမလိုအားမရ သုံးသပ်ခဲ့ပါတယ်။ အခြားအပိုင်းတွေလည်း သူ လုပ်မလား ကိုယ် လုပ်မလားနဲ့ပဲ စောင့်ကြည့်နေကြတုန်းပါ။

ဝန်ကြီးဌာန တစ်ခုကိုတော့ လာဘ်ပေး လာဘ်ယူတွေ အတော် များနေကြောင်း နိုင်ငံတော်သမ္မတက လူတွေရှေ့မှာ ပြောတယ်လို့တော့ သတင်းကြားပါတယ်။ ဘာထောက်ထားစရာ ရှိသလဲ။ သတင်းမီဒီယာရှေ့မှာ ပေါ်ပေါ်ထင်ထင် သတိပေးဖို့ ကောင်းတယ်။ လူကြီးတစ်ယောက် ဆိုရင် လာဘ်ပေးလာဘ်ယူကိစ္စနဲ့ ပတ်သက်ပြီး သူ့ကို အထင်အမြင်လွဲမှာကို အရမ်းစိုးရိမ်တယ်။ လူကြီးတွေ အဲဒီလို အကြောက်တရား ရှိနေရင် ကောင်းတဲ့အလားအလာတွေပဲ။ နိုင်ငံတော်သမ္မတရဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ပြောကြားတဲ့ မိန့်ခွန်းအရ မတူညီတဲ့ သဘောထားအမြင်တွေ ရကြမှာ ဖြစ်ပေမဲ့ တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် တူညီတဲ့ ကိစ္စတွေမှာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြမယ်၊ အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်း ကြိုဆိုမှာ ဖြစ်တယ်လို့ ပြောကြားထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ ရှေ့အလားအလာ political image တဖြည်းဖြည်း ကောင်းလာအောင် ဒီအစိုးရအနေနဲ့ လုပ်နေတယ်ဆိုတာ ထင်ရှားပါတယ်။

Investment တွေ ဝင်လာအောင် နောက်လိုအပ်ချက် တစ်ခုကတော့ အရာရာကို ထင်သာမြင်သာ ဖြစ်အောင် ပြုလုပ်ထားခြင်းပဲ (transparency)

ဖြစ်ပါတယ်။ နှုတ်နဲ့ ပြောတာကို အကောင်အထည်ဖော်တာတို့၊ အယူအဆ မတူရင် မတူတဲ့အကြောင်း၊ မိမိအမြင်က ဘယ်လို ရှိတယ် ဆိုတဲ့အကြောင်း ရဲရဲဝံ့ဝံ့ မပြောရဲတာတို့၊ မလိုအပ်ဘဲ ဖုံးကွယ်ထားတာတို့ စတဲ့ ဆင်ခြင်ရမယ့် အကြောင်းတွေကို ဆင်ခြင်လိုက်ရင် ကျွန်တော်တို့နိုင်ငံ image ဟာ ကမ္ဘာ့ မျက်နှာစာမှာ ကောင်းလာလိမ့်မယ်လို့ ထင်ပါတယ်။

အခုလိုအချိန်မှာ မြန်မာနိုင်ငံထဲ လာရောက် ရင်းနှီးမြှုပ်နှံလိုသူတွေ များပြားနေပါတယ်။ နိုင်ငံအသီးသီးက လုပ်ငန်းရှင်တွေဟာ အရိပ်အခြည်ကို လာရောက်ကြည့်ရှုလျက် ရှိနေပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံအလိုက် country-wise risk analysis တွေကို လေ့လာထားဖို့ လိုပါတယ်။ risk တွေ ဘယ်လို ရှိနေသလဲ ဆိုတာ လေ့လာထားဖို့ လိုပါတယ်။ investment ဆိုရင် ဘာပဲလာလာ ပြီးရော ဆိုတဲ့ သဘောမျိုး မထားဘဲ country-wise risk rating တွေကို လုပ်ထားကြဖို့ လိုပါတယ်။ စီးပွားရေး ပညာရှင်တွေ၊ ဘဏ်လုပ်ငန်း ပညာရှင်တွေဟာ မြန်မာလုပ်ငန်းရှင်တွေ သိရှိနေအောင် အမြင်အယူအဆတွေ ရေးသားသင့်ပါတယ်။ မြန်မာမှာ လာရောက် ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံရဲ့ ငွေရေး ကြေးရေး ပေါ်လစီတွေ၊ လက်တွေ့ ဆောင်ရွက်နေကြမှုတွေကို စုံစမ်းလေ့လာ ထားရမှာ ဖြစ်ပါတယ်။ ဗီယက်နမ်မှာ ဆိုရင် ပြည်သူတွေက ဘဏ်တွေအပေါ် ယုံကြည်မှု နည်းပါးပါတယ်။ ဟန္နိုင်းမြို့ ရေကန်ကြီးဘေး အဓိက လမ်းမကြီး ပေါ်က shop house တစ်ခုဟာ အမေရိကန်ဒေါ်လာ နှစ်သန်းခွဲလောက် ဈေးပေါက်နေပါတယ်။ မတန်တဆဈေး ဖြစ်ပါတယ်။ စင်ကာပူရဲ့ prime area Raffle square က shop house တစ်ခုကလည်း အဲဒီဈေးလောက် ရှိပါတယ်။ ဗီယက်နမ်မှာ ပြည်သူတွေက ဘဏ်တွေကို ယုံကြည်မှု အားနည်းတာကြောင့် property market မှာ မတန်တဆ ဈေးတွေ ပေးပြီး ရင်းနှီးမြှုပ်နှံထားကြတာပါ။ မြန်မာနိုင်ငံ ငွေရှင်ကြေးရှင်တွေလည်း capital market မရှိတာက တစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံလိုရင် အဆင့်များ ရှုပ်ထွေးတာက တစ်ကြောင်း ငွေဖြစ်လွယ်တဲ့ gold နဲ့ property market တွေမှာ ရင်းနှီးမြှုပ်နှံမှု များနေတာ ဖြစ်ပါတယ်။

ဒီတော့ ဒီနေ့ ကမ္ဘာ့စီးပွားရေးကို ကြည့်ရင် တစ်ဟုန်ထိုး ရိုက်နှိပ်ထုတ် ဝေနေတဲ့ အမေရိကန်ဒေါ်လာတွေဟာ နိုင်ငံအများအပြားမှာ ရောက်ရှိနေပြီး ဖောင်းပွလျက် ရှိနေပါတယ်။ အမေရိကန်ဒေါ်လာဈေး ပြန်တက်လာဖို့ ဆိုတာ လောလောဆယ် မဖြစ်နိုင်သေးပါဘူး။ တစ်ဖက်မှာ ကြည့်ရင်လည်း commodities ဈေးနှုန်းတွေဟာ တဖြည်းဖြည်း မြင့်တက်နေပါတယ်။ ကမ္ဘာပေါ်မှာ အာရှ

လက်တင် အမေရိကရှိ နိုင်ငံတော်တော်များများမှာ emerging markets တွေ အဖြစ် ပေါ်ပေါက်လာလျက် ရှိပါတယ်။ အာဖရိကက နိုင်ငံတချို့မှာတောင် emerging market အဖြစ် တာစူနေပါပြီ။ ဒီအခြေအနေအတိုင်း ၃-၄ နှစ် တော့ ရှိနေဦးမှာ ဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။

ဒီလို ရှိနေတဲ့ စီးပွားရေး ဝဲဂယက်ထဲမှာ ကျွန်တော်တို့ မြန်မာ့စီးပွားရေး လုပ်ငန်းရှင်တွေ ဘယ်လို ကျော်ဖြတ် ကူးခပ်နိုင်မလဲ ဆိုတာ တစ်ဦးချင်း အစွမ်း အစတွေအပေါ် မူတည်နေပါတယ်။

(ဝန်ခံချက်။ အထက်ပါ စာစုတွေဟာ Singapore, Strait Capitals မှ Dr. Wang Yit Fang နဲ့ UMFCCI မှာ ၃-၅-၂၀၁၁ နေ့က ကျင်းပတဲ့ စကားဝိုင်း ဆွေးနွေးချက် တွေထဲက ကောက်နုတ်တင်ပြ ရေးသားထားတာ ဖြစ်ပါတယ်။)

■ ဘလောက်ရေးသားသည့်ရက်စွဲ [၁၅-၅-၂၀၁၁]

# မြန်မာနိုင်ငံမှ ဘဏ်များနှင့် on line banking

ဘဏ်တွေ ဘာလုပ်နေသလဲ ဆိုတာ ဂျာနယ်တွေရဲ့ သတင်းစာမျက်နှာတွေမှာ ဖတ်ရပေမဲ့လည်း အပေါ်ယံပဲ ရေးထားတာ များပါတယ်။ လာပြီး အင်တာဗျူးလုပ်တဲ့ သတင်းထောက်တွေကလည်း ပေါ်ပင်သတင်းကို လိုက်သလိုမျိုး နှိုက်နှိုက်ချွတ်ချွတ် မလေ့လာဘဲ လာဗျူးကြတော့ အဗျူးခံရသူမှာ ပြောအား မရှိ ဖြစ်ရတာ များပါတယ်။ Economist တို့လို The Business Times တို့လို အကြောင်းအရာတစ်ခုရဲ့ အခြေခံကို ပိုင်ပိုင်နိုင်နိုင် သိပြီး သုတေသနပြုလုပ် မေးမြန်းကြတာ မဟုတ်တော့ အစက အဆုံး ပြန်ရှင်းပြနေကြရတဲ့အပြင် အင်တာအဗျူးခံရသူဟာ အကုန်ပြောပြလိုက်ရင် ငါပြောတာ တခြား၊ သူ ရေးတာ တစ်မျိုးဖြစ်နေမှာ စိုးရိမ်တာကြောင့် မပြည့်စုံတာ များပြီး ဖတ်ရတာ ဆား မပါတဲ့ဟင်း စားရသလို ဖြစ်နေတတ်ပါတယ်။

---

ကုန်သည်တွေဟာ ငွေထည့်ထားတဲ့
ဆာလာအိတ်ကြီးတွေနဲ့
ဘဏ်တွေရှေ့မှာ၊ ဘဏ်တွေထဲမှာ
ငွေထုတ် ငွေသွင်း
လုပ်နေကြတာပါ။
ဒါကလည်း လုပ်ငန်းရှင်တစ်ဦးနဲ့
ဆွေးနွေးကြည့်တဲ့အခါ
သူတို့လည်း ငွေထုတ်ကြီးတွေနဲ့
အပို့အသွင်းအထုတ်
မလုပ်ချင်ကြပါဘူး။

---

ဘဏ်တွေနဲ့ ပတ်သက်ပြီး ခေတ်စားနေတာက online banking ပါ။ ATM card တွေ Debit card၊ Credit card တွေ သုံးစွဲကြဖို့ပဲ တာစူ ရေးနေကြတာပါ။ ပုဂ္ဂလိကဘဏ်တွေကော အစိုးရတစ်ပိုင်းဘဏ်တွေကိုပါ စောင့်ကြည့်ကြပ်မတ် ထိန်းသိမ်း ညွှန်ကြားနေတာက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဗဟိုဘဏ်ပါ။ အတိုကောက် ခေါ်ရရင် CBM-Central Bank of Myanmar ပါ။ ဘဏ်တွေဟာ စည်းလွတ်ဝါးလွတ် လုပ်ချင်တိုင်း လုပ်လို့ မရပါဘူး။ နိုင်ငံတကာက ဘဏ်တွေလိုပဲ အချိုးတွေနဲ့ ထိန်းထားပါတယ်။

စာရေးသူ ဆိုလိုချင်တာကတော့ CBM မတင်ပြဘဲ ပုဂ္ဂလိက ဘဏ်တွေကော အစိုးရတစ်ပိုင်း ဘဏ်တွေပါ ဘာမှ လုပ်လို့ မရပါဘူး။ CBM က ဦးဆောင်ပြီး banking network ကို ဘဏ်တွေက အချိုးကျ ထည့်ဝင်ငွေ ထည့်ပြီး တည်ဆောက် ဆောင်ရွက်နေပါတယ်။ ဒီ banking network ရဲ့အဓိကရည်ရွယ်ချက်ကတော့ ဘဏ်တွေနဲ့ CBM အကြား online ပေါ်မှာ အလုပ်လုပ်နိုင်အောင် လုပ်ဖို့ ဖြစ်ပါတယ်။ လူအများ နားလည်နိုင်အောင် ပြောရရင် B2B ပေးတဲ့ cheque တစ်ခုကို ဘဏ်တစ်ခုက ၂၄ နာရီ ကြာမှ clear လုပ်နိုင်ပါတယ်။ အချိန်သည် ငွေလို့ ဆိုနေတဲ့ ခေတ်ကြီးထဲတွင် ဒါလောက် ကြာလို့ မရပါ။

ဒါကြောင့်လည်း ကုန်သည်တွေဟာ ငွေထည့်ထားတဲ့ ဆာလာအိတ်ကြီးတွေနဲ့ ဘဏ်တွေရှေ့မှာ၊ ဘဏ်တွေထဲမှာ၊ ငွေထုတ် ငွေသွင်း လုပ်နေကြတာပါ။ ဒါကလည်း လုပ်ငန်းရှင်တစ်ဦးနဲ့ ဆွေးနွေးကြည့်တဲ့အခါ သူတို့လည်း ငွေထုတ်ကြီးတွေနဲ့ အပို့အသွင်း အထုတ် မလုပ်ချင်ကြပါဘူး။ cheque ကိုပဲ သုံးချင်ကြပါတယ်။ ဒါပေမဲ့ clearing က အချိန်ယူတာကြောင့် ငွေတွေ ယူလာပြီး ဘဏ်သွင်းထုတ် payment လုပ်နေကြရတာ ဖြစ်ပါတယ်။ CBM နဲ့ ဘဏ်တွေအကြား clearing လုပ်တာကို မြန်အောင် banking network တည်ဆောက်တာ ဖြစ်ပါတယ်။ ဒီအချက်ကြောင့်လည်း ထိရောက်မှု ရှိတဲ့ banking network ကို မျှော်မှန်းကြတာပါ။ ဒါပေမဲ့ DDOS attack တွေကြောင့် အင်တာနက်တွေ နှေးနေတာရယ်၊ မရတာရယ်နဲ့ပဲ banking network လုပ်ငန်းဟာ ရာခိုင်နှုန်းပြည့် မအောင်မြင်သေးပါဘူး။ မြန်မာ IT ပညာရှင်တွေ၊ ဘဏ်တွေ ကြိုးစားနေကြဆဲပါ။

နောက် အပိုင်းတစ်ခုက online banking ပါ။ ဒါကလည်း ATM စက်တွေ ဘဏ်တွေရှေ့မှာ နေ့ချင်းညချင်း ပေါ်ပေါက်လာတော့မယ်ပုံလိုမျိုး ဂျာနယ်

တွေမှာ ရေးသားနေကြပါတယ်။ လွန်ခဲ့တဲ့ ၄-၅-၆ လက CBM နဲ့ ဘဏ်အသင်း ဦးဆောင်ပြီး payment system နဲ့ ပတ်သက်တာကို လေ့လာ တင်ပြဖို့ အဖွဲ့တစ်ခု ဖွဲ့ပေးခဲ့ပါတယ်။ အဲဒီအဖွဲ့က သူ့တာဝန်အရ ဖြစ်နိုင်ခြေ အားလုံးကို CBM ထံ လေ့လာတင်ပြပြီးပါပြီ။ အတိုချုပ် တင်ပြရရင် ATM card, Credit card, Debit Card တွေကို ဘဏ် တော်တော်များများက လုပ်ချင်နေကြပါတယ်။ ဘဏ်သေးသေးတွေကတော့ ရှေ့မဆောင်နိုင်ပါဘူး။ ဘဏ်ကြီးတွေ လုပ်ရင် ကိုယ့်အင်ကိုယ့်အားနဲ့ လိုက်လုပ်နိုင်မယ် ဆိုရင် လုပ်မယ်။ ဘဏ်တိုင်းဟာ သူ့ Card တွေကို သူ့ဘာသာ ထုတ်မယ်၊ သုံးခွင့်ပြုမယ် ဆိုရင် Points of Sales POS တွေမှာ Card Reader တွေ အများကြီး ထားနေရတော့မယ်။ ဒီဆိုင်က ဒီဘဏ်ရဲ့ Card ပဲ လုပ်ပေးမယ် ဆိုရင်တော့ ဖြစ်နိုင်ပေမဲ့ ဘောင်ကျဉ်းတာပေါ့လေ။

CBM က ဒီ Card စနစ်ကို ဘဏ်တွေ စုပေါင်းပြီး လုပ်ကြဖို့ လမ်းညွှန်ထားပါတယ်။ တရုတ်နိုင်ငံမှာ China Union Pay (CUP) လိုမျိုးပေါ့။ ဘဏ်တွေက CUP အောက်ကနေ Card စနစ်တွေကို လုပ်ကြရတာပါ။ မြန်မာမှာလည်း Myanmar Union Pay (MUP) ပေါ့လေ။ ဘဏ်တွေ အားလုံးဟာ ဒီ Umbrella အောက်က ရှယ်ယာ ထည့်ချင် ထည့်မယ်၊ စုပေါင်းပြီး ဝင်လုပ်ကြရမှာ ဖြစ်ပါတယ်။

ဒါမှမဟုတ်ရင် စာရေးသူ အမြင်ကတော့ ပုဂ္ဂလိက ဘဏ်ကြီး တစ်ဘဏ်က ဦးဆောင်ပြီး လုပ်၊ အဲဒီ ဘဏ်ကြီးအောက်က ဘဏ်ကလေးတွေက ရှယ်ယာ ဝင်ပြီး လုပ်ချင်ရင် လုပ်ပေါ့။ ဒါမှသာ Debit card, ATM card, Credit Card တွေ ဖြစ်လာနိုင်မှာပါ။ ဒါပေမဲ့ Over night နေ့ချင်းပြီး ဖြစ်လာမှာ မဟုတ်ပါဘူး။ ATM machines ရောင်းချင်တဲ့ သူတွေ၊ Card လုပ်တဲ့ စက်ရောင်းချင်သူတွေကတော့ ဘဏ်တွေ လှည့်ပြီး သူဟာ ဘယ်လို ကောင်းတယ် ဆိုပြီး ကြော်ငြာနေတာပဲ ရှိမယ်။ အဓိကအပိုင်း ဖြစ်တဲ့ software ပိုင်းကို ဘယ်သူမှ မလုပ်ကြသေးဘူး။

ဘဏ်တွေ online ဖြစ်ဖို့ ဘယ် platform ကို သုံးမှာလဲ။ ဒါ့အပြင် MPT lease line က firewall system ကို စနစ်တကျ အဆင့်မြင့်မြင့် တည်ဆောက်ထားဖို့ လိုပါတယ်။ lease လိုင်းကကော စိတ်ချရရဲ့လား၊ စင်ကာပူမှာ AXS machine ကနေ လျှပ်စစ်၊ တယ်လီဖုန်း၊ အခွန် စတာတွေကို online ပေးလို့ရတယ်။

ဒါကလည်း စင်ကာပူရဲ့ အင်တာနက်စနစ်ဟာ အလွန့်အလွန် ကောင်းမွန်နေလို့ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အင်တာနက်စနစ် အဲဒီလောက်နီးပါး ကောင်းနေရင် စာရေးသူတို့ လုပ်ငန်းရှင်တွေ အားလုံး လက်မထောင်နေနိုင်ပြီ။ အခြေခံ အဆောက်အအုံ အားနည်းချက်လို့ ဆိုရမှာပေါ့ဗျာ။ အဓိကအပိုင်းဖြစ်တဲ့ software ကို လုပ်ဖို့ စိတ်ဝင်စားတဲ့ မြန်မာလုပ်ငန်းရှင်တစ်ဦးနဲ့ စာရေးသူ မကြာခင်ကပဲ ဆွေးနွေးလိုက်ရတယ်။ သူ့ရဲ့ စီးပွားရေး ဖြစ်တာမို့ ဘယ်သူ ဘယ်ဝါ ဆိုတာ ဂယနဏ မရေးချင်ပါဘူး။ သူ တင်ပြမယ့် software ကလည်း တရုတ်ပြည်က Software ပညာရှင်တွေကို အခြေခံပါတယ်။ China Union Pay လိုမျိုးဆန်ဆန်ပါပဲ။ သူ ဆွေးနွေးတာတွေကို စာရေးသူ ပြန်ဖြေရတာ တော်တော် ခက်တယ်။

'မြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေ'နဲ့ 'မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ'များမှ card payment စနစ်နဲ့ ပတ်သက်ပြီး ဖော်ပြထားတာများ ရှိပါသလားတဲ့။ စာရေးသူ လက်လှမ်းမီသရွေ့ ကြည့်တာ မတွေ့ပါဘူးလို့ ဖြေလိုက်ရတယ်။ ဗဟိုဘဏ်က စည်းမျဉ်းစည်းကမ်း ထုတ်ပြန်ပြီး လုပ်နိုင်ပါလိမ့်မယ်လို့ မယုတ်မလွန် ဖြေခဲ့ရတယ်။ နောက် မြန်မာနိုင်ငံမှာ payment စနစ်တွေ Card တွေ သုံးနေပြီလား ဆိုတော့ စူပါမားကတ်တွေမှာ Debit Card လိုမျိုး offline သုံးနေကြတာတော့ ရှိတယ်၊ ဒီလို လုပ်နိုင်သလား မလုပ်နိုင်ဘူးလား ကျွန်တော် မသိပါလို့ ပြန်ဖြေခဲ့ရပါတယ်။

သူ့ရဲ့ National Card switching system စနစ်ကို ရှင်းပြပါတယ်။ စာရေးသူ အမြင်မှာတော့ မြန်မာနိုင်ငံဘဏ်တွေအတွက် စဉ်းစားရမှာက ဒီ software စနစ်မျိုး ဖြစ်ပါတယ်။ မရေရာတဲ့ စနစ်တွေ၊ ATM ပစ္စည်း ရောင်းချင်တာပဲ ရှေ့တန်းတင်နေတဲ့သူတွေနဲ့ ထိတွေ့မယ့်အစား ဒီလိုပုဂ္ဂိုလ်မျိုးကို တွေ့သင့်တယ် ထင်တာပဲ။

အမှန်တော့ National Card switching system စနစ်ဟာ အလွန်ကျယ်ပြန့် ကြီးမားပါတယ်။ ဘဏ်ကြီးတွေက CBM နဲ့ ညှိနှိုင်းပြီး ဦးဆောင်လုပ်ရင် ကောင်းမယ် ထင်ပါတယ်။ ဘဏ်ကလေးတွေကို လက်တွဲခေါ်ပေါ့။ Myanmar Union Pay MUP ပေါ်လာပြီး Umbrella အောက်မှာ လုပ်ကြဖို့ပါပဲ။ စာရေးသူလည်း ဒီ software အပိုင်းဟာ အရေးကြီးတယ်လို့ ထင်တဲ့အတွက် CBM က Governor ကို တွေ့ခွင့်တောင်းပြီး တင်ပြဖို့ ကောင်းတယ်လို့ အကြံပေးလိုက်ရတယ်။

ဒီကြားထဲ စင်ကာပူ Straits Capital က Dr. Wang Yit Fan က သတိပေးထားသေးတယ်။ IT ကဏ္ဍနဲ့ ဘဏ်ကဏ္ဍဟာ တစ်ပြိုင်နက်တည်း ယှဉ်ပြိုင်တိုးတက်နေပါတယ်။ ဘဏ်တွေက IT ကဏ္ဍ တိုးတက်လာတဲ့ အနေအထားကို လျစ်လျူရှုလို့ မရဘူး။ ဖိလစ်ပိုင်၊ တောင်အာဖရိကနိုင်ငံတွေဟာ leak frog လုပ်တဲ့ အနေနဲ့ on line banking ကို ဘေးချိတ်ပြီး mobile phone banking လုပ်နေကြပြီလို့ ပြောသွားတယ်။ leak frog ဆိုတာ အဖြူအမဲ တီဗီ မလုပ်တော့ ကာလာတီဗီကို ခုန်လိုက်တာကို ဆိုလိုတာပါ။ ဒါကြောင့် စာရေးသူတို့ ATM, Credit, Debit Card တွေ လုပ်နေကြမယ့်အစား Mobile Phone Banking ကို သွားကြမလား စဉ်းစားကြဖို့ ကောင်းနေပါပြီ။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၁၄-၅-၂၀၁၁]

# စီးပွားရေး ပဲ့တင်သံများ

လင်းနို့များဟာ ပဲ့တင်သံကို နားထောင်ပြီး လမ်းကြောင်းရှာဖွေ ပျံသန်းကြရပါတယ်။ စီးပွားရေး ပဲ့တင်သံတွေကို နားထောင်ပြီး တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ရှာဖွေလျှောက်လှမ်းဖို့ လိုပါတယ်။ စီးပွားရေး ပဲ့တင်သံတွေဟာ စီးပွားရေးသမား တစ်ဦးချင်းဆီက ထွက်ပေါ်လာတာ ဖြစ်ပြီး သူ့ရဲ့ အမြင် အယူအဆတွေကို လွတ်လွတ်လပ်လပ် ဖော်ပြခြင်းပဲ ဖြစ်ပါတယ်။ မှန်ခြင်း၊ မှားခြင်းကိုတော့ စာဖတ်သူပဲ လေ့လာသုံးသပ် ဝေဖန်နိုင်ပါတယ်။

> ကျွန်တော်တို့ သွင်းတဲ့ ပစ္စည်းမျိုးကို
> အောက်လမ်း (မှောင်ခို) က
> သွင်းလာတဲ့သူတွေကတော့
> ဒီအခွန်အားလုံး မဆောင်ရပါဘူး။
> ကုမ္ပဏီ မရှိတော့
> အမြတ်ခွန်လည်း မပေးရဘူး။
> ဒီပုဂ္ဂိုလ်တွေ အများစုကတော့
> မြန်မာနိုင်ငံမှာ
> ပန်းပန်လျက် ရှိနေဆဲပါ။

ပထမဆုံး စီးပွားရေးသမားရဲ့ နုတ်ဖြတ်အခွန် (withholding tax) နဲ့ ပတ်သက်တဲ့ ပဲ့တင်သံကတော့ ဒီလိုပါ။

"နုတ်ဖြတ်အခွန်ဟာ ပြည်တွင်းမှာ ရောင်းဝယ်ကြတဲ့ transaction တွေ အပေါ်မှာ ကောက်ခံခြင်းဟာ သင့်

လျော့ မှန်ကန်ပါတယ်၊ နိုင်ငံသားတိုင်းဟာ အခွန် ပေးဆောင်ရမယ့်တာဝန် ရှိကြပါတယ်၊ ပြည်ပက သွင်းလာတဲ့ သွင်းကုန်ပစ္စည်းအပေါ် မှာ ကောက်ခံတာကိုတော့ စေဒကတက်ချင်ပါတယ်၊ နိုင်ငံခြားက ပစ္စည်း ရောင်းသူ supplier ဆီက withholding tax ကောက်တာ ဖြစ်တယ်လို့ ဆိုပေမဲ့ တကယ်တော့ ကုန်ဝယ်သူ မြန်မာကုန်သည်ကပဲ ပေးရတာပါ၊ ဒီတော့ မြန်မာကုန်သည်တွေပဲ နုတ်ဖြတ်အခွန်၊ ကုန်သွယ်ခွန်၊ ရောင်းခွန်တွေနဲ့ ရင်ဆိုင်ကြရပြီး နောက်ဆုံးတော့ စားသုံးသူအပေါ် ပဲ ရောက်တော့တာပါပဲဗျာ"

ဒုတိယ ပဲ့တင်သံကတော့ "မြန်မာနဲ့ double taxation လက်မှတ်ထိုးထားတဲ့ နိုင်ငံ ငါးနိုင်ငံ ရှိပါတယ်၊ စင်ကာပူကို ဥပမာ ပေးပါရစေ၊ စင်ကာပူမှာ တည်ထောင်ထားတဲ့ ကုမ္ပဏီဟာ မြန်မာ ဖွင့်ထားရင် ဖြစ်ဖြစ်၊ မြန်မာတစ်ဦးဦး ပါဝင်ရင် ဖြစ်ဖြစ် double taxation ခံစားခွင့် အကျုံးမဝင်ဘူး၊ မြန်မာကုန်သည်တွေ နိုင်ငံကြီးတစ်ခုရဲ့ စီးပွားရေး ပိတ်ဆို့မှု sanction ကို ကျော်လွှားနိုင်အောင် ပြည်ပမှာ ကုမ္ပဏီတွေ ဖွင့်ကြဖို့ သက်ဆိုင်ရာကပဲ တိုက်တွန်းခဲ့တာလေ၊ အခုတော့ စင်ကာပူနိုင်ငံသားတွေ ကောင်းစားအောင် လုပ်ပေးနေသလို ဖြစ်နေပြီ၊ အဲဒီကုမ္ပဏီ board of directors တွေထဲက မြန်မာတွေ ထွက်ပြီး စင်ကာပူနိုင်ငံသားတွေကို transaction တစ်ခု လုပ်တိုင်း ၁ ရာခိုင်နှုန်း၊ ၁ ဒသမ ၅ ရာခိုင်နှုန်း စသဖြင့် ခံစားခွင့်ပေးပြီး board of directors စာရင်းကို ပြောင်းလဲနေကြရပါတယ်၊ ၃ ဒသမ ၅ ရာခိုင်နှုန်းထက်စာရင် သက်သာရာ သက်သာကြောင်း လုပ်နေကြရတာပါ၊ ဒါက double taxation ခံစားခွင့်ကို ရချင်လို့ပါ၊ မြန်မာကုန်သည်တွေ အခုဆိုရင် စင်ကာပူမှာ ကုမ္ပဏီ ဖွင့်ချင်တိုင်း ဖွင့်လို့မရတော့ပါဘူး" လို့ ဖြစ်ပါတယ်။

ဒီယူဆချက်ဟာ လမ်းကျသလား၊ လမ်းမကျဘူးလား သုံးသပ်စေချင်ပါတယ်။ တစ်ဆက်တည်း ပြောချင်တာက စီးပွားရေး ပိတ်ဆို့မှုကြောင့် မြန်မာကုန်သည်တွေဟာ ပြည်ပနဲ့ ဆက်သွယ်တဲ့အခါ အယ်လ်စီ (LC) တောင် ဘယ်လိုဖွင့်ရမလဲ၊ ဘယ်လို စစ်ရမလဲ ဆိုတာ မသိကြတော့ဘူး။ မြန်မာနဲ့ ကုန်သွယ်မှုလုပ်တဲ့သူတိုင်း 'ပေးမှ ရမယ်' ဆိုတာ ပြည်ပကုန်ရောင်းချသူတွေ တော်တော်သိနေကြပါပြီ။ သက်ဆိုင်ရာက မြန်မာကုန်သည်တွေ ရင်ဆိုင်နေရတဲ့ အနေအထားကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါတယ်။

တတိယ ပဲ့တင်သံကတော့ ကုန်သည်ဆီက မဟုတ်ပါဘူး။ စားသုံးသူပြည်သူတစ်ဦးဆီကပါ။ သူကတော့ "ကျွန်တော်တို့ ကုန်ပစ္စည်းတွေ ပြည်ပပို့ရင်

သက်ဆိုင်ရာက အလေးချိန်၊ အရည်အသွေး စစ်ဆေးချက်၊ အသုံးပြုပုံကို နိုင်ငံတကာသုံး အင်္ဂလိပ်လို ဖော်ပြချက်၊ (ဒါမှမဟုတ် ဝယ်သူနိုင်ငံသုံး ဘာသာစကား) စတာတွေ မလွဲမသွေ ပေးရပါတယ်၊ အခုတော့ ပြည်ပက တရားဝင် တင်သွင်းခဲ့တဲ့ ပစ္စည်းမှာတောင် တချို့ ဆိုရင် SsCpass တောင် မပါပါဘူး၊ owner instruction ကလည်း သူတို့ဘာသာနဲ့ ရေးထားတာ၊ အင်္ဂလိပ်လို မဟုတ်ဘူး၊ ပထမဆုံး သုံးတာ ဆိုရင် ဘာသာပြန်တာက အလုပ်တစ်ခု ဖြစ်နေတယ်၊ ကျွန်တော် ထင်ပါတယ် … ဒါတွေကိုတော့ သက်ဆိုင်ရာက စစ်ဆေးသင့်တယ် ထင်တယ်၊ ဒါမှမဟုတ်ရင် ကျွန်တော်တို့နိုင်ငံဟာ သူတို့ရဲ့ တတိယတန်းစား ပစ္စည်းတွေ dumping လုပ်တာ ခံနေရသလိုမျိုး ဖြစ်နေပါလိမ့်မယ်"လို့ ဆိုပါတယ်။

စတုတ္ထ ပုံတင်သံကတော့ ခံစားချက်တစ်ခုပါ။ ယှဉ်ပြိုင်နိုင်စွမ်းအား (competitivenesss) နဲ့ ဆိုင်ပါတယ်။ သူကတော့ သူ့ ခံစားချက်ကိုပဲ ပြောပြတာပါ။ ဘာလုပ်သင့်တယ်၊ ညာလုပ်သင့်တယ် မပြောပါ။

"ကျွန်တော်တို့က စီးပွားရေးကို တရားဝင် လုပ်နေတာပါ၊ မှတ်ပုံတင်တယ်၊ အခွန်ဆောင်တယ်၊ သွင်းလာတဲ့ပစ္စည်းပေါ် ကုန်သွယ်ခွန်၊ အမြတ်ခွန်၊ ရောင်းခွန်၊ နုတ်ဖြတ်အခွန်၊ အကုန်ဆောင်ရပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ သွင်းတဲ့ ပစ္စည်းမျိုးကို အောက်လမ်း (မှောင်ခို) က သွင်းလာတဲ့သူတွေကတော့ ဒီအခွန် အားလုံး မဆောင်ရပါဘူး၊ ကုမ္ပဏီ မရှိတော့ အမြတ်ခွန်လည်း မပေးရဘူး၊ ဒီပုဂ္ဂိုလ်တွေ အများစုကတော့ မြန်မာနိုင်ငံမှာ ပန်းပန်လျက် ရှိနေဆဲပါ၊ ကျွန်တော်တို့ တရားဝင် စီးပွားရေး လုပ်သူတိုင်း သူတို့နဲ့ ဘယ်လိုမှ မယှဉ်နိုင်ပါဘူး"

နောက်ဆုံး ပုံတင်သံက စီးပွားရေးဝန်းကျင် (business environment) တစ်ခုကို မီးမောင်းထိုးပြလိုတာပါ။

"ကျွန်တော်တို့ဆီမှာ စီးပွားရေး လုပ်ဖို့ ဆိုပြီး တရားဝင် နေထိုင်ခွင့်နဲ့ နေတဲ့ နိုင်ငံခြားသားတွေ ရှိပါတယ်၊ တချို့က နေထိုင်ခွင့်ဗီဇာ မရှိဘူး၊ ပြန်အထွက်ကျမှ overstay တစ်ရက် သုံးဒေါ်လာ ဆောင်ပြီးမှ ပြန်ထွက်ကြတာ၊ သူတို့ဟာ မြန်မာ ထောင်ထားတဲ့ ကုမ္ပဏီတွေမှာ လုပ်တယ် ဆိုပြီး တင်ပြကြပါတယ်၊ ဒါပေမဲ့ တချို့ကတော့ သူတို့ပဲ မြန်မာနိုင်ငံသား နာမည်နဲ့ ထောင်ထားတာပါ၊ အထူးသဖြင့် တည့်တည့်ပြောရရင် ပဲမျိုးစုံ ပြည်ပ တင်ပို့တဲ့ လုပ်ငန်းတွေမှာ အများဆုံးပါ၊ သူတို့တွေဟာ အခွန် လုံးဝ မဆောင်ဘဲ မြန်မာနိုင်ငံ

ပဲလုပ်ငန်းကနေ အကျိုးအမြတ်တွေ ရနေကြပါတယ်။ မြန်မာပဲ ကုန်သည်တွေ ဒီအကြောင်းတွေကို သိကြပါတယ်။ တချို့ဆိုရင် မြန်မာမှာ အနေကြာလို့ ပွဲစားတောင် လုပ်နေကြပါတယ်၊ နှစ်စဉ် မြန်မာပဲဈေးကွက် ကမောက်ကမ ဖြစ်ရတာဟာ ဒီလူတွေ ဖန်တီးချက် ရာခိုင်နှုန်း တော်တော်များများ ပါနေပါတယ်၊ ဒီနိုင်ငံခြားသားတွေ လုပ်ကိုင်ခွင့်ပြုတယ် ဆိုရင် တရားဝင် နေခွင့်ပေး၊ အခွန်ကိုလည်း တရားဝင် ဆောင်စေသင့်ပါတယ်၊ withholding tax လိုမျိုး ဒီလို နိုင်ငံခြားသားတွေဆီက ကောက်ခံသင့်တယ်လို့ ထင်ပါတယ်"

ကဲ … စာဖတ်သူများခင်ဗျား။ ဒီဆောင်းပါးမှာ ပါဝင်တဲ့ စီးပွားရေး ပွဲတင်သံတချို့ကို စီးပွားရေးသမားတွေဆီက ရခဲ့တာပါ။ သူတို့ရင်ထဲက လာတဲ့ ပွဲတင်သံတွေကိုတော့ နားထောင်သင့်တယ် ထင်ပါတယ်။ media တွေရဲ့ တာဝန်တစ်ခုအနေနဲ့ ဒါမျိုးတွေ ရှာဖွေ တင်ပြရတာဟာ တိုင်းပြည်စီးပွားရေး တိုးတက်စေလိုတဲ့ စေတနာပါ။ သက်ဆိုင်သူတွေ (stakeholders) ဝိုင်းနားထောင်သင့်တယ်၊ သုံးသပ်သင့်တယ်လို့ ထင်ပါတယ်။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၁၉-၂-၂၀၁၁]

## ငွေလား ... စီးပွားရေးကျင့်ဝတ်လား

ပုဂ္ဂလိကဘဏ် တော်တော်များများမှာ ဘဏ် management နဲ့ ဘဏ်ဝန်ထမ်းတွေအကြား မကြေညာတဲ့စစ်ပွဲတွေ အခု တစ်လော ဖြစ်နေပါတယ်။ ပုဂ္ဂလိကဘဏ်တွေက ကျွမ်းကျင်ဝန်ထမ်းတွေ ထွက်ပြီး ဘဏ်အသစ် လေးဘဏ်ဆီ ကူးပြောင်းရောက်ရှိသွားနေကြတော့ ခံရတဲ့ ဘဏ်တွေက အချင်းချင်း စာတွေ ပို့ပြီး ဟန့်တားနေကြတာ စာတွေ ပလူပျံနေသလားတောင် အောက်မေ့ရပါတယ်။ အမှန်တော့ ဘဏ္ဍာအခွန် ဝန်ကြီးဟောင်းက ဘဏ်ဟောင်းတွေက ကျွမ်းကျင်ပြီး ဝန်ထမ်းတွေကို မလုကြဖို့ ပြောပြီးသားပါ။ ဒါလည်း business ethics နဲ့ ဆိုင်မယ်နဲ့ တူတယ်။ မြန်မာပြည်က ထင်ရှားတဲ့ tycoon ကြီးတွေ ဆိုတော့ ငွေကြေးကလည်း ပေါ၊ ဝန်ထမ်း လိုတယ် ဆိုရင် လခကို စိစစ်မနေတော့ဘူး၊ ကောင်းကောင်းကို ပေးလိုက်တော့တာပါပဲ။

ဒီတိုက်ပွဲဟာ ကြာရှည်လာရင် ဘဏ်တွေရဲ့ performance တွေ ကျလာနိုင်ပါတယ်။ အဖြေရှာကြဖို့တော့ ကောင်းနေပါပြီ။ ဘဏ်အသင်းကလည်း သင်တန်းတွေ ဖွင့်ပေးပါတယ်။ တကယ်တော့ ကိုယ့်ဘာသာ ပြုစုပျိုးထောင်ပေးခြင်းကသာ အကောင်းဆုံးပါ။

ဘဏ်ဟောင်းတွေက စနစ်တကျနဲ့ ဖွဲ့စည်းလုပ်ကိုင်လာတာ ကြာပြီ ဆိုတော့ သူ့လူနဲ့သူ အသားကျနေပေမဲ့ ဖြုန်းဆို ဘဏ်သစ်တွေ ပေါ်လာတဲ့အခါ သူတို့ နှစ်ရှည်လများ ပြုစုပျိုးထောင်ထားတဲ့ ဝန်ထမ်းကလေးတွေ ဟော ... ဖြုတ်ခနဲ ဖြုတ်ခနဲနဲ့ tycoon ဘဏ်တွေဆီ ပါသွားတော့ မျက်ကလူးဆန်ပျာ ဖြစ်တာ မဆန်းပါဘူးဗျာ။ ခင်ဗျားတို့ ပေးထားတဲ့လစာက နည်းတော့ ကျွန်တော်တို့ဘဏ်တွေက လူအသစ်တွေ ခေါ်တဲ့အခါ သူတို့ လာလျှောက်တာတော့ မတတ်နိုင်ဘူးလို့ ပြောချင် ပြောမယ်။ အရည်အချင်း မီရင် ခန့်ရမှာပဲ။ ဒီလို ပြောရင်တော့ အပြိုင်အဆိုင် လုပ်နေတဲ့ လောကကြီးမှာ ငွေများသူ နိုင်ကြေး ဆိုရင် သူ့အလွှာနှင့်သူ လုပ်နေသူတွေ အားလုံး ကျဆုံးကုန်မှာပါပဲ။

ဘဏ်အသင်းကြီးက ဒါတွေအတွက် အဖြေရှာဖို့ အချိန်တန်နေပါပြီ။ ဒီပြဿနာကို အစဦးဆုံး ဖော်ထုတ်တာကတော့ နာမည်ကြီးဘဏ်တစ်ခုကပါ။ အခုလည်း သူ့လူတွေ တစ်ယောက်ပြီး တစ်ယောက် ထုတ်ပယ်ပစ်တဲ့ စာတွေ ထုတ်နေရပါတယ်။ ထုတ်ပယ်တဲ့ စာတွေကို ဘဏ်အသစ် အပါအဝင် အားလုံးကို မိတ္တူပေးခဲ့ပါတယ်။ ဘဏ်အသစ်တွေက ဒီလို ဝန်ထမ်းတွေကို ခန့်ဖို့ သင့် မသင့်ကတော့ စောစောက ပြောခဲ့တဲ့ business enthics နဲ့ ဆိုင်ပါတယ်။ သူတို့ trained လုပ်ထားသူတွေကို မတန်တဆ လစာပေးပြီး ခေါ်နေကြလို့ သူ့ဝန်ထမ်းကလေးတွေ အလုပ်က ထွက်၊ ဘဏ်တွေ ပြောင်းကုန်ကြလို့ လစာကို ညှိပေးပါ ဆိုပြီး ဘဏ်အသင်း အစည်းအဝေးမှာ တရားဝင် ပြောပါတယ်။ နောက် ကြားတာတစ်ခုက ဘဏ်ကြီးတစ်ခုပါ။ လုပ်ရင်းကိုင်ရင်းနဲ့ ဝန်ထမ်းတွေ ပြုန်းတီးသွားတာ ၂၀ ကျော်ရော ဆိုပဲ။

နောက် ဘဏ်တစ်ခုက အများပိုင်ဘဏ်ပါ။ သူတို့ ဥက္ကဋ္ဌကိုယ်တိုင် ပြီးခဲ့တဲ့ ဘဏ်အသင်း အစည်းအဝေးမှာ တက်ပြီး ဘဏ်အသစ် ဖွင့်ရာမှာ သူတို့ စတင် လုပ်ခဲ့စဉ်က ခြောက်လလောက် ကြိုတင် ပြင်ဆင်ခဲ့ရကြောင်း၊ ဘဏ်သစ်တွေကို ကြိုတင်ပြင်ဆင်ချိန် မပေးဘဲ ချက်ချင်း ဖွင့်ခိုင်းတော့ ဘဏ်သစ်တွေလည်း ဘဏ်ဟောင်းတွေက ရရာလူတွေကို ဆွဲခေါ် ခန့်ရတော့ ကျစ်ကျစ်လျစ်လျစ် လုပ်ကိုင်နေတဲ့၊ အများပြည်သူ ရှယ်ယာတွေနဲ့ ဖွင့်ထားတဲ့ ဘဏ်တွေမှာ ရိုက်ခတ်မှု ပြင်းထန်ကြောင်း၊ Tycoon ဘဏ်တွေကတော့ သူ့ငွေနဲ့သူ ဆိုတော့ ထောက်ထားရမယ့်သူ မရှိကြောင်း ပြောပါတယ်။ ဝန်ထမ်းတွေလည်း အပြစ်မတင်ချင်ပါ။ လစာ များတဲ့နေရာ ပြောင်းချင်တာ ဝန်ထမ်းသဘာဝပါ။ ဒါကို ဘဏ်တွေကလည်း နားလည်ပါတယ်။ ခက်တာက ဘဏ်ဟောင်းတွေဟာ ပုံစံ အမျိုး

မျိုးနဲ့ တည်ထောင်ထားတာပါ။ အများပိုင်ရှယ်ယာတွေနဲ့ ဖွဲ့စည်းထားတဲ့ ဘဏ်တွေ ရှိသလို တစ်ဦးတည်းပိုင်ဘဏ်တွေလည်း ရှိပါတယ်။ ငွေကြေး ချမ်းသာတဲ့ ဘဏ်တွေ ရှိသလို paid up capital နည်းနည်းပဲ ထည့်လုပ်ကိုင်နေတဲ့ ဘဏ်တွေလည်း ရှိပါတယ်။ tycoon ဘဏ်တွေက သူတို့ငွေနဲ့သူတို့ တည်ထောင်ထားတာ ဖြစ်တော့ သူ့လက်သူ့ခြေ လုပ်နိုင်ကြပါတယ်။

ဒီတိုက်ပွဲဟာ ကြာရှည်လာရင် ဘဏ်တွေရဲ့ performance တွေ ကျလာနိုင်ပါတယ်။ အဖြေရှာကြဖို့တော့ ကောင်းနေပါပြီ။ ဘဏ်အသင်းကလည်း သင်တန်းတွေ ဖွင့်ပေးပါတယ်။ တကယ်တော့ ကိုယ့်ဘာသာ ပြုစုပျိုးထောင်ပေးခြင်းကသာ အကောင်းဆုံးပါ။ တာဝန်ရှိသူတွေကလည်း အကောင်းဆုံး ဖြစ်အောင် လုပ်ပေးဖို့ပါလို့ ပြောချင်ပါတယ်။

■ ဘလောဂ်ရေးသားသည့်ရက်စွဲ [၁၂–၁၁–၂၀၁၀]

## စီးပွားရေးကျင့်ဝတ်

ပြည်သူတွေက တိုင်းပြည်မှာ လုပ်နိုင်ကိုင်နိုင်မယ့်သူတွေကို ရွေးချယ်တင်မြှောက်လိုက်ပါပြီ။ မြန်မာရွေးကောက်ပွဲလွန်ကာလအစိုးရသစ်ဟာ ပွင့်လင်းလွတ်လပ်တဲ့ check and balance ရှိတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ကြလိမ့်မယ် ယုံကြည်နေကြပါတယ်။ စာရေးသူဟာ ကုန်သွယ်ရေးနယ်ပယ်မှာ နှစ်ပေါင်းများစွာ ကျင်လည် လုပ်ကိုင်ခဲ့ဖူးတာကြောင့် စီးပွားရေးမှာ အရေးပါလှတဲ့ ကုန်သွယ်မှု လုပ်ငန်း အခြေအနေကို တီးမိခေါက်မိ အနည်းငယ် ရှိပါတယ်။ စာနယ်ဇင်းတွေမှာ ကုန်သွယ်မှုလုပ်ငန်းအကြောင်းတွေ ရေးသားဖော်ပြလာရင်လည်း စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့တာကြောင့် အများရဲ့ လိုလားချက်တွေဟာ ဘာတွေလဲ ဆိုတာ သဘောပေါက် နားလည်နေပါတယ်။ ပြည်သူတွေ ဘာဖြစ်ချင်သလဲ

အခွန် မပေးလိုတာ တစ်ခုတည်းနဲ့ တရားမဝင် ကုန်သွယ်မှုကို လုပ်ကြတာပါ။ အခွန် မပေးရတဲ့အခါ ပြည်တွင်းအရောင်းအဝယ်မှာ ယှဉ်ပြိုင်နိုင်စွမ်းအား တက်လာနိုင်တော့ တရားဝင် လုပ်နေသူတွေတောင် တရားမဝင်လမ်းကြောင်းကို လျှောက်ချင်ကြတယ်။

ဆိုတာ အမြဲ ဆွေးနွေး နားထောင်နေတာပါ။ အစိုးရဝန်ထမ်း ဖြစ်ခဲ့ဖူးပေမဲ့ ချမှတ်တဲ့ မူဝါဒတိုင်းဟာ အမှန်လို့ မပြောလိုပါဘူး။ စာရေးသူတို့ အားလုံး ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်လာပြီလေ။ ဒီနေရာမှာ အများ မသိကြ တာကတော့ မြန်မာကုန်သည်တချို့ (အချိုးအစား နည်းပါတယ်၊ အကုန်လုံး မဟုတ်ပါ) ဟာ စီးပွားရေးကျင့်ဝတ် (business ethics) စောင့်ထိန်းလိုက်နာမှု အပိုင်းမှာ အားနည်းပါတယ်။ အများစုကတော့ ဒေသတွင်းရှိ ကုန်သည်တွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းအား မရှိသေးပေမဲ့ နောင် တက်လာမယ့် အစိုးရသစ်ကတော့ ဒီအပိုင်းတွေမှာ တိုးတက်လာအောင် လုပ်ပေးသွားလိမ့်မယ်လို့ ယုံကြည်နေ ပါတယ်။

စိတ်ဝင်စားစရာ တစ်ခုကတော့ ၂၀၁၅ခု AFTA ဝင်လာတဲ့အခါ ပြည် တွင်းလုပ်ငန်းတွေ ဘာတွေ ဖြစ်လာနိုင်တယ်၊ ဘာတွေ ပြင်ဆင်ထားရမယ်၊ ယှဉ်ပြိုင်နိုင်စွမ်းအား တက်လာအောင် လုပ်ရမယ် စသဖြင့် ဘက်ပေါင်းစုံက လေ့လာသုံးသပ် တင်ပြထားတာကို ဂျာနယ်စာနယ်ဇင်းတွေမှာ ဖတ်ရပါတယ်။ မြန်မာကုန်သွယ်မှုဟာ တရားဝင်ကော တရားမဝင်ပါ ရောပြွန်းနေတာ ဖြစ် ပါတယ်။ တရားမဝင် ကုန်သွယ်မှုကို တရားဝင်လမ်းကြောင်းပေါ် ရောက်အောင် လည်း တင်ခဲ့ဖူးပါတယ်။ တင်လျက်လည်း ရှိနေပါတယ်။ အချို့သော လုပ်ငန်း တွေကို အစိုးရအနေနဲ့ တရားဝင် လုပ်ခွင့်ပြုလိုက်တော့ တရားဝင်လမ်းကြောင်း ပေါ် ရောက်လာတာလည်း တွေ့ရပါတယ်။ တချို့ကတော့ စီးပွားရေးကျင့်ဝတ် မရှိကြတာပါ။ အခွန် မပေးလိုတာ တစ်ခုတည်းနဲ့ တရားမဝင် ကုန်သွယ်မှုကို လုပ်ကြတာပါ။ အခွန် မပေးရတဲ့အခါ ပြည်တွင်းအရောင်းအဝယ်မှာ ယှဉ်ပြိုင် နိုင်စွမ်းအား တက်လာနိုင်တော့ တရားဝင် လုပ်နေသူတွေတောင် တရားမဝင် လမ်းကြောင်းကို လျှောက်ချင်ကြတယ်။

ပုဂ္ဂလိကပိုင်း မြှင့်တင်ရေးနဲ့ ပတ်သက်ပြီး စာရေးသူအမြင်ကို တင်ပြရရင် တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော်က အားကိုးအားထားပြုလို့ ရနိုင် မယ့် တိုင်းရင်းသား လုပ်ငန်းရှင်ကြီးတွေ မွေးထုတ်ခဲ့ပါတယ်။ ဆန့်ကျင်ဘက် အင်အားစုတွေအမြင်မှာတော့ တပ်မတော်အစိုးရရဲ့ cronies တွေပေါ့။ ဒါပေမဲ့ သူတို့ရဲ့ လုပ်ကိုင်နိုင်စွမ်းအားဟာ နိုင်ငံတကာအဆင့် ရှိပါတယ်။ cronies တွေ ဆိုပြီး အင်အားကြီးနိုင်ငံတွေက ပိတ်ဆို့မှုတွေ လုပ်လို့သာ အားနည်းနေ ရတာပါ။ နိုင်ငံတော်ရဲ့ အဓိကကျတဲ့ ပရိုဂျက်လုပ်ငန်းကြီးတွေ အကောင် အထည်ဖော်ဖို့ တာဝန်ပေးအပ်ခြင်း ခံရပါတယ်။

ဆယ်စုနှစ် နှစ်ခု-သုံးခုအတွင်း ဒီလုပ်ငန်းရှင်တွေရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေကို အစိုးရကကော ပြည်သူတွေကပါ လက်ခံကြပါတယ်။ ရန်ကုန်က ဆိပ်ကမ်း၊ လေဆိပ်၊ သယ်ယူ ပို့ဆောင်မှုအပိုင်း၊ ပြည်နယ်က လမ်းတွေကို ကြည့်ပါ။ အစိုးရကော ပြည်သူကော နှစ်သက်စွာ အသုံးပြုနေကြပါတယ်။ ပြည်သူအပေါ် ဖိစီးမှု မရှိအောင် ဆောင်ရွက်နိုင်တာကြောင့် လက်ခံကြတာပါ။ ဒီလုပ်ငန်းရှင်တွေဟာ တစ်နပ်စားအကြံ မရှိဘဲ လုပ်ငန်းတွေကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တာကြောင့် အစိုးရနဲ့ ပြည်သူတွေရဲ့ ယုံကြည်မှုကို ရခဲ့တာပါလို့ မီးမောင်းထိုးပြချင်တာပါ။ ဒီလိုပဲ ကုမ္ပဏီတချို့ဟာ နိုင်ငံတော်က ယုံကြည်လို့ တာဝန်ပေးခဲ့တာကို ပြီးကပစ် ကပျက်ကချော် လုပ်မိခဲ့တာကြောင့် ယုံကြည်မှု မရတော့ဘဲ မြောင်းထဲ ဆင်းသွားရတာကိုလည်း တွေ့နေရပါတယ်။

ဒီ tycoon ကြီးတွေက သူတို့ဟာ ဘယ်လောက်ပဲ ပံ့ပိုးမှုတွေ ရပါစေ၊ အရည်အချင်း မရှိရင် ဘယ်လိုနည်းနဲ့မှ လုပ်နိုင်ကိုင်နိုင်စွမ်း ရှိတဲ့ စီးပွားရေးသမားဘဝကို ရောက်မလာနိုင်ပါ။ အချို့ လူကြီးသားသမီးတွေ မအောင်မြင်ဘဲ မှေးမှေးမှိန်မှိန်ပဲ နေနေတာကို တွေ့ရပါတယ်။ ယုံကြည်မှု တည်ဆောက်တဲ့အခါ လုပ်ရည်ကိုင်ရည် ရှိသူတွေ ရေပေါ်မှာ ကျန်နေတာ အထင်အရှားပါ။ ဒီမိုကရေစီ အစိုးရလက်ထက်မှာတော့ ဖားတာတွေ၊ ကပ်တာတွေ ရှိချင်မှ ရှိမှာပါ။ bias လည်း ရှိချင်မှ ရှိမှာပါ။

အရည်အချင်းရှိသူတွေ ဘယ်သူတွေလဲ ဆိုတာ ပေါ်လာတော့မှာပါ။ ဘယ်လိုမှ မယှဉ်နိုင်သူတွေတော့ မြောင်းထဲ ရောက်သွားနိုင်ပါတယ်။ ဒါဟာ စီးပွားရေးကျင့်ဝတ်နဲ့ အများကြီး သက်ဆိုင်နေပါတယ်။ အချို့သော ကုမ္ပဏီတွေဟာ စီးပွားရေးကျင့်ဝတ်ကို လိုက်နာကြလိုပေမဲ့လည်း အများ မိုးခါးရေ သောက်တဲ့အထဲမှာ လွှင့်မျောရင်း ဖြစ်နေပြီး ဖြုန်းဆို အစိုးရအသစ် အလှည့်အပြောင်း ရောက်လာတဲ့အခါ ခေါင်းတွဲကို အမြန် ပြန်လှည့်ကြရမှာ ဖြစ်ပေမဲ့လည်း နောက်မကျသေးကြောင်းကို တင်ပြလိုပါတယ်။

ကုန်သွယ်မှုအပိုင်း လျင်မြန်စွာ တိုးတက်လာတာဟာ regulation လုပ်ရမယ့်အပိုင်း၊ deregulation လုပ်ရမယ့် အပိုင်းတွေကို မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်ခဲ့လို့ပဲ ဖြစ်တယ်လို့ စာရေးသူ ဆိုချင်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာတောင် လူထု ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ regulation နဲ့ deregulation တွေကို လုပ်ကြရပါတယ်။ အမေရိကန်နိုင်ငံလိုမျိုးတောင် ပြည်

သူလူထု လုံခြုံမှုအတွက် ဒီမိုကရေစီနည်းလမ်းမကျတဲ့ အလုပ်တွေကို လုပ်ခဲ့ကြရပါတယ်။ ဂွာတာနာမိုအကျဉ်းထောင်ကိစ္စကို ကြည့်ပါ။ ကောင်းမွန်သောငွေကြေးစနစ် ချမှတ်ထားပေမဲ့လည်း business ethics မရှိတဲ့ CEO တွေဟာ ကိုယ့်အကျိုးကိုယ် ရှေ့တန်းတင်ခဲ့တာကြောင့် ဘဏ်တွေ တော်တော်များများ ပြုတ်သွားခဲ့ကြပြီး ဟိုးလေးတကျော်ကျော်နဲ့ ဖြစ်ခဲ့ကြတာကိုလည်း ကြားကြမှာပါ။

လွန်ခဲ့တဲ့ နှစ် ၂၀ က မြန်မာပဲမျိုးစုံ အခြေနေကို ကြည့်ကြရအောင်။ ပဲမျိုးစုံကို အရှိန်အဟုန်နဲ့ စိုက်ပျိုးထုတ်လုပ်ဖို့ ခြေလှမ်းပြင်နေချိန်၊ အိန္ဒိယ၊ စင်ကာပူက ကုန်သည်တွေ မြန်မာပြည်မှာ ခြေချင်းလိမ်လျက် ရှိပြီး မြန်မာကုန်သည်တွေတောင် သိပ်မသိသေးတဲ့ ဘယ်နယ်က ပဲအရည်အသွေး ဘယ်လိုကောင်းတယ်၊ အထွက် ဘယ်လောက် ရှိတယ် ဆိုတာကအစ လက်လှမ်းမီသိရှိနေကြပါပြီ။ ဈေးကွက်မှာ ဈေးကစားနိုင်အောင် ပေါ်ပေါ်ထင်ထင် လုပ်နေကြချိန်ပါ။ အဲဒီအချိန်က မြန်မာကုန်သည်တွေဟာ အိန္ဒိယဈေးကွက် မပြောနဲ့ ပြည်တွင်း ဈေးကွက်မှာတောင် နှံ့နှံ့စပ်စပ် မသိကြသေးဘူး။ အဲဒီအချိန်က မြန်မာကုန်သည်ကြီးတွေက "အိန္ဒိယကုန်သည်တွေ မြန်မာပဲအကြောင်း နှံ့နှံ့စပ်စပ် သိနေကြတာကို ပြောနေကြပြီး ဘာမှ လုပ်ဖို့ မစဉ်းစားကြပါဘူး၊ ငါတို့တော့ သူတို့ ပြုသမျှ နုရတော့မှာပါလား"လို့ ပြောစမှတ်တောင် ပြုခဲ့ကြပါတယ်။ မနေသာတော့တဲ့ စာရေးသူတို့ဟာ သတင်းအချက်အလက်နဲ့ ပတ်သက်တဲ့ အစီအမံတွေကို ဌာနတွင်းမှာ အကောင်အထည်ဖော်ခဲ့ကြပြီး ပဲဈေးကွက်သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးလာစေဖို့ လုပ်ဆောင်ပေးခဲ့ကြပါတယ်။

ဒီကနေ့ ၂၁ ရာစု မြန်မာကုန်သည်တွေဟာ အိန္ဒိယက ပဲနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်ကို အကုန် သိနေကြပြီး အချို့ကုမ္ပဏီ ဆိုရင် အိန္ဒိယမှာတောင် ကုမ္ပဏီတွေ၊ ရုံးခန်းတွေ ဖွင့်ထားပြီး ကုန်သွယ်မှုကို သွက်လက်စွာ လုပ်ကိုင်လျက် ရှိကြပါတယ်။ ဒါဟာ ဘာကို ပြောချင်လဲ ဆိုတာ ပြည်ပကုမ္ပဏီတွေ မြန်မာပဲဈေးကွက်မှာ ဝင်ရောက် ခြယ်လှယ် လုပ်ကိုင်မယ့်အရေးကို သတိပြုမိလာတာကြောင့် ကုန်သွယ်မှုအပိုင်းမှာ လိုအပ်တဲ့ regulation တွေကို အချိန်မီ ပြဋ္ဌာန်းချမှတ် ဆောင်ရွက်ခဲ့ရပါတယ်။ ဒါကြောင့်လည်း မြန်မာ ကုန်သည်တွေ လွတ်လွတ်လပ်လပ်နဲ့ ပဲမျိုးစုံ ကုန်သွယ်မှုကို လုပ်ကိုင်လာခဲ့ကြတာ ၂၀၀၈ ခုနှစ်မှာပဲ scandal တစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ အစိုးရက ကိုင်တွယ်ဖြေရှင်းခဲ့ရပြီး အတွေ့အကြုံလည်း ရှိ၊ လုပ်ငန်းလည်း ကျွမ်းကျင်တဲ့ ပဲကုန်သည်

တွေ ဘဝပျက်ခဲ့ကြရတာကို အများ အသိပါ။ အစိုးရက ဝင်ရောက် ဖြေရှင်းရတော့ Regulation ဆိုတဲ့ အပိုင်းက ပါလာရရော။ ဆိုချင်တာက နှစ်ပေါင်းများစွာ အစိုးရက regulate မလုပ်ဘဲ ဈေးကွက်စီးပွားရေးကို ဖော်ဆောင်ကြလိမ့်မယ် ဆိုတဲ့ အသိနဲ့ လွှတ်ထားခဲ့ပေမဲ့ business ethics အပိုင်းမှာ အားနည်းကြတဲ့ ကုန်သည်တွေကြောင့် regulation ဆိုတဲ့ အပိုင်းက ဝင်ပါလာရတာကို တွေ့မြင် သုံးသပ်ရမှာပါ။

စာရေးသူ ပြောချင်တာက စီးပွားရေးမှာ အရေးပါတဲ့ ကုန်သွယ်မှုအပိုင်း မှာ ဒီကနေ့ ရေပန်းစားနေတဲ့ check and balance ဆိုတာကို တိုင်းရင်းသား ကုန်သည်တွေကပဲ ဖော်ဆောင် လုပ်ကိုင်သွားရမှာပါ။ regulation လုပ်ခြင်း၊ deregulation လုပ်ခြင်းဟာ ကုန်သည်လုပ်ငန်းရှင်တွေရဲ့ တစ်နပ်စားအကြံကို ဖျောက်ပြီး စီးပွားရေးကျင့်ဝတ်နဲ့အညီ လုပ်ကိုင်ဆောင်ရွက်သွားမှသာလျှင် ကွယ် ပျောက်သွားမှာ ဖြစ်ပြီး နိုင်ငံတကာမှာ ယှဉ်ပြိုင် လုပ်ကိုင်နိုင်တဲ့ လုပ်ငန်းရှင် တွေ တိုးပွား များပြားလာမှာ ဖြစ်ပါတယ်။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၈–၁၁–၂၀၁၀]

# အစိုးရရဲ့ ဆန်ရောင်းအတွေ့အကြုံ

ဆိုရိုးစကားတစ်ခု ရှိတယ်။ 'အတိတ်ကို လည်း မတမ်းတနဲ့၊ အနာဂတ် ဘာဖြစ် မယ်လဲ မမျှော်မှန်းကြည့်နဲ့၊ ပစ္စုပ္ပန်တည့် တည့်သာ ကြည့်ပါလေ' တဲ့။

ကုန်သွယ်လယ်ယာလက်ထက်မှာ သယ်ပို့ဌာနလို့ အတိုကောက် ခေါ်တဲ့ ဌာနတစ်ခု ရှိတယ်။ Logistic လို့ ခေါ် လို့ ရတယ်။ Export သင်္ဘော မတင်ခင် ခေတ္တသိုလှောင်ထားဖို့ ဆန်ဂိုဒေါင်တွေ ရှိပါတယ်။ ရန်ကုန်က ကြည့်မြင်တိုင် ထီးတန်း၊ ဗိုလ်တထောင်၊ ပုဇွန်တောင် စတဲ့နေရာတွေမှာ ရှိတယ်။ သယ်ပို့ဌာန၊ ဝယ်ရောင်းဌာနနဲ့ ပြည်ပပို့ကုန်ဌာန သုံးခုအကြား ဆန်တင်ပို့ဖို့ ကိစ္စတွေကို ညနေပိုင်း ၅-၆ နာရီလောက်ဆို ညှိနှိုင်း ကြရပါတယ်။ ရန်ကုန် ဆိပ်ကမ်းက လည်း တန်ချိန် ၂၀၀၀၀ လောက် ရှိတဲ့ သင်္ဘောပဲ ဝင်နိုင်တာ ဆိုတော့ တစ်ခါ တလေ သင်္ဘော ၃-၄-၅ စင်းလောက်

---

အမေရိကန် sanction အောက်မှာ ဆန် ရောင်းခဲ့ရတာ တော်တော် အခက်အခဲ တွေ့ပါတယ်။ 'စီးပွားရေး ပိတ်ဆို့တာ တို့ မမှုပါ' ဆိုတာ သီချင်း လုပ်ဆိုလို့ပဲ ရတာပါ။ တကယ်တော့ မလွယ်ကူဘူး ဆိုတာ လုပ်ဖူးသူတိုင်း သိပါတယ်။

---

တစ်ပြိုင်နက်တည်း သင်္ဘောတင်ရတယ် ဆိုရင် operation က နေ့မအိပ် ည မအိပ် လုပ်ကြရတာကို ကုန်သွယ်လယ်ယာက ဝန်ထမ်းတွေ မှတ်မိကြမှာပါ။

ကုန်သွယ်လယ်ယာအချိန်တုန်းကတော့ ဥက္ကဋ္ဌမထ မြန်မာ ၂၅% မှတ်ဆန်ကိုပဲ အာဖရိကဈေးကွက်ကို သင်္ဘောတင်ပေးရတာ များပါတယ်။ အာဖရိကနိုင်ငံတွေကို တိုက်ရိုက် LC ဖွင့်ပြီး ဆန်ရောင်းနိုင်ဖို့ ဆိုတာ တော်တော် ခက်ပါတယ်။ နိုင်ငံတကာ ဆန်ရောင်းဝယ်နေတဲ့ နိုင်ငံခြား ကုမ္ပဏီတွေကနေတစ်ဆင့် အရောင်းအဝယ် လုပ်တာ စိတ်အချရဆုံးပါ။ Louis Dreyfus, Cargill, Agro-crop စတဲ့ ကုမ္ပဏီတွေဟာ မြန်မာ့ဆန်ဖောက်သည် ကုမ္ပဏီတွေပါ။

တစ်ခါမှာတော့ အာဖရိကနိုင်ငံတစ်ခု ဖြစ်တဲ့ ဂမ်ဘီယာနိုင်ငံက သမ္မတ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပါတယ်။ လူကြီးတွေနဲ့ တွေ့ပြီး မြန်မာ ၂၅ % မှတ်ဆန် တန်ချိန် ၃၀၀၀၀ ရောင်းပေးဖို့ သဘောတူ လက်မှတ် ရေးထိုးခဲ့ပါတယ်။ G2G ရောင်းတာ ပထမဆုံးပါ။ ဝန်ကြီးကို ပြဿနာ မပေါ် ပေါက်ဘဲ ရောင်းနိုင်အောင် လူကြီးတွေက မှာကြားထားတဲ့အပြင် ပထမဆုံး အာဖရိကနိုင်ငံတစ်ခုကို တိုက်ရိုက်သင်္ဘောတင်ရောင်းချနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

အရောင်းအဝယ်လုပ်ဖို့ သူတို့နိုင်ငံ ကုန်သွယ်ရေး အတွင်းဝန် ရောက်ချ လာပါတယ်။ စကတည်းက ပြဿနာ တွေ့ရတော့တာပါပဲ။ နိုင်ငံတကာ ဆန်ရောင်း ဆန်ဝယ်မှာ ငွေပေးငွေယူရှင်းတမ်းကို LC စနစ်နဲ့ပဲ ဆောင်ရွက်ကြ ရပါတယ်။ မောင်တိုင်ပင်တို့အနေနဲ့ အဲဒီအချိန်က အမေရိကန် sanction ကြောင့် LC terms နဲ့ အရောင်းအဝယ် မလုပ်နိုင်တာ အတော်ကြာလှပါပြီ။ မြန်မာနဲ့ ကုန်သွယ်ဖူးတဲ့ နိုင်ငံခြား ကုမ္ပဏီတွေကတော့ ဒါတွေ နားလည်နေ တဲ့အတွက် TT (telegraphic transfer) နဲ့ပဲ ငွေပေးချေတာ မထူးဆန်းတော့ပါ။ စင်ကာပူဘဏ်ကို ကြားခံပါတယ်။

အဲဒီဘဏ်မှာ မြန်မာ MFTB နဲ့ YMICB တို့က အကောင့်အသီးသီး ဖွင့်ထားရပါတယ်။ ဆန်ဝယ်တဲ့ ကုမ္ပဏီတွေလည်း အဲဒီဘဏ်မှာ အကောင့် အသီးသီး ရှိကြပါတယ်။ ငွေပေးငွေယူကို အဲဒီဘဏ်ထဲမှာ inter bank စာရင်း ပြောင်းလိုက်ပါတယ်။ LC ဖွင့်ပြီး ငွေပေးငွေချေ လုပ်မယ် ဆိုရင် အမေရိကန် Citibank Global Clearing Service ဆီ ရောက်သွားပြီး sanction ကြောင့် OFAC sanction program ကနေ သိမ်းလိုက်မှာ ဖြစ်ပါတယ်။

ဂမ်ဘီယာက လာတဲ့ အတွင်းဝန်ကို ဗဟိုဘဏ်ဆီ ခေါ်သွားပြီး LC မဖွင့်နိုင်ဘူး၊ TT နဲ့ပဲ ပေးချေရမှာ ဖြစ်ကြောင်း ရှင်းပြရပါတယ်။ ဂမ်ဘီယာက အတွင်းဝန် secretary နဲ့ ညနေပိုင်း ၄-၅ နာရီလောက်မှာ ဖုန်းအဆက်အသွယ်လုပ်၊ အကျိုးအကြောင်း စုံစမ်းရပါတယ်။ အချိန် ကွာခြားချက်ကြောင့် ညနေအထိ စောင့်ရပါတယ်။

နောက်တစ်ခုက အခုအချိန်မှာလို e-mail ပို့ရတာ မလွယ်ကူပါဘူး။ တော်တော် ခက်တော့ ဖက်စ်ပဲ သုံးရပါတယ်။ နောက်ဆုံးတော့ pre-shipment survey လုပ်ဖို့ ကုန်သွယ်ရေးက အရာရှိတစ်ယောက် ရောက်လာပါတယ်။ Traders Hotel မှာ ထားပါတယ်။ Traders Hotel က အင်တာနက်က ကောင်းတော့ သူ့ဘက်က e-mail ရချိန်မှာ မောင်တိုင်ပင်တို့ဘက်က မရသေးဘူး။ ဖုန်းဆက်ပြီး ဖက်စ် ပို့ခိုင်းရပါကော။ ဂမ်ဘီယာ ဆန်တင်ဖို့ သင်္ဘောကြီးလည်း ရောက်လာရော ဝယ်ရောင်း၊ သယ်ပို့ ပြည်ပပို့ကုန် ဌာန သုံးခုတို့ တက်ညီလက်ညီ ဝိုင်းကြိုးစားလိုက်ကြတာ ဆန်တန်ချိန် ၂၈၀၀၀ ကို နှစ်ပတ်လောက်နဲ့ အပြီး တင်ပေးလိုက်နိုင်တယ်။

ဒါပေမဲ့ သင်္ဘောသာ တင်ပြီးသွားတယ်။ ငွေက ဝင်မလာသေးဘူး။ သူတို့ဘက်မှာလည်း TT နဲ့ ပေးချေလေ့ မရှိတော့ အခက်အခဲတွေ ရှိနေတယ်။ သမ္မတအဆင့်အထိ တက်ရတယ်လို့ ကြားရတယ်။ သမ္မတကလည်း သူကိုယ်တိုင် G2G ဝယ်လာတာ ဆိုတော့ ဘယ်နေရာမှာ ကြန့်ကြာနေတယ် ဆိုတာ ပြောမရဘူး။ Pre-shipment survey လာလုပ်တဲ့ ဂမ်ဘီယာ အရာရှိလည်း မပြန်နိုင်၊ ငွေ မရောက်တော့ စာရွက်စာတမ်း မရှိတာနဲ့ သင်္ဘောက ထွက်မရနဲ့ နှစ်ပတ် ကျော်လောက်မှ ဆိပ်ကမ်းက ခွာနိုင်တယ်။ ဒါတောင် ရေတက်ရေကျက ရေစူးနဲ့ ကိုက်နေလို့ တော်သေးတယ်။ အမေရိကန် sanction အောက်မှာ ဆန်ရောင်းခဲ့ရတာ အခက်အခဲ တော်တော် တွေ့ပါတယ်။ 'စီးပွားရေး ပိတ်ဆို့တာ တို့မမှုပါ' ဆိုတာ သီချင်းလုပ်ဆိုလို့ပဲ ရတာပါ။ တကယ်တော့ မလွယ်ကူဘူး ဆိုတာ လုပ်ဖူးသူတိုင်း သိပါတယ်။

LC terms တွေ ဖတ်တတ်ဖို့၊ loop holes ရှာတတ်ဖို့ (အထူးသဖြင့် အိန္ဒိယ ကုမ္ပဏီတွေ) ဦးစီးအရာရှိတွေ လေ့ကျင့်ပေးထားရသေးတယ်။ မောင်တိုင်ပင် ပြည်ပပို့ကုန်ဌာနမှာ LC တွေ ရေးဖို့၊ ဖတ်ဖို့ consultant တစ်ယောက် ခန့်ထားပြီး သူ့ဆီက သင်ယူရပါတယ်။ ပုဂ္ဂလိက ကုမ္ပဏီတွေမှာ ဆိုရင် LC မဖွင့်တတ်ကြတော့ဘူး။ LC မစစ်တတ်ကြတော့ဘူး။

ကုန်သွယ်လယ်ယာ အတွေ့အကြုံတွေကို ပြန်ပြောင်းအောက်မေ့မိတာပါ။ နယ်တွေက ရုံးတွေ၊ ကားပိုင်ရှင်တွေ၊ မော်တော်ပိုင်ရှင်တွေ၊ ဂိုဒေါင်မှူးတွေ၊ ရန်ကုန်က transit ဂိုဒေါင်မှူးတွေ၊ ခေါက်တိုသင်္ဘောတင်ကားတွေ၊ re-milling, re-cleaning စက်ရုံလေးတွေ အားလုံး all stakeholders တွေ အချိန်ကိုက် လှုပ်ရှားကြရတာပါ။ နေ့စဉ် ဆန်နမူနာထုပ်တွေဟာ ဝယ်ရောင်း၊ သယ်ပို့ဆီကို ရောက်လာကြရပါတယ်။ ဆန်ရွေးတွေက စစ်ဆေး၊ အခြေအနေကို လူကြီးဆီ တင်ပြ၊ သိပ်ကို အခြေအနေ ဆိုးရွားနေရင် လာတဲ့ဒေသက မန်နေဂျာဆီ အကြောင်းကြားလိုက်တာပါပဲ။ "မင်းကုန်ပစ္စည်းတွေ ပြန်သယ်သွား" ဆိုရင် သဘောပေါက်တော့ ငွေထုပ်ပိုက်ပြီး လိုက်လာ၊ ထားတဲ့ ဂိုဒေါင်မှူးနဲ့ ညှိ၊ တပည့်တွေနဲ့ လေမှုတ်ဆန်ကော ချပေးတယ်။ ပြီးရင် piling, mixing လုပ်ပေးတယ်။ အလုပ်သမားစရိတ်လေးတွေတော့ ရှိတာပေါ့။ ကြိတ်ထားတာကလည်း ကြာပြီလေ။ နမူနာ ပြန်ထိုး၊ ရုံးချုပ်ပို့၊ အိုကေပြီ ဆိုတော့မှ ပြန်။

ဒီလိုနဲ့ပဲ သင်္ဘောတင်တဲ့အဆင့်ထိ ရောက်သွားရော။ နမူနာ သိပ်မဟန်ရင် ညပိုင်း သင်္ဘောတင်ဖို့ လုပ်မယ်။ ကားအစီးလိုက် SGS က ရီဂျက် လုပ်မယ်။ ကိစ္စမရှိဘူး။ အသာလေး လျှိုထားမယ်။ မနက် ၂-၃ နာရီလောက်မှ မျှောစာအသစ်နဲ့ ကားအစီးလိုက် ပြန်လွှတ်လိုက်တယ်။ လူက ပြောင်းသွားပြီ။ အိုကေ လက်ခံတယ်။ မကြာခင် သင်္ဘောဝမ်းဗိုက်ထဲ ရောက်သွားပါရော။ ဒါများ အလီဘာဘာလို့ ခေါ်တာ ကွဲမြီးတိုကြသေး။ နိုင်ငံခြားအမည်မို့လို့ အခေါ်မခံချင်တာလား မသိ။ မြန်မာလို ရိုးရိုး 'ငတက်ပြား'လို့ ခေါ်ရင် စိတ်မဆိုးဘူး။ ခိုးပြီး ဆင်းရဲသားတွေကို ပြန်ဝေပေးတယ်လေ။ အိတ်ထဲ မထည့်ဘူး။ သိလား။

■ ဘလောဂ်ရေးသားသည့်ရက်စွဲ [၃၁–၈–၂၀၁၆]

# ကုန်သွယ်လယ်ယာကို ဖျက်သိမ်းခြင်း

> ဆန်စပါးလုပ်ငန်းကို ပုဂ္ဂလိကက ပြောင်းလဲ လုပ်ကိုင်စေရာတွင် ကမ္ဘာ့အဆင့်ပီ မဆိုထားနှင့် အေသတွင်းအဆင့်မီ နိုင်ငံတစ်ခု၏ ဆန်စပါးလုပ်ငန်း အနေအထား သို့ပင် မရောက်ရှိနိုင်သည်ကို သုံးသပ်နိုင်ပါသဖြင့် ဆုံးဖြတ်ချက် မှားယွင်းခဲ့ကြောင်း ပြောလိုပါသည်။

နိုင်ငံတော်ပိုင် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကို မြန်မာဆန်စပါးနှင့် ပတ်သက်၍ နိုင်ငံတော်မှ မလုပ်ကိုင်တော့ဟု ကြေညာခဲ့ပြီးနောက် ချက်ချင်း ယတိပြတ် မဖျက်သိမ်းဘဲ အချိန် အတန်ကြာ ထားရှိပါသေးသည်။

အင်ဒိုနီးရှားနိုင်ငံမှ BULOG၊ မလေးရှားနိုင်ငံမှ BERNAS တို့ကဲ့သို့ ဆန်စပါးလုပ်ငန်းနှင့် ပတ်သက်၍ regulatory authority အနေဖြင့် ထားရှိမည်လား ဟူသော မျှော်လင့်ချက်မျိုး အစပထမပိုင်း၌ ထားရှိခဲ့ပါသေးသည်။ အဘယ်ကြောင့်ဆိုသော် ကုန်သွယ်လယ်ယာ အဖွဲ့အစည်းသည် လူစွမ်းအား အရင်းအမြစ်၊ ဆန်စက်၊ ဖွဲနုဆီစက်၊ သိုလှောင်ရုံ၊ ဓာတ်ခွဲခန်း၊ သုတေသနဌာန၊ သင်တန်းကျောင်း စသည့် ဆန်စပါးလုပ်ငန်း အထောက်အကူပြုပစ္စည်းကိရိယာများနှင့် အခြေခံ အဆောက်

အအုံများ အပြည့်အစုံ ရှိနေသည့်အပြင် စပါး ဝယ်ယူသည်မှစ၍ ဆန်ကို ပြည်ပ တင်ပို့သည်အထိ လုပ်ငန်းစနစ်များ၊ နည်းစဉ်များ၊ ဆန်စပါး standard codes များ၊ ပြည်ပဈေးကွက် အဆက်အသွယ်များ၊ ရောင်းဝယ်ရေး စာချုပ်စာတမ်းများ လက်ဝယ်ရှိနေသည့်အတွက် ပုဂ္ဂလိကအပိုင်းမှ ဆန်စပါးလုပ်ငန်းများ လုပ်ကိုင်ကြသည့်အခါ အထိန်းအကွပ်အနေဖြင့် ကူညီ လုပ်ကိုင်ပေးနိုင်သည် ဟု ယူဆထားသောကြောင့် ဖြစ်ပါသည်။

သို့သော် ပုဂ္ဂလိက ဆန်စပါးလုပ်ငန်းကို ထိုအချိန်က ဦးဆောင်နေသည့် ပုဂ္ဂိုလ်များ၏ သဘောထားမှာ ကုန်သွယ်လယ်ယာ ဆက်လက်ရှိနေခြင်းသည် ပုဂ္ဂလိကပိုင်းမှ ဆန်စပါးလုပ်ငန်း လုပ်ကိုင်ရာတွင် ဆူးငြောင့်ခလုတ်သဖွယ် အဟန့်အတားအဖြစ် ရှိနေသောကြောင့် လုံးဝ ဖျက်သိမ်းသင့်ပြီး နိုင်ငံတော် အတွက် လိုအပ်ချက်ကို ပုဂ္ဂလိကအပိုင်းမှ ထိထိရောက်ရောက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း အဆုံးအဖြတ် ပြုနိုင်မည့် စစ်အစိုးရ ခေါင်းဆောင်များဆီ ရောက်အောင် နားသွင်းခဲ့ကြပါသည်။ အကြောင်း တိုက်ဆိုင်စွာပင် စစ်အစိုးရ ခေါင်းဆောင်များကလည်း ကုန်သွယ်လယ်ယာ အဖွဲ့ အစည်းအနေဖြင့် နိုင်ငံတော်နှင့် လယ်သမားများအပေါ် မသမာမှုများ ပြု လုပ်နေကြကြောင်း၊ လုပ်နေသည့် သာဓကများလည်း တွေ့ရှိနေသည်က တစ်ကြောင်း၊ ထိုစဉ်က ကမ္ဘာ့ဆန်ဈေး ကျနေချိန် ဖြစ်ရာ ဆန်သင်္ဘောတစ်စီး တင်ပို့ရာမှ ရသော ဝင်ငွေသည် ကျောက်မျက်ပြပွဲတစ်ပွဲ လုပ်သလောက်ပင် မရတော့သည်က တစ်ကြောင်း ကုန်သွယ်လယ်ယာကို ဖျက်သိမ်းပစ်ရန် အား သန်ခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

ကုန်သွယ်လယ်ယာတွင် လုပ်ခဲ့ဖူးသူတိုင်း သိကြပါသည်။ ကုန်သွယ်လယ် ယာသည် ဆင်သတ် အရပ်ဝေသည့် စကားပုံလိုမျိုး ဖြစ်ခဲ့ကြောင်း ခံစားမိကြ မည်ပင်။ ကြားဖူးကြပါလိမ့်မည်။ ထိုစဉ်က financial policy ကြောင့် ကုန်သွယ် လယ်ယာသည် ဆန်တစ်တန် ပြည်ပ တင်ပို့တိုင်း အရှုံးပေါ်ခဲ့ပါသည်။ ဆန် တစ်တန် ရောင်းရာမှ ဝင်လာသော နိုင်ငံခြားငွေ ဒေါ်လာကို ခြောက်ကျပ်ခွဲနှင့် မြှောက်သောကြောင့် ဆန်တစ်တန် တင်ပို့တိုင်း အရှုံးပေါ်ရခြင်း ဖြစ်ပါသည်။ သို့သော် ကုန်သွယ်လယ်ယာ၏ ထိုစဉ်က ရှိနေသော macro level ရှိ strength ကို စစ်အစိုးရ ခေါင်းဆောင်များထံ မည်သူကမှ သတိပြုဟန် မရှိဘဲ လုံးဝဥသုံ ဖျက်သိမ်းရေးကို ဦးတည်ခဲ့သောကြောင့် ကုန်သွယ်လယ်ယာ၏ လူ့စွမ်းအား အရင်းအမြစ် အပါအဝင် asset အားလုံးမှာ အစိတ်စိတ်အမြွာမြွာ ကွဲထွက်

သွားပြီး ယနေ့ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း၏ ပကတိအခြေအနေကို macro level မှ သုံးသပ်ကြည့်လျှင် မည်သို့အခြေအနေ ဖြစ်နေသည်ကို မြင်နိုင်ပါသည်။

ထိုစဉ်က ကုန်သွယ်လယ်ယာ၏ အခြေအနေကို SWOT analysi လုပ်ပါက အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်ပါသည်။

## Strength

- ❑ ဆန်စပါးလုပ်ငန်း၌ နှစ်ပေါင်းများစွာ အတွေ့အကြုံ ရှိသော institution ဖြစ်ခြင်း၊
- ❑ ဆန်စက်၊ ဖွဲနုဆီစက်၊ သိုလှောင်ရုံ၊ ဓာတ်ခွဲခန်း၊ သုတေသနဌာန၊ သင်တန်းကျောင်း စသည် infrastructure များ လက်ဝယ်ရှိနေခြင်း၊
- ❑ မန်နေဂျာ၊ အင်ဂျင်နီယာ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ စာရင်းကိုင်များ၊ အထောက်အကူပြုဝန်ထမ်းများ တာဝန်ထမ်းဆောင်လျက်ရှိခြင်း၊
- ❑ ဆန်စပါးလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ၊ လုပ်နည်းစနစ်များ ခေတ်မီစွာ ရေးဆွဲထား ရှိပြီး လိုက်နာကျင့်သုံးလျက်ရှိခြင်း၊
- ❑ ဆန်စပါးနှင့် ပတ်သက်၍ သုတေသနပေါင်း များစွာ လုပ်ကိုင်ခဲ့ပြီး အရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများ၊ နည်းစဉ်များကို ရေးဆွဲလိုက်နာ ကျင့်သုံးလျက်ရှိခြင်း၊
- ❑ ဆန်စပါးနှင့် ပတ်သက်၍ Standard codes များ၊ မြန်မာ့စံချိန်စံညွှန်းများကို ခေတ်နှင့် လျော်ညီစွာ ရေးဆွဲပြဋ္ဌာန်း သတ်မှတ်ထားရှိခြင်း။

## Weakness

- ❑ ကုန်သွယ်လယ်ယာ၏ လုပ်ငန်းများသည် တစ်နိုင်ငံလုံးဖြန့်ကြက်လျက်ရှိနေသောကြောင့် span of control သည် ကျယ်ပြန့်စွာ ရှိနေခြင်း၊ အသားကျနေသော တစ်စုံတစ်ခုကို ပြင်ဆင်မည် ဆိုပါက ကုန်သွယ်လယ်ယာသည် မီးရထားတွဲကြီးနှင့် တူပြီး ပြန်လှည့်ရန် အချိန်တစ်ခုယူရခြင်း၊
- ❑ စပါးဝယ်ယူရေးကာလ၌ ကုန်သွယ်လယ်ယာ အောက်ခြေဝန်ထမ်းများဖြစ်သည့် စပါးအဝယ်ဒိုင် ဝန်ထမ်းများနှင့် တောင်သူလယ်သမားများ

အကြား အချိန်အတွယ်ကိစ္စ၊ အရည်အသွေးကိစ္စများနှင့် ပတ်သက်၍ မကြာခဏ အငြင်းပွားရခြင်း၊

- ❑ ကုန်သွယ်လယ်ယာ စပါးများကို ဒေသရှိ ဆန်စက်များတွင် ကြိတ်ခွဲသည့်အခါ အရည်အသွေး အခြင်အတွယ်နှင့် ပတ်သက်၍ မကြာခဏ ပြဿနာများ ဖြစ်ခဲ့ခြင်း၊
- ❑ စပါးဝယ်ယူရေး၊ ကြိတ်ခွဲရေး၊ သိုလှောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ရှိ အထက်အဆင့်မှ မန်နေဂျာများသာမက ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ အမိန့်များကိုပါ နာခံရသောကြောင့် မကြာခဏ ဆိုသလို လုပ်ထုံးလုပ်နည်းနှင့် ဆန့်ကျင် လုပ်ကိုင်ရသည်များ ပေါ်ပေါက်ခဲ့ခြင်း၊
- ❑ ကုန်သွယ်လယ်ယာ အောက်ခြေဝန်ထမ်းများ မကြာခဏ ဆိုသလို အလွဲသုံးစား လုပ်ခြင်း၊ လာဘ်ပေးလာဘ်ယူ ကိစ္စများတွင် ပါဝင် ပတ်သက်နေခြင်း၊
- ❑ စပါး ဝယ်ယူရာတွင် ရာသီချိန်ကာလအတွင်း ကွင်းဒိုင်များ ဖွင့်၍ လယ်သမားများထံမှ စပါး ဝယ်ယူရပြီး မိုးမကျရောက်မီအတွင်း အမိုးအကာအောက် ရောက်ရှိအောင် ဆောင်ရွက်ရခြင်း၊
- ❑ ယင်းသို့ ဆောင်ရွက်ရာတွင် အခါမဟုတ် မိုးရွာသွန်းမှုကြောင့် စပါးများ ရေစို ပျက်စီးမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ ကုန်သွယ်လယ်ယာ အောက်ခြေ ဒိုင်ဝန်ထမ်းများအနေဖြင့် လုပ်ထုံးလုပ်နည်းများအတိုင်း မဆောင်ရွက်နိုင်သဖြင့် စပါးများ ရေစို မိုးမိ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်း။

## Opportunity

- ❑ ကုန်သွယ်လယ်ယာသည် ဒေသတွင်းရှိ အလားတူ ဆန်စပါး အဖွဲ့အစည်းများအကြား အတွေ့အကြုံ ရှိသော institution ဖြစ်၍ ဩဇာရှိသော အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ခြင်း၊
- ❑ အာဆီယံ အရန်ဆန်ကိစ္စတွင် နှစ်စဉ် သတ်မှတ်ခဲ့သော အရေအတွက်အတိုင်း လိုအပ်သည့် အချိန်၌ လိုအပ်သလို ထောက်ပံ့ပေးနိုင်ခြင်း၊
- ❑ ဒေသတွင်း ဆန်စပါး အဖွဲ့အစည်းများ အချင်းချင်း အလုပ်ရုံ ဆွေးနွေးပွဲများ တာဝန်ယူ ကျင်းပခြင်း၊ FAO, UNDP စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း၊

- ❑ ဆန်စပါးလုပ်ငန်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ခြင်း၊ အခြားနိုင်ငံများ၌ ပြုလုပ်သော သင်တန်းများသို့ သင်တန်းသား စေလွှတ်နိုင်ခြင်း၊
- ❑ ASEAN Food Secure အပ ကိစ္စများတွင် ဝင်ရောက်တာဝန်ယူနိုင်ခြင်း။

**Threat**

- ❑ ကုန်သွယ်လယ်ယာသည် ကြီးမား ကျယ်ပြန့်သော နိုင်ငံပိုင် အဖွဲ့အစည်း ဖြစ်၍ အချိန်မရွေး ဖျက်သိမ်းခံရနိုင်ဖွယ် ရှိခြင်း၊
- ❑ ကုန်သွယ်လယ်ယာသည် မြန်မာနိုင်ငံတွင် အရေးကြီးဆုံးသော လူတန်းစားတစ်ရပ် ဖြစ်သည့် တောင်သူလယ်သမားများနှင့် ထိတွေ့ဆက်ဆံရသော အဖွဲ့အစည်း ဖြစ်၍ အချိန်မရွေး ပေါက်ကွဲနိုင်သည့် အနေအထား၌ ရှိနေခြင်း၊
- ❑ ကုန်သွယ်လယ်ယာသည် ဆန်စပါးလုပ်ငန်းတစ်ခုလုံး၏ ရိတ်သိမ်းချိန်လွန် အပိုင်းကို ဆောင်ရွက်ရသည် ဖြစ်ရာ စိုက်ပျိုး ထုတ်လုပ်မှု၏ အကျိုးဆက်ကို ခံရနိုင်ဖွယ် ရှိနေခြင်း၊
- ❑ ကုန်သွယ်လယ်ယာသည် ဆန်စက်ပိုင်အသင်း၊ ဆန်ကုန်သည်အသင်းများနှင့်လည်း ထိတွေ့ဆက်ဆံရသည် ဖြစ်ရာ အဆိုပါအသင်းများ၏ အကျိုးစီးပွားကို ထိခိုက်လာနိုင်သည့် လုပ်နည်းစနစ်များလည်း ရှိနေနိုင်ခြင်း၊
- ❑ အစိုးရက ငွေလဲနှုန်း မပြင်သောကြောင့် ဆန်တစ်တန် ပြည်ပတင်ပို့တိုင်း ကုန်သွယ်လယ်ယာသည် financially အရှုံးပေါ်ရပါသည်။

အထက်ပါ SWOT analysis ကို သုံးသပ်ကြည့်ပါက ကုန်သွယ်လယ်ယာသည် ထိုစဉ်အချိန်က လုံးဝ ဖျက်သိမ်းပစ်သင့်သော အဖွဲ့အစည်း ဖြစ်သင့်သလား ဆိုသည့်အချက်၌ strength နှင့် opportunity တွင် မည်သည့်အားသာချက်များ ရှိနေပြီး weakness ၌ တိုင်းပြည်စီးပွားရေး ပျက်လောက်သည့် အနေအထားများ ဖြစ်ပေါ်နေသလားကို ဆန်းစစ်ကြည့်နိုင်ပါသည်။ Threat ကတော့ ကုန်သွယ်လယ်ယာ ရှိနေခြင်းကြောင့် တိုင်းပြည်စီးပွားရေး ဆုတ်ယုတ်လာနိုင်ခြင်း၊ တောင်သူလယ်သမားနှင့် အုပ်ချုပ်သူအကြား စည်းလုံးညီညွတ်ရေး

ပျက်စေလောက်အောင် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ရှိနေခြင်း၊ ပုဂ္ဂလိက အသင်းအဖွဲ့များအတွက် ဆူးပြောင့်ခလုတ်တံသင်းများ ဖြစ်နေခြင်းကြောင့် များလားဟု စောကြောနိုင်ပါသည်။

ယနေ့ ဘယ်ခရိုနီတွေ ကုန်သွယ်လယ်ယာ assets တွေနှင့် ကြီးပွား ချမ်းသာနေသည်ကို ကြည့်သောသူတိုင်း မြင်နိုင်ပါသည်။ ဆန်စပါးလုပ်ငန်းကို ပုဂ္ဂလိကက ပြောင်းလဲ လုပ်ကိုင်စေရာတွင် ကမ္ဘာ့အဆင့်မီ မဆိုထားနှင့်၊ ဒေသတွင်း အဆင့်မီ နိုင်ငံတစ်ခု၏ ဆန်စပါးလုပ်ငန်း အနေအထားသို့ပင် မရောက်ရှိနိုင်သည်ကို သုံးသပ်နိုင်ပါသဖြင့် ဆုံးဖြတ်ချက် မှားယွင်းခဲ့ကြောင်း ပြောလိုပါသည်။ ပုဂ္ဂလိကပိုင်း၌ MAPCO တစ်ခုသာလျှင် စနစ်တကျ ပေါ်ပေါက်ခဲ့ပြီး အခြားလုပ်ငန်းများမှာ လောက်လောက်လားလား ဖော်ပြရလောက်စရာ မရှိပါ။

အထူးပြုကုမ္ပဏီများ ကန်ထရိုက်လယ်ယာစနစ်အရ ပင်ထောင်ငွေကြေး ထုတ်ပေးခဲ့သော်လည်း တချို့မှာ စပါးလည်း မရ၊ ထုတ်ပေးထားသော ငွေကြေးလည်း ပြန်မဆပ်သည့်အခါ အထူးပြု ကုမ္ပဏီများ ကြာရှည် မရပ်တည်နိုင်ပါ။ ယခင်က ကုန်သွယ်လယ်ယာ ကြိုတင်ပေးငွေမှာ လယ်သမားများ စိုက်စရိတ်အတွက် အနည်းငယ် အထောက်အကူ ရခဲ့ပါသည်။ ကုန်သွယ်လယ်ယာ ဖျက်သိမ်းပြီးနောက် အထူးပြုကုမ္ပဏီများမှာ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ပင်ထောင်ပေး အစားထိုးခဲ့သော်လည်း ရာသီဥတု အခြေအနေ မကောင်းသဖြင့် စပါးများ မဖြစ်ထွန်းတော့ခြင်း၊ နိုင်ငံတော်အစိုးရက credit insurance corporation တစ်ခု ထူထောင်ရန် သိလည်း မသိ၊ လုပ်လည်း မလုပ်သောကြောင့် ပင်ထောင်ပေးသည့် ကုမ္ပဏီများမှာ လယ်သမားများဘက်မှ ပေးရန် ပျက်ကွက်သောအခါ မိမိပိုင် ငွေကြေးများဖြင့် ရပ်တည်ရသော ကုမ္ပဏီများ အထိနာခဲ့ကြပါသည်။

လက်ရှိ NLD အစိုးရ စီးပွားကူးသန်းဝန်ကြီးက ပုဂ္ဂလိက ငွေကြေး အရင်းအနှီးများကို လယ်ယာလုပ်ငန်း၌ အသုံးပြုရန် ဟူသော မဟာဗျူဟာကို စဉ်းစားကြသေးရာ အထိနာနေသော ဆန်စပါး ပုဂ္ဂလိက ကုမ္ပဏီများ တုတ်တုတ်မျှ မလှုပ်ကြတော့ပါ။ ကုန်သွယ်လယ်ယာ ဖျက်သိမ်းပြီးနောက် လယ်သမားကြွေးကျန်မှာ ကျပ် ငါးဘီလီယံခန့် ကျန်ခဲ့ပါသည်။ ယခု ပုဂ္ဂလိက ကိုင်တွယ်သည့် အခါ၌ ၂၀၁၁ လောက်အထိ အထူးပြုကုမ္ပဏီများမှ ကန်ထရိုက်လယ်ယာချေးငွေ အနည်းအကျဉ်း ရခဲ့သော်လည်း နောက်ပိုင်း လယ်ယာအမတော်ကြေးများ မရသည့်အပြင် အမျိုးမျိုးသော အဖွဲ့အစည်းများ၏ လက်တည့်စမ်းမှုများမှ

ရလိုက် မရလိုက်နှင့် လုံးချာလိုက်ခဲ့ရပါသည်။ လယ်သမား အသင်းအဖွဲ့အစည်းများမှလည်း လယ်ယာစိုက်ပျိုးစရိတ် မည်ကဲ့သို့ ရရှိအောင် ဆောင်ရွက်မည်၊ မည်ကဲ့သို့သော နည်းလမ်းဖြင့် ပြန်လည် ပေးဆပ်မည် စသည့် operational procedures များကို စဉ်းစား ကြံဆမှုအပိုင်း၌ အားနည်းခဲ့ပါသည်။ နောက်ပိုင်း စပါး ထွက်ရှိလာသည့်အခါ guaranteed price system ကို မဆောင်ရွက်နိုင်ခြင်း (မည်သူက ဆောင်ရွက်မည်ကို သက်ဆိုင်ရာ PPP များက ပြတ်သားစွာ မဆောင်ရွက်နိုင်ဘဲ ဘလာ ဘလာသာ များနေခြင်း)၊ credit insurance institution တည်ထောင်ရန် နှောင့်နှေးနေခြင်းကြောင့် လယ်သမားများဘဝမှာ ဒုံရင်း ရှိမြဲတိုင်းသာ ရှိနေဆဲ ဖြစ်ပါသည်။

ဆန်စပါးလုပ်ငန်းတွင် ပါဝင်သည့် stakeholders များ အားလုံး မျှမျှတတ အကျိုးမခံစားရဘဲ စစ်အစိုးရနှင့် နီးစပ်သည့် stakeholders အစုအချို့သာလျှင် အကျိုးခံစားခွင့် ရနေသည့်သဘောကို တွေ့နေရပါသည်။ ကုန်သွယ်လယ်ယာပိုင် ဆန်စက်၊ သိုလှောင်ရုံ အချို့မှာလည်း သက်ဆိုင်ရာ မူလ ပိုင်ရှင်များ လက်ဝယ်သို့ စနစ်တကျ လွှဲပြောင်းမပေးနိုင်ဘဲ အများစုမှာ စစ်အစိုးရခေါင်းဆောင်များနှင့် နီးစပ်သည့် ခရိုနီများလက်ဝယ်သို့ ရောက်ရှိခဲ့ပါသည်။ ဝန်ထမ်းအများစုမှာလည်း ဟိုဌာနရောက် ဒီဌာနရောက်နှင့် အချို့ ဘဝပျက်ခဲ့သည်အထိ အခြေအနေ ဆိုးခဲ့ပါသည်။

သို့သော် အင်ဂျင်နီယာနှင့် မန်နေဂျာ အချို့တို့မှာ ပုဂ္ဂလိက ကုမ္ပဏီအချို့တို့တွင် တာဝန်ထမ်းဆောင်ခွင့် ရခဲ့ပြီး ယခုအခါ ဆန်စက်အသစ်များ တည်ဆောက်လာသည့်အခါ ဆန်စက်အင်ဂျင်နီယာများ လိုအပ်ချက် ရှိလာခဲ့ပါသည်။ ကုန်သွယ်လယ်ယာ ရှိစဉ်က ကုန်သွယ်လယ်ယာအတွက် လိုအပ်သည့် HRE အတွက် နှစ်စဉ် ကျွမ်းကျင်သူများကို စနစ်တကျ မွေးထုတ်နိုင်ခဲ့ပါသည်။

မောင်တိုင်ပင်သည် ၂၀၀၃ ခုနှစ် ဧပြီလ ၂၃ ရက်မှစ၍ ၂၀၁၆ ခုနှစ်အထိ ပုဂ္ဂလိကအပိုင်းမှ ဆန်စပါးလုပ်ငန်း လုပ်ကိုင်ကြရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ မျှော်မှန်းမထားသည့် စိန်ခေါ်မှုများ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အလားအလာများ၊ ဖြစ်သင့်သည့် စီးပွားရေး model တစ်ခု တည်ဆောက်ရေး စသည့် လုပ်ငန်းပိုင်း အဆင့်ဆင့်ကို ရှုထောင့် အမျိုးမျိုးမှ လေ့လာ သုံးသပ်ခဲ့ပါသည်။ လင်းနို့များသည် ပဲ့တင်သံကို နားထောင်ပြီး သူတို့ ရှေ့ဆက်ရမည့် လမ်းကြောင်းကို ရှာဖွေသွားကြရပါသည်။ နိုင်ငံ့စီးပွားရေး

ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ရှထောင့်ပေါင်းစုံက တင်ပြလာသော စီးပွားရေး ပုံတင်သံများကို နားထောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ် သို့ ဆန်စပါးလုပ်ငန်း stakeholders များ ပါဝင်ပြီး အားလုံး ဆွဲတင်သွားကြရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။

ဆန်စပါးလုပ်ငန်းနှင့် ပတ်သက်၍ အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ အစိုးရအဖွဲ့အစည်းများ အသီးသီး ရှိကြရာ အင်ဒိုနီးရှားနိုင်ငံတွင် BULOG၊ ဖိလစ်ပိုင်နိုင်ငံတွင် NFA၊ မလေးရှားနိုင်ငံတွင် BERNA၊ ထိုင်းနိုင်ငံတွင် PWO စသည်တို့သည် ကုန်သွယ်လယ်ယာနှင့်အပြိုင် ပေါ်ထွန်းလာခဲ့သော ထင်ရှားသည့် အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ အဆိုပါ အဖွဲ့အစည်းများအနက် BULOG နှင့် BERNA တို့အနေဖြင့် ၎င်းတို့၏ ဆန်စပါးလုပ်ငန်းတွင် နိုင်ငံတော်မှ ပါဝင် ပတ်သက်ခဲ့သည့် အခန်းကဏ္ဍကို လျှော့ချခဲ့ပြီး ပုဂ္ဂလိကအပိုင်းမှ ပါဝင်ဆောင်ရွက်နိုင်ရန် ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့ပါသည်။ သို့သော် အဆိုပါ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ၎င်းတို့ ဆန်စပါးလုပ်ငန်း၏ regulatory authority institute အဖြစ် ပြောင်းလဲ သတ်မှတ်ခဲ့သဖြင့် ဆန်စပါးလုပ်ငန်းကို macro level ၌ အုပ်ချုပ် စီမံ ကွပ်ကဲနိုင်သည့်အပြင် ထုတ်လုပ်သူ၊ ဝယ်သူ၊ ရောင်းသူများအကြား အငြင်းပွားမှုများ ပေါ်ပေါက်လာပါက third party institution များအနေဖြင့် ဝင်ရောက် ဖြေရှင်းပေးနိုင်ကြပါသည်။

မြန်မာဆန်စပါးလုပ်ငန်းတွင် ဆန်စပါး စံချိန်စံညွှန်းများ သတ်မှတ်ရေး၊ human resource development အတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရေး၊ ဆန်စက်များ တည်ဆောက်ရာတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီရေး၊ standard codes များ သတ်မှတ်ရေး၊ ဆန်စက်မှတ်ပုံတင်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ပြည်ပပို့ကုန် ဆန်ဈေးနှုန်းများ သတ်မှတ်ရေး၊ ဈေးကွက် ရှာဖွေနိုင်ရေး၊ အရန်ဆန် ထားရှိရေး၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စသည့် လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်နေပါသည်။ ပုဂ္ဂလိကအပိုင်းအနေဖြင့် လုပ်နိုင်ကိုင်နိုင်သည်ဟု ယုံကြည်သော်လည်း မိမိကိုယ်ကျိုးစီးပွားနှင့် ယှဉ်လာပါက ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်မည်မှာ သဘာဝကျပါသည်။

အမှန်စင်စစ် regulatory authority ဆိုသည့် လုပ်ငန်းရပ်များသည် အုပ်ချုပ်ရေး ဖြူရိုကရက်များကသာ ဆောင်ရွက်သင့်သောကြောင့် အချိန်မနှောင်းမီ အကြံပြုရခြင်း ဖြစ်ပါသည်။ လက်ရှိ ပုဂ္ဂလိက ဆန်စပါးလုပ်ငန်းကို

အထောက်အကူ ဖြစ်စေနိုင်သောကြောင့် စီးပွားကူးသန်း ဝန်ကြီးဌာနတွင် 'ဆန်စပါးလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန'တစ်ခု တည်ထောင်ဖွဲ့စည်းသင့်ကြောင်း မီးမောင်းထိုးပြလို၍ ဖြစ်ပါသည်။

မှတ်ချက်။ SWOT analysis တွင် မပြည့်စုံမှုများ ရှိနိုင်ပါမည်။ ဖြည့်စွက်လိုပါက ကွန့်မန့်တွင် မန့်နိုင်ပါသည်။ မိမိ တတ်သမျှ မှတ်သမျှ ထုတ်နုတ် ရေးသားထားခြင်း ဖြစ်၍ သဘောကွဲလွဲမှုကို ကြိုဆိုပါသည်။ ပြီးခဲ့ပြီးသော လုပ်ရပ်မှ လက်ရှိအစိုးရက သင်ခန်းစာယူနိုင်လျှင်ပင် ရေးရကျိုးနပ်ပါမည်။ စစ်အာဏာရှင်လက်ထက် ပြုလုပ်သမျှ ခံခဲ့ရ၍လည်း တိုင်းပြည် ဤမျှ မွဲပြာကျသွားရခြင်းမှာ မဆန်းလှပါ။

■ ဘလောက်ရေးသားသည့်ရက်စွဲ [၂၈-၉-၂၀၁၆]

**မောင်တိုင်ပင်**

# WISDOM HOUSE စာအုပ်တိုက်မှ
# ထွက်ရှိပြီးသော စာအုပ်များ

| | |
|---|---|
| ၅၇။ တိရစ္ဆာန်များမှ လူကိုကူးစက်တတ်သော ရောဂါများ | ဒေါက်တာခင်စန်းမော် |
| ၅၈။ ခေါင်းဆောင်ပျိုးထောင်ခြင်း | ကြည်မင်း |
| ၅၉။ ထိပ်တန်းသဘောထား | ဦးတင်ဦး (ကျူရှင်) |
| ၆၀။ အသုံးချ အင်္ဂလိပ်သဒ္ဒါ | WISDOM HOUSE စာတည်းအဖွဲ့ |
| ၆၁။ ပြည်ပပို့ကုန်သွင်းကုန် စာချုပ်များ | သိန်းလွင် (ပြည်ပပို့ကုန်) |
| ၆၂။ နှလုံးလှ အဆုံးအမတော်များ (တတိယအကြိမ်) | မင်းနန် (မော်ကျွန်း) |
| ၆၃။ WISDOM HOUSE စိတ်ကြိုက်မဂ္ဂဇင်းဝတ္ထုရှည်များ–၂ | ကလောင်စုံ |
| ၆၄။ နတ်သျှင်နောင် (ဒုတိယအကြိမ်) | မသန်းသန်း (မန်းတက္ကသိုလ်) |
| ၆၅။ ဒစ်ဂျစ်တယ် တော်လှန်ရေးနှင့် အိုင်စီတီ ပြုပြင်ပြောင်းလဲရေး | တင်ညွန့် |
| ၆၆။ ဂုဏ်ဆိုတာ လက်ကြားယို | ကြည်မင်း |
| ၆၇။ စီးပွားရေးလုပ်ငန်းကြီးများအား ပဲ့ကိုင်နိုင်သောစွမ်းရည် | ပါမောက္ခ ဦးကျော်ညွန့် (ငြိမ်း) |
| ၆၈။ ရှေးထုံးစဉ်လာ မြန်မာမှုများ (ဒုတိယအကြိမ်) | ကြည်ဦး |
| ၆၉။ အနန္တသူရိယမှသည် ဒဂုန်တာရာဆီသို့ – ရဲရဲတောက် မြန်မာစာဆိုများ | ဆရာချိန် (ပဲခူး) |
| ၇၀။ ရှင်စောပု (ဒုတိယအကြိမ်) | မသန်းသန်း (မန်းတက္ကသိုလ်) |
| ၇၁။ သားငယ်ရွယ်လူး သိစေဦး–၁ (ပျော်စရာအစစ်ရဲ့ တည်မှီရာ) | သက်လုံ |
| ၇၂။ နိုင်ငံရေးသမားတို့ ပြည်သူတွေကို ဘယ်လိုကျေးဇူးဆပ်ကြမလဲ | ဒေါက်တာထွန်းဝင်း |
| ၇၃။ ဆရာဝန်မှတ်တမ်း | မင်းနီရဲလ် |
| ၇၄။ အချွန်အတက်နဲ့နောက်တာ လွယ်မှတ်လို့ | ရီနေနိုင် |
| ၇၅။ ကောင်းတာ ဒီမိုကရေစီ | တင်ညွန့် |
| ၇၆။ ၂၄ နာရီ အောင်မြင်ရေးခရီး | ကြည်မင်း |
| ၇၇။ ထေရဝါဒအလင်းပွင့် (တတိယအကြိမ်) | မင်းနန် (မော်ကျွန်း) |
| ၇၈။ ပစ်တိုင်းထောင်စိတ်မွေး တည့်တည့်တွေး | ဦးတင်ဦး (ကျူရှင်) |
| ၇၉။ ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုလမ်းညွှန် | သက်ထွန်းဦး |
| ၈၀။ အောင်မြင်မှု ဥပဒေသ | ကြည်ရွှန်း |
| ၈၁။ သန့်ရှင်းသော အစိုးရ ကောင်းမွန်သော အုပ်ချုပ်ရေး | တင်ညွန့် |
| ၈၂။ လက်တွေ့အသုံးချ အင်ကိုတမ်း ၂၀၁၀ | သိန်းလွင် (ပြည်ပပို့ကုန်) |
| ၈၃။ စီးပွားရေး စီမံကိန်း အခြေခံ သဘောတရားများနှင့် နည်းလမ်းများ | မြတ်သိန်း |
| ၈၄။ ချစ်သူတို့အကြား အင်္ဂလိပ်စကား | အေးကျော်မင်း |
| ၈၅။ ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင်ကုစားနည်း | ဒေါက်တာခင်စန်းမော် |
| ၈၆။ မွေအတွေးအမြင်များ (တတိယအကြိမ်) | မင်းနန် (မော်ကျွန်း) |
| ၈၇။ စီးပွားရေးလုပ်ငန်းသုံး ပဋိညာဉ် အက်ဥပဒေ | ဦးမောင်မောင် (မော်ကျွန်း) |
| ၈၈။ ဗုဒ္ဓနည်းကျ မဂ္ဂင်ရှစ်ပါးဖြင့် စီးပွားတည်ဆောက်ခြင်း | မင်းဟန်စည် |
| ၈၉။ ဖွံ့ဖြိုးမှု ဘောဂဗေဒ မှတ်စုများ | မြတ်သိန်း၊ စီစဉ်သည် |

| | |
|---|---|
| ၉၀။ Why Invest in Myanmar? | Dr. Tun Shin |
| ၉၁။ အသုံးချ ဝါကျလမ်းညွှန် | WISDOM HOUSE စာတည်းအဖွဲ့ |
| ၉၂။ ရှေ့နေပညာနိဒါန်း | ဦးမြင့်ဝင်း (ရွှေဘို) |
| ၉၃။ အိမ်ဘုရင်၏ အိမ်ပွဲစားပညာ | ကြည်စိုး(I.C) |
| ၉၄။ သားငယ်ရွယ်လူး သိစေဦး-၂ (အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်) | သက်လုံ |
| ၉၅။ ကဗျာအလှ စာအလှ<br>(အထက်တန်းအဆင့် ကျောင်းသုံးအင်္ဂလိပ်ကဗျာများ လေ့လာချက်) | ဒေါ်ခင်ဖုတ်ဖီးရည် |
| ၉၆။ မလ္လိကာဒေဝီ | မသန်းသန်း (မန်းတက္ကသိုလ်) |
| ၉၇။ ထရိုဂျန် နိုင်ငံရေးနှင့် ပဥ္စမံ တပ်သားများ | ဝင်းထွဋ်ဖော် |
| ၉၈။ အလုပ်ရဲ့ ဆွေးနွေးပွဲနှင့် ပညာရှာဖွေရေး နည်းဗျူဟာများ | ဒေါက်တာထွန်းဝင်း |
| ၉၉။ အောင်ကြောင်း ၉ သွယ် | ကြည်မင်း |
| ၁၀၀။ အမျိုးသမီးများနှင့် ခေါင်းဆောင်မှု | ကြည်ရွှန်း |
| ၁၀၁။ သုံးရောင်ခြယ်နှင့် စစ်တွင်းခေတ် လွတ်လပ်ရေး ကြိုးပမ်းမှုစာစုများ | နန်းညွှန့်ဆွေ |
| ၁၀၂။ စီမံခန့်ခွဲရေး နည်းပညာသစ် စီမံခန့်ခွဲရေးမှူးများလမ်းညွှန် | ပီဒီကျော်စွာ |
| ၁၀၃။ ဆယ့်နှစ်လရာသီဖွားတို့အတွက် အဆောင်ကျောက်မျက်များ | ကျောက်ရိုင်း (ဘူမိ) |
| ၁၀၄။ အယူအမြင်မှန်ကန်ရေး | မင်းနန် (မော်ကျွန်း) |
| ၁၀၅။ ပြင်းပြင်းထန်ထန်ယှဉ်ပြိုင်နိုင်သော စီးပွားရေးသမားဖြစ်နည်း | ဦးပေါ်တင် |
| ၁၀၆။ ကြီးပွားချမ်းသာရေး လက်တွေ့အသုံးချ<br>ကိုယ်ကျင့်မင်္ဂလာ (ဒုတိယအကြိမ်) | မသန်းသန်း (မန်းတက္ကသိုလ်) |
| ၁၀၇။ ဒီမိုကရေစီ ပညာရေး | တင်ညွှန့် |
| ၁၀၈။ မျက်မှောက်ထင်ထင် မဂ္ဂဇင်းဝတ္ထုတိုများ | ရွှေသဉ္ဇာ |
| ၁၀၉။ ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းပြည်စီးပွားရေး | ဒေါက်တာမောင်အောင် |
| ၁၁၀။ ရှင်းတူး ရှင်တူး | ကြည်မင်း |
| ၁၁၁။ လွှမ်းလေသမျှ | ခင်လှိုင်ကြူ |
| ၁၁၂။ ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ခြင်း | ဦးတင်ဦး (ကျူရှင်) |
| ၁၁၃။ သားငယ်ရွယ်လူး သိစေဦး-၃ (လူစွမ်းကောင်းဖြစ်ချင်ရင် အလုပ်လုပ်ပါ) | သက်လုံ |
| ၁၁၄။ လယ်သမားခေါင်းဆောင်ကြီးဆရာစံနှင့် ပါးရိုက်မှုဖြင့်ထောင်ကျခဲ့ရသူ<br>နိုင်ငံရေးစာစုများ | ကြည်ဦး |
| ၁၁၅။ ရှေးခေတ်မြန်မာ့တပ်မတော်မှတ်စုများ (ဒုတိယအကြိမ်) | နတ်မောက်ဘုန်းကျော် |
| ၁၁၆။ လုပ်ချင်တာတွေလုပ်နိုင်ဖို့ လုပ်သင့်တာတွေလည်းလုပ်နိုင်ဖို့ (တတိယအကြိမ်) | ကြည်မင်း |
| ၁၁၇။ အများပိုင်ကုမ္ပဏီများ၊ စတော့အိတ်ချိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဈေးကွက် | သက်ထွန်းဦး |
| ၁၁၈။ သမ္မာဒိဋ္ဌိမှတ်စု | မသန်းသန်း (မန်းတက္ကသိုလ်) |
| ၁၁၉။ သားသားမီးမီးတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာဖွံ့ဖြိုးရေး | ဒေါက်တာခင်မျိုးဟန် |
| ၁၂၀။ စာချုန်တော် အခြေခံနှင့် လက်တွေ့ | ဦးမြင့်ဝင်း (ရွှေဘို) |
| ၁၂၁။ စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်စာ | ကြည်ရွှန်း |
| ၁၂၂။ သင် မသေမီ သိသွားသင့်သော လျှို့ဝှက်ချက် ငါးရပ် | ဦးတင်ဦး (ကျူရှင်) |
| ၁၂၃။ လူဝင်စားများနှင့် တွေ့ဆုံခြင်း | ကြည်ဦး |

| | |
|---|---|
| ၁၂၄။ ဒေါ်နယ် ထရမ့် ပြောတဲ့ အောင်စေမယ့်လမ်း | ကြည်ရွှန်း |
| ၁၂၅။ သားငယ်ရွယ်လူး သိစေဦး–၄ (ငါ့စိတ်ဟာ ငါ့တိုင်းပြည်) | သက်လုံ |
| ၁၂၆။ နတ်ရန့် သင်းပျံ့သော ဆရာတော်ကြီးများ | မင်းနန် (မော်ကျွန်း) |
| ၁၂၇။ ပိတ်ချင်းသီးနှင့် လူကြီးသားတို့ရေ ရွှေဟာရွှေပါပဲ | ရီနေနိုင် |
| ၁၂၈။ ရှေ့မတိုးမှာစိုးပါသည် မဖို့မဆောင်းပါးများ | ဦးတင်ဦး (ကျူရှင်) |
| ၁၂၉။ ပြည်ကြီးဘာယာနှင့် ပင်ကိုရေးဝတ္ထုတိုများ | ဇော်ဂျီ |
| ၁၃၀။ အိမ်ဘုရင်၏ အိမ်ခြံမြေရေးရာ သိမှတ်ဖွယ်အဖြာဖြာ | ကြည်စိုး (I.C) |
| ၁၃၁။ အမျိုးသမီးအခွင့်အရေး ဆုံးရှုံးနေသူများနှင့် ဗိုက်အငှားလိုက်သူတစ်ဦး၏ဘဝ | တင်ညွန့် |
| ၁၃၂။ ထင်းချောင်းနှင့် အရိန္ဒမာ အတွေးအမြင်စာစုများ | ခင်လှိုင်ကြူ |
| ၁၃၃။ အောင်မြင်မှု ဥပဒေသ– ၂ | ကြည်ရွှန်း |
| ၁၃၄။ တိုင်းတာခြင်းဆိုင်ရာ မြန်မာသုံး၊ ကမ္ဘာသုံး စံနှုန်းများ၊ နိုင်ငံတကာ စံယူနစ်များနှင့် တွက်ချက်ပုံအမျိုးမျိုး | သိန်းလွင် (ပြည်ပဗိုကုန်) |
| ၁၃၅။ အိပ်ပျော်နေသော မိန်းမချောများစံအိမ် | နန္ဒသူ |
| ၁၃၆။ ဇရာအိုကြီး (ဒုတိယအကြိမ်) | ထွန်းမြတ်အေး |
| ၁၃၇။ ကိုယ့်ကိုယ်ကိုယ်ကိုး တိုး၍သာဝင် | နတ်မောက်အနီချို |
| ၁၃၈။ ဒေါ်စုသို့ ပေးစာများ | ကြည်မင်း |
| ၁၃၉။ ကောင်းခြင်းမင်္ဂလာ တည်စေရာ | မင်းနန် (မော်ကျွန်း) |
| ၁၄၀။ ဘဝအထွေထွေ (ဒုတိယအကြိမ်) | သိပ္ပံစိုးလှ |
| ၁၄၁။ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ကူးယဉ်အနာဂတ်နိုင်ငံတော် အပါအဝင်နိုင်ငံရေးစာအုပ်များအညွှန်း. | ဆရာချိန် (ပဲခူး) |
| ၁၄၂။ အချစ်စည်းမျဉ်း | ကြည်ရွှန်း |
| ၁၄၃။ သာသနာနှင့် တကယ်တွေ့ပြီလား | အရှင်အဂ္ဂဝံသ (မော်ကျွန်း) |
| ၁၄၄။ ကိုယ့်ကိုယ်တွင်းမှ ပါဝါစွမ်းအင် | ဒေါက်တာခင်စန်းမော် |
| ၁၄၅။ စီမံခန့်ခွဲရေး နည်းပညာအဆောက်အအုံ (ဒုတိယအကြိမ်) | ပီဒီကျော်စွာ |
| ၁၄၆။ ကိုယ်ထူးကိုယ်ချွန် | ကြည်ရွှန်း |
| ၁၄၇။ မူပိုင်ခွင့်နှင့် တီထွင်မှုပိုင်ဆိုင်ခွင့်ဆိုင်ရာ စာတမ်းနှင့် ဆောင်းပါးများ | ဦးကျော်အေး |
| ၁၄၈။ လူငယ်များသို့ | ဦးတင်ဦး (ကျူရှင်) |
| ၁၄၉။ သော့ချက် ၃၈ ချောင်း (တတိယအကြိမ်) | သက်လုံ |
| ၁၅၀။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ | ဦးမောင်မောင် (မော်ကျွန်း) |
| ၁၅၁။ ကုန်အမှတ်တံဆိပ်ဥပဒေဆိုင်ရာ ဆောင်းပါးများ | ဥပဒေပညာရှင်များ |
| ၁၅၂။ ရတနာအနှစ် သမီးချစ်သို့ (လှတစ်မျက်နှာ) | နတ်မောက်အနီချို |
| ၁၅၃။ မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆန်းစစ်ချက် | မြတ်သိန်း |
| ၁၅၄။ ရှေ့နေပညာ (အသုံးချ မှတ်စုများ) | ဦးမြင့်ဝင်း (ရွှေဘို) |
| ၁၅၅။ သမ္မာဒိဋ္ဌိမှတ်စု–၂ | မသန်းသန်း (မန်းတက္ကသိုလ်) |
| ၁၅၆။ နှစ်နှစ်အရွယ်မှ ပျိုဖော်ဝင်အရွယ် ရင်သွေးတို့ အရွယ်သဘာဝအလိုက် ပြုစုပျိုးထောင်ရေး | ဒေါက်တာခင်မျိုးဟာန် |

၁၅၇။ ကိုယ့်ကိုယ်ကိုယ် ချစ်ပါ၊ ကိုယ့်ဘဝကိုယ်တိုင် ကစားပါ
လေ့ကျင့်ခန်းစာအုပ် ဒေါက်တာခင်စန်းမော်
၁၅၈။ ဦးအောင်သင်းနှင့် ကျွန်တော် ကြည်မင်း
၁၅၉။ စတော့ဈေးကွက် ရောင်းဝယ်ရေး နည်းဗျူဟာများ သက်ထွန်းဦး
၁၆၀။ ပညာရှိရာသို့ ခြေလှမ်း များစွာ ကလောင်စုံ
၁၆၁။ ဉာဏ်ရည်ပွင့်လန်း ကိန်းဂဏန်းပြကွက်ဆန်းများ အေးကျော်မင်း
၁၆၂။ တိမ်ဖြူတစ်ဆုပ် နွားတစ်အုပ်နှင့် ပိုးစောင့်နတ်သမီး နတ်မောက်အနီရှို
၁၆၃။ လူဝင်စား သစ်သားရုပ်ကလေး ပီနိုချီယို (တတိယအကြိမ်) မောင်ပေါ်ထွန်း
၁၆၄။ မြေယာစီမံခန့်ခွဲမှုနှင့် မြေအသုံးချရေးဆိုင်ရာ သိကောင်းစရာများ ဦးဇော်မင်း (နတ်မောက်)
၁၆၅။ ဗုဒ္ဓသာသနာသမိုင်း (တတိယအကြိမ်) ကျော်ဇောနိုင်
၁၆၆။ ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေဆောင်းပါးများ(တတိယအကြိမ်) ဦးသန်းမောင်(စစ်တွေ)
၁၆၇။ လိကွမ်းယူ၏ အတွေးအခေါ် ဦးတင်ဦး (ကျူရှင်)
၁၆၈။ မိဂသမ္မတာမြစ်ကမ်းကို တည်ပုဒ်ပြု၍နှင့်
မြန်မာစာသုတေသနစာတမ်းများ ပါမောက္ခ ဒေါက်တာညိမ်းညိမ်း
၁၆၉။ အောင်မြင်မှု ဥပဒေသ– ၃ ကြည်ရွှန်း
၁၇၀။ ဘဂဝတ်ဂီတနှင့် ဟိန္ဒူဘာသာ၏လမ်းညွှန်
အဆီအနှစ်ကျမ်း ဦးသာညွန့်နှင့် ဦးမျိုးသန့် (မောင်ဆုရှင်)
၁၇၁။ မှတ်ဖွယ်မှတ်ရာ မြန်မာသဒ္ဒါ ဆရာချိန် (ပဲခူး)
၁၇၂။ မြို့ပြဆိုင်ရာအာမခံလုပ်ငန်းအကြောင်း
သိကောင်းစရာ (ဒုတိယအကြိမ်) ဒေါက်တာမောင်မောင်သိမ်း
၁၇၃။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်နှင့်
ရွေးချယ် ဆုံးဖြတ်ခြင်းဆိုင်ရာ လမ်းညွှန် သိန်းလွင် (ပြည်ပဟိုကုန်)
၁၇၄။ စီးပွားရေးလုပ်ငန်းသုံး အစုစပ်လုပ်ငန်း အက်ဥပဒေ ဦးမောင်မောင် (မော်ကျွန်း)
၁၇၅။ ကျောက်မျက်လမ်းညွှန် ကျောက်ရိုင်း (ဘူမိ)
၁၇၆။ ဘိုးဘပိုင်မြေများနှင့် လယ်ယာမြေဥပဒေဆိုင်ရာပြဿနာများ ဦးဇော်မင်း (နတ်မောက်)
၁၇၇။ ကမ္ဘာကြီးရဲ့ တောင်ပံတစ်စုံ ဒေါက်တာဖြိုးသီဟ

## ယခု

၁၇၈။ အရင်းအနှီးဈေးကွက်နှင့် စီးပွားရေးပွဲတင်သံ
(မျက်မှောက်စီးပွားရေးလောကအကြောင်းတစေ့တစောင်းဆောင်းပါးများ) မောင်တိုင်ပင်

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁၇၉။ ကြီးပွားချမ်းသာရေး လက်တွေ့အသုံးချ
ကိုယ်ကျင့်မင်္ဂလာ (ဒုတိယအကြိမ်) မသန်းသန်း (မန်းတက္ကသိုလ်)
၁၇၄။ အမေရိကန်အီဒီယံစကားပြော WISDOM HOUSE စာတည်းအဖွဲ့
၁၇၅။ သက်သေခံဥပဒေအဖွင့်ကျမ်း (ပဋ္ဌမအကြိမ်) ဦးဘိုးသာ
၁၇၆။ အလေ့အကျင့်၏ ပါဝါစွမ်းအား ကြည်ရွှန်း